

စာမူခွင့်ပြုချက်အမှတ် - ၇၉၁/၉၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၁၀/၉၃ (၁၁)
၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်
တန်ဖိုး ၃၀ ကျပ်
အုပ်ရေ ၅၀၀ အုပ်

မျက်နှာဖုံးပုံနှိပ်သူ ။ ။ ဦးကျော်မိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁/၃၃ လမ်း၊ ရန်ကုန်။
ထုတ်ဝေသူ ။ ။ ဦးကျော်လေး (၀၀၅၆၉)
ရွှေပြည်တော်စာပေ
၂၂၆/၃၂ လမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ ။ ။ ဒေါ်မြဝေး (၀၂၂၇၆)
ကော်ဝင်ပုံနှိပ်တိုက်
[illegible] လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး ။ ။ ခင်သီတာစာပေ
အမှတ် ၁၉/ကျိုကုန်းလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

စာတုပ်ရက်ပြီး ပျောက်ဆိုး။
လျှင် စာတုပ်တန်ဘိုး၊
ချော်ရမည်။

# ခင်နှင်းယု

# ယှဉ်မင်းပိုက်



အချစ်၊ အလွမ်း လုံးချင်းဝတ္ထု

ခင်နှင်းယု

# ယဉ်မင်းပိုက်

ဓာတ်ပုံစုံကို ဖျောက်ဆီး၍
လျှ [illegible]
ဥလျှော်ရမည်။

( ၁ )

‘ပိဋိယကျွမင်းက×မြားနဲ့ခွင်းသည်×သုဝဏ္ဏသျှံရွှေ
စင်အိုကို ထိမှန်တော့သည်×သို့ပေမယ့်သေနိုင်ရိုးလား
မိဘတွေ×လုပ်ကျေးတဲ့ဂုဏ်ရည်....’

ယခင်အခါများက ထိုသီချင်းကို ရေခပ်ရင်း၊ အတိုး ခေယျာဝစ္စများကို လုပ်ကိုင်ပေးရင်း မချိုသည် အမှတ်မထင် အငြင်းမပြေ သီဆိုခဲ့သည်။

အတိုး မျက်စိများ မှန်လာပြီးသည်နောက် အတိုးအား ရင်ခြားဆိုသလို ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ တစ်အုပ်အုပ်ကို ဖတ်ပြကိုင်းလည်း သုဝဏ္ဏသျှံ အကြောင်းကို မချိုသည် ဖတ်ပြခဲ့၏။

လှည်းကူး အစိုးရအထက်တန်းကျောင်းတွင် သူနေခဲ့ရစဉ်က လည်း ခုနစ်တန်းရောက်လျှင် တိုက်တိုက်ဆိုင်ဆိုင် ဤသုဝဏ္ဏသာမ အကြောင်းကိုမှ သင်ခဲ့ရသည်။

အိမ်၏ ဝေယျာဝစ္စများကို ဒေါ်အေးရှင်က အားလုံး လုပ်ပေးသော်လည်း အဘိုးသောက်ရန် မျက်နှာသစ်ရန် ရေများကိုမူ မချိုသည် တွင်းမှငင်ပေးခဲ့လေသည်။ ရေချိုးချိန် ရောက်လျှင်လည်း အိမ်ထဲတွင် သီးသန့်ထားသော အဘိုး ရေချိုးခန်းတွင်းရှိ စဉ့်အိုးထဲသို့ မချိုကိုယ်တိုင် ခပ်၍ ရေထည့် ပေး၏။ မချိုနှင့် ဒေါ်အေးရှင်ကမူ ရေတွင်းဘေးရှိ သမ် တလင်း ကိုင်ထားသော သီးသန့် နေရာတွင်ပင် ရေချိုးကြ သည်။

ဒေါ်အေးရှင်သည်သာလျှင် ဤခြံကြီးဝယ် မချို၏ တစ်ဦး တည်းသော မိန်းမအဖော်ပင်တည်း။ ဒေါ်အေးရှင်ကလည်း သူငယ်စဉ်ကတည်းက ညအိပ်ရာဝင်ခါနီးတိုင်း ပုံတိုပတ်စ နိပါတ်များကို ပြောပြရင်း သိပ်ခဲ့ဖူးသည်။

ထိုပုံပြင်များထဲမှ သုဝဏ္ဏသျှံကိုမှ အထူးပြုကာ သူ့ကို ပြောပြတတ်၏။

ထို့ကြောင့်ပင်လျှင် သုဝဏ္ဏသျှံဟု ဆိုလိုက်လျှင် စိမ်းပြေ သော မြက်ခင်းသည် လည်းကောင်း၊ ရွှေရောင် ပြေး သော သမင်တို့ ကစားမြူးထူး နေကြဟန်သည် လည်းကောင်း သူ့ မျက်လုံးတွင် အလိုလို ပေါ်လာပြီးဖြစ်သည်။ ရေအိုးကိုပိုက် ကာ မြစ်ကိုဆင်းသက်လာသော သုဝဏ္ဏသာမတွင် ရွှေသမင် တောပန်းများနှင့် တောငှက်လေးများ၊ မြက်ခင်းများကလွှဲ၍



ရေခပ်ဆင်းဖော်မရှိ၊ တစ်ကိုယ်ရေသာ အေးမြချမ်းငြိမ်ပုံကို လည်း မချိုကသဘောကျ၏၊ သုဝဏ္ဏသျှံ ဘဝတွင်ဝေယျာဝစ္စ ပြုစရာ မိဘနှစ်ပါးသာ ရှိခဲ့သည်။

မချိုက အံ့ဩသည်မှာ သုဝဏ္ဏသျှံဘဝသည် သူနှင့်ဘာဖြစ် ၍များ တူညီ၍လာခဲ့ပါလိမ့်၊ သို့သော် သုဝဏ္ဏသာမတွင် မိဘ အစုံအညီ ရှိခဲ့ပေသေးသည်၊ သူ့တွင်မူ အဘိုးတစ်ဦးတည်း သာ မှီခိုအားထားရာ ဖြစ်ခဲ့ပေသည်။

ယခုသော် ရေတွင်းတွင် ရေငင်ရင်း ဤသုဝဏ္ဏသျှံသီချင်း ကို သီဆိုမိတိုင်း ရင်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရ၏၊ ရေ တွင်းနောက်ရှိ အုန်းပင်တန်းများသည် တိမ်းနွဲ့တိမ်းပါ၊ လှုပ် ရှားကြတိုင်း သူသည် သေရည်ကျူးသောသူ့လို ယိုင်တိုင်တိုင် တုန်ချည့်ချည့် ဖြစ်လာတတ်၏။ ယခုလို မိုးသို့ ရောက် လျှင် စိမ်းမြသော အုန်းလက်တို့သည် ညိုမှောင်သောတိမ်ကို မျှော်၍ ကြည့်ကြဟန်ရှိသည်။

ထိုအခါတွင်လည်း သူသည် ကောင်းကင်ကို တငေးငေး တမော့မော့ မျှော်ရင်းကြည့်ရင်း ကောင်းကင်ကျယ်ပြန့်သည် နှင့်အမျှ စိတ်ကူးသည်လည်း အဆုံးအဆမရှိ ကျယ်ပြန့်လွန်းလှ သည်တကား၊ မုတ်သုံလေတိုက်ခတ်တိုင်း တိမ်ညိုသည် မိုးကုပ် စက်ဝိုင်းဆီသို့ ပြေး၍ ပြေး၍သွား၏။ တိမ်နှင့်အတူ မချို၏ စိတ်က ပြေးလွှားမိပြန်တော့လည်း မောပန်းခြင်း ဖြစ်ရပြန် သည်။

ပြေး၍ရေတွက်မှ အိမ်သား သုံးယောက်သာရှိသော အိမ် တွင် မချို၏ပန်းပန်လှုပ်ရှားမှုသည် ယခင်လို သွက်သွက်လက်

လက်မရှိ၊ အလုပ်တာဝန်ကို မပျက်မေမယ့် မချိုသည် အလုပ်လုပ်ရင်း တွေး၍ နေတတ်သည်၊ တစ်ခါတစ်ရံ မချိုသည် လူငှားများ ရှိသော အုန်းပင်တန်းများဆီသို့ တစ်ဦးတည်း ထွက်ခွာသွားတတ်သည်၊

သူသည် အုန်းပင်ခြေရင်း တစ်ခုခုတွင် ထိုင်နေချိန်ကြာလာလျှင် ဒေါ်အေးရှင်ကိုယ်တိုင် လိုက်လာတတ်ပေသည်။

'ခုဘလော အားတယ်ဆို မချိုတစ်ယောက် အုတ်အနားမှာ နေတယ်ကို မရှိဘူး၊ အတိုးကဓတောင် တစ်နေ့က ပြောတယ်၊ မအေးရှင်မိန်းကလေးဟာ အားရင် အရိပ်ရှိ ပတ္တလားနားတောင် လာမထိုင်တော့ဘူးတဲ့'

ဒေါ်အေးရှင်သည် သူတစ်ယောက်တည်း အနေကြာလျှင် လာ၍ခေါ်တတ်၏၊ အတိုးမှ စိတ်ကျေနပ်ပါစေ သဘောနှင့် ပတ္တလားကို တီးခေါက်တိုင်းလည်း အဆုံးသတ်တွင်....

'ဝိဋ္ဋိယကျွမ်းကမြားနဲ့ခွင်းသည်×⁄×မိဘတွေ လုပ်ကျွေးတဲ့ ဂုဏ်ရည်...' ဟူသော သီချင်းကို ခပ်ညည်းညည်းလေး ဆိုကာ အဆုံးသတ်တတ်၏၊

ဒေါ်အေးရှင်ကမူ မချို၏အမူအရာကိုကြည့်ကာ 'ရူးများနေသလား' ဟု ဆိုတတ်၏၊

'မရူးဘူး.....ဒေါ်ဒေါ်ရေ...မရူးဘူး၊ ဒါပေမယ့် အရင်တုန်းက သဘောမပေါက်နိုင်ဘူး၊ မိချို ရင်ထဲမှာ နားမလည်နိုင်ဘူး၊ မရှင်းနိုင်ဘူး၊ အားလဲမရှိဘူး'

'ဘာကိုလဲ...မချို'

'သုဝဏ္ဏသာမ ပေါ့'



'အေးလေသုဝဏ္ဏသာမအကြောင်း၊ဒေါ်ဒေါ်မိန်းကလေးငယ်ငယ်ကတည်းက ခဏခဏပြောခဲ့တာပဲ. ဒေါ်ဒေါ် စိတ်ထဲမှာ မချိုတို့အနေနဲ့ အိမ်ဖော်ထားနိုင်တယ်၊ ငွေရေးကြေးရေးပြည့်စုံတယ်ဆိုတာ သိသားပဲ၊ ဒါပေမင့် အတိုးတစ်ယောက်ရဲ့ ဝေယျာဝစ္စကိုတော့ မချိုကိုယ်တိုင် လုပ်စေချင်လို့ ငယ်ငယ် ကတည်းက ပုံတိုပတ်စ ပြောရင်း ဒီစိတ် သွင်းလာခဲ့ရတာ'

မချိုသည် မချိုပြုံးလေး ပြုံးလိုက်၏၊

'မချို တွေးနေတာဟာတော့ ဒါလောက် အေးအေးချမ်းချမ်းနဲ့ ရန်ကင်းအောင်နေတဲ့ သုဝဏ္ဏသာမ ကို၊ ဒီပိဋ္ဋိယကျွမ်းက မြားနဲ့ ခွင်းပလေ ဒေါ်ဒေါ်ရယ်'

ဒေါ်အေးရှင်သည် ရယ်၏။

'ငါ့ဘာများလဲလို့ မချိုရယ်၊ ကြုံကြုံဖန်ဖန် ဒါကိုများ နှိုက်နှိုက်ချွတ်ချွတ် တွေးတွေးနေရတယ်လို့'

'တွေးရတယ် ဒေါ်ဒေါ် တွေးရတယ်၊ မချိုမှာ တွေးစရာတွေ အများကြီးပဲ'

မချိုသည် ပါးစပ်က ပြုံး၍ နေသော်လည်း သူ့ မျက်လုံးအောင့်များဝယ် မျက်ရည်စများ စို့လျက်ရှိသည်၊

'ပြီးတော့လဲလေ.... ဒီပိဋ္ဋိယကျွမ်းက မြားနဲ့ ပစ်ရတဲ့ အကြောင်းကလဲ မခိုင်လုံလိုက်တာ၊ ရန်ငြိုး ရန်စလဲ ရှိဖူးတာ မဟုတ်ဘူး၊ လူလား နတ်လား ခွဲခြား သိချင်လို့တဲ့၊ သုဝဏ္ဏသာမရဲ့ ရွှေအဆင်းလို ဝင်းဝါနေတဲ့ ရုပ် ရည် က ထူးဆန်းလွန်းလို့တဲ့၊ ဖြစ်မှဖြစ်ရလေ'

ဒေါ်အေးရှင် စိတ်ထဲမှာတော့ တွေးစရာမဟုတ် မချိသည် တွေးနိုင်ရန်ကော ဟူသော ပြစ်ဘင်သည့် မျက်လုံးနှင့် ကြည့် သည်။

'ဘုရင်တွေဟာ ဒီလိုပဲ ပေါကြောင်ကြောင် ထင်ပါရဲ့' 'ဘာပြောတယ်....' ဒေါ်အေးရှင်သည် အလန့် တကြား မေးလိုက်သည်။ သူ့စိတ်ထဲတွင် ဒီပိဋကယကျမင်းသည် သုဝဏ္ဏ သာမ ဇာတ်ဝယ် လူဆိုးခန်းက ပါသည်လောက်သာ တွေး ထားၿပီး ဘုရင် တစ်ယောက်လုံးကို 'ပေါကြောင်ကြောင်' ဟူ သော စကားလုံး သုံးလိုက်သောကြောင့် မချိသည် မအပ် မစပ် ရိုင်းရိုင်းပျပျ စကား သုံးပလေဟု လန့်သွားခြင်း ဖြစ် သည်။

'ဟုတ်တာပေါ့....ဒေါ်ဒေါ်၊ သတ္တဝါတစ်ဦးမှာဖြင့် မြား ဆိပ်သာသင့်ခဲ့ရင် ဘယ်လောက် ဝေဒနာ ပြင်းပြမယ်ဆိုတာ ဘုရင်တစ်ပါးအနေနဲ့ဆင်ခြင်သင့်ပါရဲ့၊ ခုတော့ ဘာမှမေးတွေး ဒေါ်ဒေါ် မနိုဘူး၊ ပင်ထည့်လိုက်တာ တကတဲ'

'ဒါပေါ့....တို့ ငှဘာသော 'မယူနဲ့သို့ ဝင်ခပါ မချိရယ် ဝင့်ရယ် ကြမ္မာရယ်ဆုံးသည်းလာပြီဆိုတော့ ခံရစမြဲပေါ့၊ ဒါပေ မင့် သစ္စာတရားဆိုတာ ရှိသေးတာပေါ့'

'သစ္စာ....' မချိသည် ထိုစကားလုံးများကို ရေရွတ်ရင်း သူ့အိပ်ခန်းဆီသို့ ထလာခဲ့သည်။ အိပ်ရာပေါ်သို့ မလှဲနိုင်သေး ဘဲ ခေါင်းရင်း ပြတင်းမှ မဘ်ဘတ်ချပ်ကာ တစ်ဖက်ခြံကို ငေးမျှော် ကြည့်နေသည်။ ခြံကြီးသည် လုံးဝ တိတ်ဆိတ်၍ နေခဲ့ပေပြီ။



ဪ....သစ္စာ ဆိုသော စကားလုံးကို ဒေါ်ဒေါ် ရေရွတ် လိုက်သည်ကို ကြားမြန်တော့လည်း အားတက်စရာပေပဲ၊ သူ့ ကိုကော သစ္စာ ဆိုသော တရားသည် ကယ်နိုင်ကောင်းပါရဲ့၊ သစ္စာသည် အားနည်းသူတို့၏ ကိုးကွယ် အားထားရာပေများ လား....မှန်၏။

သုဝဏ္ဏသာမသည် နူးညံ့ပျော့ပျောင်း သိမ်မွေ့လှ၏၊ လက် နက်ဟူ၍လည်းဘာမှမရှိ၊ မိဘ်ဆွေဖော်ချင်းများလုပ်ရာ၌လည်း မြက်စားတိရစ္ဆာန် ရွှေသမင်များသာတည်း။ သားရဲကောင် များပင် သူ့အပေါ်တွင်မရှိ၊ သူ့အလုပ်ကလည်း သူတစ်ပါးကို အန္တရာယ်ပြုသည့် အလုပ်ဟူ၍ ဘာမှမရှိ၊ သို့စဉ်လျက် ရင်ဟင်း လင်းပွင့်မျှ မြားဒဏ်သင့်ခဲ့ရသည်။ သစ္စာတရားသာ မကယ်ခဲ့ ပါလျှင် ပျော့ပျောင်းလှသော ဤလုလင်ငယ်သည် မြေတွင် လုံးလုံး မြားချက်နှင့် ဆုံးရတော့မည်တကား။

မချိကိုရော သစ္စာတရားသည် ကယ်ပါမည်လော၊ ဒေါ် ဒေါ်အပေါ်မှာ စကားဆိုစဉ်က စို့ရုံမျှသာစို့ခဲ့သော မျက်ရည် တို့သည် ယခုမှ သွန်ကျလာပြီဖြစ်၍၊ တစ်ဖက်ရှိ အိမ်ကြီး နှင့် ခြံကြီးကိုသော်မှ မမြင်ရတော့ပေ။

မှန်သော သစ္စာစကားသာ ဆိုရမည်ဆိုလျှင် မချိသည် လူ့ ဘဝကို စတောက်ကတည်းက ဤအတိုးနှင့် ဒေါ်အေးရှင်သာ ကိုးကွယ်ရာ ဖြစ်ခဲ့သည်။ အတိုးကို ခြေဆုပ်လက်နယ် ကိုယ်တိုင် ပြုခဲ့သူပါတည်း။ ကိုးတန်းအောင်၍ ကျောင်းထွက်ကတည်းက ဤခြံကြီးဝယ် သူသည် သစ်ပင် ပန်းပင်တို့နှင့်သာ အကျွမ်း

ဝင်သူပါတည်း။ သူ့အလုပ်သည် မည်သူ့ကိုမှ အန္တရာယ် မဖြစ်စေခဲ့ပါ။

ဤမှန်သော သစ္စာစကားကြောင့် သူ့ရင်တွင်းဝယ် စူးရှစွာ ဝင်နေသော မြှားဒဏ်ရာသည် ပျောက်ပါစေသတည်း။

ဖေဖေတို့ မေမေတို့ကလည်း ဗဟုသုတရှိ နတ်သမီးလို တမလွန်က လာ၍ သစ္စာပြုစေချင်ပါသည်။

## 'ယဉ်မင်းပိုက်'

မချိုသည် ထို ထူးဆန်းလှသော နာမည်ကို အသံမထွက်သော်လည်း ပါးစပ်လှုပ်ရုံမျှ ရွတ်ကြည့်သည်။ တစ်ယောက်တည်းသာ ဆိုလျှင်တော့ သူ၏ ပင်ကိုယ်ဗီဇအတိုင်း 'အမယ်လေး....နာမည်ကလဲ ယဉ်မင်းပိုက်တဲ့လား....' ဟူ၍ လက်ခုပ်လက်ဝါးတီးကာ ဟက်ဟက်ပက်ပက် ရယ်မော၍ သရော်လိုက်မည်မှာ အမှန်ဖြစ်သည်။



ယခုတော့ သူ့ထက် အသက်များစွာ ကြီးသော လူကြီးလူကောင်းများသည် သူ့ရှေ့ရှိ ဖျာချောပေါ်တွင် ထိုင်လျက်ရှိကြသောကြောင့် သူ့နှုတ်မှ လေသံမျှသာ ထွက်ခဲ့ရသည်။

အဘိုးသည် ဖလားစုံ ကွမ်းအစ်ကြီးကို ညှိသည်များဆီ ထိုးပေးရင်း သူကမူ ကွမ်းသီးစိတ်ကို ဝါးလျက် ရှိပေသည်။

'ယဉ်မင်းပိုက်....' ဟူသော နာမည်ကို ထုတ်ဖော်ပြောလိုက်သော လူကြီးကို သူ ခဏခဏ မြင်ဖူးသည်။ ခေါင်းရင်းအိမ်က မြဲကိုပိုင်သော မြဲပိုင်ရှင်ကြီး ဦးချမ်းသာ ဖြစ်ပေသည်။ ဦးချမ်းသာ အပါးတွင် ထိုင်နေသော အမျိုးသမီးကြီးမှာလည်း ဒေါ်အေးရှင်ထက် အသက်ကြီးသော်လည်း အသက် လေးဆယ်လောက် ထင်ရသည်။ ရန်ကုန်သူ ထုံးစံအတိုင်း နှုတ်ခမ်းပြေပြေဆိုး၍ တစ်ပတ်လျှို ဆံထုံးကိုပင် ထိပ်မရောက်တရောက်မို့တရို့ ထုံးထားသောကြောင့် ဒေါ်အေးရှင်ထက်မင် ငယ်ပုံရနေပေသေးသည်။ ထိုမိန်းမကြီးကိုလည်း သူ မြင်ဖူးသည်။ ဦးချမ်းသာ၏ နှမ ဒေါ်ခင်သန်း ဖြစ်သည်။

'ယဉ်မင်းပိုက်' အခေါ်ခံရသူကိုသာ သူ မတွေ့ဘူး၍ အမှတ်တမဲ့ လှမ်းကြည့်လိုက်၏။ ယဉ်မင်းပိုက်မှာ ဦးချမ်းသာ၏ သား' ဟု ဆိုသော်လည်း အသားမှာ ဦးချမ်းသာထက်ဖြူ၏။ သူ၏ ပြုံးရွှင်သော မျက်နှာတွင် မျက်ဆံများမှာ အထူးတောက်ပလှ၏။ အရပ်အမောင်းက ဦးချမ်းသာလိုပင် မြင့်မားလှသည်။

'သားက ရန်ကုန်ထဲမှာပဲ အနေများတော့ ဒီ တောက်ကြွဲ ဘက်ကို သိပ်မရောက်ဘူး၊ ဘိုးရွှေ့ မြေးနဲ့လဲ မိတ်ဆက်ပေး ရဦးမယ်'

'အေးပေါ့...မောင်ချမ်းသာ၊ တစ်ခါ ခေါ်လာတော့ ဒီ သူငယ်...ငယ်ငယ်ရှိသေးတာကိုး' အဘိုးကစကားဝင်ထောက် လိုက်၏။

'ဟုတ်ကဲ့၊ ခုတော့ ခြံအလုပ်လဲ သူစိတ်ဝင်စားစေချင်လို့၊ ကဲ...ချိုချိုရေ၊ အန်ကယ့်သား ရောက်လာတော့ မိတ်ဆွေ တစ်ယောက်တိုးတာပေါ့၊သား ဒါက ဘိုးရွှေရဲ့ တစ်ဦးတည်း သောမြေး ချိုချိုတဲ့'

ယဉ်မင်းပိုက်သည် ချိုချိုအား ပြုံး၍ နှုတ်ဆက်လိုက်ပါ သည်။

'ကျွန်မ သဘောကတော့ ကျောင်းထွက်ရင် စက်ကို ဆောက်လျှောက် ဦးစီးစေချင်တာ ဘိုးရွှေရဲ့၊ ခြံအလုပ်က ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် နေပူ မိုးရွာနဲ့ ပိုက်ပိုက် ပင်ပန်းလွန်းမှာစိုးလို့'

'ဝါသနာ ပါတာလုပ်ရင် ကောင်းတာပဲ မခင်သန်းရဲ့၊ ကျုပ်တို့ကတော့ အညာကရောက်ကတည်းက ဒီခြံမှာချေချပြီး လုပ်စားလာခဲ့ရတော့ ဒီခြံကပဲ မခွာချင်ဘူး'

'ကျွန်တော့် သဘောကတော့ အားလုံးစုံ သိထားရင် ကောင်းတာပေါ့၊ နောင်မှလုပ်ချင်တာလုပ်၊ ခုဆို ဘိုးရွှေရတို့ အုန်းသီးရွှားချိန်မှာဘယ်လောက်ငွေဝင်ကောင်းလဲ၊ကျွန်တော် တို့ ခြံမှာတော့ ပြောရဦးမယ် ဘိုးရွှေရ ရယ်၊ ဘိုးရွှေရအုန်းပင်



တွေနဲ့ တူတူပျိုးတဲ့ အပင်တွေဟာ မာလီ ဘယ်လို လုပ်ပစ် တယ်မသိဘူး၊အားလုံး သေကုန်တာပဲ၊ ဘိုးရွှေရတို့ဆို ဆယ့် လေးငါးနှစ်အတွင်း၊ ကဲ ပဒေသာပင် ပေါက်တာပဲ'

ဦးချမ်းသာသည် စိမ်းညို့နေသော အုန်းပင်များကို လှမ်း ကြည့်လိုက်၏။

'အစ်ကိုကြီးကလဲ၊ ဒီအုန်းသီးသီးမှ ထမင်းစားရမှာကြနေ တာပဲ၊ ပိုက်ပိုက်မှာ တခြားလုပ်ငန်းတွေ အများကြီး' ဒေါ် ခင်သန်းက ဝင်စွက်လိုက်၏။

'ဒါတော့ ဒါပေါ့၊မြေကြီးကို အလဟဿ မဖြစ်အောင် တော့ စိုက်ပျိုးရတာပေါ့၊ ငါကအဓိပ္ပာယ်မရှိ ဒီအုန်းပင်တွေ သေကုန်ရတာ အံ့ဩလွန်းလို့'

'ဟုတ်တယ်၊ ကျုပ်စိတ်ထဲမလဲ ဒါလောက် သီးမယ် မထင် ဘူး၊သီးမယ့်သီးတော့ အမြဲ ဖောက်သည်မေးနေရတယ်၊ တစ် ပင်တည်းကို တစ်ခါတလေ ဆယ်လုံး ဆယ့်ငါးလုံး တင်တော့ အပင်သစ်ရော အပင်ဟောင်းရောဆို တစ်ရာကျော် ရှိတာကိုး၊ အုန်းထွက်ကမနည်းဘူး၊ မိန်းကလေးရယ် အဘိုးတုတ်ကောက် ပေးပါကွယ်၊ အုန်းခြံထဲလျှောက်ရအောင်'

အဘိုးသည် ဦးချမ်းသာထက် အသက်နှစ်ဆယ်ခန့်ကြီးပုံရ သော်လည်း တုတ်ကောက်ကြီးနှင့် ရှေ့မှ ဒေါက် ဒေါက်နှင့် ဆင်းကာ အုန်းရိုရာခြံသို့ ထွက်သွားတော့သည်။ လူကြီးများ နောက်က မချိုရော၊နာမည်ဆန်းသော လုလင်ယဉ်မင်းပိုက်ပါ စကားပြောရင်း လိုက်ပါသွားကြ၏။

'ချိုချို...ဒီအုန်းလက်တွေ စုပုံထားတာ တစ်ပုံကြီးပဲ၊ ဘာလုပ်မှာလဲ'

ယဉ်မင်းပိုက်သည် အုန်းလက် ပုံကြီးနားတွင် ရပ်ရင်းမေးလိုက်၏။

'ခုန်ကုန်ကို အုန်းတံမြက်စည်းသွင်းရတယ်၊ တော်ကြာ ရွာထဲက မိန်းကလေးတွေလာပြီး အုန်းလက်သင်ကြရော၊ ထက်ဝက်စားမေ့၊ အုန်းသီးကတော့ အစိမ်းရော အခြောက်ရော ရောင်းရတယ်၊ အုန်းလက်လဲ ရောင်းရတာပဲ၊ အခြောက်ကို အုန်းဆံဆင်ပြီးတော့လဲ ကြိုးကျစ်ဖို့ရောင်းရှိသေးတယ်'

အိမ်ရှင်ပီပီ သွက်လက်စွာ သူ့ကို ပြောပြနေသော မိန်းကလေးကို ယဉ်မင်းပိုက်သည် နှစ်ခြိုက်စွာကြည့်နေမိ၏။

'ချိုချို...အုန်းသီးတစ်လုံး အသုံးချနည်းဆိုပြီး ဦးပုညလို စာစပ်ပါလား'

မချိုသည် နာမည်ဆန်းသလောက် ဖော်ရွေစွာစကားပြောတတ်သူအား စကားပြောရသည်ကို ပိုရဲရင့်လာ၏။

'ဦးပုညလို စာတတ်ရင်တော့ စာဖွဲ့မှာပေါ့'

မချိုက အုန်းပင်တစ်ပင်ကိုမှီရင်း ဖြေလိုက်၏။

'ချိုချို...စာမတတ်လို့လား'

'တတ်သင့်သလောက်တော့ တတ်ပါရဲ့လေ၊ လှည်းကူးကျောင်းက ကိုးတန်းအောင်တော့ ထွက်လိုက်ရတော၊ စာတတ်ပေမင့် စာဆိုဖြစ်ဖို့ဆိုတာ ဦးပုညလိုပါရမီရှိဦးမှကိုး'

ယဉ်မင်းပိုက်မှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရာမှ အုန်းပင်ခြေရင်းတစ်ခုတွင် ထိုင်လိုက်၏။ လူကြီးများသည်



အတော်လှမ်း၍သွားကြပြီး မချိုအဖို့ အိုးတိုးအမ်းတမ်းဖြစ်နေသည်။ ရှေ့ဆက်လျှောက်ရမှာလား၊ ယဉ်မင်းပိုက်အနားတွင် ထိုင်စကားပြောရမှာလား၊ အနည်းငယ်ကြောင်နေပေသည်။

'နားပါဦး ချိုချိုရာ၊ အဲဒီပင်ခြေမှာပဲ ထိုင်ပါ၊ လူကြီးတွေကတော့ သူတို့အုန်းသီး ဘယ်လောက်ထွက်တယ်၊ နောက်ထပ် ဘာစိုက်မယ်နဲ့ စီးပွားရေးအကြောင်းပြောရင် စိတ်ဝင်စားနေကြတာ၊ ချိုချို ကျောင်းဆက်နေပါလား'

မချိုသည် ပင်ခြေတစ်ခုကို တစောင်းမှီထိုင်လိုက်၏။

'အတိုးက မထားချင်တော့ဘူး'

'ကိုယ်လဲ နောက်မကြာခင် ဒီခြံထဲမှာ လာနေရမယ် ထင်တယ်၊ ကျောင်းကထွက်စ နှစ်တုန်းကတော့ ဘိုးကြောင်လေးမှာပဲ အချိန်ကုန်တယ်'

'ကိုယဉ်....ကိုယဉ်....ကိုယဉ်မင်း က ပိုက်က' မချို သည်နာမည်ကိုတစ်အဲ တစ်အဲ ခေါ်ရင်း ရယ်ချင်လာ၏၊ သူ့နာမည်ကြီးခေါ်ရသည်ကိုလည်း ရယ်ချင်စရာဖြစ်ပေသည်။

'ကိုယဉ်မင်းပိုက်လေး ဘာလေး ခေါ်မနေပါနဲ့ ချိုချိုရယ်၊ အင်တီသန်းတို့ခေါ်သလို ပိုက်ပိုက်ပဲခေါ်ပါ'

မချိုသည် ပို၍ ရယ်ချင်လာ၏၊ သူ့နှုတ်ခမ်းများသည် ရယ်၍ပင် နေကြပေပြီ။ ပိုက်ပိုက်ဟု ခေါ်ရမှာကလည်း သူ့ထက် အတန်ငယ်ကြီးပုံရသူတွင်မှ အရပ်မြင့်မြင့် အလုံးအဖန် အတော်အသင့်တောင့်သော ယောကျ်ားရင့်မကြီးတစ်ယောက်အား ပိုက်ပိုက်ဟု ခေါ်ရသည်ကိုကလည်း မအပ်စပ်သလိုပါ

ပင်တည်း၊ သို့သော် ကာယကံရှင် ကိုယ်တိုင်က ပိုက်ပိုက်ဟု ပင် ခေါ်ပါဆိုတော့လည်း....

'ပိုက်ပိုက်ကျောင်းထွက်တာ ကြာပြီလား' ဟု မေးလိုက်ရ၏။

'နှစ်နှစ်ရှိပြီချီချီ၊ ကိုယ့်တို့အဖေကြီးက လခစား ဖြစ်သွားမှာစိုးလို့တဲ့၊ နိုင်ငံခြားဆက်ပြီး ပညာသင် သွားခွင့်လဲ မပေးဘူး၊ သူ့တို့ကျောင်းလေးက ဆန်စက်နဲ့ အုတ်ဖုတ်တဲ့ ဖိုကိုမဲ ကြည့်ခိုင်းထားတယ်။

'သူ့လက်ငုတ် လက်ရင်း မို့လား....၊ ဒါလဲကောင်းပါတယ်၊

'ခု...ဒီခြံ လာရတဲ့ကိစ္စက အုန်းပင်တွေ ပျက်စီးတဲ့ကိစ္စ၊ သူစိတ်မကောင်းဘူး ထင်ပါရဲ့၊ ဒီခြံစောင့်လဲ ထွက်သွားရတာ ကြာပါပြီ၊ ခုရှိနေတဲ့ အဘိုးကြီးက မည်မည်ရရ မစိုက်တတ်ဘူး'

မချီသည် ခေတ္တငေး၍ စဉ်းစားနေရာမှ [illegible]ထဲမှာ မရှင်းသည်ကို မေးလိုက်၏၊

'ခုန....အဘိုးတို့ ပြောနေတာလဲ ကြားတယ်၊ အဲဒီခြံစောင့်ကဘာလို့ အုန်းပင်တွေ ဖျက်ဆီးပစ်ရတာလဲ၊ မချီတို့ အဒေါ် ဒေါ်အေးရှင်ကဖြင့် ပိုက်ပိုက်တို့ ခြံဘက် မျှော်မျှော်ကြည့်ပြီး ဒီအုန်းပင်တွေအကြောင်းပဲ တဖွဖွပြောနေတာပဲ'

'ကိုယ်သိရသလောက်တော့ အဓိပ္ပါယ် မရှိပါဘူး၊ အေးလေ ဖေဖေ့စိတ်ကြိုက် ဖေဖေစိတ်ကျေနပ်အောင် ပိုက်ပိုက်လုပ်ပြရမှာပေါ့၊ ခုပါလာမယ့် လူကတော့ စိုက်ပျိုးရေးလဲ



နားလည်တယ်၊ ငါးနှစ်လောက် ကြာရင်တော့ အကောင်အထည် ပေါ်ပါလိမ့်ထင်ရဲ့'

'ပေါ်ပါတယ်၊ မချီတောင် အဘိုးအုန်းပင်တွေ ပျိုးစကဘယ်တော့မှ စားရမှာလဲဆိုပြီး အဘိုးကို ပြောမိသေး၊ တချို့အုန်းဆို သုံးနှစ်နဲ့ သီးတယ်၊ အခုဟာတွေကတော့ ဗမာကြိုက်အလုံးကြီးတွေ၊ ဒါပင်မင့်....ငါးနှစ်နဲ့ သီးကြတယ်၊ ရှစ်နှစ်နဲ့ သီးကြတာလဲရှိတယ်'

မချီသည် ပြွတ်ခဲစွာ သီးနေသော အုန်းမပင်တစ်ပင်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်၏။

'ကဲ....လာကြတော့သားရေ၊ ပြန်စို့ ချီချီ နောက်ကျရင် ပိုက်ပိုက်တို့ ဒီခဏခဏ လာနေမှာ၊ ချီချီအတွက်လဲ အဖော်ရတာပေါ့'

အဘိုးကြီးများသည် နောက်က ရောက်လာကြ၏။ လူကြီးများကိစ္စပြီးကြပြီထင်သည်၊ ခြံဝအထိ အဘိုး၊ ဒေါ်အေးရှင်နှင့် မချီတို့သည် ဧည့်သည်များကို လိုက်ပို့ကြ၏၊

သုံးယောက်သား အိမ်ဆီသို့ ပြန်လျှောက် လာခဲ့ကြသည်။ မချီသည် မိန်းကလေးတို့ ထုံးစံအတိုင်း အတင်းပြောချင်လှပေပြီ၊

'အဘိုး....ဦးချမ်းသာရဲ့သား နာမည်ကလဲ ဆန်းဆန်းပြားပြား ယဉ်မင်းပိုက်တဲ့....'

မချီသည် အိမ်ပေါ်မှမရောက်ခင်ပြောလိုက်၏၊

'မိချီကလဲ ဧည့်သည်တွေ ဟိုဘက်ခြံ ရောက်ပါစေဦး'

ဒေါ်အေးရှင်က ဆိုပြန်သည်။

'ငါ့မြေးရဲ့….ဦးချမ်းသာက ဒီသူငယ်ကို အလွန်ချစ်တာ၊ ဒါကြောင့် အမြတ်အနိုးနဲ့ ဒီနာမည် မှည့်တာပေါ့၊ ငါ့မြေးက လဲ ဒီနာမည် မကြားဖူးဘူးလား'

'ရှင်'

မချိုသည် ခေတ္တကြောင် ငေးစားနေမိ၏၊

'မကြားဖူးဘူး အဘိုး'

'ဖြစ်ရလေကွယ် လူငယ်တွေသာဆိုရတယ် သတိမေ့သကိုး၊ ရာဇဝင် မသင်ခဲ့ရ ဘူးလား၊ ပုဂံမင်းဆက် အဦးပိုင်းက ဘုရင် တစ်ပါး အမည်လော ယဉ်မင်းပိုက်ဆိုတာ သူ့တို့ဘိုးတွားတွေက မြှောင်တီးတို့၊ တီးမင်းယဉ်တို့ ဆိုတာတွေပေါ့၊ နောက်သူ့ သားမြေးတွေက ပိုက်သေလည်၊ သေလည်ကြောင်ကြောင်ဒုရစ် လို့မှည့်တယ်၊ မင်းတို့ခေတ်မှာ အဖေနာမည်ကို ကိုယ့်နာမည်ရဲ့ ရှေ့က နောက်ကထည့်တာ ခေတ်ဆန်တယ် ထင်နေတာ၊ ဒီလို အဖေနာမည်ကို သားစဉ်ဆက်ပြီး ထည့်ထည့် မှည့်ခေါ် သွား တဲ့စနစ် ပုဂံခေတ်ဦးကတည်းက ရှိခဲ့တာပဲ'

အဘိုးကပြောရင်း အိမ်ဝရေကားထစ်သို့ ရောက်လာ၏၊

'ကျွန်မ အံ့ဩတာကအဘိုးရဲ့ ဒီသူငယ်ကို မွေးစားမယ်လုပ် တုန်းက ဒေါ်ခင်သန်းက ဝါးခါးသီးသီးပဲ'

'အေး…ကွယ်၊ အခုတော့လဲ သူငယ်ကလဲ ချစ်စရာကောင်း လာတော့ ချစ်လာတယ်ထင်ပါရဲ့'

အဘိုးသည် တုတ်ကြီးကို တခေါက်ခေါက် ထောက်ကာ လှေကားပေါ် တက်သွားတော့သည်၊

မချိုသည် တအံ့တဩဖြစ်နေ၏၊



'ဒီမှာအဒေါ်၊ အဲဒီယဉ်မင်းပိုက်က မွေးစားတာလား'

သူတို့သည် အိမ်အောက်ထပ် ကွပ်ပျစ်တွင်ပင် ထိုင်ရစ်ကြ၏၊

'အေးပေါ့ မွေးစားတာမှ….ဒီလှည်းကူးနဲ့ မှော်ဘီနားက ပဲ၊ ဒေါ်ခင်သန်းဆိုတာ မွေးစားရမှာမလားလို့ ဆွေ့ဆွေ့ခုန် နေတာ'

'ခုတော့လဲ အဲဒီအန်တီသန်း စကားပြောဟန်က ပိုက်ပိုက် ပိုက်ပိုက်နဲ့ သိပ်အရေးပေးတာပဲနော်'

'အေး….အဒေါ်လဲ ဒါကြောင့် အံ့ဩနေတာ၊ ငယ်ငယ် တုန်းက ကောင်လေးဒီခြံခဏခဏလာရင် မိရင်း ဖရင်းတွေနဲ့ တွေ့မှာစိုးလို့ ထင်ပါရဲ့၊ ခပ်ငယ်ငယ်ကသာ အဒေါ်မှတ်မိ သလောက်ဒီသူငယ်တစ်ခေါက်လာတယ်'

'ခုတော့ ဘာလာလုပ်လဲ မသိ'

'မိရင်းဖရင်းတွေလဲ သေကုန်ပြီ ထင်ပါရဲ့၊ ဦးချမ်းသာက ငွေရှာတဲ့နေရာမှာ သိပ်စေ့စပ်တာပဲ၊ ဒီခြံကလဲ ပြန်ထူထောင် မယ်ထင်တယ်….'

မချိုသည် ခြံကြီးဘက်ကိုကြည့်မိပြန်သည်၊ ခြံကြီးသည် သူ့ ဘိုးဘိုးထက်စေ နောက်ဘက်တွင် ငါးဧကလောက် ပိုကျယ်၏၊ တယ် သိုင်းဆိုင်စေ ယဉ်မင်းပိုက်တို့နှင့် မိတ်ဆွေ ဖြစ်လာရ၍ သူတို့ မှာ ယခင်ကလောက် သွေ့ခြောက်တိတ်ဆိတ်ခြင်း ရှိနိုင်မည် မဟုတ်တော့ပေ။ သို့သော် ထိုအတွေးသည် တွေစက အတွေး ပင်တည်း၊

ယခုတော့ စတင်တွေ့ခဲ့ရသော နေ့ကို ပြန်၍သာ တွေးနေခဲ့ရသည်။ တစ်ဖက်ခြံကြီးသည် အက်ဝင်လှုပ်ရှားလာခြင်း မရှိ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

တစ်ခါက ဆူဆူညံညံ ရှိခဲ့ပြီးခါမှ ပြန်လည်၍ တိတ်ဆိတ်သွားရသည်ဆိုတော့ အစကသာ မကြုံရ၊ မဆုံရ၊ မတွေ့မိခဲ့ကြအုံးဆိုလျှင် ယခုလို 'တစ်ချိန်ကစုံပြည့်ခြင်း' ဆိုသည်ကိုလည်း ပြန်လည် တသခြင်း ဖြစ်မိသည်မဟုတ်ပေ။

သံအရာကိုယ်က၊ စနဲ့မိခြင်းပေကိုး။

မိချို့တစ်ယောက် ဤနည်းဖြင့် သူ့စိတ်ကို ဖြေခဲ့၏။ သို့သော် ဤပြတင်းမှ ဤခြံကို ကြည့်မိတိုင်း....

ရာဇဝင်အစ ဤမင်း၏အမည်ကို မျောက်မရသလို....

ယဉ်မင်းပိုက်ဆိုသူ အကြောင်းက စမှစ၍ ဖော်လာရပြန်သည်တကား။

( ၂ )

ယဉ်မင်းပိုက်

ပုဂံခေတ်ဦးမှပြုစောထီး၏ အဆက်အနွယ် မင်းတစ်ပါး၏ အမည်တဲ့။ အဘိုးက ဤသို့ပင် အမိပွားယ်ဖွင့်ပြခဲ့၏၊ ဤပြတင်းမှာ ရပ်မိခလတိုင်းလည်း မချိုသည် တိတ်ဆိတ်ငြိမ်သက်သော ဤအိမ်ကြီးကို မျှော်ကြည့်မိ၏။ ဤအိမ်ရှင်ကြီး၏ပိုင်ရှင် ယဉ်မင်းပိုက်ကို တွေ့ခဲ့ရသောနေ့ကို အသစ်တစ်ဖန် ပြန်လည်အောက်မေ့ရသည်၊ နေ့ဝင်မည်မျှ ကာလရှည်ကြာသွားစေ ဤနေရာတွင် ဤလိုရပ်၍ မချိုဆိုသော မိန်းကလေးတစ်ယောက်သည် ပုဂံခေတ်ဦး၏ ဘုရင်တစ်ပါးကို ယူထားလေသူတစ်ယောက်

စံမြန်းသွားသော ဤဂေဟာ နေရာဟောင်းကြီးကို ငေးမျှော်နေမိဦးမည်မသိပေ။

မချိုသည် ပြတင်းတံခါးကို အားယူ၍ကိုင်လိုက်၏။ စဉ်စဉ်မမှော့ ယဉ်မင်းပိုက်ဟူသော နာမည်ကိုသာ ယူ၍ ထိုသူတစ်ယောက်တွင် မှည့်ခေါ်ခြင်းသာဖြစ်သည်ကို အဘိုးက သူ့အား ရှင်းပြခဲ့ပါ၏။ မချို နားလည်သည်မဟုတ်။ သို့သော်လည်း ဤအိမ်ကြီးကိုတွေ့ရတိုင်း နန်းတော်ဟောင်းကြီးကို ထင်သည်။ ထိုနန်းတော် အဟောင်းကြီးကို မြင်ရတိုင်းလည်း ယဉ်မင်းပိုက်ဆိုသူကို နန်းကျဘုရင်တစ်ပါးလို သူ သတိရနေ၏။

မချိုစိတ်ထဲလည်းမတော့ ယဉ်မင်းပိုက်သည် မင်းတစ်ပါးပါတည်း။ သူ့ အချစ်ကိုလည်း မင်းဆန်နေသော အချစ်ဟု မချိုထင်သည်။ မင်းဧကရာဇ်တို့မည်သည် သူတစ်ပါး၏ အချစ်ကိုတောင်းလည်းတောင်းဆိုလွယ်သည်။ ပစ်လည်းပစ်မယ် လွယ်လှသည်။ မည်သည့် မိဖုရားအပေါ်၌ နှလုံးသားကို ပုံကာချစ်ပါသနည်းဟု သိရှိဖို့ကလည်း မလွယ်ကူ လှပါတကား။

မှန်၏။ ရွှေဖလားပေါ်တွင် လက်ချင်းဆက်၍ ရွှေကျင်ခတ်ပဝါကို အထပ်ထပ်ရစ်ပတ်ကာ သီတာရေစင်ဖြင့် သွန်းဖျန်း၍ ဘိသိက်ပင်သွန်းလောင်းစေဦးတော့ မိဖုရားလောင်း ဆိုသူလည်း ဘုရင့်အချစ်ကို ပိုင်ချင်မှပိုင်ပေမည်။ နန်းရေး နန်းရာကြောင့် ရွှေနန်းတော်စဉ်ဆက် ထုံးတမ်းစဉ်လာများ အရ မင်းသား မင်းလျာထဲမှ မဟေသီ ကောက်ရသည့် အဖြစ်ကလည်း ရှိသည်။



ဪ....ဘုရင်ဆိုသည် အတော့မတော့ တတ်နိုင်လှသည် ဖြစ်ခြင်း။ အဆောင်အယောင်အတွက်လည်း သူတို့တွင် မိဖုရား မြှောက်ပိုင်ခွင့်ရှိသည်။ နန်းညွန့်၊ နန်းလျာအတွက်လည်း သူတို့သည် အသည်းနှလုံးမပါဘဲ ရွှေဒူးကျှမှာ လက်တင်ကာ ဘိသိက် ရေစင် အသွန်းခံရကြသည်။

သူတို့မတော့ တောကစားသွားရင်း တောသူအညွန့်အဖူးကို တွေ့ပြန်လျှင်လည်း အချစ်ကို အမဲပစ်ဖမ်းသလို ဖမ်းကာ ကစား၍ သွားနိုင်ကြသည်။ ပေးလိုက်ရသူမှာသာ အမြတ်တနိုး ဘယုတာယ ထိန်းသိမ်းလာခဲ့ရသောအချစ်၊ အကစား ခံနေရသည်ပဲထားပါဦးတော့။ ထိုအချစ်ကို ဘုရင်မင်းတရားသည် အချစ်အကျိုးအပဲ တို့ကို စုပေါင်းထားရာ သူ၏ အသည်းအဖို အဟောင်းကြီးနှင့်တူသည့် ဂူတွင်း မြှုပ်နှံထားသည် ဆိုလျှင် တော်ပေသေးသည်။ ယခုတော့ များသောအားဖြင့် ဘုရင်တို့သည် တောမှယူလာသော အချစ်အဖူးအညွန့်တို့ကို များသောအားဖြင့် နန်းတော်နောက် စားဖိုချောင်တွင် ပစ်စလက်ခတ် စွန့်ပစ်ထားတတ်ကြသည်။

သစ်ဆွေးသစ်ပဲ့များနှင့် ယိုင်ချည့်နေသော တင်းကုပ်တွင်လည်း အချစ်ကို သင်္ဂြိုဟ်တတ်ကြ၏။

ယခုလည်း နာမည်နှင့်လိုက်ပေသော ယဉ်မင်းပိုက်၏ တစ်ခါက ဤအိမ်အိုကြီးတွင် သက်ဝင်လှုပ်ရှားကာ နန်းစံခဲ့၏။
နန်းစံခဲ့သည်ဆိုလျှင် မှန်မည်။

မချိုသည် မင်းသားတစ်ပါးလိုပင်နေခဲ့သော ယဉ်မင်းပိုက်၏ စည်းစိမ်ကို မျက်ဝါးထင်ထင် ပြန်၍မြင်လာသည်။

\+ \+ \+

ယဉ်မင်းပိုက် ဖိတ်ခေါ်သော ညစာစားပွဲကို သွားရမည့်နေ့က မချို တစ်နေ့လုံး စိတ်လှုပ်ရှားရလွန်း၍ မောဟိုက်နေသည်။

ဘယ်လုံချည်ဝတ်၍ ဘယ်လို ဆင်ပြင်သွားရပါမည်နည်း။ ကျောင်းကထွက်ကတည်းက ရန်ကုန်ကိုလည်း အသွားနည်းသည်၊ ဗီရိုထဲမှ ရှိသမျှ လုံချည်များကို တစ်ထည်ပြီး တစ်ထည် ထုတ်ကြည့်သည်။ လှည်းကူးတွင် ပြုလုပ်သော ကထိန်ပွဲ၊ ရှင်ပြု၊ မင်္ဂလာဆောင်များကို ဒေါ်အေးရှင်နှင့်အတူ မချို သွားနေကျပင် ဖြစ်၏။ တစ်ခါတစ်ရံ ရန်ကုန်ရှိ အဖေ့ဘက်က အမျိုးများက ဖိတ်ခေါ်သောအလှူများကိုလည်း မချို သွားနေကျ ဖြစ်၏။

သို့သော် ထိုစဉ်က ပွဲများသည် ယဉ်မင်းပိုက် ဖိတ်ခေါ်သော ညစာစားပွဲကို သွားရမည်လောက် စိတ်တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား မဖြစ်မိပေ။



'မိန်းကလေးရေ...မနက်ဖြန်တည်းက မခင်သန်းကလာခေါ်နေတာ ဒေါ်ဒေါ် ကူလုပ်ဖို့ သွားနှင့်မယ်'

ဒေါ်အေးရှင်သည် မြန်မာ့ ကျေးလက် ပုံစံမပျက်သေးသော သူတို့တောဓလေ့လိုပင်၊ ထမင်းကျွေးပွဲ၊ ရှင်ပြု၊ မင်္ဂလာဆောင် အလှူရှိလျှင် ကူလုပ်ရမည် ထင်၍ ကြိုသွားဖို့ပြင်နေသည်။

'ဒေါ်ဒေါ်...ခဏလေး နေပါဦး၊ မချို ကြားတာတော့ ထောက်ကြံ့နဲ့ လှည်းကူးက လူနည်းနည်းပါမယ်၊ ရန်ကုန်က သူ့မိတ်ဆွေတွေ များများလာမယ်တဲ့၊ မချို ဘာလုံချည်ဝတ်ရမလဲ လာရွေးပေးပါဦး'

သူသည် အပျိုဖော်ဝင်စ မဟုတ်တော့ပေမယ့် ရင်ထဲမှာ အပျိုဖော်ဝင်စတို့၏ လှုပ်ရှားနည်းမျိုး လှုပ်ရှားနေသည်၊ ဒေါ်အေးရှင်သည် လုံချည်ရွေးနေသော သူ့အပေါ်တွင် လာရပ်ကြည့်သည်။

'တော်ကြာ ရန်ကုန်ကလာတဲ့ မိန်းကလေးတွေထဲမှာ မချိုက တောကျေးကန်းလို ဖြစ်နေမှာလဲ စိုးရသေးတယ်၊ ထိုင်ပါဦး ဒေါ်ဒေါ်ရဲ့၊ မချိုကို ရွေးပေးပါဦး'

မချိုသည် သူ့စိတ်ကိုလည်း၊ သူ မလုံ ဖြစ်နေရသည့် အထဲမှာပင် ဒေါ်အေးရှင်သည် အထူးအဆန်း သူ့ မျက်နှာကို ကြည့်ပြောသည်။

'အောင်မယ်...အလှူတွေ ပွဲထိုင်တွေ မသွားဘူးတာကျနေတာလဲ...မချိုတကတဲ...ဒီပွဲမှာမှ သူ ဖြစ်နေလိုက်တာ၊ ဗီရိုတစ်ခုလုံး မြှောင်းဆန်နေတာပဲ'

မချိုသည် တစ်ဘက်လှည့်ကာ ရှက်စနိုး ရယ်လိုက်မိသည်။

'ဒေါ်ဒေါ်ကလဲ ထောက်ကြီးကာ ရန်ကုန်နဲ့တော့ မဝေး ဘူးပေါ့၊ ဒါပေမင့် မချို အပြင်အဆင်က တောဆန်နေမှာလဲ စိုးတာပေါ့၊ ပြီးတော့ မနက်က ဒေါ်ခင်ဆန်း ပြောသံ ကြား တယ်၊ သူ့သမီး ခင်မေအောင်လဲ လာမယ်ဆို'

'အေး...သူ့သမီးလေးကတော့ ဦးချမ်းသာကို ပြုစုနေတော့ ဒီခြံထဲကို လာခဲ့တယ်၊ ဒေါ်ဒေါ် ငယ်ငယ်တုန်းကတော့ မြင်ဖူး တယ်၊ ကောင်မလေးက ယဉ်ယဉ်လေးရယ်'

'ဟုတ်တယ်၊ သူကလဲ မချိုထက် ချောမှာပဲ၊ ဘာပဲဖြစ်ဖြစ် လေ ရန်ကုန်သူတွေဟာ ချောချော မချောချော မချိုတို့ထက် ပြင်တတ် ဆင်တတ်တော့ ကြည့်လိုက်တိုင်း လှနေသလိုပဲ'

မချိုသည် ပါးစပ်ကပြောရင်း လုံချည် တစ်ထည်ပြီး တစ် ထည် ရွေးချနေသော်လည်း စိတ်ကြိုက် မတွေ့သေးပေ။

'ရော့...မင်းမေမေ လက်ထပ်တုန်းက ဝတ်တဲ့လုံချည်'

ဒေါ်အေးရှင်သည် ပုစွန်ဆီသွေးရောင်ပေါ်တွင် နှင်းဆီပန်း တွေ ဖောင်းကြွနေအောင် လုပ်ထားသလို ပန်းခက်များပါ သည့် ပိတ္တန်လုံချည်ကို ရွေးထုတ်လိုက်၏။

'ဒေါ်အေးရှင်ရယ်...မချိုတောင် မမွေးသေးတဲ့ အချိန်၊ မေမေ အပျိုအချိန်တုန်းကဝတ်တဲ့ ဒီဘိုးတော်ဘုရားလက်ထက် က လုံချည်ကြီး ဝတ်ရမတဲ့'

မချိုသည် ရင်ဘတ်ပေါ် လက်တင်ကာ ပြုံးတုံးပြတဲလေး ပြော၏။



'ဘိုးတော်ဘုရား လက်ထက်ကပေမင့် အခု အဲဒီလို လုံချည် မျိုး ဘယ်သူ့ဆီမှာမှ မရှိတော့ ဒီလုံချည်ဟာ အဆန်းပဲပေါ့ မချို၊ ရွေးပေးပြန်တော့လဲ သူ မကြိုက်၊ အင်မတန်ကြေးများ တဲ့ ကလေးမလေး၊ ဒီလုံချည်ကလေ ရာဇဝင်နဲ့ သိလား၊ မင်းရဲ့ ဖေဖေ အင်္ဂလန်က ပြန်လာတော့ လက်ထပ်ပွဲမှာ သတို့သမီး ဝတ်ဖို့ဆိုပြီး သူကိုယ်တိုင် ဝယ်လာခဲ့တာ သိလား'

မချိုသည် လုံချည်ကို ကိုင်ကြည့်လိုက်၏။ လုံချည်သည် ယခုခေတ် မျက်စိနှင့်တော့ ရိုးလှသည်။ ဒါပေမင့် လှတော့ လှပေသော ပိုးတွန့်အပျော့ လုံချည်လေးပါပင်တည်း။ ဖေဖေက မေမေ့ကိုချစ်၍ လက်ထပ်ပွဲတွင်ဝတ်ရင် ဝယ်လာခဲ့သောလုံချည် ဖြစ်သည်ဟု ဒေါ်အေးရှင်ပြောလိုက်ပြန်တော့လည်း ထိုလုံချည် လေးတွင် ရာဇဝင်ကြောင်း အခိုင်အခံ့နှင့် မှတ်နိုးဖွယ် ဇာတ်လေးများ ခြံရံလာသလို သူ့စိတ်ထဲတွင် ထင်လာသည်။

အထက်ဆင်အနားရှိ နှင်းဆီတစ်ပွင့်၏ ဝတ်ဆံနားတွင် ပိုးကိုက် အပေါက်တစ်ပေါက် တွေ့ရ၏။

'ဒီမှာ ဒေါ်ဒေါ် ပိုးကိုက်ထားတာ'

မချိုသည် ဒေါ်အေးရှင်ကို ပြလိုက်ပြန်သည်။

'နှမ်းစေ့လောက် အပေါက်ကလေး လူမမြင်ပါဘူးဟယ် အသာထည့် ဝတ်ပေါ့'

ဒေါ်အေးရှင်သည် စိတ်တိုလာဟန်ရှိ၏။

'မချို အခု အသက်နှစ်ဆယ်ပဲ ပြည့်ပြီဟာ၊ ဒီလုံချည် အသက်ကသာ ဒီအိမ်မှာပဲ နှစ်ဆယ်ကျော်နေပြီ၊ အင်္ဂလန်က ရောင်းတဲ့ဆိုင်မှာ သူ့အသက်က ဘယ်လောက်ရှိနေပြီလဲ မသိ

ဒါလောက် အသိမ်းအဆည်းကောင်းလို့ ပိုးပေါက် တစ်ပေါက် ရှိတာ၊ အဝတ်အစား မရှိသေးတဲ့သူတွေဆို အစအနတောင် ရှိမှာမဟုတ်ဘူး'

မချိုသည် သူ့ လုံချည် များကို ပရုတ်လုံးတွေထည့်ကာ ထည့်ကာနှင့် အစဉ်သိမ်းဆည်းပေးတတ်သော ဒေါ်အေးရှင်ကို အားနာသွား၏။

'မချို ဒါပဲဝတ်မယ် ဒေါ်ဒေါ်၊ ကဲ...ဒေါ်ဒေါ် သွားချင် သွား၊ မချို ဘယ်အချိန်လောက် လာခဲ့ရကောင်းမလဲ'

ဒေါ်အေးရှင်သည် လုံချည်ပုံများ အနားတွင် မတ်တတ် ရပ်လိုက်၏။

'သူတို့ ရန်ကုန်သားတွေကလဲ ည ရှစ်နာရီမှ ထမင်းစားမယ် တဲ့၊ ညဉ့်နက်လိုက်တာ၊ မခင်သန်း ပြောသွားတော့ ခြောက်နာရီ လောက် လာခဲ့ပါ ပြောတယ်'

'ဒေါ်ဒေါ် ပြန်လာခေါ်ပါ၊ မချို တစ်ယောက်တည်း လာရမှာ ကြောက်တယ်'

'အေး...အေး'

ဒေါ်အေးရှင် ထွက်သွားပြီးနောက် သူသည် လုံချည်များ ကို ပြန်ထည့်နေ၏။ ရွေးထုတ်ကျန်ရစ်သော နှင်းဆီပွင့်လုံချည် လေးကိုယူကာ ကိုယ်မှာကပ်၍ ကြည့်၏၊ သူ့ရှေ့ရှိ မှန်စီ အနက်တွင် တပ်ထားသော ကိုယ်လုံးပေါ်မှန်ကြီးပေါ်တွင် သူ့ရုပ်သည် သွယ်လျစွာ ပေါ်နေသည်၊ သူ့အသားက ဖြူဖြူ ပန်းရောင်သွေးနှင့် လိုက်ပေသည်၊



ထိုမှန်ဗီရိုကြီးမှာလည်း သူ့မိခင်၏ မင်္ဂလာဦး ပရိဘောဂ များထဲတွင် အပါအဝင်ပင်တည်း၊ သူ့မိခင်သည် သူ ၂-နှစ် သမီးတွင် ကွယ်လွန်ခဲ့၏၊ အဖေဖြစ်သူမှာမူ သူ့ကို ပဋိသန္ဓေ နေဦးကတည်းက ဆုံးသွားသည်ဟု သူ သိရသည်။

ဖေဖေသည် ထိုစဉ်က ဤလုံချည်လေးပေါ်တွင် မည်မျှ တန်ဖိုးထားခဲ့မည်ကို ပြန်လည်၍ တွေးမိသောအခါ 'ဘိုးတော် ဘုရားလက်ထက်ကလုံချည်ကြီး'ဟု သူပြစ်တင် ပြောခဲ့မိသည်ကို သူ စိတ်မကောင်းဖြစ်မိပေသည်၊ ယခုမှ လုံချည်လေးကို တယု တယကိုင်ကာ ခုတင်ပေါ် အသာတင်ထားလိုက်၏။

ညနေ ခြောက်နာရီထိုးတော့မည်။ သူသည် အဝတ်အစား များ အားလုံးဝတ်ပြီးပေပြီ။ နောက်ဆုံး စဉ်းစားရခက်နေ သည်မှာ မေမေဆင်ယင်ခဲ့သော စိန်လည်တုံကို ထိုထမင်းစားပွဲ တွင် သူ ဝတ်သွားသင့် မသွားသင့် စဉ်းစားနေခြင်းပင်ဖြစ်၏။ ခြသက်ဝတ်လက်စား အနည်းငယ်နှင့် စိန်လည်တုံမှတစ်ပါး ကျန်ပစ္စည်းနှင့် ငွေများကို ရန်ကုန်ဘဏ်တွင် အပ်ထား၏၊

'ဒီထမင်းစားပွဲမှာမှ ဘာဖြစ်လို့ ဒါလောက် လှချင်နေရ တာလဲ မိချို'

သူ့ စိတ်က သူ့ကို တိတ်တခိုးမေးလိုက်လျှင်၊ မှန်ကြည့်ရင်း သူသည် ကြောင်၍သွား၏။ မျက်လွှာချကာ ချစ်စနိုးဖြစ်သည်၊ သူသည် လည်တုံလေးကို ထုတ်လိုက်၏၊ သူ့လည်တွင် ကပ်၍ ချည်လိုက်သည်၊ နောက်ကျောတွင်ကျနေသော ပန်းပွားလေး မှာ အနည်းငယ်ပင် ယောင်းနေ၍ ပန်းရောင်ဖျော့ဖျော့ဖြစ်နေ တော့သည်၊

တလက်လက် တောက်ပနေသော စိန်လည်ဆွဲသည် သူ့လည်တိုင်ပေါ်မှ သူ့ကို စကားဆိုနေသည်၊

'မင်းတို့ မိန်းကလေးတွေဟာလေ၊ကိုယ်တိတ်တိတ် ချိုးချုံ နေတဲ့သူနဲ့ တွေ့ရဖယ့်ပွဲ ဆိုရင် ပိုပြီးလှအောင်ပြချင်တယ်'

မချိုသည် မှန်မှ မျက်နှာလွှဲလိုက်၏၊ 'စိတ်ဝင်စားတာပ စိတ်ဝင်စားတာပါ' သူ့စိတ်ကိုသူ ပြောလိုက်၏။

ဪ... မိန်းကလေးတို့သည် ရံဖန်ရံခါ ဤသို့ပင်တည်း၊ သူတို့စိတ်ကိုသူတို့ ရဲရဲမဝံ့ရဲ မပြောရဲကြ။ သူ့ရဲ့စိတ်သဏ္ဌာန်တွင် ဘာဖြစ်နေသည်ကိုလည်း ရဲရဲမကြည့်ရဲကြ၊စင်စစ် ယဉ်မင်းဝိုက်၏ ဆပင်းစားပွဲကို တခြားသောအလှမက်လာပွဲများထက် မချို ဘာကြောင့် ပိုမိုစိတ်ဝင်စားပါသနည်း၊

မချိုသည် အလှပြင်ခြင်းကို အဆုံးသတ်လိုက်လေပြီ၊တစ်ခါ တစ်ရံ နွေပွဲတော်များတွင်စီးသည့် ကတ္တီပါ ပိန်းတန်းဖိနပ်ကို ဖိနပ်စင်မှ ထုတ်၍ကိုင်ကာ အိမ်ရှေ့လှေကားထိပ်တွင် ချ၍ထား လိုက်၏၊ မချိုသည် ငယ်ရွယ်သူဖြစ်၍ ယခုခေတ်တွင်ကြီးပြင် လာသူ ဖြစ်ရကား၊ ယခုခေတ်မိန်းကလေးများကဲ့သို့ မလာ စတာစ် ဖိနပ်အပြူ ချွန်မြင့်မြင့်လေးကိုဖြစ်စေ၊ နက်ပြောင်သော သားရေဖိနပ်ဦးချွန်လေးများကိုဖြစ်စေ တစ်ခါတစ်ရံစီးချင်၏၊

ယိုသော် အတိုးက တားမြစ်၏၊ အထူးသဖြင့် ပွဲနေပွဲထိုင် တွင် ကတ္တီပါပုံတော် ပိန်းတန်းဖိနပ်ကိုသာ မချို စီးရသည်၊ မချိုသည် လှေကားထိပ်မှ ဆင်းမည်ဆဲဆဲ ဒေါ်အေးရှင်သည် လှေကားရင်းမှ တက်လာ၏။



'ဪ....မချိုအဆင်သင့်ဖြစ်နေပြီလား၊ ကဲ တစ်ခါတည်း သွားရအောင်၊ အချိန်စောသာသွားနေရတယ်၊ဘာမှလဲ လုပ် စရာမရှိပါဘူးကွယ်၊ တရုတ်စာကို ရန်ကုန်က တစ်ခါတည်းမှာ လာခဲ့တော့ တရုတ်ဟိုတယ်ကလူနဲ့ သူ့ဟာသူ ပြီးနေတာ'

သူတို့နှစ်ဦးသည် ခြံစပ်နှစ်ခုကြားရှိ ပုန်းညက်ပင်ကြီး အောက်မှ ဖြတ်၍လာကြသည်၊ ဒေါ်ခင်သန်းသည် ဆင်ဝင် အောက်မှပင် ပျာပျာသလဲ ဆီး၍ကြိုသည်။

'မေရေ....သမီး၊ ဟိုဘက်က ချိုချိုတို့လာနေပြီဟေ့၊ချိုချို လာ လာ'

မချိုသည် ရှိုးတို့ရှန့်တန့်အနည်းငယ်ဖြစ်နေသည်၊အချိန်မှာ မမှောင့်တစမှောင်မေမင့် ညနေခန်းထဲတွင် မီးများထိန်ထိန်လင်း နေသည်။ မချိုသည် ယခင်က သစ်ပေါပေါနှင့် ဆောက်ထား သော ဤအိမ်ကြီးကို တစ်ခေါက်တလေ ရောက်ဖူးသည်၊ကြမ်း တွင် ဖျဉ်းကတိုးရာထိုးမျဉ်များခင်းထားသည်ကို တွေ့ရသည်မှ အာ ဤအိမ်ကြီးသည် ရှိုးရိုးရှင်းရှင်းပင်တည်း၊

ယခုတော့ ကြမ်းများသည်မီးရောင်အောက်တွင်တဖိတ်ဖိတ် တောက်ပနေသည်။ အလယ်ခန်းမကြီးထဲရှိ ထမင်းစားပွဲများ တွင် မန်းအိုးများကလည်း၊ ဖောင်းကြွသော ဂန္ဓမာပွင့်များဖော် ထားသည့် ကြွေပန်းအိုးတို့ဖြစ်၏။ ပန်းအိုးထဲတွင် သူတို့ဆီမှာ ရှားပါးလှသည့် နှင်းဆီအနက်နှင့် လိမ္မော်ရောင်ကို နှစ်ပွင့်စီ နှစ်ပွင့်စီ ထိုးထား၏။ နှစ်ပွင့်ထဲသာဆိုသည် အက်၍နေအောင် ကြီးလှသော ပွင့်လွှာများကြောင့် ထိုးအပြည့်ဟု ထင်ရသည်။ ခန်းမတစ်ခုလုံးသည် နှင်းဆီရနံ့ဖြင့် သင်းနေသည်။ထမင်းစားပွဲများ

ပြင်ထားသော ခန်းမကြီးနှင့်ညှော်ခန်းကို ဘာမျှခြားမထားပေ။ ညှော်ခန်းဆီမှ သွယ်သွယ်လျှလျှနှင့်အသားအလှန်ဖြူသော မိန်းကလေးတစ်ယောက်သည် သူတို့ဆီသို့လာနေ၏။ ခြေလှမ်း လှမ်းလိုက်တိုင်း ဖိနပ်ဖြူခုံမြင့်လေးပေါ်တွင် သွယ်ပျောင်းသော ပေါင်တံမှာ တန်းတန်းမတ်မတ်နှင့် ယခုခေတ်မိန်းကလေးတို့ လမ်းလျှောက်ပုံစံအတိုင်း ကြွကြွရွရွရှိလှသည်။ မချိုသည် မသိမသာ သူ၏ ပုံတော်ပိန်းတန်းဖိနပ်ကို ငုံ၍ကြည့်မိ၏။

'ဟော့...မေက မမြင်ဘူးပေမင့် ချိုချို လာမယ်ဆိုတာ သိနေတယ်'

ခရမ်းရောင်နှုတ်ခမ်းလေးမှ လှပစွာ ပွင့်၍ထွက်လာသော အသံလွင်လွင်ကို ကြားရပြန်တော့လည်း မချိုသည် ဇ.အံ့တကြဖြစ်ရပြန်သည်၊ ပြီးတော့ စိတ်ထဲမှာလည်း သူဆိုးလာသော နှုတ်ခမ်းဆိုးဆေးသည် နီတာရဲကြီးများဖြစ်နေသလားဟုစိုးရိမ်လိုက်မိသေး၏၊ သူ့နှုတ်ခမ်းများသည် အိမ်ရှင်မိန်းကလေးကို မြင်သည်နှင့် အလိုအလျောက် ပြုံးလိုက်သည်ကလွဲ၍ ဘာမှ ပြန်မပြောမိသေးပေ။

'ကိုကိုကလေ မေ့ကိုပြောပြီးသား၊ ဟိုနေ့ ကိုကိုတို့ လာတုန်းက ချိုချိုနဲ့ အုန်းပင်တွေ လျှောက်ကြည့်ကြတယ်ဆို'

မေသည် သူ့ကိုလက်လှမ်းပေး၍ဧည့်ခန်းဘက်ဆီသို့ ခေါ်သွားရင်း စကားပြောလာ၏၊ ခေါ်ခင်သန်းနှင့် ခေါ်အေးရှင်မှာ ခေါင်းရင်းဘက်ရှိ လူကြီးများဝိုင်းသို့လမ်းခွဲသွားကြ၏၊

'ဟုတ်ကဲ့....ချိုနဲ့ ကိုယဉ်' မချိုသည် စကားအနည်းငယ်လန့်သွား၏၊ ပြီးမှ 'ကိုယဉ်မင်းပိုက်နဲ့တွေ့ပါတယ်'



'ကဲ...ထိုင်ပါဦး ချိုချို၊ သူတို့တွေကလေ ရန်ကုန်က၊ မေနဲ့ ကိုကိုရဲ့မိတ်ဆွေတွေမိုးမချုပ်ခင်လာကြတာ၊ အပြန်ညဦးနက်မှာ ...နေတယ်၊ကြောက်တဲ့လူတွေ မေတို့အိမ်မှာအိပ်ပေါ့'

မိန်းကလေးများမှာ ရယ်မောလိုက်ကြ၏။ မေ မိတ်ဆက် ...ပေးသော နာမည်များမှာ များလွန်း၍ မချိုကောင်းကောင်း မမှတ်မိလိုက်၊ ကြည်မေသော်နှင့် ပင်စီဖုန်းမိုတို့ နာမည်ကို ...သာ သတိရလိုက်သလို ရှိ၏။ ယောကျာ်းလေး ဝိုင်းဘက်မှ လည်း နောက်ရောက်လာသော သူ့ကို လှမ်းကြည့်လိုက်သည် ကို တွေ့ရ၏၊ ကြည့်လည်း ကြည့်ချင်စရာပင်၊

ရန်ကုန်သူတို့ အလယ်တွင် မချိုက အလှကြီး လှနေ၍တော့ ...ဟုတ်။ များသောအားဖြင့် ရန်ကုန်၏ ညပါတီများက ...ကျက်စားလေ့စားထ ရှိပြီးဖြစ်သော မိန်းကလေးတို့အတွက် ...ပွဲများတွင် ဝတ်သော အရောင်မှာ အနက်ခံလုံချည်များ ...ဖိန်းညို့သောအခါတွင် ငွေချည်ပွင့်များနှင့် ပဝါအနက်များ ...ကို မခို့တရို့ သိုင်းခြုံထားကြ၏၊ မချို တစ်ယောက်တည်း ...ပန်းရောင်သွေး လုံချည်နှင့် အရောင်ထင်းနေသောကြောင့် ...ဖြစ်သည်၊

မချိုသည် စိန်လည်တုံအတွက်တော့ကြောင်သောစိတ်မဖြစ် ...မိ။ ရန်ကုန်မှ မိန်းကလေးတို့သည်လည်း ရစ်အပေါ်ပိုင်းကို ...ဖော်ထားသော လည်တိုင်အောက်တွင် တောက်ပသော ...သည်ဆွဲများ ဆွဲထားကြ၏၊ လည်ပင်းပေါ်က် ဟိုက်ဟိုက် ...ဝတ်ထားလေ့များကြသော ရန်ကုန်သူများ ဟန်ကိုမှ ဂရုပြု၍ ကြည့်မိ၏။

ခေတ်ပညာသင်ထားပြီး မချိုလို မိန်းကလေးတစ်ယောက်အဖို့ ထိုပွဲတွင် ဝင်နွှာရန်မှာအခက်အခဲကြီး မဖြစ်လှ၊ အိမ်ရှင်ခင်မေအောင်ကိုယ်တိုင်က သူ့ထင်ထားသည်ထက် ဖော်ရွေလှ၍ စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။

'ချိုချို၊ လိမ္မော်ရည်ပဲ ကြိုက်လား'

'ဟုတ်ကဲ့'

မိန်းကလေးတို့သည် ချွန်မြဲ့နီရဲသော လက်သည်းခွံ အဆုံးသတ်ထားသည့် လက်ချောင်းလေးများနှင့် ဖန်ခွက်ကို ကိုယ်စီကိုင်ကာ စကားပြောကြ၏။ မချိုသည် လိမ္မော်ဖန်ခွက်ကို လှမ်းယူရင်း အလယ်ဆစ်များ အနည်းငယ်ကြီးသော လက်သည်းတုံးတိနှင့် သူ့လက်များကို မသိမသာ ကြည့်မိ၏။ အဘိုးအတွက် ရေတွင်းမှ ရေဆွဲပေးသောကြောင့် သူ့လက်ဆစ်များသည် ကြီးမားနေလေသည်။

ပြီးတော့ သူ၏ငယ်စဉ်ကတည်းက ခံယူလာခဲ့သော အဆုံးအမကိုက 'လက်သည်း, ခြေသည်း ရှည်လျှင်လှ*း၊ ခေါင်းဖြီးကြည်လင် နေတိုင်းပင်' ဆောင်ပုဒ်မဟုတ်ပါလား။

ယခုညတွင်တွေ့ရသော မိန်းမပျိုများ၏ ခေါင်းကမူ ပွစာထိုးနေသော ဆံလိပ်ဆံခွေတို့သည် လည်ကုပ်ပေါ်မှာရောနားနောက်မှာရော ရှုပ်တိုရှုပ်ထွေး ခွေကျနေကြ၍ တချို့ကလည်း ရွှေချည်စည်းလို့ ခေါင်းပေါ်တွင် ထောင်နေသည်။ သို့ပေမင့် လှသလိုတော့ ရှိပေသည်။

'ဟော....ချိုချို....ကိုက လာပါမလားလို့'



ညိုတိုတိုယစ်ရည်များပါသော ဖန်ခွက်ကို ကိုင်ထားသည့် ယဉ်မင်းပိုက်သည် ပြုံး၍ မော်ကြည့်လိုက်၏။

'ဟုတ်ကဲ့....ကိုယဉ်'

ယဉ်မင်းပိုက်သည် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

'မေ....ရေ....ချိုချို့အတွက် ကိုယ့်နာမည် ခေါ်ရတာ အတော် ဒုက္ခရောက်နေတယ်၊ တစ်ခန့်ကလဲ ကိုက ပြောရသေးတယ်၊ အန်တီသန်းတို့ခေါ်သလို ပိုက်ပိုက်ပဲ ခေါ်ပါလို့ပြောရတယ်'

မေသည် နှာခေါင်းလေးရှုံ့ရင်း 'ကိုကိုကလဲ မခေါ်ပါစေနဲ့၊ မေမေတို့အနေနဲ့သာကောင်းတာ၊ မဟုတ်ဘူးလား ချိုချို၊ ချိုတို့ မေတို့က ပိုက်ပိုက်လို့ခေါ်ရင် ကိုကို့မှာ သိမ်ငယ်သွားဆလိုပဲ၊ နောင်လဲ ဒီမှာ ကိုကိုက အမြဲနေမှာ၊ ကိုကိုလို့ပဲ ခေါ်ပေါ့ ချိုရာ၊ ကိုကိုက ချိုချိုထက် အများကြီး အသက်ကြီးတာပဲ'

မချိုသည် ရှော်နေ၍ ရယ်လိုက်၏။ စိတ်ထဲမတော့ ကိုကိုဟူ၍ စမ်းခေါ်ကြည့်တိုင်း သဘောကျသလို ရှိလှသည်။

ထမင်းစားပွဲတွင် လူငယ်ပိုင်းက စန္ဒရားနားတွင် ရှိသည်၊ လှည်းကူး ထောက်ကြံ့မမြို့ပိုင်၊ သူကြီးနှင့် ဌာနာအုပ်၊ မော်တီဘက်မှ စစ်ဗိုလ် နှစ်ယောက်လောက်နှင့် လူကြီးများ မှာ ခေါင်းရင်းခန်းဘက်တွင် များပေသည်။ ယဉ်မင်းပိုက်အား ဤနေရာတစ်ဝိုက်တွင် အသစ်တိုးလာသော အခြေစိုက်သူတစ်ယောက် အနေနှင့် အသိအမှတ်ပြုရန် ကျေးမွေး သော

ညစာ စားပွဲဖြစ်သည်။ စုစုပေါင်းလူမှာမူ ငါးဆယ်လောက်ရှိပေသည်။

အမင်းအပြီးတွင် လှည်းကူးနှင့် ထောက်ကြံ့ဘက်မှ လူများနှင့် ရန်ကုန်က လူတချို့ ပြန်ကြသည်။ မိန်းကလေး သုံးလေးယောက်နှင့် လူငယ်တချို့ကမူ မနက်ကျမှ ခင်မေအောင်နှင့်အတူ ပြန်ကြမည်ဖြစ်၏။ အိမ်ကြီး၏ အပေါ်ထပ်တွင် လူတို့အတွက် အိပ်ရာပြင်ထားပြီး ဖြစ်လေသည်။

မချိုမှာ မပြန်ရသေးပေ။ လူငယ်တွေမှာ သီချင်း အဆိုကောင်း၍ ကြည်မသော်က စန္ဒရားအတီးကောင်းလှသည်။

'ချိုချို ပြန်ခင်ရင် ကိုကို့ကို စန္ဒရား တီးပြရမယ်၊ ချိုချို တီးချင်တာတီး ကိုကိုကဆိုမယ်'

ထမင်းပွဲမစခင်ကတည်းက သောက်ထားသည်မှာများလှပြီဖြစ်သော်လည်း ယဉ်မင်းပိုက်သည် ဣန္ဒြေမပျက်လှ၊ မချို၏အပါးကမခွာ၊ တစ်ခါ တစ်ခါ ဦးခေါင်းညွတ်ရင်း မချိုပခုံးနားတွင် ငေ့၍စကားပြောလိုက်လျှင် မချိုသည် အရက်နံ့ မခံနိုင်၊ အသည်းထဲကလည်း ယားသလို ဖြစ်သွားသည်။

'မချို စန္ဒရားမတီးတတ်ဘူး ကိုကို၊ ပတ္တလားပဲ တီးတတ်တယ်'

မချိုသည် ကိုကိုဟူသော စကားလုံး ချောချောချူချူ ထွက်သွား၍ ဝမ်းမြောက်သွား၏။

'ဪဪရှင်...မချို ပတ္တလားတီးမလို့ အိမ်မှာ ပတ္တလား ယူခိုင်းလိုက်မယ် ရမလား'



ယဉ်မင်းပိုက်သည် စောင်းအေးရှင်ကို လှမ်းခွင့်တောင်းလိုက်သည်။

'ရပါတယ် ပိုက်ပိုက်၊ ကိုမြော့ရယ် အိမ်စောင့် ကျန်ရစ်တယ်၊ ဒီချိန်ဆို အတိုးတော့ သိပြီ'

'ကိုဘိုးချင်း ဟိုဘက်အိမ်မှာ ပတ္တလားသွားယူဗျာ'

ယဉ်မင်းပိုက်သည်ပတ္တလားယူခိုင်းလိုက်၏၊ ပတ္တလားရောက်လာလျှင် မချိုပခုံးကို လာ၍ကိုင်၏၊ မိန်းကလေးတို့ သီချင်းဆိုလှည့်ရောက်တိုင်း မိန်းကလေး တစ်ယောက်စီ၏လက်မောင်းကို ကိုင်ကာ စန္ဒရားရှိရာသို့ ခေါ်သွားတတ်သော ယဉ်မင်းပိုက် အဖို့ မချိုလက်မောင်းကို ကိုင်ခြင်းမှာ မထူးခြားလှ။ မိန်းကလေးများအတွက်လည်း ရိုးနေလှပြီ။ မချိုအတွက်သာ ပခုံးကို ယဉ်မင်းပိုက်က ခပ်ဖွဖွလေးကိုင်လိုက်သည်ကို ရင်ခုန်လှသည်။

'လာ...ချိုချို၊ တီးချင်တဲ့သီချင်းတီး'

'မချို သီချင်းကြီးပဲရတယ်'

မချိုသည် ကတုန်ကယင် ပြန်ပြောလိုက်၏။

'အမယ်....ကိုကို့ ကို ချို အသင်ပေးတယ်မေ့ခါလေ ဒီကောင်က ပရက်စလေလိုလဲ တကျော့သံနှင့်ဟစ်တတ်တယ်၊ ပက်ဘွန်းလိုလဲ ကရုဏာသံနှင့် ဆိုတတ်တယ်၊ ကလစ်ဖ်ရစ်ချတ်လိုလဲ သိမ်သိမ့်မွှေ့မွှေ့ ညည်းတတ်တယ်၊ မြန်မာသီချင်းကြီးဆိုရင်လဲ ဦးချစ်မောင် ထပည့်ပါ'

မိန်းကလေးများသည် ရယ်ကြ၏။

'အေပါ...ချိုချိုရယ်၊ ဒီည ချိုသာ သီချင်းမဆိုရင် မပြန်ရဘူး၊ ကိုကိုလဲ မအိပ်တော့ဘူး၊ ဖေါ်ဖေါ်ရှင်ကြီးပါ မပြန်ရဘူး၊ ဟုတ်တယ်မဟုတ်လား မေ'

ခင်မေအောင်ကပါ ဝိုင်း၍တိုက်တွန်း၏။ မချိုသည် အိမ်မှာသာ ပတ္တလားတီးကာ ရေတွင်းမင်းသမီးပီပီ ရေသယ်ရင်း သီချင်းဟစ်လေ့ရှိ၏၊ ယခု တီးသာတီးရသည် စိတ်က ကတုန်ကယင် ဖြစ်နေပေသည်၊ သူ့ပတ္တလားနှင့်သူဖြစ်နေ၍ တော်ပေသေး၏။

'အောင်မြေသာဇံ ရလား ချို၊ ကိုကိုလေ အဲဒီသီချင်း သိပ်ကြိုက်တာပဲ'

မချိုသည် ခေါင်းညိတ်ပြလိုက်ကာ ပတ္တလားကို အသံစမ်းလိုက်၏၊ 'အောင်မြေသာဇံ' ပတ်ပျိုးကို စ၍တီးလိုက်၏၊ ယဥ်မင်းပိုက်၏ 'အောင်မြေသာဇံ သောင်ယံသဲငယ်က' ဟူ၍ စ ဟစ်လိုက်သော အသံဝါကြီးကို ကြားလိုက်လျှင် မိန်းကလေးများနှင့် အခြား သူငယ် ချင်း များ ပါ ငြိမ်သွားကြသည်။ များသောအားဖြင့် ယဥ်မင်းပိုက်နှုတ်မှ သူတို့သည် အနောက်တိုင်း တေးသံကိုသာ အသံတုန် အသံစုံတို့ဖြင့် ဆိုသည်ကို ကြားရသည်။

မချို ကျောထဲတွင်လည်း ယဥ်မင်းပိုက် အသံသည် စိမ့်သွားသည်၊

'ရွှေလက်ကယ်ကိုင်ကာ×သီတာအောင် ကမ်းခြေ×
စိမ်းရွှေလဲ့ညိုပြာ... မြူဝါရောင်သွေး××တိမ်စွယ်ရိပ်
ကယ်ကမှေး××ရွှေပြည်တော် မျှော်တိုင်းဝေး××'



ကြည်မြရွှင်ပျသော ယဥ်မင်းပိုက် မျက်နှာသည် ထိုသီချင်းစာများသို့ရောက်လျှင် မချို၏ မျက်နှာပေါ်တွင် သူ့မျက်နှာစေ့ကာ ရီဝေသော မျက်လုံးများနှင့် စူးစိုက်၍ကြည့်ရင်းငြိုသွား၏။ မချိုရင်ထဲတွင် တလှပ်လှပ်ဖြစ်လှုန်း၍ ပတ္တလားကို ဦးထိန်းတီးနေရပေသည်။

'မလေးကုန်ချစ်တဲ့ မှုံနှစ်ကယ်လေး×တောချောင်
မှာ မောင်အိပ်လို့တောထိပ်မှာကျေး×တောင်မြင့်ဂန္ဓမာ
ကြာတိုင်းမွေး×ရောကန်သာ ကြာတိုင်းအေး×နေပြည်
တော် မျှော်တိုင်းဝေး××'

သပြန်ကိုဆို၍ သီချင်းသာဆုံးသွားသည် မချိုရင်ထဲတွင် အားသံသည် ငြိမ်၍မသွား။

'ကဲ....ကျေနပ်ပါပြီဗျား၊ ကျေးဇူးလဲ တင်ပါတယ်၊ ကိုကို့ ဘိအတိုင်း လိုက်ပို့မယ်၊ ပတ္တလားတော့ မနက်ကျမှ ပို့လိုက်တော့မယ်'

မချိုသည် အားလုံးအား နှုတ်ဆက်လိုက်၏။ ခင်မေအောင် ကြည်မေသော်တို့သည် ဆင်ဝင်ဝအထိ လိုက်ပို့ကြသည်၊ ယဥ်မင်းပိုက်ကမူ မချိုတို့အိမ် လှေကားရင်းအထိ လိုက်ပို့လေသည်၊

'ဂွတ်နိုက် ချိုချို'

'ဂွတ်နိုက် ကိုကို'

မချိုသည် လှေကားပေါ် မြန်မြန်တက်မိ၏၊ အိပ်ခန်းထဲရောက်လျှင် မရွှေချို ရင်တွေ တုန်လှ၏၊

အဘိုးကို ဝတ်ပြုရဦးမည်။ အဘိုးများ အိပ်နေပြီလား မသိပေ။

'မအေးရှင်တို့ ပြန်ရောက်ပြီလားဟေ့၊ ညဥ့်နက်လိုက်တာ'

'ဟုတ်ကဲ့....အဘိုး'

အဘိုးအခန်းဘက်မှ စကားပြောသံ ကြားရသည်၊ မချို အဝတ်အစားလဲပြီး အဘိုးကိုနှိပ်ရန် ဝင်သွားသောအခါ ဒေါ်အေးရှင်သည် ခြေဖျားများကို ဆုပ်နှိပ်နေပေပြီ။ သူသည် အဘိုးခြေသလုံးများကို ဝင်၍ ဆုပ်ပေး၏၊

'ယဉ်မင်းပိုက်က ဒီမှာနေတော့မယ် ထင်ပါရဲ့ အဘိုးရယ် သယ်လာလိုက်တဲ့ပစ္စည်းကလဲ မနည်းပါဘူးနော် မချို'

ဒေါ်အေးရှင်သည် အားရပါးရ ပြောပြနေ၏၊

'ဆိုဖာကြီးတွေ ဆိုတာလေ အိနေတာပဲ၊ မချို မလာ မခင်သန်း ခေါ်သွားလို့ အိမ်ပေါ်ထပ်တွေ ရောက်ခဲ့ပေ တယ် ယဉ်မင်းပိုက် အိပ်ခန်းမှာ ခင်းထားတဲ့ကော်ဇော မွေးရှည်ကြီး၊ အိမ်အိုကြီးနဲ့တော့ မလိုက်ပါဘူး၊ ခြင်ထော ကလဲ နိုင်လွန်ခြင်ထောင်၊ သူတို့ ရန်ကုန်အိမ်မှာဆို ခြင်ထော ထောင်မအိပ်ဘူးတဲ့ အဘိုးရဲ့၊ အိပ်ခန်းမှာ ခြင်မဝင် နိုင် သံဆန်ခါတွေ ကာထားသတဲ့'

ဒေါ်အေးရှင်သည် ပလုတ်ပလောင်း ပြောနေသလော မချို နားထဲမှာတော့ အောင်မြေသာစံ 'သီချင်းသံသာ ကြ နေတော့သည်၊

'ပြီးတော့လဲလေ...ထမင်းစားခန်းမှာ ရေခဲသေတ္တာ...

'ရေခဲသေတ္တာက ဘာထုပ်ဖို့လဲ'



အဘိုးက မေး၏၊

'အို....အဲဒီအထဲမှာ ပုစွန်တွေလဲတွေ့တယ်၊ ပန်းသီးတွေလဲ ရှိနေတာပဲ၊ အသီးအရွက်တွေ အသားတွေ မပုပ်အောင်လို့ ရေခဲသေတ္တာထဲ ထည့်ထားရတာပေါ့ အဘိုး၊ အအေးခေတ်နဲ့ ဆိုတော့ ကြာကြာခံတာပေါ့'

မချိုက ဝင်၍ရှင်းပြ၏။

'အောင်မယ်....ဒါတင် ဘယ်ဟုတ်မလဲ၊ အရက်ပုလင်းတွေ လဲ ထည့်ထားတယ်'

'ဟေ....ဒီသူငယ် အရက်သောက်တတ်သလား'

အဘိုးက မနှစ်မြို့ဟန်ရှိ၏၊

မခင်သန်းက သိပ်အလိုလိုက်တာပဲ၊ ဘာမှ လိုလေသေးမရှိ ဘူး၊ သူကိုယ်တိုင်တောင် အရက်စင်ပေးသေးတယ်'

မချိုရင်ထဲမှာတော့ ယဉ်မင်းပိုက် အရက်သောက်တတ်သည် ကို အဘိုး မသိစေချင်၊ ထိုညက ကိုယ့်အိပ်ခန်းကိုယ် ပြန်အိပ်ချိန် ရောက်၍လည်း မချိုမှာ အိပ်မပျော်နိုင်၊ 'ရွှေလက်ကယ်ကိုင်ကာ သီတာသောင်ကမ်းခြေ' ဟူသော အသံနှင့် အတူ သူ၏ မျက်နှာပေါ်ဝဲကာ သီချင်းသီဆိုနေသောယဉ်မင်းပိုက်မျက်နှာ ကသာ မျက်လုံးထဲတွင် ပေါ်နေပေသည်၊

ဩော်....ယဉ်မင်းပိုက်ဆိုသူသည်မိန်းမတို့၏အသည်းနှလုံးကို လည်း စိုးမိုးနိုင်သူပါတကား။

## ( ၄ )

ညဉ့်က အိပ်ရေးပျက်သော်လည်း နောက်နေ့နံနက်တွင်မချို စောစောထရ၏။ ဘုရားခန်းမှာအဘိုးအစ ရှဲပြုဖို့အတွက် ပန် သစ်များလဲ၊ သောက်ရေနှင့် ဆွမ်းပွဲများ အဆင်သင့်ပြင်ထား ရလေသည်။

သူ ဘုရားခန်းမှအထွက်တွင်ပင် ဒေါ်အေးရှင်က လာပြော ၏။

'မချို....ခင်မေအောင် အောက်မှာ နှုတ်ဆက်ဖို့ ရောက်ေ တယ်'

မချိုသည် ဆိမ်ရှေ့လှေကားမှဆင်းလာသောအခါ ကာ ဘေးတွင် မတ်တတ်ရပ်နေသောခင်မေအောင်ကိုတွေ့ရ၏။ ခ



မေအောင်သည် ညက မီးရောင်အောက်တွင်ပင် လှသည်မဟုတ် နေရောင်အောက်တွင်လည်းလှပသောမိန်းကလေးပါပင်တည်း။

'ချိုချို....ဘုရားရှိခိုးပြီးပလား'

သူ့ကိုမင် ကြိုရှ နှုတ်ဆက်လိုက်၏။

'ပြီးပါပြီ....မေ....၊ဆိမ်ပေါ်တက်ပါဦးလား'

'မတက်တော့ဘူး ချိုချို၊ မေ ရန်ကုန်ပြန်တော့မှာမို့ လာ နှုတ်ဆက်တာ'

'မြန်လိုက်တာ'

'ချိုချို့မှာ အဘိုးဝေယျာဝစ္စရှိသလို မေ့မှာလဲ အန်ကယ်ရဲ့ ငွေ့က ရှိသေးတာ'

မချိုသည် ပြုံးလိုက်၏။

'မေ့ခတော့ ကိုကိုတစ်ယောက် ချိုချိုတို့နဲ့ ခြံနီးချင်း မိတ်ဆွေ ဖြစ် ကျန်ရစ်တာ သိပ်ဝမ်းသာတာပဲ'

'မချိုလဲ ဝမ်းသာပါတယ်'

'ရန်ကုန်မှာဆို ကိုကိုက ခြေများလွန်းလို့၊ မေမေက ဆို တာလဲ ကိုကို့ကို ဘာမှ အတားအဆီးမရှိ၊ သိပ် အလိုလိုက် တာ၊ အရက်သောက်တာလဲ ကျောင်းထွက်မှ မေမေ သင် တာတွေ'

မချိုသည် အတားအဆီးအကွယ်အဝှက်မရှိ ပွင့်လင်းစွာပင် အား ပြောပြနေသောခင်မေအောင်ကို တအံ့တသြကြည့်နေ သည်။

'မေ့မှာ ကိုကို့ အတွက် စိတ်ပူရတာ၊ အစ်ကို ဆိုတော့လဲ
ပြောရခက်သား၊မေ သွားလိုက်ဦးမယ်၊ ချိုချို့ လက်ထဲ ကိုကို့
ကို အပ်ခဲ့ပြီ'

မချိုသည် ကားပေါ်ပြန်တက်သွားသော မေကို ပြုံးရယ်၍
နှုတ်ဆက်ရင်း ကျန်ရစ်တော့သည်၊

တစ်ဖက်ခြံကြီးမှာ ယခင်လို တိတ်ဆိတ်၍ မနေတော့ပေ
အလုပ်သမားများအသံနှင့် စီစီညံညံ ရှိလှ၏၊

အုန်းပင်မှာ စီးပွားဖြစ်စိုက်ပျိုးဖို့ကောင်းသော်လည်း စိုက်
ပျိုးပြီးနောက် အနည်းဆုံး ၇ နှစ် ၈ နှစ်ကြာမှ အဖြေသိရမည့်
အမင်မျိုး ဖြစ်လေသည်၊

မချိုတို့ခြံမှာ များများလည်း မကျယ်လှ၊ တဖြည်းဖြည်း
စမ်းသပ်စိုက်ပျိုးခဲ့ရာမှ ချဲ့ထွင်လာခဲ့ခြင်းဖြစ်သည်၊အုန်းပင်တစ်
ရာလောက်ဆိုလျှင်ပင် မချိုတို့အိမ် မိသားစုအဖို့ မီးပိုစရိတ်
ကာကွယ်ပြီးဖြစ်၏၊

သူဌေးဖြစ်ဆိုလျှင်မူ ဧက တစ်ရာနှစ်ရာလောက်ကို မ တည်
ပြီးမှ တဖြည်းဖြည်း စမ်းသပ်ချဲ့ထွင်သင့်လေသည်၊ တစ်ခါ
တည်း သွန်စိုက်လျှင် မျိုးအုန်းမကောင်းပါက အသီးထွက်
ညံ့ကာ ငွေဆုံးရှုံးမှု ဖြစ်တတ်လေသည်၊

ယခုတစ်ခါတော့ ယဉ်မင်းပိုက်ဘိုခြံမှာ ဆယ်ဧကလောက်ကို
စတင်စမ်းသပ်နေကြ၏၊ဆောင်းလယ်ဖြစ်သော ဇန်နဝါရီလက
တည်းကပင်ကျန်ရစ်သောအုန်းပင်ဟောင်းများနှင့် တောများ
ကိုရှင်းလင်းပစ်လိုက်ကြသည်၊ ဖေဖော်ဝါရီတစ်လလုံး
နေရောင်အောက်တွင် ခြောက်သွေ့လာသော ချုံများပေါင်း

...ားကို စတင်၍မီးရှို့ကြ၏၊ မတ်လဆန်း နွေဦးတွင် မီးခိုး
...လှုလှုဖြစ်နေသော ခြံဝင်းကို မချိုသည်မျှော်၍ ကြည့်နေမိ၏၊

'ဒီတစ်ခါတော့ အုန်းခြံကို ဖြစ်ဖြစ်မြောက်မြောက်လုပ်မယ်
...င်တယ်ဟေ့၊ တောခုတ်ထားတဲ့ သစ်ရွက်ခြောက်တွေ
...ရှို့နေတယ်၊ ဒီပြာကိုမလေအောင် စုထားဖို့ အရေးအကြီး
...ပဲ၊ ပြီးတော့ မြေဩဇာပြန်ကျွေးရမှာ'

အဘိုးသည် တုတ်ကောက်ကြီးတယမ်းယမ်းနှင့် သူ့ခြံစပ်မှ
...းမျှော်ကြည့်ကာပြောတတ်၏၊ သူ့စိတ်ထဲမှ ပြောပြချင်
...ရှိလျှင်လည်း ယဉ်မင်းပိုက်ခြံသို့ ကူးသွားတတ်သည်၊

'အဘိုး....ကျွန်တော်က တောရှင်းတုန်းက မြေညှိစက်နှင့်
...းမလို့ ဦးပုလေးက ဘယ်ထိုးဖို့ပြောတယ်'

ယဉ်မင်းပိုက်သည် အကြံပေးသူအနေနှင့် ဦးပုလေးဆိုသူကို
...ါ်ယူထားရ၏၊

'သူပြောတာမှန်တယ်ကွယ်၊ မြေညှိစက်ဂေါ်နဲ့ ခြစ်ထုတ်
...တော့ အပေါ်ယံ မြေမှာရှိတဲ့မြေဆီ ပါသွားတတ်တယ်၊
...ောင်ပုလေးက အရင် ဘယ်မှာလုပ်လဲ'

'ထားဝယ်အုန်းခြံမှာ လုပ်ဖူးပါတယ် ခင်ဗျား'

'ဩော်....ဩော် ဒီမြေမှာတွင်းတူးဖို့အကွက်ရိုက်ရင် ဘယ်
...ပေလောက်ခြားမယ် စိတ်ကူးလဲ'

'ဒီက မြေကောင်းတယ်အဘိုး၊ နှစ်ဆယ့်ငါးပေ လေးကွက်
...ားပဲ ရိုက်မလားလို့'

'အင်း....ဒီလိုဆိုတစ်ဧကေ အပင်ခြောက်ဆယ်ကျော်လောက်
...မှာပေါ့၊ တို့တုန်းကတော့ ဒါလောက်ရဲ့ အပင်များသွား

ဘုန်းဆိုတာ နှစ်ကြာမှစားရတော့ ဒီကြားထဲ စားစရိတ် ကာမိအောင် ပဲလေးဘာလေး စိုက်ရသေး'

'ကျွန်တော်လဲ အတိုးတို့ခြံနဲ့ကပ်လျက်မြေမှာ ယာခင်းလုပ် မသားလို့'

ယဉ်မင်းပိုက်က ပြောမြဲ၏၊

'ကောင်းသားပဲ'

'အတိုးသွားဦးမယ်'

ဦးနိလတွင်မှ ဘုန်းပင်ချရန် တွင်းများကို မြေဩဇာချပြီး သည်အထိ အပြီးအစီးလုပ်ပြီး၍ မျိုးဘုန်းပင်များကို စတ ချ၍ နေကြလေသည်။

တချို့အလုပ်သမားများမှာ သံပိုက်လုံးများကို သယ် လာကြ၏၊ မချိုသည် အတိုးလမ်းလျှောက်ရာသို့ လိုက်ပါလ ကာ သံပိုက်လုံးသယ်ယူသူများကို လိုက်ကြည့်နေမိ၏။ အတို ကမူ မျိုးဘုန်းပင်ကို အသီးနှင့်တွဲလျက်မှ ယူကာ တွင်းအလ တည့်တည့်တွင် တစ်ပင်စီစိုက်နေသော အလုပ်သမားများ ကြည့်ရင်း မျိုးဘုန်းပင်များ မျိုးကောင်း မကောင်းကို အသေ အချာ ကြည့်နေသည်။ မချိုအဖို့ သူတို့ခြံမှာ ယဉ်မင်းပိုက်ခြံ စာလျှင် မဖြစ်လောက် စိုက်ပုံမျိုးပုံကလည်း မတူ၍ အံ့ဩ သည်၊ တချို့ သံပိုက်များကို ဘုန်းပင်တန်းများ အလယ်တ ချ၍မင် ပြီးကြလေပြီ။

သူ့အပါးသို့ လျှောက်လာသော ယဉ်မင်းပိုက်ကို လှ ကြည့်ရင်း....

'ကိုကို—ဒီသံပိုက်တွေက ဘာလုပ်ဖို့လဲ'



မချိုသည် သိချင်သောမေးခွန်းကို မေးလိုက်၏၊

'ဘုန်းပင် ပေါက်တွေကို မြေချပြီးရင် ရေပေးတဲ့ အခါ ကျတော့ လူက တစ်ပင်ချင်း လိုက်ရေလောင်းဖို့ မလိုဘူး၊ ရေတွင်းက ရေတင်စက်နဲ့ ရေတင်ပြီး ရေလွှတ်လိုက်ရင် ဒီပိုက် တွေက ရေတွေကသွားရော၊ ဘုန်းပင်တစ်ပင်နားမှာ အပေါက် တစ်ပေါက်ရှိတော့ ရေတွေက ပန်းထွက်မှာ'

မချိုသည် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။ ခပ်လှမ်းလှမ်းရှိ ကနစိုးပင်ရိပ်ရှိရာသို့သွား၍ထိုင်လိုက်၏။ ယဉ်မင်းပိုက်အနေနှင့် သူ့ပြောစကားကို ရယ်သွားသောမချိုကို အံ့ဩနေသည်။

'နေပါဦး ချိုချို၊ ကိုကိုပြောတာကို ဘာသဘောကျလို့' နောက်မှလိုက်လာရင်း မေးလိုက်၏၊

မချိုသည် ယခုတစ်ခါတော့ ဂုဏ်ရွှေရွှေ ပြုံးလိုက်သည်။

'မချိုကတော့ သိပ်နားလည်လို့တော့မဟုတ်ဘူးကိုကို၊ မချို တို့ခြံက လက်တွေ့စိုက်ရင်းပြောပြတာလေ၊ ကိုကိုစဉ်းစားပေါ့'

'အင်း....ဆိုပါဦး'

'ဘုန်းပင်က ရေကိုတော့ကြိုက်တယ်၊ ရေဝပ်တာမကြိုက် ဘူး၊ လူရဲ့အားအစား စက်ရဲ့အားကို သုံးတော့ လူမပင်ပန်း ဘူး၊ အလုပ်ပြီးလွယ်တယ်၊ ဒါဟာ တစ်နည်းတော့ ကောင်း တာပေါ့၊ ဒါပေမင့် တစ်ခါက မချိုအမည်မဖော်ချင်တဲ့ နေရာတစ်ခုက စိုက်မျိုးရေးလို ဖြစ်နေမှာစိုးလို့'

'ဘယ်နေရာလဲ'

'ဩော်...အမည် မဖော်ချင်ပါဘူး ဆိုနေ၊ သူတို့ ထားတော့ အနီးအနားရွာထဲလဲ သွားလေ့လာ

အုန်းခြံကြည့်တဲ့ ဦးကြီးရွှေတို့ရော၊ ဦးဖြေးတို့ရော သွားကြည့်ကြတယ်၊ မချိုတောင် အပြောများလို့ သွားကြည့်သေးတယ်'

'အင်း'

'ဂေါ်ဖီတို့၊ ဂေါ်ဖီပွင့်တို့၊ မုန်လာဥတို့ပေါ့၊ ဆောင်းရာသီအသီးအနှံတွေပဲ၊ နိုင်ငံခြားကသဲကန္တာရကို ယာခင်းဖြစ်အောင် ပြောင်းလဲပစ်နိုင်တဲ့ ပါရဂူကြီးတွေကိုယ်တိုင် ဦးစီးပြီးစိုက်တာလား ကိုကိုလိုပဲ ရေပေးသွင်းတာ၊ အဲဒီအပေါက် ဖောက်ထားတဲ့ ရေပိုက်တွေ ဘာတွေနဲ့ပေါ့'

'တစ်ပင်မှ ပေါက်မလာဘူးလား'

ယဉ်မင်းပိုက်က ပြုံးကျဲကျဲနှင့် မေးလိုက်၏။

'ပေါက်ပါတယ် ကိုကိုရဲ့၊ စံပြစိုက်ခင်းနားကသာမန်အချို့တို့ယာသမားတွေ စိုက်တဲ့ဂေါ်ဖီပွင့်တွေအထုပ်တွေလက်တော့နည်းနည်း ဖွံ့တာပိုတာပေါ့လေ ဒါပေမင့်....'

ယဉ်မင်းပိုက်သည် စိတ်ဝင်စားလာဟန် ရှိ၏။

'ယာသမား တစ်ယောက်ရဲ့ ယာခင်းကထွက်တဲ့ ဂေါ်ဖီပန်း တစ်ပွင့်ဟာဆိုကြပါစို့ အရင်းဆယ်ပြားလောက်ကျတယ်၊ ပေါ်စဆို မြို့မှာသုံးမတ်လောက် ပေးဝယ်စားရတယ်၊ ပေါ်လာရင် တစ်မတ်လောက်အထိ ဈေးကျသွားတာပဲ၊ အဲဒီစံပြက ဂေါ်ဖီထုပ်က ထံပိုက်လုံး အတွက်အရင်း၊ သူတို့အနောက်နိုင်ငံ စနစ်အတိုင်း ဘာမှုန့် ညာမှုန့် ရောစပ်ပြီးမြေဩဇာကျွေးရတဲ့ အရင်းတွေထည့်ပေါင်းလိုက်တော့ ဂေါ်ဖီပန်း တစ်ပွင့် အရင်းက ငါးမူးလောက်ကျနေတယ်၊ ရှုံးလိုက်ကြတာ ခွက်ခွက်လွှန်လို့ အဲဒီ ပါရဂူလက်အောက် စိုက်ပျိုး



ရတဲ့ လူကမြန်မာလား၊ မချိုတို့က သူကပြောလို့ မချိုတို့ရယ်လိုက်ရတာ'

ယဉ်မင်းပိုက်သည် မချို ဆိုလိုချက်ကိုသဘောပေါက်သွား၏။ သို့သော် သူသည် နောက်ဘက်တွင် အတော်ပင် ကျယ်ပြန့်သော မြေအဆုံးအထိဆိုလျှင် သံပိုက်နှင့် ရေပေးစနစ်ကို သုံးခြင်းသာ ကောင်းမည်ဟု သူထင်သည်။

'အင်းလေ....ဒါလဲ တွက်ချက်ကြည့်ရတာပေါ့၊ ဖေဖေလဲပြဿနာကို ပြောသား၊ အန်တီသန်းက ကိုကို့ ထက်ကထောက်ခံတာနဲ့ ဖေဖေက စမ်းကြည့်ဦးလေတဲ့၊

မချိုသည် အနည်းငယ် သံသယဖြစ်ဟန် မျက်နှာတပြောင်းလဲ သွား၏။

'အန်တီသန်းက ကိုကို့ကို သိပ်ချစ်တာပဲလားဟင်'

ယဉ်မင်းပိုက်သည် ပထမဆုံး ခေါင်းကို ညင်သာစွာညိတ်ပြခြင်းမှ ဖြေ၏။

'ချစ်ဆိုတစ်ခါခါ ကိုကို့စိတ်ထဲထင်တယ်၊ သူ့သမီး ခင်မေအောင်ထက်တောင် ပိုသေးတယ်'

မချို အပါးရှိ သစ်မြစ်တစ်ခုပေါ်တွင် ထိုင်ရင်း သူ့စကားကို ဆက်ပြော၏။

'ဘာပဲဖြစ်ဖြစ် လုပ်ငန်းတစ်ခုမှာ ပြဿနာ ဖြစ်လာရင် အန်တီသန်းဟာ ကိုကို့ဘက်က အနေများတယ်၊ တိုက်ကိုထဲ ဘာမဆိုအလိုလိုက်ပါတယ်၊ ဒီကိုမလာခင်က ကိုကိုတို့ကျောင်းလေးက စက်ထဲမှာ အလုပ်ဝင်လုပ်ရတယ်၊ ဘီအေအောင်ပြီးကတည်းက ဖေဖေက ဆန်စက်ထဲ သွင်းထားတယ်'

၂ နှစ်လုပ်ပြီး ဗီရိုဘက်ကို ဖေဖေခိုင်းတာ၊ တိုးကြောင်လေး သွားနေတုန်းကလဲ အန်တီသန်းပဲ စက်ထဲလိုက်လာပြီး ကိုကို့ကို ပြုစုတယ်'

'သူ့မှာ အားမရှိလို့ထင်ပါရဲ့'

'အင်း...ဒါလဲပဲ ပါတာပဲ၊ ဖေဖေကတော့ သားကို ချစ်လဲ ချစ်တယ်၊ အလုပ်ထဲ လုပ်စေရတယ်၊ အလိုတော့ သိပ်မလိုက်ဘူး...'

ယဉ်မင်းပိုက်သည် ဘောင်းဘီအိတ်ထဲမှ စီးကရက် ထုတ်ကာ မီးညှိလိုက်၏။

'ကိုကိုသောက်တာ များစွန်းတဲ့အခါဆို ဖေဖေ သိပ်ဆူတာပဲ'

'ဟုတ်တာပေါ့'

မချိုသည် ရုတ်တရက် လွတ်ခနဲထွက်သွား၏။

'ပထမဆုံး ကိုကိုကျွေးတဲ့ ညစာ စားပွဲလုပ်တဲ့ နေ့တုန်းက ကိုကိုသောက်တာ မလွန်လွန်းဘူးလား၊ မချိုသာဆိုရင်လေ ဒါလောက် မသောက်စေရဘူး'

'အလိုလေး....မချောစာလေးက လူကို ချုပ်ချယ်ချင်လိုက်တာ၊ ကဲ....ဘယ်လိုအနေနဲ့ ချုပ်ချယ်မှာလဲ'

မချိုသည် သူ့စကား လွန်သွားရုံမက ယဉ်မင်းပိုက် စကားကို အဖြေရကျပ်သွားသလို ဖြစ်သွားသည်။ စေတနာမှ အမှတ်တမဲ့ မှားသွားခြင်း 'မဟုတ်ပါလား၊ အမှန်အတိုင်း မချိုသည် သူ့စိတ်ကို ဖွင့်ဟခွန့်ခံရပါလျှင် ယဉ်မင်းပိုက်သည် သူ၏ချစ်သူ ဖြစ်လာပြီဆိုပါစို့၊ ထိုမျှသောက်ခြင်းကို ခွင့်ပြုမည်မဟုတ်ပေ။



ယဉ်မင်းပိုက် ဘေးတွင် ချထားသော တုတ်ကောက်လေးကို ကောက်ယူကာ မြေကြီးတွင် တောင်ခြစ် မြောက်ခြစ်လုပ်ကာ သူ့မျက်နှာထားဟန်ကို ခပ်တည်တည် လုပ်လိုက်ရ၏။

'ဒီလိုပါလေ....တကယ်လို့ မချိုသာအန်တီသန်းဆိုရင်တော့ ကိုကို ဒါလောက် မသောက်ရဘူးလို့ ပြောတာပါ'

'ဟုတ်ကဲ့....အန်တီရယ်'

ယဉ်မင်းပိုက်သည် ခပ်သောသောလေး ဖြေလိုက်၏။

'ကိုကိုကတော့ ငယ်ငယ်ကတည်းက နွဲ့ဆိုး ဆိုးလာတော့ အန်တီသန်းဟာ အမေဖြစ်နေတယ်၊ အိမ်မှာက သော့ကိုင်က အန်တီသန်းပဲ၊ ကိုကိုက လခနဲ့ သုံးရတယ်၊ ဘယ် သုံး လို့ လောက်မလဲ၊ အဲဒါ အန်တီသန်းကိုသွားနွဲ့လိုက်ရင် အဘွားကြီးက ကိုကို လိုချင်သလောက် ထုတ်ပေးတာပဲ'

မချိုသည် ခေါင်းလေး တညိတ်ညိတ်နှင့်နားထောင်နေ၏။ ရင်ထဲမှာတော့ ပြောချင်သည်များမှာ အများကြီး ဖြစ်၏။ သူ့စကားများ မှားမှာကိုလည်း စိုးရသေးသည်။ သူသည် ယဉ်မင်းပိုက် အနားတွင် ကြာရှည်လည်း နေ ချင် သည်။ မတင့်တယ်ဘူးဆိုသည်ကိုလည်း သူ သိသည်။

သူ့ရင်ထဲတွင် သိုဝှက်ထားသော စကားလုံးများ မတော်တဆ ထွက်သွားမည်ကိုလည်း စိုးရိမ်မိသည်။

'ဒါနဲ့နေဦး...မချိုလေ လွန်ခဲ့တဲ့ ၅ နှစ်က ဦးစံဖျက်သွားတဲ့ အုန်းပင်တွေကို တွေးမိရင်း နှမြောမိသား'

စကားကိုလွှဲ၍ မချိုက ပြောလိုက်၏။

'ဒါကြောင့်ပေါ့၊ ဖေဖေက ဒီတစ်ခါ မင်းကိုယ်တိုင် ကြပ်မတ်စိုက်ရမယ်တဲ့'

'အုံ့ဩစရာတော့ကောင်းသား၊ အကြောင်းမရှိဘဲ ဒီအုန်းပင်တွေ ပျက်ပစ်ရတယ်လို့၊ ဒေါ်ဒေါ်ကမြင့်လေ မချိုတို့ဘက်က ၂-နှစ်အုန်း၊ ၃-နှစ်အုန်းတွေသီးသီးလာပြီဆို ကိုကိုတို့ဘက်က ပျက်သွားရတဲ့ အုန်းခင်းအကြောင်းပဲ ပြောနေတာပဲ'

မချိုသည် စကားကို ဟန်မပျက် ပြော၍ ရသွားတော့သည်။

'ဖေဖေက အစိုးရအနေနှင့် စိုက်ပျိုးရေးအပေါ် သဘောထားကို ကြည့်နေတယ်၊ တစ်ဦးချင်းစိုက်ပျိုးခွင့် ဘယ်လောက်ပေးမလဲဆိုတာ၊ လွတ်လပ်စွာ စိုက်ပျိုးခွင့် ရတယ်ဆိုရင်တော့ ဒီမှာတင် မဟုတ်ဘူး၊ ထားဝယ်ဘက်မှာလဲ သူ အုန်းခြံ လုပ်ချင်သေးတယ်၊ သူကတော့ အုန်းဆီထုတ်ဖို့ရယ် အုန်းဆံကို ကြိုးကျစ်ဖို့ရယ်၊ ကြိုးစက်တည်ဖို့ရယ် စဉ်းစားနေတယ်၊ ပြောတော့သာ ဘာမှမဟုတ်တည်၊ အိန္ဒိယက ကြိုးနဲ့ အုန်းဆီကိုပဲ တစ်နှစ်တစ်နှစ် လိုင်စင်နဲ့ သွင်းရတာကို မနည်းဘူး၊ သိန်းနှစ်ရာဖိုးလောက်ကို နိုင်ငံခြားက သွင်းရတာ'

'ဒီလိုပေါ့လေ၊ ခုတော့လဲ ဖျက်ပစ်လို့ ပျက်သွားရတဲ့အုန်းခြံ တန်ဖိုးကို သိလာကြပြီပေါ့၊ မချိုတို့ အခုနေနဲ့က ခြံနီးနစ်းချင်းဆိုတော့ စာနာပြီးတော့သာ ပြောရတာ၊ ဦးစံအနေနဲ့ ဘာကြောင့် ဖရိုဖရဲ ဒီလိုလုပ်သွားတာလဲ ဆိုတာ တွေးမရဘူး၊ သူများ အိမ်ပြုသနာထဲ ကိုယ်ကလဲ ဝင်မပါချင်ဘူး မဟုတ်လား'



ယဉ်မင်းပိုက်သည် သူက ငယ်ရွယ်သော မိန်းမငယ်လေးတစ်ယောက်အနေနှင့် မချိုကို ဆက်ဆံနေသလောက် သူ့ကို အပေါ် ပူပူပန်ပန်နှင့် စေတနာထားကာ လူကြီးလေးသဖွယ် စကား ဆိုသော မချိုမျက်နှာကို စေ့စေ့ကြည့်နေ၏။

'ကိုကို အစက ထင်တယ်လေ၊ မချိုဟာ ခြံတွင်းအောင်းနေတဲ့ ကလေးမလေး တစ်ယောက်လို့ပဲ၊ ဒါပေမင့် မချို ကိုကိုတို့အပေါ်မှာ ထားတာ ကတော့ လူကြီး စေတနာပဲနော်'

မချိုသည်ပြုံးလိုက်၏၊ ယဉ်မင်းပိုက် မျက်နှာကိုတော့ ရင်ဆိုင်မကြည့်ပါပေ၊ အလုပ်သမားများဘက်ကိုငေးရင်း စကားပြောနေ၏။

'စေတနာကို စေတနာရယ်လို့ ယုံကြည်ရင်ပဲ မချို ကျေနပ်ပါပြီ၊ မချို ပြန်မယ်နော်၊ အဘိုး ရေချိုးချိန်ကျပြီ'

မချိုသည် ထိုင်ရာမှ ထလိုက်၏။

'မချို အားတဲ့အချိန် ကိုကိုတို့ အိမ်မှာ စန္ဒရား လာသင်ပါလား'

'အဘိုးက ခွင့်ပြုမှာမဟုတ်ဘူး'

'ဒီလိုဆို ကိုကိုက မချိုဆီမှာ ပတ္တလား လာသင်ရင်ကော'

မချိုသည် မခို့တရို့ပြုံးရင်းမှ အဖြေရခက် နေပုံရသည်၊

'အဘိုးဆီမှာ ခွင့်တောင်းပေါ့၊ အဘိုးခွင့်ပေးရင် မချို သင်ပေးမယ်လေ၊ အိုလေး....ဖြစ်မှာမဟုတ်ဘူး'

မချိုသည် သူ့အစ်ပွာယ်နှင့် ပြောသလို ခေါင်းလေးခါကာ သူ့ခြံဘက်သို့ မလှယ်ပေါက်မှ ကူးသွားတော့သည်။

မိုးရာသီ အုန်းပင်ပေါက်များကို ရေပေးဖို့ မလို လှသေးပေ။ မိုးရေနှင့်ပင် လုံလောက်ပေပြီ။ သို့သော် ယဉ်မင်းပိုက်သည် ပိုက်လုံးများကိုမူ နွေအတွက် ကြိုတင် ချထားပြီးပေပြီ။ မချို ပြောသလို ထွက်မည့် ကုန်ပစ္စည်းတန်ဖိုးထက် အရင်းက များနေမှာလည်း စိုးရိမ်သေးသည်။

ယခု လောလောဆယ်တော့ သူ့ခြံ လုပ်နေပုံသည် စီးပွားရေးထက် အပျော်အတောဆန်နေသည်။ ပျင်းပျင်းရှိလျှင် ရန်ကုန်သို့ ရုပ်ရှင်ကြည့်ရန် ကားနှင့် ထွက်သွားလေ့ ရှိသည်။ သူ့အဖို့တွင် ဤခြံကထွက်မှ စားရမည့် ဘဝမျိုး မဟုတ်။ မချိုတို့ အနေနှင့်မူ စုပြီးဆောင်းပြီး ဘိုးဘွားပိုင်ပစ္စည်း ရှိသည် ဖြစ်ဦးတော့ ယခုလောလောဆယ် စီးပွားရေးမှာ အုန်းခြံနှင့် စံပယ်ခင်းပင်တည်း။

သူတို့သည် တတ်နိုင်သလောက် အကုန်အကျ နည်းသော နည်းဖြင့် ခြံကိုပြုစုကာ သီးနှံထွက်ကိုတော့ ပိုမိုများအောင် ကြိုးစားရပေမည်။ အုန်းလက်သင်ပြီးသား အုန်းတစ်ပင် မ ရိုးကိုပင် ရွာထဲမှ ထင်းအဖြစ်လာဝယ်လျှင် ဒေါ်အေးရှင်က ရောင်းချတတ်၏။ သူသည် ထိုငွေထဲမှ ဝါဆိုသင်္ကန်းကပ်လေ့ ရှိပေသည်။

ထောက်ကြံ့မှ လမ်းခွဲ၍ မှော်ဘီဘက်သို့ သွားရာ လမ်းတစ်လျှောက်တွင် ရန်ကုန်မှ ခြေလှမ်းကျယ်လာသော စီးပွားရေးကွက် မြင်လာသူတို့သည် မြေကွက်ရှင်းများကို တစ်ကွက်



ပြီး တစ်ကွက် ဝယ်လာကြ၏။ သနွှေပင် ကျေးရွာလေးသို့ မရောက်ခင် မြေကွက်များတွင်လည်း ရာဘာခင်း အဟောင်းများသာမက၊ အသစ်ပျိုးပင်များနှင့် ရာဘာခင်း အသစ်များကို တွေ့လာရသည်။

မချိုတို့ခြံ နှင့် ယဉ်မင်းပိုက်တို့ခြံ မှာလည်း မှော်ဘီသွားရာ လမ်းပေါ်တွင်ဆိုသော်လည်း ထောက်ကြံ့နှင့်လမ်းခွဲစ တံတား မှတ်တိုင် အမြုံများအနားတွင် ရှိ၍ လှည်းကူးနှင့် ပို၍နီးပေသည်။

ယခင်နှစ်များကမူ မချိုတို့ခြံထဲတွင် မြေါင်းသင်သူ အုန်းလက်သင်သူ မိန်းကလေးများ လာချိန်သာ ဆူဆူညံညံ ရှိလှသည်။ စံပယ်ပန်း ဖောက်သည် ယူသူ ပန်းသည်လေးများက ညနေစောင်းလျှင် စံပယ်ဖူးများ၍ခူး၏၊ ခူးခမှာ တစ်ထောင် တစ်ကျပ် ပေးရ၍ ရောင်းဈေးမှာ တစ်ထောင်ကို ငါးကျပ်နှုန်း ဖြစ်၏၊ သူတို့ဘာသာ ခူးခွင့်ပေးလိုက်သည်။ စံပယ်လှိုင်သော အချိန်တွင် အနည်းဆုံး တစ်နေ့ အပွင့် သုံးသောင်း ရတတ်သည်။

သူတို့ပြန်သွားချိန် ညဦးဆိုလျှင် မချိုသည် 'ပွင့်အာ' ဖြေလာသော စံပယ်ဖူးလေးများကို သီကာ အဘိုးအတွက် ဘုရားပန်း ကပ်ရန် ပြင်ဆင်ပေးရ၏။ ပြီးလျှင် ခြံကြီးသည် တိတ်ဆိတ်နေသည်။

အဘိုး၏ ကြေးစည်သံသည် ငြိမ်သက်ခြင်းကို ချမ်းမြေ့အောင်သာ ဖြည့်စွက်ပေးနေပုံရ၏။ သို့သော် ယခုတော့ ညဦးပိုင်းတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းကိုထိုးဖောက်ကာ ခရေယို

မှ ဂီတသံမှာ တစ်ဖက်ခြံမှ လွင့်လာတတ်၏။ တစ်ခါတစ်ရံ လာသာသော ညဉ့်များတွင် ညဉ့်နက်မှပင် နေ့ရှားသံကိုကြားနေ ရပေသည်၊

မချိုသည် တစ်ဖက်ခြံသို့ သူလှမ်းကြည့်လိုက်စဉ် တစ်ခါ တလေ ယဉ်မင်းပိုက်ကိုယ်တိုင် ကားမောင်းပြီး ရန်ကုန်ဘက် သို့ ထွက်သွားသည်ကိုမြင်လျှင် စိတ်ထဲမှာ အလိုလို မကြိုက် သလို ဖြစ်သွားတတ်သည်၊

'သူ အရက်တွေများ သောက်ကာ ပြန်လာလေမည်လား' ဟူသော သောက,က သူ့ရင်ထဲသို့ ဝင် လာ တတ် ပေ သေး သည်၊

အတိုးအဖို့ကမူတစ်နှစ်ကူးလာ၍ မိုးဦးမိုးစက်များအောက် တွင် ယဉ်မင်းပိုက်တို့ခြံမှ အုန်းညွန့်များ ထောက်ပလာသည်ကို မြင်ရတိုင်း ပြုံးပြုံးရွှင်ရွှင်ရှိတတ်၏၊ နံနက်ခင်း လမ်းလျှောက် တိုင်း သူ့ခြံဘက်မှ ယဉ်မင်းပိုက်တို့ ခြံဘက်သို့ ကူးသွားရ သည်မှာ အမြဲလိုပင်၊

ယပ်တောင်လေးများ ဖြာသလို အညွန့်များ ဖြာထွက်လာ သော အုန်းပင်ပျိုများကိုကြည့်ရင်း.... 'မခင်သန်းရယ်....လွန်ခဲ့ တဲ့ ၅-နှစ်က မင်းတို့အုန်းပင်တွေသာဖြစ်ခဲ့ရင် ခုဆိုဘယ်လောက် တန်ဖိုးရှိလိုက်မလဲ' ဟု တသသပြောတတ်သည်၊ တစ်ခါတစ်ရံ တွင်လည်း....

'အဲဒီခြံဖျက်သွားတဲ့ မောင်စံကို အကျိုးအကြောင်းလေး မှ မခင်သန်းတို့ စစ်ဆေးမကြည့်ကြဘူးလားကွယ်....' ဟု မေး တတ်၏။



ဒေါ်ခင်သန်းသည် ထိုမေးခွန်း မေးလျှင် မျက်နှာထား ပြောင်း၍ သွားတတ်သည်။

'ကိုကြီးချမ် အဖို့ မဖြစ်သလောက်လို ဖြစ်နေလို့ ထင်ပါရဲ့၊ ကျွန်မလဲ မသိဘူး တိုးရွှေရဲ့....'

'မောင်ချမ်းသာဟာ ပေါ့ပေါ့ဆဆ လူမျိုး မဟုတ်ဘူး ကွယ့်၊ အခု အပင်တွေ နောက်ထပ်ဖြစ်လာတော့လဲ ဝမ်းသာ စရာပေါ့၊ မခင်သန်း လိုတာရှိ ပြောနော်'

အတိုးသည် တုတ်ကောက်ကြီး တကိုင်ကိုင်နှင့် လူငယ်လေး များလိုပင် သူ့စိတ် သူ့မာန်နှင့် လမ်းလျှောက်လေ့ ရှိသည်။

ယဉ်မင်းပိုက်သည် အုန်းခြံသို့ ရောက်သည်မှာ တစ်နှစ် ကျော်လာသော်လည်း သူစိတ်ကူးသလို ပတ္တလားတီး သင်ရန် မချိုဆီသို့ မသွားရပေ၊ တစ်ခါတလေ ဦးချမ်းသာထံမှ ပေး လိုက်သော အတိုးစားရန် ပန်းသီးများ၊ သပျစ်သီးများ သွား ပို့ရင်းမှ ပတ္တလားကို ဝင်၍ ခေါက်ကြည့်တတ်သည်။ အတိုး၏ အရှိန်ကို အလိုလို လန့်နေသည်၊ အတိုး၏ အရှိန်အဝါမှာလည်း ထောက်ကြံ့ လှည်းကူး တစ်ပိုက်တွင် လွှမ်းမိုးလျက် ရှိသည်၊ တော်ရုံ တန်ရုံ ကိစ္စဆိုလျှင် သူကြီး အဆုံးအဖြတ်ထက် အတိုး ထံလာ၍ ပြဿနာ ရှင်းတတ်ကြသည်၊ အတိုး ဖြန်ဖြေသည်ကို ကျေကျေနပ်နပ် လက်ခံတတ်ကြသည်။

နွေရက်များသို့ ရောက်လျှင် အတိုးသည် ဘုရားကိုးဆူ နှစ်ကိုင်းလိုက်ပသည်၊ ထိုအချိန်တွင်တော့ ရွာထဲကလူများ ထောက်ကြံ့ လှည်းကူးမှ ပရိသတ်နှင့် စည်စည်ပင်ပင် ရှိလှပေ သည်၊

ဝါတွင်းတွင်မူ ဝါဆိုဦး၌ အဘိုးသည် သင်္ကန်းကပ်တတ်၍ တန်ဆောင်မုန်းတွင် ကထိန်ခင်းလေ့ရှိသည်။

ခြိမ့်ချင်း ဖြစ်လာ၍ ယဉ်မင်းပိုက်သည် အဘိုး ကျင်းပသော ပွဲများကို လာတိုင်း အဘိုးက ပြောပြတတ်သည်၊

'မောင်ယဉ်ရေ အဘိုးတို့ကိုများ သာသနာရေးနဲ့ပတ်သက်ပြီး ရတဲ့ငွေနဲ့ မလိုက်အောင် ဖြုန်းတယ်လို့ပြောတတ်သကွယ်၊ ယာသမား ခြံသမားအဖို့ ကိုယ့်ဝင်ငွေအပေါ် ကြည့်လှူတာ မောင်ရေ့...၊ တချို့ ဇနယ်တွေလို တစ်ခါတစ်ခါ ပါတီ လုပ်တဲ့ငွေနဲ့ စာလိုက်ရင် အဘိုးတို့ လှူတဲ့ငွေဟာ သူတို့ အရက်ဖိုးလောက် မရှိပါဘူး...မောင်'

အဘိုးသည် ဘယ်သူကို ဘာရည်စူး၍ ဘယ်လိုအဓိပ္ပာယ်နှင့် ပြောသည်ဆိုဆို ယဉ်မင်းပိုက်အဖို့ကော့ အနေရ နည်းနည်းကျပ်၏။ သူခဏခဏပါတီပေးနေသည်ကိုပင် ယခုတလော ခပ်ဝေးဝေးလုပ်၍ လာမိသည်။ မချိုကို ပါတီလုပ်တိုင်း မဖိတ်ရဲပေ။

သူ့အဖို့တွင် ဦး ချမ်း သာ နှင့် ဝေးသော ဤခြံမြေဘာမဆို လုပ်ချင်သမျှ ဒေါ်ခင်သန်းက စီစဉ်ပေးမည်ဖြစ်၏။ သို့သော် တစ်ဖက်ခြံက အဘိုးတို့ မြေးအတိုးသည် သူ့ကို အလိုလိုပင် ထိန်းထားသလို ဖြစ်နေလေသည်။

ထို့ကြောင့်ပင် ပါတီများ ခဏခဏလုပ်မည့်အစား ပျင်းရိဖွယ်ကောင်းသော ညများကို သူ့စန္ဒရားများနှင့်သာ အချိန်ကုန်လွန်တတ်ပေသည်။

ရန်ကုန် အသိုက်အဝန်းသာဆိုလျှင် မချိုတို့ အိမ်ဘက်ဆီသို့ သူက ခဏခဏကူးသွားရင်း ပတ္တလားကို အတီးသင်မည်။ မချိုကလည်း သူ့ထံသို့ ကူးလာ၍ စန္ဒရား အတီးသင်မည်၊ မိဘဆိုသူများကလည်း ကားအတူမောင်းခွင့် ရုပ်ရှင်ကြည့်ခွင့်ပေးမည်၊ သည်လိုနှင့်ပင် အရောင်ဆန်းပြားလှသော သက်တန့်ပေါင်းကူးသည် ထိုနှစ်ခြံပေါ်တွင် ဆက်သွယ်ဖြန့်မိုး၍ နေနိုင်ပေမည်။



ယခုသော် မိုးရွာပြီးသော ညနေစောင်းများတွင် ဖြိုးဖြက်သော ရောင်စုံသက်တန့်ကုန်းကြီးကို ပြာသောကောင်းကင်တွင် တွေ့နိုင်သော်လည်း မိုးရက်များ ကုန်ဆုံး၍သာ လာခဲ့သည်။ သူလိုချင်သောသက်တန့်သည် သူတို့နှစ်ခြံကို ဆက်သွယ်ကူးယှက်၍ မပေးနိုင်ပေ။

ကျေးလက်၏ ထုံးတမ်းစဉ်လာဆိုရသည် အထင်သေး၍ မဖြစ်သော အဘိုးတို့ အသိုက်အဝန်း ကို ယဉ်မင်းပိုက်က လေးစားလာရသည်။ တစ်ခါတစ်ရံ အုန်းပင်များဆီကို မချိုလမ်းလျှောက်ထွက်လာမှသာ သူကလည်း သူ့ခြံကိုကြည့်ရင်းမှ စကားစမြည် ပြောရ၏။ သူ ကျင်လည်ခဲ့သော တက္ကသိုလ်ပတ်ဝန်းကျင်နှင့်ရော ရန်ကုန်၏ ပတ်ဝန်းကျင်နှင့်ရော ဘာမှ မတူပါပေ။

တစ်ခါတစ်ရံ နုပျိုငယ်ရွယ်၍ဖျတ်လတ်သော ဤကျေးလက်ဆန်ဆန်လှပသည့် မိန်းကလေးကို သူ စိတ်ဝင်စားမိသည့်အတွက်လည်း အံ့ဩမိသည်။ သူ့လို လူငယ်တစ်ယောက်တွင် အလှများ စိုင်းလည်နေသည်၊ သို့သော် ဆံပြူ အပြာ အနက်ရောင်တွေနှင့် ဆေးပေါင်းစုံ ခြယ်ထားသော မျက်လုံးစုံ မြင်နေရသည်...
လား မသိ ပင်ကိုမျက်တောင်နက်မှလွဲ၍ ...

မရှိသော မချို၏ ဝိုင်းဝိုင်းသော မျက်လုံးများသည် မိုးသောက်ကြယ်လို သူ့ကို လှမ်းမိုးနေလေသည်။

အပါးသို့ကပ်၍ ကြည့်လိုက်တိုင်း မချို၏ ဖြူနုသော ပါးမို့မို့ပေါ်တွင် သနပ်ခါးစင်းများကလည်း လတ်ဆတ်သော အမွှေးရနံ့ဖြင့် သင်းပျံ့နေလေသည်။

သူသည် အရောင်စုံနှင့်ချည်ကို ကိုင်ကာ ပန်းရောင်ဖျော့ဖျော့ ခရမ်းရောင်၊ မရန်းခွံရောင်၊ ပုလဲရောင်နှုတ်ခမ်း ပိုင်ရှင်များကို နမ်းခဲ့ပေါင်းများလှလေပြီ။ ၎င်းနှုတ်ခမ်းတို့သည်ဈေးထဲတွင်ဝန်း မန်းဝယ်ရသလို ပေါလှ၏။ အရောင်မှခြယ်ထားခြင်းမရှိသော မချို၏နှုတ်ခမ်းတို့မှသူသည်ယခုအခါရေဆာသလို မှတ်သိပ်လာ၏။ တစ်ခါတစ်ရံ သူ ဖိတ်ခေါ်သောပွဲများတွင် မချိုသည် နီပြေပြေနှုတ်ခမ်းဆိုးဆေးကို ရေးရေးမျှ ဆိုးလာသော်လည်း မိန်းကလေး၏ နှုတ်ခမ်းလွှာများသည် သူမ၏ခြံမှပွင့်သော စံပယ်လိုပင် လတ်ဆတ်နေသေးသည်တကား။

ယခုမှပင် မြန်မာ့ကျေးလက်၏ ဓလေ့ထုံးစံတန်ဖိုးကိုရော၊ အလှအပ၏ တန်ဖိုးကိုရော သူရှာဖွေ လာတတ်တော့သည်။ တကယ်မြန်မာမိန်းကလေးတို့ သူတို့ကိုယ်ကိုသူတို့ တန်ဖိုးထားတတ်ပုံကို လည်းကောင်း၊ အုပ်ထိန်းသူတို့၏ စောင့်ရှောက်ပုံကိုလည်းကောင်း၊ သူ သတိထားကြည့်မိ၏။ ယခင်ကမူ တစ်ပြည်လုံးရှိ မိန်းကလေးများကို တစ်ပုံစံတည်းဟု ထင်သွားမိသည်မှာ မှားနေပြန်ပါကော။

"အခုစဉ်ရယ်....အိုင်နေလ ဗီအတိုးကြီးရင်ခွင်ထဲမှာ နေရတာ သဲကန္တာရထဲ ရှူပြင်းလှန်းလှုံ့ပါကွယ်"



ထိုကဲ့သို့ စကားလုံးလှလှလေးများကို ရွတ်ဖတ် သရုပ်ဆွယ်ကာ တစ်ပတ်နွမ်း ကတော်ကြီးများနှင့် ယဉ်မင်းပိုက်သည် နေ့ကုန်ညများတွင် မိန်းမငယ်တို့ မျက်စိဝယ် ချောမောသော ယောကျ်ားတစ်ယောက်ပင်တည်း။

ယခုမူ ထိုညများကို တွေးမိတိုင်း ကြက်သီး ဖြန်းဖြန်း ထလာ၏။ တစ်ခါတစ်ရံ ယောင်ရမ်း၍ သူ့နှုတ်ခမ်းကို လက်နှင့် သုတ်လိုက်မိသည်။

လွတ်လပ်သော နှင်းဆီငုံများကိုလည်း တွေ့ခဲ့ရ၏။ ဘာဆေးဖြင့် ခြယ်လိမ်းသထားသည် မသိပေ။ တောက်ပလှသော နှုတ်ခမ်းလွှာများသည် သူ့အပါးဝယ် ရစ်ကာ သီကာနှင့် ဝဲပျံ့နေ၏။

ညဦးတွင် တောက်ပနေသလောက် ပါတီပြီးချိန်တွင် နှုတ်ခမ်းလွှာတို့သည် လျော့ရဲကာ နေထိသော ပန်းဝတ်လွှာနှင့် တူလာကြသည်။

၎င်းလိုပင် ပန်းစုံပေါသော တောမှာ လူးလာတုံ့ပြန်ရင်း ဘစ်နေသောအခါ အချစ်ဆိုသည်ကိုလည်း သူတွေ့မည်ဟူ၍ ထင်ခဲ့သည်။

တစ်ခါတစ်ရံ ဆပ်ခြေ၍မဝ ပန်းမွှေ့ရာခင်းသလို ပန်းများကို ကြဲပစ်နိုင်ခဲ့သည်။

သို့သော် ၎င်းခြံမြေကို ရောက်ခါမှ အချစ်ဆိုသည်မှာ လိပ်ပြာ တစ်ကောင်သည် ပန်းဝတ်ရည်ကို စုပ်ခြင်းမဟုတ်သည်ကို သူ သဘောပေါက် နားလည်လာ၏။

မိန်းကလေးတို့၏ တန်ဖိုးဆိုသည်မှာလည်း အလှအပဟူ၍ ကျမ်းပြုဆရာက ဆိုခဲ့ပါသော်လည်း 'တကယ့်တန်ဖိုးမှာ အလှ အပကို ချုပ်ကိုင်ထားသော ကုဋေပါပင်တည်း။

ပရက်စလေ၏ သီချင်းကို ခပ်ညည်းညည်းဟစ်ကာ သူသည် စန္ဒရားခလုတ်ကို နှိပ်လိုက်လျှင် နတ်သမီးပေါင်း ငါးရာ လောက် ဝယ်ယာ ခြံရနိုင်သော ယဉ်မင်းပိုက်သည် ယခုမှ စန္ဒရား ခုံတွင် ငြိမ်သက်စွာ ထိုင်ရ၏။

ခလုတ်များကိုဖြည်းညင်းစွာခေါက်ရင်းမှ 'ပန်ဆင်လေ....ပန် ဆင်လေ၊ ပန်ဆင်ရည်စူး....မြင်သူသာ စိတ်ကယ်က ကူးသည်နှင့် လေး' ဆိုသော သီချင်းကို သီဆိုနေရပေပြီ။

အကယ်၍သာ ရန်ကုန်ညများတွင်တွေ့ခဲ့ရသောမိန်းကလေး များက သူဖြစ်နေသော အဖြစ်ကိုသာမြင်ရလျှင် 'သိက္ခာက လွန်းလှချည်လား ယဉ်မင်းပိုက်ကြီးရဲ့' ဟူ၍ သူ့ကို သရော်ကြ မည်၊ ဟက်ဟက်ရယ်ကြမည်မှာ မလွဲပေ။

ရယ်ချင်လျှင်လည်း ရယ်ကြပေတော့၊ ယဉ်မင်းပိုက် အဖို့ တွင် ယခုအခါ မရယ်နိုင်တော့ပြီ။

ယခင် တိုးကြောင်လေးမှာ နေစဉ်က ဆန်စက် အလုပ် ခြောက်ရက်လုံးလုံး ဖိဖိစီးစီးလုပ်ကာ တနင်္ဂနွေသို့ ရောက်လျှ ရန်ကုန်သို့ သာကြမြဲဖြစ်၏။ ယခု အုန်းခြံကို ရောက်ခါမှ ညည် ရောက်စကလောက်တောင် ရန်ကုန်ဘက်သို့ ခြေ ဆန့်တော့၍ သူ၏ ရန်ကုန်မှာရှိသော ညအဖော်များကပ ယဉ်မင်းပိုက်ကို လွမ်းချောအပျိုတော့မှ ပျောက်သွားပုံကို တအ့ တအံ့ဖြစ်နေကြလေသည်။



သူ့အဖို့တော့ ခြံစပ်ရှိ မြေကွက် အကျန်များတွင် ရာသီ လိုက် စားပင်များကို ကိုဘိုးချင်းနှင့်အတူစိုက်ရင်း သစ်ပင်များ နှင့် အဖော် လုပ်နေတော့သည်။

အန်တီသန်းပင် သူ နေပုံထိုင်ပုံကို အံ့ဩလာသည်။

'လူလေး....ရန်ကုန်ထဲ မသွားတော့ဘူးလား၊ ခြေဆန့် လက် ဆန့် သွားဦးလေ၊ သစ်ပင်စိုက်တယ်ဆိုတာ ထိုင်ကြည့်နေရတဲ့ အလုပ်မှမဟုတ်ဘဲ၊ စက်အလုပ်ကတော့ ထားပါတော့၊ နေ့စဉ် စစ်ဆေးနေရတဲ့ စပါးကိစ္စ၊ ဆန်ကိစ္စရှိနေသေးတာ၊ သွားပေါ့ ပျင်းနေလား'

'သစ်ပင်တွေနဲ့ နေနေကျလားတော့လဲ ပျင်းလှတယ် ဟုတ် ပါဘူး၊ အုန်းပင်တွေကတော့ နှစ်ရှည်စားပင်တွေ၊ ကျွန်တော် ဆောင်းဦးကတည်းက ရာသီလိုက် စားပင်တွေကို စိုက်စမ်း ကြည့်တာ ပျော်စရာကောင်းသား'

'တို့များတော့ ဝါသနာ မပါပေါင် ရုံးပတီ သီး ဆယ် ပြားဖိုးဆို ဈေးထဲဝယ်ရင် လူတောင် ရိုက်နိုင်သေးတယ်၊ ကိုကြီးချမ်းကလ အလုပ်မရှိ ကြောင်ကလေး ချေးဖို့ချိုင်း နေ....

ဒေါ်ခင်သန်းသည် ခြံထဲဆင်းသူမဟုတ်၊ သူ့ စကား အတိုင်းပင် စိုက်ပျိုးရေးကိုလည်း ဝါသနာမပါလှပေ။

မချိုတို့ ခြံစပ်နားမှာ ကျွန်တော်စိုက်တဲ့ ရုံးပတီဆို ဒီနှစ် ရောင်းစားလို့တောင်ရတယ်၊ ကျွန်တော်ကတော့ ဒီအသင် က ရတာတွေဟာ တစ်လုံးတစ်ခဲတည်း မဟုတ်ပေမဲ့ ငွေအ

ကိုတိုးချွင်းကိုပြောထားတယ်၊ စုမိရင် သူ့သားလေးတွေ ရှင်ပြု ပေးမလို့'

'အမယ်...လူလေးက ရှင်ပြုတာတွေ ဘာတွေ စကားလုပ် ပြောလို့ ဟဲ...ဟဲ...အဘိုးတို့ခေလ့ ကူးနေပြီထင်တယ်၊ ခု တလောလဲ ပါတီ အပေးနည်းလာတယ်၊ ပျင်းနေရင်တော့ အန်တီသန်းကိုပြော၊ လှည်းကူးနှင့် မှော်ဘီက အရာရှိတွေ တနင်္ဂနွေနေ့ ဖိတ်ပေးမှာပေါ့ ဗိုင်းလေး ဘာလေးနဲ့ဆို တော် သွားတာပေါ့၊ခုတော့ တောခေါင်ခေါင် ဝါ့သားတစ်ယောက် တည်း'

'ကျွန်တော် တောသားလုပ်ချင်လာပြီ အန်တီသန်းရ'

'သူသည် အန်တီသန်းကို ခပ်ပေါ့ပေါ့ ခပ်လေးလေးစကား များ ပြောနေကျ ဖြစ်သော်လည်း ယခုပြောရသည်ကို အနည်း ငယ် အမ်းနေပေသည်၊

'ပါတီတွေ ဖိတ်ပြီး ဆိုလားတီးလား သောက်လား စား လားနဲ့ လုပ်ခဲ့တာတွေတောင် အခုတွေးမိတော့ အဘိုးကို အားနာလာတယ်၊ဒါကြောင့် သောက်လဲ ကျွန်တော့်ဘာသာ အေးအေးပဲ သောက်မယ်လို့၊ အဘိုးလဲ လေးစားရာ ကျတာ ပေါ့'

အန်တီသန်းသည် ခပ်မဲ့မဲ့လေး 'ပြုံးလိုက်၏၊

'ဒါနဲ့ မြို့ထဲသွားရင် ပိုက်လေဘယ်လ် တစ်သေတ္တာ ဆွဲ လာခဲ့ဦး'

'ဟုတ်ကဲ့'



အန်တီသန်းကမူ သူ့အတွက် ဘာမဆို လုပ်ပေးမည်ပင် တည်း၊ဘာကိုမှ သူ့ကို ပိတ်ပင် တားဆီးခြင်းမရှိပေ။

ဦးချမ်းသာအဖို့ သူ့သားသည် တိုးကြောင်လေးမှာ ထား စဉ်ကလောက် ရန်ကုန်ကိုမကူးတော့ဘဲ အုန်းခြံတွင် ခြေငြိမ်စ ပြုလာသည်ကို ဝမ်းသာလာသည်၊ သူကိုယ်တိုင်ကမူ ယဉ်မင်း ပိုက်ကို အုန်းခြံသို့ ပြောင်းထားကတည်းက တိုးကြောင်လေး ဆန်စက်နှင့် အုတ်ဖိုကို ကူးကာ အနားပင် မစနိုင်ပေ၊

ဆယ့်နှစ်ရာသီ စံပယ်များကမူ ရာသီမပြတ် ပွင့်ကြ၍ မချို အုန်းပင်အောက်မှ ဖြတ်ကာစံပယ်ခင်းများဆီသို့ သွားသည်ကို ညနေတိုင်းလို ယဉ်မင်းပိုက်မြင်နေရသည်၊ သူ့အဖို့ မချိုကို လို ချင်ကြောင်း ဖေဖေ့ကိုဖြစ်ဖြစ် အန်တီသန်းကိုဖြစ်ဖြစ် ဖွင့်ပြော လျှင်လည်း လွယ်ကူမည် ဖြစ်နိုင်မည်။

သို့သော် ချစ်မေတ္တာ ပေါ်ပေါက်ခြင်း၊ ကြီးထွားခြင်း၊ ရင့်သန်ခြင်း၊ သီးပွင့်ခြင်းသည် တိုတောင်းလှသော အချိန် အတွင်း ရုပ်လုံးပေါ်လာသည် မဟုတ်၊ ပကတိ ကြည်လင် အေးမြသော မေတ္တာအရင်းခံဖြင့် ဆက်ဆံရေးသည် လွယ် မယောင်နှင့် ခက်လှဘိ၏၊ ခုတွေ့ ခုပြော ခုကြိုက်ရမဟော့ ဆို သည့် ကိန်းသေနည်းကြီးနှင့် တွက်လာခဲ့သလို မဟုတ်ပါပေ၊

အချစ်ဆိုသည်မှာ ကန့်သတ်ချက်များ အများကြီးပါဝင် နေပါက်လား၊ ကိုယ်ကိုယ်တိုင်က လေးစားမြတ်နိုးလာပြီ ဆို တော့ အချစ်ကို နယ်တစ်နယ်သိမ်းပိုက်သလို မသိမ်းပိုက်ချင်၊ နူးနယ်သိမ်မွေ့သော အချစ်၏အတွေ့ကို ယဉ်ကျေးစွာ ခံစား ချင်လာသည်၊ သူက သနားဖွယ်ကောင်းသည်၊ မြတ်နိုးသည်၊

ရှိးသားသည်ဟု ထင်ထားသူထံမှ ဆူသည် အချစ်ကို သာယာ ဖေးချမ်းစွာ ဖွင့်ဟ တောင်းဆိုချင်လာသည်၊ ထိုအခါ မိန်းကလေးက သဘောအလျောက် ဆန္ဒအလျောက် ပေး အပ်သော ဤရတနာကိုမှ သူကလိုချင်လာသည်။

ယခုတော့ သဘောပေါက်ပြီ၊ ယဉ်မင်းပိုက် ဆိုသူသည် ယခင်က တောကျွမ်းသော မုဆိုးပါပင်တည်း။ အချစ်တော ဝယ် သူလိုချင်သော သားကောင်၏အသည်းနှလုံးကို ကြိုက်ရာ လက်နက်ဖြင့် ပစ်ခွင်းကာ သားကောင်ရင်ကိုခွဲ၍ ယူနိုင်သူပါ တည်း၊ ထွေးဆာလွန်းလှသော ဆန္ဒရိုင်းကို သူ့စိတ်ကအချစ်ဟု ထင်ခဲ့သည်၊

ယခု သဘောပေါက်သော နေ့တွင်မူ နေ့စဉ်မြင်နေပါလျက် နှင့် 'စတောင်ရန်ခက်ပါသီ' ဇာတ်လမ်းကို သူ့မှာ ခင်းနေရတော့ သည်၊

မချိုတို့ခြံကို ကူးသွားရာလမ်းရှိ ပုန်းညက်ပင်ကြီးပင် အပွင့်များ ပွင့်လာကြပြီ၊

သူသည် နွေမှမိုးသို့ ပြောင်းလာသော်လည်း လက်နက် ကိုင်၍ သားကောင်၏ ရင်ကိုဖွင့်သော မုဆိုးကောင် တော တွင်းသား အလုပ်ကို မလုပ်လိုတော့ပြီ၊ တစ်နေ့နေ့တော့ စံပယ်ပွင့်များ ကောက်နေစဉ်ဖြစ်ဖြစ်၊ ပုန်းညက် ပုလဲခိုင်များကို ခူးနေစဉ်ဖြစ်ဖြစ် မချိနှင့် ဆုံအောင် ကြိုးစားရန် ဆုံးဖြတ်မိ သည်၊



ယခင်ရက်များက ဆုံပင်ဆုံခဲ့၊ ကြုံပင်ကြုံခဲ့ ပါသော်လည်း မချို၏ ဣန္ဒြေဟူသော အရှိန်အဝါသည် သူ့ နှုတ်များကို ချုပ်၍ ထားခဲ့လေသည်၊

(၄)

မိုးသို့ရောက်လာလျှင် အုန်းဖင်ပေါက်များအတွက် ရေပေး ကိစ္စ ငြိမ်းသည်ဆိုသော်လည်း ပေါင်းသင်ရသော အလုပ်မှာ ပိုခို၍လာခဲ့သည်။

လူငှားများသည် ပေါင်းသင်အလုပ်ဖြင့် ရှုပ်နေကြသည်။

မိုးတွင်းပေမင့် ယနေ့နံနက်သည် ရာသီဥတု ကြည်လင်လှသည် အန်တီသန်းပင် မဆောင်းစဖူး နောက်ခြံထဲသို့ ဆင်းလာသည်။

ယဥ်မင်းပိုက်သည် ခြင်းတောင်းကိုဆွဲ၍ ကတ်ကြေး တစ်ချောင်းနှင့် ခြံစပ်နားသို့ လျှောက်လာသော ဦးအန်တီသန်းကို ဆုံညှသလို ကြည့်နေသည်။



'မခင်သန်း ဘာခူးမလို့လဲ'

တစ်ဖက်ခြံမှ ဒေါ်အေးရှင် နှုတ်ဆက်သံကို သူကြားလိုက်သည်။ ဒေါ်အေးရှင်တို့ကိုမူ ခြံစည်းရိုးရှိ ဝါးရုံများ ကွယ်နေ၍ သူ မမြင်ရပေ။

'ပိုက်ပိုက် အတွက်လေ....ဟင်းရွက်စုံလေး ခူးချင်လို့၊ ခု တစ်မျိုးဖြစ်လာပြန်ပြီ၊ သူစိုက်တဲ့ အပင်က အသီးအရွက်မှ စားရတာ ပိုချိုသတဲ့'

'ဟဲ....ဟဲ....မခင်သန်းတို့က ရန်ကုန်မှာ နေရတာကို၊ ဒီက လူတွေကတော့ ဒီလိုပဲ တော်ရုံတန်ရုံတော့ ဈေးမသွားဘူး၊ မိုးတွင်းဆို အိမ်ရှိကဲ့ အသီးအနှံနဲ့ ဝါးခြောက်ဝါးခြမ်းနဲ့ ပြီးအောင် ချက်စားရတာပဲ'

ဒေါ်အေးရှင်က သူတို့ ခလေ့ကို ဖော်လိုက်သည်။

'မအေးရှင်ရေ....လူလေး အစားဆင်းရဲမှာ စိုးလွန်းလို့၊ ခုန ဈေးကလဲ တစ်ခြင်းကြီး ဝယ်လာခဲ့တာပဲ....အိမ်မှာဆို သူက ဟင်းဆယ်ခွက်လောက် စားတာ၊ အခုတော့လဲ တောသား လုပ်ချင်လာပြီထိုလား...'

ဒေါ်ခင်သန်းသည် ရန်ကုန်သူ လေသံအတိုင်း လှင့်လိုက်သည်၊ ယဥ်မင်းပိုက်မှာ သူ့ အကြောင်း ပြောနေသူ မိန်းမကြီး နှစ်ဦးနားသို့ လျှောက်လာခဲ့သည်။

'နာမည်ကိုက အန်တီသန်းတို့က ယဥ်မင်းပိုက်လို့ မှည့်ထားတာကိုး....'

မချိုအသံထွက်လာ၍ ယဥ်မင်းပိုက်သည် ခေါင်းပူသွားကာ နားစွင့်ထောင်နေသည်။ မချိုသည် စကားဆက်ပြောနေ၏

'အတိုးက ပြောတယ်၊ ယဉ်မင်းပိုက်ဟာ ပုဂံမင်းဆက် အစောပိုင်းက မင်းတစ်ပါးရဲ့ နာမည်တဲ့၊ ပုဂံဆက်တွေက ဟင်းစား ဘွဲ့တယ် အန့်တီသန်းရဲ့၊ နရသီဟပတေ့ဆို ဟင်းခွက် သုံးရာစားတာ'

အန့်တီသန်းရော ဒေါ်အေးရှင်ပါရောရ၍ ရယ်သံကြားလိုက် ရသည်။

'ကိုကြီးရှမ်းမှည့်တဲ့ နာမည်ပါ'

အန့်တီသန်းသည် စကားပြတ်ကာ ဟင်းခွက်ခုး၍ မီးဖို ရှိရာ ပြန်သွားသည်။ ယဉ်မင်းပိုက်ကမူ ဝါးရုံနားသို့ တိုးကပ် သွားကာ ဘင်မကြီးခြံရှိ မချိုတို့ တဲဝရိုးကို လှမ်းကြည့်မိသည်။ အန့်တီသန်းက 'တောသားလုပ်ချင်ပြီ' ဟူ၍ သူ့အကြောင်းကို ပြောလိုက်ခြင်းအတွက် သူသည် အတွေးနက်သွားပြန်သည်။ တကယ်လို့များ ဒေါ်အေးချင်သည် အယူအဆ အကောက် လွဲသွားမှဖြင့် သူ့စကားကို စော်ကားသည်ဟုများ ထင်လေ မလား။

'မချိုသော့လေ.... အန့် တီ သန်း အနေ နဲ့ ကိုကို့အပေါ် ဒါလောက် အလိုလိုက်တာ၊ မကြိုက်ပေါင်၊ ဟင်းတောင် ဆယ် ခွက်တဲ့'

ခပ်နိမ့်နိမ့်အသံဖြင့် ပြောလိုက်သော မချိုအသံကို ကြားရ၍ သူ့ရင်များက လှုပ်ရှားရပြန်သည်၊ ကျဲနေသော ဝါးပင် ကြားမကြည့်လိုက်ရဘဲ မချိုနှင့် ဒေါ်အေးရှင်သည်စကားဝါ မန်းများ ကောက်နေကြသည်။



'ဟဲ့....သူ့တူကို ဟင်းဆယ်ခွက်မကလို့ ခွက်တစ်ရာပဲ ချက် ကျွေးကျွေး မချိုရယ် ကိုယ့်အပူလိုက်လို့'

'ဟင်....သူချစ်တာကြီးက ချစ်တာနဲ့မှ မတူဘဲ၊ ဒီခြံကြီးကို ..တို့ပြောင်းလာစက ပါတီပေးပါရောလား၊ မချိုတောင် ..ားသေးတယ်လေ၊ ခင်မအောင်လဲ ပါတယ်၊ နောက်နေ့ ..ခင်မအောင် ရန်ကုန်ပြန်ဖို့ နှုတ်ဆက်ရင်း မချိုဆီ လာတော့ .. သူက ကိုကို့အကြောင်း ပြောသွားသေးတယ်၊ သူ့အမေက ..ကိုကို ဒါလောက်အလိုလိုက်တာ သူလဲ မကြိုက်ဘူးတဲ့ ဒေါ် ..ါ်ရဲ၊ အရက်စသောက်တတ်တဲ့အကျင့်ကို အန့်တီသန်းက ..ပ်ပေးတာဆိုပဲ'

'နေပါဦး....မိန်းကလေးရဲ့၊ သူတို့က မောင်နှမတူဝရီးတွေ၊ ..ချိုက တာမှဆွေမတော် မျိုးမစပ်နဲ့ လိုက်ပူပင်နေတော့ကော ..တတ်နိုင်မှာလိုက်လို့၊ တော်ကြာ ကိုယ်က အပိုလေး၊ ဟိုက ..သင်လွဲသွားမှဖြင့်....'

မချိုသည် မျက်နှာကြီးရဲ၍ သွား၏။

'ကျန်တဲ့ပန်းတွေ ကောက်လာခဲ့တော့၊ ဒေါ်ဒေါ် ကိစ္စရှိ ..းတယ်၊ ကိုမြေဘုကြီးတောင် သစ်ပင်ပေါ်က ဆင်းသွားပြီ' ကိုမြေဘုကြီးမှာ စကားဝါပွင့်များကို အပင်ပေါ် တက်ခြွေ ..သူ ဖြစ်၏၊ ကိုမြေဘုကြီးလည်း မရှိတော့ပေ။ ဒေါ်အေး ..သည် ပန်းခြင်းလေးကိုင်ကာ အိမ်ဘက်သို့ ထွက်သွားတော့ .. ယဉ်မင်းပိုက်သည် ပုန်းသက်ပင်အနားရှိ မလှယ်ပေါက် .. မြန်မြန်လျှောက်သွားကာ မချိုနောက်တွင် သွားရပ်လိုက်

'ချိုချို့မန်းတွေ ကူကောက်ပေးရဦးမလား'

မချိုသည် သူ့ဘက်ကို မျက်လုံးလေးပြူးကာ လှည့်ကြ
လိုက်၏။

'ဘုရားရေ ... ဦးခြော့ကြီးလားလို့၊ ကိုကို ဘယ်တုန်းက
ရောက်နေလဲ'

'ဒီနေရာ ပို့တော့ ခုမှပဲရောက်တယ်၊ ဒါပေမင့် ခုန ဟိုဘက်
ခြံထဲကနေ ဝါးရုံကွယ်ပြီး နားထောင်နေတာ၊ ချိုချို
ပြောတာတွေ အားလုံးကြားရတယ်'

မချိုသည် မျက်နှာ အိုးတိုးအမ်းတမ်း ဖြစ်သွားပုံရသည
သူသည် မချို မျက်နှာထားခက်နေမှာစိုး၍ စကား၀ါပန်းမျာ
ကို သုံးလေးပွင့် လိုက်ကောက်နေသည်။ ပြီးတော့မှ မ
ပန်းခြင်းထဲသို့ သူ့ကောက်ရသမျှ ပန်းတွေ ထည့်ရင်း မ
အောက်တွင် မားမားကြီး ရပ်နေမိသည်။

'ခုန ဒေါ်ဒေါ်ရှင်ကို မချိုပြောနေတာတွေ ကိုကို အားလုံ
ကြားတယ်၊ မချိုကို ကိုကို ကျေးဇူးတင်ပါတယ်'

မချိုသည် သူ့မျက်နှာကို မော်ကြည့်ရာမှ မျက်လွှာချလိုက်
၏။ သူ ဒေါ်အေးရှင်အား ပြောမိသော စကားများကြော
မျက်နှာပူနေပုံရလေသည်။

'အန်တီသန်း အနေနဲ့က မိတ်ဆိုးဆိုပြီး ကိုကို့ကို အ
သိပ်လိုက်တာပဲ၊ တကယ်တွေးကြည့်တော့လဲ ကိုကိုဟာ သူ
သား လူပေါ်သန်နေတာမပေါ့လေ'

'မချိုက ကိုကို့ကို လူပေါ်လို့ ပြောတာ မဟုတ်ပါဘူး'

မချိုသည် အသံတိမ်လေးနှင့် တောင်းပန်၏။



'ကိုကို ဒီလိုမယူဆပါဘူး မချို၊ ကိုကို တစ်ခုပဲ စဉ်းစားမိ
တယ်'

သူသည် စကားစကို ခဏရပ်ထားလိုက်၍ မချိုက စကား
ကို ပိုစိတ်ဝင်စားလာဟန်ရှိ၏။

'ဒီခြံကို ကိုကိုပြောင်းစကလဲ ကိုကိုတို့ ခြံဘက်မှာ ချိုချိုရယ်
အဘိုးရယ် လမ်းလျှောက်ထွက်လာရင်း သံပိုက်တွေ မေးပေးဖို့
ချတုန်းက ချိုချို ကိုကို့ကို ပြောခဲ့တဲ့ စကားတွေ သတိရသေး
လား'

'ရပါတယ်'

'အင်း....အဲဒီစကားတွေရယ် ခု မချို ဒေါ်ဒေါ်ရှင်ကြီးကို
ပြောတဲ့ စကားတွေရယ် ပေါင်းစပ်ပြီး ကိုကို တွေးကြည့်မိ
တယ်'

မချိုသည် မျက်နှာကို ပိုရှုံ့မှုံ့သွားလိုက်သည်။ ယဉ်မင်းပိုက်
သည် မချို မျက်နှာမထားတတ်တော့ပြီကို နားလည်လိုက်သည်။
မချိုအဖို့တွင်လည်း သူ့ရင်တွင်းမှ ခံစားနာကို ရိုးရိုးပါဟူ၍
ဟန် ဆက်လုပ်ရမည်ကို သူ့စိတ်ကမနိုင်သလိုဖြစ်လာ၍ မျက်နှာ
ကို ပို့ရှုံ့လိုက်ခြင်း ဖြစ်၏။

'မေ့လိုက်ပါဦး မချို၊ ကိုကိုလေ ချိုချို့မျက်နှာကို စေ့စေ့
ကြ ပြီးမှ ပြောချင်လို့'

မချိုသည် ခေါင်းမမော်တော့ပေ။

'ပြောစရာရှိတာကိုတော့ ဆက်ပြောရဦးမယ်၊ ချိုချိုပြော
သလိုပဲ၊ အန်တီသန်းဟာ ချစ်တာနဲ့ မတူအောင်တို့ ကိုကို
အပေါ် ချစ်ခဲ့ အလိုလိုက်ခဲ့တာပဲ၊ ခုတော့ ချစ်တာကို ချစ်

တာနဲ့ တူအောင် ချစ်တတ်တဲ့မိန်းကလေးကို ကိုကို တွေ့နေပြီ
ကျေးဇူးသိပ်တင်ပါတယ် မချို၊ ဒါကြောင့်လဲ ကိုကို့မှာ
အနေအထိုင် အသွားအလာတွေ တဖြည်းဖြည်း ဆင်ခြင်လာ
ရတယ်၊ မချို မရိပ်မိဘူးလား'

မချိုသည် စင်စစ်သော့ ယဉ်မင်းပိုက်နှုတ်မှ ထွက်လာသော
ထိုစကားလုံးများကို ကြားသိပါ၏၊ နားလိုပါ၏၊ သို့သော်
မိန်းကလေးတို့ သည်ဘာ ခင်ပါ ကလား၊

ကြားလိုသော စကားကို ကြားရမြန်လျှင်လည်း ရင်ခုန်
တတ်၏၊ မကြားလိုသော စကားကို ကြားရပြန်လျှင်လည်း
ရင်ခုန်တတ်သည်၊

'နောက်ဆုံး....နိဂုံးချုပ် စဉ်းစားကြည့်တော့ ကိုကို ဒီလို
ဆင်ခြင်လာတာတွေ အစ်ပင်နဲ့ ပျော်အောင်လို့ ကိုယ့်ကိုယ်ကို
ကြိုးစားလာတာတွေဟာ မချိုတို့ ပတ်ဝန်းကျင်နဲ့ အဆင်
ပြေချင်လွန်းလို့ပါ၊ အဲဒီပတ်ဝန်းကျင်ထဲကို ဝင်ချင်လွန်းလို့
ပါ'

ယဉ်မင်းပိုက်သည် သက်ပြင်းချရင်း တဲတွေးမျိုချလိုက်
၏။ စကားလုံးများကို စီကာပတ်ကုံး သီကုံးလိုက်ရသည်
ဖြစ်ခြင်း။

'ချစ်တဲ့သူအပေါ်မှာ ဟန်ဆောင်ခြင်းဟာ သစ္စာဖောက်
ခြင်းတစ်မျိုးပဲ၊ ကိုကို မချိုကို ဖွင့်ပြောမယ်၊ ကိုကိုဟာ သူ
ဌေးစင်ကြီးတော့ မဟုတ်ဘူး၊ ဒါပေမင့် ကိုယ့်အရွယ် ကိုယ့်
အချိန်မှာ အလုပ်မလုပ်ဘဲ ထိုင်လေနေတတ်တဲ့ လူလေမျိုးလဲ
မဟုတ်ခဲ့ပါဘူး၊ ကိုကို အလုပ်ကိုတော့လုပ်တယ်၊ ယဉ်မင်းပိုက်



ဆိုသူဟာ နာမည်က မင်းဆန်ပေမင့် သူ့စိတ်ရင်းက မင်းမျိုး
မင်းလွင် မဆန်ပါဘူး မချို၊ ကိုကိုပြောနေတာတွေကို ကြားမှ
ကြားရဲ့လား'

ကျောက်ရုပ်လို ငြိမ်သက်စွာ ရပ်နေသော မချိုကို သူငုံ့၍
ကြည့်ကာ မေးလိုက်သည်၊

'ကြားပါတယ်'

မချိုအသံသည် တုန်နေသည်။

'ခေတ်ပညာတတ် မိန်းကလေးပဲ၊ အချိုရိပ်မိလောက်ပါပြီ
ချိုချို အနေရ ခက်နေပြီ မဟုတ်လား၊ ကဲ...ကိုသွားလိုက်ဦး
မယ်'

သူသည် စကားဝါပန်းတစ်ပွင့်ကို ထပ်မံ ကောက်လိုက်၍
မချို လက်ထဲသို့ ထည့်လိုက်၏၊

'ဒီပန်းကို ယူသွားပါ ချိုချို၊ အိပ်ခန်းထဲကို ရောက်ရင်
ကိုကို့အပေါ် သဘောကျ နှစ်မြို့က်တယ်၊ ကိုကို့စကားကို
သက်ခံစရာယ်ဆိုရင် ဒီပန်းလေးကို မွှေးလိုက်ပါ၊ သဘော
မကျရင်တော့ ဒီပန်းပွင့်ကို ပြတင်းကသာ လွှင့်ပစ်လိုက်ပါ
တော့'

သူသည် စကားစသတ်ကာ သူ့ခြံဘက်သို့ ပြန်လည်ကူး၍
သွားလေသည်။ သူ့ခြံစပ်ရောက်မှ စဉ်းစားမိ၏။

မချိုသည် ထိုစကားဝါပန်းလေးကို အိပ်ခန်းတွင်းသို့ ယူ
သွားပြီ ဆိုပါစို့၊

ထိုပန်းပွင့်ကို မွှေးပင် မွှေးလေမည်လော မခမွှေးဘဲ ပင်ခံနေ လေမည်လော။

သူ ဘယ်လိုလုပ်၍ သိနိုင်ပါမည်နည်း။

## ( ၅ )

မသန့်သော လိပ်ပြာကြောင့် တစ်ဖက်ခြံသို့ကူးရန် ဆင့်မင်း ်အဖို့ ရှုံးတိုးရှုံ့တန့် ဖြစ်နေပေသည်။ အကယ်၍ သူသည် ျို့တို့ခြံဘက်ကို ကူးသွား၍ သူ စကားစပြီးမှ မချို အခြေ ာနေ ဘယ်လိုရှိသည်ကို အကဲခတ်ဦးတော့ မချိုမှလွဲ၍ ဘယ် ှမ ရိပ်မိ သိရှိနိုင်မည် မဟုတ်ပါပေ။ အဘိုးကပင် ဖြစ်စေ၊ ေါ်အေးရှင်ကပင် ဖြစ်စေ သူ တစ်ဖက်ခြံသို့ ကူးလာခြင်းကို ည်း တားဆီးပိတ်ပင်ထားခြင်း မရှိ။

သို့ပေမင့် ပုန်းညက်ပင်ကြီး အောက်သို့ ရောက်တိုင်း ခြေ ောက်က တန့်၍နေပေသည်။

'ဟော့....မောင်ယဉ် လာပါဦးကွယ့်'

နှစ်ရက်မြောက်နေ့တွင် အဘိုးသည် ပုန်းညက်ပင်အောက် ယောင်လည် ယောင်လည် လုပ်နေသော သူ့ကို လှမ်းခေါ် လိုက်၏။

'အဘိုး လေးညှင်းပင်တွေ ပျိုးထားတယ်၊ လာကြည့်စမ်း ပါမောင်'

သူသည် ခြေလှမ်းသွက်သက်စွာဖြင့် အဘိုးခြံဘက်သို့ ကူး ကာ အဘိုးနောက်မှ လိုက်သွား၏။ အဘိုးက စကားများ တတွတ်တွတ်ပြောကာ ရှေ့မှလျှောက်သွား၏။

'ဖြစ်တာမဖြစ်တာ နောက်ထားလို့ စမ်းစမ်းပြီး ပျိုးကြည့် ရတာ၊ လေးညှင်းတို့ ဇာတိပ္ပိုလ်တို့ဖြစ်ရင် သိပ်အဖိုးတန်တာ ကွယ့်'

'ဟုတ်ကဲ့....ကျွန်တော် စာအုပ်ထဲမှာ နည်းနည်း ဖတ်ဖူး တယ်၊ ဒီသစ်ပင်တွေဟာ အင်ဒိုနီးရှား အရှေ့အိန္ဒိယကျွန်းစု မလေးကျွန်းဆွယ်တို့မှာ သိပ်ဖြစ်တာလို့၊ ရှေးကြ တာပေါ့ ဇာတိပ္ပိုလ်ကိုလဲ အိန္ဒိယတောင်ပိုင်းက လိုင်စင်နဲ့ တင်ရတာ အဘိုးရဲ့၊ ဒီမှာစိုက်ရင် ရာသီဥတု အပူခေတ် နည်းနည်း ကျ မလား မသိ'

'အဲဒီတော့ စာဖတ်ပြီး စာတွေနဲ့ လက်တွေ့ပေါင်း စမ်းသ ရတာပေါ့၊ သစ်ပင် စိုက်တယ်ဆိုတာ စာကြိုးပဲဖတ်ပြီး ကွ ... အလကားပဲ၊ ကုန်းမှာကြီး အချိန်ကုန်ပြီး စာမလေ ... ခေါ်မမီဘူးကွယ့်၊ အဘိုး ငယ်ငယ်တုန်း ... တာပဲ၊ ဖတ်ပြီး လက်တွေ့လဲ ဆည်းပူးရတယ်'



လေးညှင်းပင်များ ပျိုးထားသည့် နေရာသို့ ရောက်လာကြ သည်။ လေးညှင်းပျိုးပင်များကို ထင်းရှူးပုံငယ်လေးများဖြင့် ဆယ်ပင်လောက် ထည့်ထား၏။

အဘိုးတို့အိမ်မှာ ခြေတံရှည် ဓာတ်အိမ်ကြီးဖြစ်၏၊ အဘိုး ဘုရားခန်းအောက်တည့်တည့်တွင် ဆွမ်းနှင့် ဘုရားပန်းတောင်း များ စွန့်ပစ်သော သင်ပုတ်ပလ္လင်သဏ္ဌာန် သံမံတလင်း ကိုင် တားသည့် နေရာရှိသည်။ လေးညှင်းပင် ပျိုးခင်းနားမှ ကြည့် လျှင် ထိုနေရာကို မြင်နေရသည်။

'အဘိုး....အဲဒီ လေးညှင်းမျိုးကိုဘယ်ကရသလဲ'

သူသည် အပင် တစ်ပင်ကို ကိုင်ကြည့်ရင်း မေး၏။

'မြေကျေးရှင်းကကွယ့်၊ မချိုရဲ့အဖေဘက်က အမျိုး အဲဒီ မှာရှိတယ်၊ သူကလဲ အဘိုး စိုက်တာ ပျိုးတာ ဝါသနာပါမှန်း သိတော့ မျိုးပေးလိုက်တာ'

'မြေကျေးရှင်းကနေ ကျယ်ကျယ်ပြန့်ပြန့် လူထုစိုက်ပျိုးနိုင် အောင် စိတ်ဝင်စားလာအောင် လုပ်ပေးဖို့ ကောင်းတယ်၊ ခုနေ ရန်ကုန် ရာသီဥတုနဲ့ မကိုက်တောင် မလေးကျွန်းဆွယ်လို ရာသီဥတုနဲ့ တူတဲ့နေရာတွေ မြန်မာပြည်မှာရှိတယ်၊ စမ်းသပ် စိုက်ပျိုးဖို့ နှိုးဆော်ကြည့် သူတို့ကိုယ်တိုင်ကလဲ စမ်းသပ်ကြည့် ရင် ကောင်းမယ်... အဘိုး'

သူသည် သူ့မြေးကို လိုချင်၍ သူ့အဘိုး ဘာဝင်ကူမည့် စကားမျိုး ရွေးဆိုနေခြင်း မဟုတ်ပေ။ သစ်ပင်နှင့် ပေါ်လာပြီ ဖြစ်၍ သူ ဖြစ်စေချင်သော အကြောင်းကို ပြောပြခြင်း ဖြစ် သည်။

'ဟား....ဟား....'

အဘိုးက စိတ်မပါသလို ရယ်လိုက်သည်။

'မောင်ယဉ်တော့ ဂရုစား မထား မသိ၊ အဘိုးတော့ ခြံထဲ နေပါများတော့ လူတွေနဲ့ သိပ်မဆက်ဆံချင်ဘူးမောင်ယဉ်၊ ဟော့ဒီ တိုင်းပြည်က လူတွေက ပေါကြောင်ကြောင်ရယ်'

ယဉ်မင်းပိုက်မှာ အံ့အားသင့်သွားသည်၊ တစ်ခါမှ အဘိုးသည် တိုးကောလာမျိုးကို မဆိုဘူးပေ။ ပြင်ပ လူများနှင့် သိပ်မဆက်ဆံသည်ကိုတော့ သတိထားမိသည်။

'ဘာဖြစ်လို့ ပေါကြောင်တယ်လို့ အဘိုးက ပြောလဲဆိုတော့ ကောရာဇ်တို့ ပဒေသရာဇ်တို့တွေကို သူတို့လောက် အပြစ်ပြောတာလဲ မရှိဘူး၊ သူတို့ လုပ်လိုက်ရင် ကောရာဇ်ထက် ဆိုးသေး မောင်ယဉ်၊ လွန်ခဲ့တဲ့ လေးငါးနှစ်က နားစွင့်မိလားမသိ သူတို့လူ အချင်းချင်း ဘာစနစ်တွေ ဘယ်လိုပြောင်းလဲ မသိပါဘူးမောင်၊ တစ်ခါက သက်ဦးဆံပိုင်မင်း ဆန်ဆန်ပဲ၊ ကျူပင်ခုတ် ကျူငုတ်မှ မကျန်အောင် လုပ်ပစ်ကြတာ၊ အုန်းပင်တွေ လေးညှင်း ပျိုးခင်းတွေ ဘာတွေပါ ပြောင်ပါရောလား'

အဘိုးကြီးဟု ဆိုရသော်လည်း အတွေးအခေါ် မဆိုးလှဟု ယဉ်မင်းပိုက် သတိထားလာမိသည်။

'ဒီတိုင်းပြည်က ဒီမြေကြီးနဲ့ စီးပွားရှာရမယ့် တိုင်းပြည်မျိုး၊ သံ အုံရည်ကျိုသောက် မီးသွေး တူးစားရမယ့် တိုင်းပြည်မျိုး မဟုတ်ပါဘူးမောင်၊ ဒါပေမင့် လူမကြိုက်လို့ တစ်ခေတ်ပြောင်းတိုင်း အဲဒီစိုက်ခင်း ပျိုးခင်းတွေ ရောရောပြီး မြေလှန်



ခံရတာက ရင်နာဖို့ကောင်းတယ်၊ ခုတော့လဲ ဒီစိုက်ပျိုးရေးကိုပဲ စလုံးရေကာ ပြန်စရပြန်ရော'

အဘိုး ဘာဆိုလိုသည်ကို ယဉ်မင်းပိုက် ရိပ်မိစပြုလာလေသည်။ ထင်းရှူးပုံးလေးများနှင့် ပျိုးထားသော လေးညှင်းပင်များမှာ တချို့ တစ်တောင်လောက်ရှိ၍ တချို့မှာ လေးလက်မ လောက်ပင် ရှိသေးသည်။

'လက်လေးသစ်လောက် ကျော်လာရင်တော့ စိတ်ချရပြီဆိုတာပဲ၊ တစ်ခပလောက်ဆို အောက်ချကြည့်ရဦးမယ်၊ အိမ်ပေါ် တက်ပါဦးကွယ်၊ မောင်ဖြော့ရေ....ရေနွေးကြမ်း လုပ်လကွယ်၊ အေးရှင်တို့ မနေ့ကလုပ်ထားတဲ့ သဘော်သီးယိုလဲ ယူခဲ့ဟေ့....'

အဘိုးသည် ပန်းဟောင်းများစွန့်ရာ နေရာမှ ဖြတ်လျှောက်ကာ လှေကားဆီသို့ ထွက်သွား၏၊ သူနောက်မှလိုက်ရင်း မြေပေါ်တွင် ပြန့်ကြဲနေသော ပုန်းညက်ပန်းများနှင့် စကားဝါပန်းများကို ရင်ဘထိတ်ထိတ်နှင့် သူအသည်ကြည့်မိ၏။

ဤစကားဝါ ပန်းများတွင် ယမန်နေ့က သူ မချိုကို ပေးလိုက်သော စကားဝါပန်းလေးများ ပါလေမည်လားမချိအိပ်ခန်းပြတင်းသည် ဘုရားဆောင်နှင့်တော့ တစ်ခန်း ခြားလျက်ရှိသည်။

သီးခြားသတ်မှတ်၍ မထားလေတော့၊ သူ့ စကားဝါပန်းသည် ဘယ်ပန်းဖြစ်မည်ဟု ဤအနွမ်းပန်းတို့ အလယ်တွင် ရွေးချယ်ရန် ခက်ဘိတောင်း။

မြေတွင် ဖြန့်ကြဲခံရမသော ပန်းတို့တွင် သူ့ပန်းလေး မပါပါစေနှင့်။

သူသည် ရင်တထိတ်ထိတ်နှင့် ဆုတောင်းရင်း အတိုးနောက်မှ လှေကားကို လှမ်းတက်ကာ လိုက်သွား၏။ လှေကားဆိပ်တွင် သူ ရပ်လိုက်သောအခါ သူ့ချစ်သူသည် စကားဝါပွင့်ကို မွှေးကာ သူ့ကိုမျှားကြွနေလျှင်တော့ ကောင်းလိုက်မည့် ဖြစ်ခြင်း။ ချိုသော် မချိုလို မိန်းကလေးက အတိုးရှေ့တွင် တိုက်ရိုက်ကြီးတော့ ပန်းကို မေးပြပေမည်မဟုတ်၊ မိန်းကလေးက တိတ်တခိုးနှင့် သူပေးလိုက်သော ပန်းရှုပွင့်ကို အိပ်ခန်းထဲတွင် မွှေးနေလျှင်ကော ဘယ်လိုလုပ် သိနိုင်ပါမည်နည်း။ ကိုယ့်ပြဿနာကို ကိုယ်ရှုပ်အောင် လုပ်မိလေခြင်း။

'ကဲ....ထိုင်ဟေ့ မောင်ယဉ် ပျင်းနေပလား မချိုတို့ ရန်ကုန်ထဲ သွားတယ်'

အတိုးအသံကြားမှ သူအတွေးစပျက်ကာ ဖျာချောပေါ် ထိုင်လိုက်၏။

'ရေနွေးကြမ်းသောက် ကွယ်၊ မချိုလဲ အတိုးက အပြင်သိပ်မထွက်စေတာ ဘာကြောင့်မှမဟုတ်ဘူး၊ ပေါ်ကြောင်ကြောင်လူတွေ ပြဿနာ အရှုပ်အယှက်တွေ ယူလာမှာ စိုးလို့'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

ယဉ်မင်းပိုက်သည် နည်းနည်းတော့ ကြောင်တောင်တောင်ဖြစ်သွား၏။ သူ့အကြောင်းကိုများ အတိုးသိသွားပြီလား။

'သင်ပင်တွေက စကားမပြောဘူးကွယ်၊ သင်ပင်တွေနဲ့ နေရတာမအေးဘူးလား မောင်ယဉ်'



'ဟုတ်ကဲ့.... အေးချမ်းပါတယ် အတိုး၊ ကျွန်တော်တောင် ရောက်စနေ့စကနဲ့ မတူဘူး ခြံထဲမှာနေရတာ ပျော်လာတယ်၊ ရန်ကုန်တောင် သိပ်မသွားချင်ဘူး'

'အေး....တစ်နေ့ကတောင် မအေးနှင့် ပြောနေရသေး၊ ယဉ်မင်းပိုက် တစ်ယောက် မနစ်ကာလောက် ပါတီတွေထားတွေ မပေးတော့ဘူး၊ အရွယ်က တဖြည်းဖြည်း ဆုံးမ သာတာပေါ့ကွယ်၊ မချိုကတော့ အတိုးက ဖြစ်စေချင်တာသော ပြောတာကိုး၊ သူ့ဘဝ သူ့ဒီလိုမှ နေချင်မှလား အတိုးတော့ မသိဘူး၊ သူ့အဖေဘက်က အမျိုးတွေက ရန်ကုန်ကို ခေါ်ခေါ် ထားချင်တယ်၊ အတိုးက မထည့်ဘူး၊ ဒီတစ်ခေါက်တော့ သူနဲ့မောင်နှမ သုံးဝမ်းကွဲလောက်တော်မယ်၊ မောင်သန့်အန့်ဆိုတာ ဆေးကောလိပ်က ဒီဂရီရပြီးပဲကွယ်၊ စင်္ကာပူက ဆိုလားပဲကွယ်၊ ထမင်းခေါ်ကျွေးတာ သွားစားကြလေရဲ့'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

အတိုးသည် ရေနွေးကရားမှ ပန်းကန်လုံးထဲသို့ ရေနွေးထည့်လိုက်၏။

'ပျင်းလဲ ပတ္တလား ခေါက်ကြည့်ပါလား၊ စန္ဒရားနဲ့တော့ လက်အစပ်အကျ ကွာလိမ့်မယ်'

အတိုးသည် ပတ္တလားမှသည် စာပေ အကြောင်း၊ သစ်ပင်အကြောင်းများကို ရောက်သွားတတ်၏။

အတိုးက သူ့စာဖတ်ခန်းကို လက်ညှိုးညွှန်ပြသည်။ ယဉ်မင်းပိုက်သည် အတိုး၏ စာအုပ် ဗီရိုများကို ထသွားကြည့်မိသည်။ သားရေဖုံးနှင့် ပဋ္ဌာန်းစာအုပ်များ၊ ဓာတ်ကြီးဆယ်ဘွဲ့မွမ်း

ပဏ္ဍိတ ဝေဒနိကျမ်း စသော ဘာသာရေးဆိုင်ရာ စာအုပ်များ၊ သူကိုယ်တိုင် မသိသော ကျမ်းစာအုပ်များကို တွေ့ရသည်၊ တချို့ ဗီရိုများထဲတွင် ဦးပုည၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ အစရှိသော စာဆိုတို့၏ စာအုပ်များနှင့်၊ ရှင်မဟာရဋ္ဌသာရ တို့၊ ရှင်မဟာသီလဝံသတို့၏ ပျို့များ ကဗျာများကိုလည်း တွေ့ရသည်၊

ခေတ်ပေါ် မြန်မာစာအုပ် များများစားစား မတွေ့ရ၊ လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး စာအုပ်များကိုလည်း တွေ့ရ၏၊ မဏိခက်၊ ဣန္ဒာဝံသ စသော စာအုပ်များကို ကြည့်ရင်း စိတ် မောမိသည်၊

ဤစာအုပ်တို့၏ အလယ်တွင် ကြီးပြင်းရရှာသော မချို ဘဝသည် မည်မျှငြီးငွေ့ဖွယ် ကောင်းရှာမည်နည်းဟု တွေး၍ မချိုအား သနားသလို ဖြစ်မိသည်။ ဒါကြောင့်ပင် တစ်ခါ တစ်ခါ မချိုကို ကြည့်ရသည်မှာ လူသီလရှင်လေးနှင့် တူလှ ပေသည်။

မျက်နှာချင်းဆိုင် နံရံတွင် ကပ်ထားသော မှန်ဗီရိုထဲတွင်မူ ဥပဒေဆိုင်ရာ အင်္ဂလိပ်စာအုပ်များနှင့် ရာဇဝင်ကျမ်းများကို အင်္ဂလိပ်လိုရော မြန်မာလိုပါ တွေ့ရသည်၊ ထိုစာအုပ်များကို မည်သူ ဖတ်သည် မသိပေ၊ စာပေဆိုသည်မှာ အလွန်တန်ဖိုးရှိ၍ ခလုတ်လာနိုင်လျှင် မိုးမဆုံး မြေမဆုံး လေ့လာနိုင်သမျှကောင်း သည်မှာတော့ မှန်ပါ၏၊ သို့သော် ငယ်ရွယ်သူတို့ ဆိုသည် မှာ တော့ ထာဝရ ဤစာအုပ်တို့ကို ခေါင်းစိုက်၍ ဘယ်လိုနေမှပါ မည်နည်း၊ သူသာဆို ဦးနှောက်ခြောက်လိုက်မည့်ဖြစ်ခြင်း။



ရေဒီယိုဂရမ်၊ တိပ်ရီကော်ဒါ၊ စန္ဒရားမျိုးစုံနေသည့်ကြား က တနင်္ဂနွေနေ့တိုင်း ရုပ်ရှင်ရော ပါတီများရော သွားလာ ခြေရှုပ်နေရသည်ကို တစ်ခါတစ်ခါ သူ့အတွက် ပျင်းလာတတ် ၍ အဆန်းလေးများ တွေ့ချင်ပေသေးသည်။

မချိုအဖို့ ရေဒီယိုသည်းမရှိ၍ အတိုးဆိုးအပါးတွင် ဝတ်ပြု ကာ စာအုပ်နှင့် နေရသောဘဝကို တွေးရင်း အသက်ရှူ ကျပ်မိ၏၊ ဗီရိုလေးတစ်ခုမှာတော့ ခေတ်ပေါ် မဂ္ဂဇင်းများ အပြည့်တွေ့ရ၍ တော်ပါသေး၏ဟု သူ စိတ်ဖြေမိသည်၊

ထမင်းစားခါနီးမှပင် အဘိုးကို ခွင့်တောင်းကာ ပြန်လာခဲ့ လေသည်၊

မချိုသာ အိမ်ကြီးပေါ်မှာ ရှိလျှင်တော့ တော်တော်နှင့် ပြန်ချင်မှပြန်ပေမည်၊ ယခုမှာမူ ရင်ထဲတွင် ဟာတာတာ ပျင်းချောက်ချောက်ကြီး ဖြစ်မိသည်၊

လှေကားမှဆင်း၍ ပန်းဟောင်းရှုန့်သော နေရာကို ဖြတ် လျှောက်ပြန်သည်၊

'ဒါတွေဟာ ဘုရားပန်းတွေဖြစ်မှာပါ၊ ဘယ်နည်းနဲ့မှ ငါ ပေးတဲ့ပန်းဟာ ဒီအထဲ မပါနိုင်ဘူး' ဟု၍ သူ့စိတ်ကို သူ တင်း၏၊

သီလရှင် ရင့်မကြီးစစ်စစ်တွေတောင် သမုဒယ တဏှာကို မပယ်နိုင်သေးသရွေ့ ဤသံသရာမှာ တဝဲလည်လည်ပင်တည်း။ မချိုသည် လူ သီလရှင်လေးလိုပင် နေရသည်ဆိုဦး သူ့ အသည်းနှလုံးတွင် အချစ်စိတ် မရှိဘူးဟု၍ ဘယ်လိုမှမပြော နိုင်၊

အိပ်ပျော်နေသော 'အချစ်'သည် နိုးမယ့်လူ မရှိသေး၍သာ အသည်းနှလုံးတွင် ငြိမ်သက်စွာ အိပ်ပျော်နေတတ်၏။ နိုးမယ့်လူ ရှိလျှင် အချစ်သည် အိပ်ပျော်နေရာမှ နိုးရပေမည်။

နောက်မှ ခြေသံမှာ သူ့အတွေးရိပ်ကို ရပ်သွားစေ၏။ သူ လှည့်ကြည့်သောအခါ ဦးကြော့ကြီးကို နောက်ပါးတွင် တွေ့ရလေသည်။

'မောင်ယဉ်...တစ်ခါတလေ ဒီဘက်အိမ် ထမင်းစားသွားစမ်းပါ။ ဟင်းဆယ်ခွက် မပြည့်ပေမင့် ဦးကြော့လက်ရာ တစ်ခွက်တည်းနဲ့ အကြောစိမ့်သွားမယ်'

ဦးကြီးမှာ ပျော်တတ်ပုံရ၏။ ဟဟဟ ရယ်ကာ သူနှင့်အတူ လျှောက်လာကြသည်။

'အန်တီသန်း ပြောတာနဲ့ ကျွန်တော်လဲ ဟင်းဆယ်ခွက်သား 'ယဉ်မင်းပိုက်' ဖြစ်နေပြီ'

'မောင်ယဉ်က ကံကောင်းသကိုးကွယ့်၊ မချိုလဲ တစ်ဦးတည်း သမီးပါပဲ၊ ဒါပေမင့် အဘိုးက တယ်စနစ်ကြီးတာကိုး၊ အလိုလိုက်မခံရဘူးကွယ့်၊ ဒီနေ့မျိုး ရန်ကုန်က အမျိုးတွေ လာခေါ်တာ ထည့်မှထည့်ပါ့မလားလို့၊ ရှောရှော ရှူရှူ ထည့်လိုက်ပေလို့၊ မချိုအဖေက ဘိလပ်ပြန် ဝတ်လုံတော်ရကြီး ဒီတော့ မချိုအဖေရဲ့ နှမတွေက သူ့တူမကို အရာရှိကတော်ပဲ ဖြစ်စေချင်တာ၊ အဘိုးကို စကားမစရဲကြဘူး မောင်ရေ့'



ယဉ်မင်းပိုက်ရင်ထဲတွင် လှုပ်ရှားလာအောင် ဖန်တီးနေ၏။ စိတ်လည်း ဝင်စားလာသည်။ ဤစကားကို ဗဟိုပြုပြီး လှုပ်ရှားမှုတွေ ပြောင်းလဲဖြစ်ဦးမည်လော။

'ခု ထမင်းစားခေါ်တဲ့ မောင်သန်းဒန် အမေကဆို မအေးရှင်ပဲ ကပ်နေတာပဲ၊ မအေးရှင်ကထဲ အဘိုးကို မော်မကြည့်ခဲ့၊ ဒီသူငယ်က ဆရာဝန်ဘွဲ့ ယူပြီးမှ စစ်ဘက် ပြောင်းသွားတာ'

'ဘာလဲ....အဲဒီ ကိုသန်းဒန် အမေက သူ့သားနဲ့ ပေးစားချင်တာပေါ့'

'ဟုတ်တာပေါ့....မောင်ယဉ်ရဲ့၊ မချိုမှာ မိဘအမွေတွေက တောင့်တယ်၊ အဘိုးကြီး စနစ်အတိုင်း- တောသူလို အခြေမြုပ်ပြီး ရိုးရိုးကုပ်ကုပ် နေရလို့သာ၊ သူ့အမျိုးတွေက သိတာပေါ့'

'မချိုကရော'

ထိုမေးခွန်းကို ဦးကြော့ကြီး ဖြေမည့်အဖြေကမှ သူ့အတွက် အရေးအကြီးဆုံး အဖြေပင် မဟုတ်ပါလား။

ဦးကြော့သည် ဘယ်လိုများ ပြန်ပြောပါမည်နည်း။ မြတ်စွာဘုရား။

'ဦးကြီးကြော့သိရသလောက်တော့ မိန်းကလေးကြည့်ရတာ ရည်းစားရယ် ဘာရယ် ရှိပုံမရှိပါဘူးကွယ်၊ အဘိုးရဲ့ ကန့်လန့်ကာက မမြင်ရပေမယ့် အထူကြီးနော်၊ သွားမယ် သွားမယ်၊ ဟဲ....ဟဲ'

ဦးဖြော့အသည် သူနှင့် ဆက်မလိုက်ဘဲ ပုန်းညက်မင်ခြေရင်းမှ လမ်းခွဲထွက်သွားတော့သည်။ ယဉ်မင်းပိုက်နားထဲမှာမူ 'အဘိုး ရဲ့ ကန့်လန့်ကာက မမြင်ရပေမယ့် အထူးကြီးနေဘိ' ဟူသော ဦးဖြော့စကားကိုသာ ကြားယောင်နေသည်။ ဤမမြင်ရသော ကန့်လန့်ကာကို ထိုးဖောက်ရာ၌ အားသုံးအားပိုင်သူကိုသန်း ခန့်နှင့် ခြေပြိုင်ရမည်တကား။

အမျိုးများ၏ အားပေးမှုက တစ်အား၊ ဈေးဘွဲ့က တစ် အား၊ ယခု တပ်ထဲရောက်ဦးမည် ဆိုပြန်တော့ စစ်ဗိုလ်အမြစ် တစ်အား။

သို့သော်လည်း တစ်ချိန်ကတော့ လက်ဖျောက်တစ်ချက်တီး သည်နှင့် ပန်းပွင့်များကို ကြွေစေနိုင်သူ၊ ယဉ်မင်းပိုက် ယခု ပွဲတွင်မူ ဒူးထောက်ရမည့် ဘိုလျှပ် ရာဇဝင် နိုင်းလှုချည့်ရှိ။

ချော်...ဘယ်သို့ပင်ဆိုစေ ပစ္စည်းတစ်ခုသည် တန်ဖိုးရှိလာ ပြီဆိုတော့ ထိုက်တန်သော တန်ဖိုးအလိုက် ကြိုးပမ်းရသည် တကား။

# (၆)

'ဟေး....မောင်ယဉ်....မောင်ယဉ်ရေ'

ယဉ်မင်းပိုက်သည် အသံလာရာသို့ မော့ကြည့်လိုက်၏။ လက်ထဲမှ ပေါက်တူးကို အသာချကာ နဖူးမှ ချွေးများကို သုတ်လိုက်၏။ သူ့ထံပြေးလာသူမှာ ဦးဖြော့ပင်တည်း။

'ချွေးတောင်းတွေနဲ့ ဘာလုပ်နေလဲ'

'ပေါင်းမြက်တွေ မြေစာတွင်း သယ်ချနေတယ်'

သူ့အနီးအနားတွင် သူ့လိုပင် ကြိမ်ခြင်းများနှင့်မြက်များ သယ်နေသော အလုပ်သမားများကို တွေ့ရ၏။

'မောင်ယဥ်ခုမှ ခုတော့သားနဲ့ တူလာတယ်ကွယ်၊ အေး…. မြက်ဆေး၊ သစ်ရွက်ဆေးနဲ့ နွားဈေးနဲ့ရောပြီး ကိုယ်ဟာကိုယ်လုပ်တဲ့ မြေဆေးကပိုကောင်း၊ နောင်နှစ်ဆို ဒီမြေစာတွင်းက မြေဆေး၊ အများကြီးရတယ် မောင်ယဥ်၊ ဒါနဲ့….အဘိုးက လွှတ်လိုက်လို့'

'ဘာကိစ္စလဲ ဟင်'

'ဒီမနက်စာ သူတို့ဘက် လာစားပါတဲ့၊ ဟိုတစ်ပတ်က မချိုတို့ကို ထမင်းစား ဖိတ်ပါရောလား'

'ကိုသန်းဒန်ဆိုတာလား'

'အေး….အေး…. မောင် သန်း ဒန် တို့ မိ သား စု ရော မချိုသူငယ်ချင်း မိန်းကလေးတွေပါပေါ့ကွာ၊ ဒီနေ့ ထမင်းကျွေးမလို့၊ ထမင်းက ငုက်ပျောဖက်ခင်းပြီး ကျွေးမတဲ့၊ ချစ်တီးထင်းနဲ့ ငန်ပြာရည်ဆီသတ်တဲ့ကွ'

ဦးမြေ့ကြီး စကားပြောသည်မှာ မြိန်ရေရှက်ရေရှိလှ၏။

'ကျွန်တော်တောင် ဆာလာပြီ'

'မချိုက ဆက်ဆက်လာစားပါလို့ မှာလိုက်တယ်၊ မောင်ယဥ်ရေ့၊ မခင်သန်းကြီးလဲ ပြောခဲ့ပြီ'

ဦးမြေ့ကြီးသည် အားရပါးရပြောကာ ထွက်သွားတော့သည်။

ယဥ်မင်းပိုက်သည် ပေါက်တူးကိုချကာ အိမ်မကြီးဆီသို့ အပြေးအလွှားပင် သွားမိ၏၊ ရေကိုပင် ကမန်းကတန်း ချိုးမိသည်။



အဝတ်အစားလဲပြီး အန်တီသန်းနှင့်အတူ မချိုတို့ ခြံဘက်ကို ကူးလာသည်၊ စကားဝါပန်းပေးပြီးမှ မချိုကို ပထမဆုံး ရင်ဆိုင်ရမည်ဖြစ်၍ သူ့ရင်များသည် တလှပ်လှပ် ခုန်နေပေသည်။

'ဟော….မခင်သန်းတို့ တူဝရီး လာကြပြီ'

ဒေါ်အေးရှင်က ဆီးကြိုကာ နှုတ်ဆက်လိုက်သည်၊

'ကဲ….ဒီမှာထိုင်ကြ'

ကွပ်ပျစ်ပေါ် နေရာလှမ်းပေးရင်း ဒေါ်အေးရှင်က မိတ်ဆက်နေသည်။

'မတင်ကြည်၊ ဒါက ဟိုဘက်ခြံက ဒေါ်ခင်သန်းနဲ့ တူတော်မောင် ယဥ်မင်းပိုက်'

ယဥ်မင်းပိုက်မှာ သူမသိသော မိန်းမကြီးကို လှမ်း၍ ပြုံးပြလိုက်၏။

'ယဥ်မင်းပိုက်ရေ…. ဒီက မောင်သန်းဒန်က မတင်ကြည်ရဲ့သား၊ မချိုနဲ့တော့ မောင်နှမဝမ်းကွဲပေါ့'

ယဥ်မင်းပိုက်သည် ခေတ်လူငယ်တို့ထုံးစံအတိုင်း ပြုံးရယ်ကာ ဒေါက်တာသန်းဒန်ကို လက်လှမ်းပေးလိုက်၏။

ကိုသန်းဒန်ဆိုသူမှာ သူ့ထက် အသက်ကြီးပုံရသည်၊ ခေါက်ကောင်းကောင်း မျက်ခုံး မျက်လုံးကောင်းသော်လည်း နှာတံမှာ မပေါ်တပေါ်ဖြစ်၏။ နှုတ်ခမ်း အနည်းငယ်ထူ၍ အရယ်အပြုံးနည်းပုံရလေသည်။

'ကျွန်တော်ကလဲ နယ်မှာ အနေများတယ်၊ တစ်ခေါက်မှ ရန်ကုန် ပြန်ရောက်တာနဲ့ ချိုချိုတို့ကို ထမင်းစားဖိတ်ရတာ

ဒီနေ့တော့ ချိုချိုက မြန်ကျွေးတဲ့ အလှည့်ပေါ့၊ ကျွန်တော့်ညီမတွေလဲ ပါလာတယ်၊ ကြွေကြွေတို့ မချိုတို့ လာနှုတ်ဆက်မဦး'

'ဩော်....ဩော်....'

လက်ဆွဲနှုတ်ဆက်ပြီး ကိုသန်းဒန် ပြောသမျှ ယဉ်မင်းပိုက်က ပြုံး၍သာ နားထောင်နေ၏။

'မခင်သန်းရယ်...ဒီမှာကြည့်ပါဦး၊ မောင်သန်းဒန်တို့အိမ် ထမင်းစားသွားတဲ့နေ့က မချိုကို မောင်သန်းဒန် ရိုက်ပေးတဲ့ ဓာတ်ပုံတွေလေ၊ ဒီပုံက သိပ်ကောင်းတာပဲ'

မြန့်ကျဲနေသော ဓာတ်ပုံများထဲမှ ဒေါ်အေးရှင်သည် ပုံတစ်ပုံကို ကောက်ယူကာ ဒေါ်ခင်သန်းအား ထိုးပြလိုက်၏၊ ထိုပုံပေါ်သို့ မျက်စိရောက်သွားသော ယဉ်မင်းပိုက်မှာ ရုတ်တရက် မျက်လုံးများ ပြာဝေသလို ဖြစ်သွားသည်၊ သူ့မျက်လုံးကိုမှ သူ မယုံပေ။

'နမ်းထားတဲ့ပန်းတွေဟာ နှင်းဆီပန်းဆို သိပ်လှမှာ၊ ခုတော့ ပန်းက စကားဝါပန်းဖြစ်နေတော့ သိပ်မပေါ်ဘူး'

ဒေါ်အေးရှင်က စကားဆက်လိုက်၏၊ ယဉ်မင်းပိုက် အမြင်တော့ ရင်များ တလှပ်လှပ်ခုန်လာသည်၊

'ရော့... ကြည့်ပါဦး'

ဒေါ်ခင်သန်းက သူ့အားလှမ်းသော ဓာတ်ပုံကို လှမ်းယူစဉ်တွင် လက်များမတုန်အောင် ယဉ်မင်းပိုက်သည် သတိထားနေရ၏၊ ရန်ကုန်မြို့လယ်ရှိ မိန်းမငယ်များနှင့် တွေ့ဆုံစဉ် ထိုဓာတ်ပုံကို မြင်ရသည်လောက် ရင်မခုန်မိပါပေ၊ ဩော်...



အေးချစ်သော မချိုသည် ချစ်အသည်းကို ဖွင့်ဟပြောဆိုရာ၌လည်း လိမ္မာယဉ်ကျေးလှပါတကား။

ထမင်းဟင်းပြင်နေသော မိန်းမပျိုများ အုပ်စုထဲတွင် သူသည် ချိုကို လှမ်း၍ ရှာမိ၏၊ ချစ်သော မချိုသည် ဟန်မပျက် ဟင်းချိုင့်ထဲမှဟင်းများကို ခပ်ယူကာ ငှက်ပျောဖက်ပေါ်သို့ ပုံလျက်ရှိသည်။

ထိုနေ့က ကိုသန်းဒန်တို့ မပြန်ခင်ပင် သူ ပြန်လာခဲ့ရသည်။

\+ + +

နောက်နေ့ညတွင် ဦးချမ်းသာ ပေးလိုက်၍ ပန်းသီးများ အဘိုးဆီသွားပို့ရာ သူ ပြန်လာသည်၊ မချိုကို အိမ်ကြီးပေါ်တွင် မတွေ့ခဲ့ရ၊ သူသည် မလှယ်ပေါက်ရှိရာ ပုန်းညက်ပင်ကြီးအောက်သို့ လျှောက်လာခဲ့၏။ သူလာသောလမ်းတွင် လရောင်များသည် သစ်ရွက်များကိုဖောက်ကာ မြေပေါ်တွင် လင်းနေသည်။ လေသည် ဖြည်းညင်းစွာ တိုက်ခတ်နေ၍ သစ်ရွက်ခတ်သံများမှာ ကလေးငယ်တို့ စကားတီးတိုးပြောနေသလို ကြားနေရ၏၊ စကားဝါပန်းနံ့များသည် သူ့အပါးတွင် သင်းပျံ့နေ၏။

'ကိုကို....'

ယဉ်မင်းပိုက်သည် ဆီးတိုးလေသံနှင့် ခေါ်သောကြေ
ခြေလှမ်းရပ်သွားသည်။ သူ့နောက်ပါးတွင် ငြိမ်သက်စွ
ရပ်နေသော မချိုကို တွေ့ရ၏၊ မချိုသည် သူ့ကို တိုက်ရိုက်
မကြည့်။

'အိမ်ပေါ်မှာ ချိုချို့ကို တွေ့ရမလားလို့ ကိုကို ရှာခဲ့သေ
တယ်၊ ဒါနဲ့ ချိုချို တွေ့တုန်းမှာ မေးပါရစေ၊ ထမင်းကျွေးတ
နေ့တုန်းက ကိုကို တွေ့ခဲ့တဲ့ ဓာတ်ပုံမှာ မချို နမ်းထားတဲ့ စကာ
ဝါပန်းဟာ ကိုကို ပေးတာလား'

'ဟုတ်ပါတယ်'

မချိုသည် အသံတုန်တုန်ယင်ယင်နှင့် ဖြေ၏။

'ဝမ်းသာလိုက်တာ ချိုချိုရယ်'

'အဲဒီဓာတ်ပုံကို ပေးရအောင်လို့ လိုက်လာတာ....ဒီမှာ'

မချိုသည် ဓာတ်ပုံကို လှမ်းပေးလိုက်၏။ ယဉ်မင်းပိုက်သည
မချိုဓာတ်ပုံကို လှမ်းယူရင်း လက်ဖျားလေးကိုပါ ညင်သာစွာ
ဆုပ်ကိုင်ထားမိ၏။ လရောင်အောက်တွင် ဝင်းပနေသောမျက်လုံ
လေးနှင့် သူ့အား စူးရှစွာကြည့်နေသော ဤမျက်နှာမျိုး
ရန်ကုန်၏ မီးရောင်အောက်များတွင် သူ တစ်ခါမှမတွေ့ဖူးပေ

'မချိုကို သွားခွင့်ပြုပါတော့'

မချိုသည် ငြိမ်သက်ရာမှ လက်လေးကိုအသာပင် ရုပ်သိမ်း
ကာ လရောင်အောက်တွင် ပျောက်ကွယ်၍သွားတော့သည်။

ထိုညလုံးတွင်တော့ ယဉ်မင်းပိုက် ဆင်ခန်းသည်မီးလင်း
နေပေသည်၊ စားပွဲထက် မီးအိမ်အောက်တွင် 'စကားဝါပန်း၏



နမ်းနေသော ဤမိန်းမပျို၏ ရုပ်ပုံ' ကို အခါခါ ကြည့်မိ၏။
ကျက်သရေအပေါင်းနှင့် ပြည့်စုံလှသော ရုပ်ပုံလွှာပါတကား။

ဓာတ်ပုံ၏နောက်ကျောတွင်မူ မချိုသည် သူ၏လက်ရေးနှင့်
ရေးထားသည်။

'သိုးကလေ–
ပုပ္ပါးနတ်တောင်
အခေါင်မြင့်ဖျား
စုံတောကြားဝယ်
နံ့ရှားကြိုင်လှိုင့်
ပန်းနုယ်ပွင့်သည်
ရွှေနှင့်ယိုးမှား
ပန်းစကား....'

'ချစ်' ဆိုသော စကားတစ်လုံးမှ မပါခဲ့သော်လည်း မချို၏
အကြောင်းပြန်ပုံ ပြန်နည်းနှင့် ထိုကဗျာလေးကိုပါ သူ့မှာ
တန်ဖိုးထား၍မဆုံး၊ ရွတ်ဖတ်၍ မဆုံးနိုင်တော့ပေ။

မြောက်လေပြန်ချိန်တွင် အုန်းခြံတွင်းဝယ် မိုးတွင်းက
လောက် ပေါင်းသင်သောအလုပ် မရှုပ်တော့ပေ။ သို့သော် မီး
သေးအတွက် အထူးဂရုပြုရ၏၊ ညဦးပိုင်းတွင်တော့ နွေရား
နားမှာပင် ထိုင်ကာ 'သည်ဆောင်း ဟေမာန်'ကိုရော၊ 'ဂန္ဓမာ
တောင်' ပတ်ပျိုးကိုရော ခဏခဏတီးမိသည်။

သူတို့လက်ဝယ်မရောက်ခင်တွင် မိန်းမငယ်တို့အား 'မြေထိ
တော်ဝင်မာလာ'ဟူသော သင်္ဘင်ပန်းနှင့် လည်းကောင်း၊ဂန္ဓမာ
နေတောင်တွင် ပေါက်သော 'မဥ္စူသက' နတ်ပန်းနှင့် လည်း

ကောင်း နှိုင်းကြ စံထားကြသည်မှာ တကယ်တော့ မဆန်း ပါပေ။

'ရွှေဝါဖူး မိုးခရေဦးကို
အထူးပင် စောင့်နေရှာ
မြိုင်ဝနာ ရဂုံမှာ
လျှောင်းပျံ့ခဲ့တာ....'

ခေတ်ပေါ်စာဆိုတို့သည် အချစ်မိုးနှင့် တွေ့သောအခါ လန်းဆန်းစွာ ပွင့်လာသော မိန်းကလေးတို့၏ အသည်းနှလုံးကို စကားရွှေဝါဖူးနှင့် နှိုင်းခဲ့ကြ၏။ ယခုလည်း သူ့ ချစ်သူအသည်း နှလုံးသည် သူဆွတ်ဖျန်းသောမိုးရေဖြင့်စိုပြည်လာရှာတော့မည်။ ပျင်းရိငြီးငွေ့ဖွယ်အချိန်များ မချိုတွင် ရှိတော့မည်မဟုတ်။

ဆောင်းလေသည် ပန်းပွင့်ငယ်များကို တီးတိုးစွာ ပြောကြသည် ထင်၏။ ပန်းလေးများကလည်း တစ်ပွင့်နှင့်တစ်ပွင့် ခေါင်းချင်း ဆိုင်ကာ 'တို့ညခင်မ--မချိုရဲ့အသည်းနှလုံးမှာအချစ်ပန်းပွင့် ပြီဟေ့'ဟူ၍များ တီးတိုး ပြောဆိုနေကြလေသလား။ ယဉ်မင်းဝိုက်သည် ပန်းလေးများအပေါ်း လျှောက်သွားလျှင်လည်း ယခုလိုပင် အတွေးနုနုလေးတွေ တွေးလာတတ်၏။

ပန်းခလေးများမှသည် လိပ်ပြာလေးများကရော ထိုသတင်း ကို ကြားကြပေမည်။ လိပ်ပြာလေးတို့သည် ဘုန်းပင်တန်းများ ကို ဖြတ်၍ ပျံသန်းသွားရင်း သူတို့နှစ်ယောက် ချစ်ကြသည့် အကြောင်းကို ကေားတင်း လုပ်၍များ ပြောသွားကြလျှင် ဘုန်းပင်ကြီးတွေကပါ သိကုန်မည်လား။



လေတွင် ဘုန်းလက်တို့ လှုပ်ရှားသံကို ကြားလျှင် ယဉ်မင်း ဝိုက်က သူ့ကို ကောင်းချီးပေးသည်ဟု ထင်သည်။ သူ့မှာ တော့ ပျော်လိုက် ရှင်လိုက်သည့် ဖြစ်ခြင်း။ ရန်ကုန်သားဆို လျှင် ခုလောက်ဆို ရုပ်ရှင်ချိန်းကြည့်ကြတော့မည်၊ တက္ကသိုလ် သား ဆိုလျှင်လည်း 'လှေကလေးကိုလှော်မည်' ဇာတ်ထုပ်ကို နှစ်ယောက်တည်း ခင်းကာ အင်းလျားကန် အလယ်ကျွန်းကို သွားကြတော့မည်။

မြေမြန် လက်မြန် အကုန်မြန်တတ်သော သူနှင့်မှ ဤ အချစ်က တွေ့စုတွေ့တတ်ပလေ။ နံနက်ခင်း မချို ရေခပ်ချိန် ဒံပယ်ခင်းများသို့ သွားချိန်သာ မချိုကို လှမ်းမြင်လိုက်ရ သည်။

မချိုသည် သူ့အား အစွန်းအညှာတ် ပြုံးပြရှာ၏၊ ထိုအပြုံး ကလေးကို မြင်တိုင်း 'အဘိုး၏ သံကန့်လန့်ကာကြီးကို အသည်း ယား၍ သွားမိ၏၊ မချင့်မရဲ ဖြစ်မိသည်။

မချိုက စံပယ်ကုံး ဖြူဖြူဖွေးဖွေးကို သူ့ဆံထုံးအကျ်အကျ် ကြီးတွင် ခွေရစ်ကာပန်၍ သနပ်ခါးရေကျဲလူးကာ တစ်ဖက် ခြံစပ်တွင် ရပ်နေတတ်၏။

'ကိုကို....အန်တီသန်းဖို့ စံပယ်ပန်းတွေ'

ပန်းခြင်းတောင်းလေးကို သံဆူးကြိုးကြားမှ လှမ်း၍ပေး လျှင်လည်း သူသည် ပြုံး၍သာယူရသည်၊ ရင်ထဲမှာတော့ မချင့် မရဲ ဖြစ်မိ၏၊ မချို ပါးမို့က သနပ်ခါးစင်းလေးများကို ညနေ စောင်း နေခြည်နှင့် ရွှေရောင်တောက်နေသလို မြင်ရသော အခါ လက်ညှိုးနှင့်ပင် လှမ်း၍ တို့ချင်သည်။

'ချိုချိုရယ်....အဲဒီ သံဆူးကြိုးကြီးတွေကိုလေ ကိုကို ဖြတ်ပစ်ချင်လိုက်တာ'

'အချိန်ကျတော့လဲ အလိုလို ပြတ်သွားမှာပါ ကိုကိုရယ်'

မချိုက ပြောသွားတတ်၏။

'လူ့ခြေတိတ်မှ ရှေလိပ်ပြာစင်စေမည့်' ဇာတ်ထုပ်ကိုလည်း မချို အပေါ်တွင် သူ မခင်းရက်ပေ။ သူ့စိတ်ဓာတ်အပြောင်းအလဲကိုလည်း သူအံ့ဩမိသည်။ သူ့အချစ်သည် မြတ်နိုးခြင်းနှင့် ယှဉ်နေပါပကော။

လသာသော ညများတွင်သာ တစ်ဖက်ခြံဆီသို့ ငေးရင်း မျှော်ရင်း အချိန်ကုန်ခဲ့ရလေသည်။ တဖြည်းဖြည်းနှင့် ဆောင်းနှောင်းစပြုလာလေသည်။ တစ်ည သူ အိပ်မပျော်ခင် ညဦးပိုင်းတွင် စန္ဒရား တီးနေရာမှ....

'မောင်ယဉ်ရေ....မောင်ယဉ်ရေ'

ငယ်သံပါအောင် အော်လိုက်သော ဦးတိုးချင်းအသံ ကြား၍ သူသည် စန္ဒရားခန်းမှ ပြေးထွက်လာသည်။ ဒေါ်ခင်သန်းကို မီးဖိုအကူး အဆောင်ကြားလေးတွင် တွေ့၏။

'မီး....မီး'

ဦးတိုးချင်းကမူ အော်ရင်း ဟစ်ရင်း ပြေးနှင့်၏။ ခြံ၏ အနောက်တောင်အစွန်းတွင် မီးဟုန်းဟုန်း တောက်လျက်ရှိလေသည်။

ယဉ်မင်းပိုက်သည် တစ်ဟုန်ထိုးပင် မီးကူးစပြုနေသော ဆွန်းပင်တန်းများဆီသို့ ပြေးသွား၏။ အလုပ်သမားများ တစ်



ဖက်ခြံမှ ဦးဖြောကြီးတို့ပါ လာရောက် ကူညီ ငြိမ်းသတ်ကြသည်။

မီးသည် မြောက်လေကြောင့် ချက်ချင်း ငြိမ်းသတ်၍ မရပေ။ အတိုးနှင့် မချိုတို့ပင် သူတို့ခြံအက်သို့ ကူးလာကြသည်။

ချိုချိုသည် အသံကုန်အော်လိုက်၏။

'ကိုကို....သစ်ပင်တွေ ရေးပေးဖို့ သံပိုက်လုံး သွယ်ထားတာ ရေလွှတ်လိုက်ပါလား'

ယဉ်မင်းပိုက်မှာ ယခုမှ သတိရကာ အလုပ်သမား တစ်ယောက်ကို ပြေး၍ ရေစက်ကိုဖွင့်ခိုင်း၏။ သို့သော် ပင်မှာ ရှတ်တရက် နိုး၍ မရပေ။ အတန်ကြာမှ ရေတွင်းမှ ရေစုပ်စက်ဖြင့် တင်ပြီးပေးရသည်။ တဖြည်းဖြည်း မီးကို လူများ နိုင်စပြုလာလေသည်။

## (၄)

ညဥ့်က လောင်လိုက်သော မီးမှာ အုန်းခြံတစ်ဝက်ကိုကျမ်းကာ ငြိမ်း၍သွား၏။ ဝိုင်းဝန်းငြိမ်းသတ်ရသူတို့ မဆိုထားနှင့် ရင်တမမနှင့် စိတ်မောရသူ မချိုပင် နံနက် မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

သူ့ကို ဒေါ်အေးရှင် နှိုးချိန်မှာ မိုးစင်စင်ပင် လင်းနေပြီ။

'မချို....မျက်နှာသစ်ပြီး အဘိုးက သူ့ဆီကို လာခဲ့စမ်းတဲ့'

မချိုသည် ခါတိုင်းအိပ်ရာထချိန်မှာ အရှေ့မိုးကုပ်စက် ဝိုင်းတွင် နေ့ခြည် နီနီတွေးတွေးကိုသာ မြင်နေကျဖြစ်၏၊ ယနေ့



နံနက် သူ့ခေါင်းရင်း ပြတင်းမှ ဘောက်ပဒသာနေရောင်များ အခန်းထဲတွင် ဖြာကျနေကြသည်။

သူသည် မျက်နှာသစ် ခေါင်းဖြီးပြီးကာ အဘိုးအခန်းသို့ ထွက်သွား၏၊ အဘိုးသည် ပဲပြုတ်ဆီဆမ်းနှင့် ရေနွေးကြမ်းကိုပင် သောက်နှင့်နေလေပြီ။

'ငါ့မြေး ဒီးနေ့ အိပ်ရာထ နောက်ကျလိုက်တာ'

'ဟုတ်ကဲ့....အဘိုး၊ ညက မချိုလဲ ရင်တွေတုန်ပြီး မိုးလင်းခါနီးမှ အိပ်ပျော်တယ်'

'အေး အေး....အဘိုးလဲ စိတ်မကောင်းဘူး၊ ခါနို့ဟိုဘက်ခြံကူးသွားစမ်း၊ မောင်ချမ်းသာ အသံကြားလိုက်လို့ ညကများ ချက်ချင်း အကြောင်းကြားလိုက်လို့လား မသိဘူး၊ မနက် အစောကြီး ရောက်လာပုံရတယ်၊ ပြန်ခါနီးရင် ဒီဘက်ကူးခဲ့ပါလို့ သွားပြောစမ်း'

မချိုသည် အဘိုးခိုင်းသည့် အတိုင်း တစ်ဖက်ခြံသို့ ကူးသွား၏၊ အိမ်အဝတွင် ဘယ် သူမှမတွေ့၊ ဧည့်ခန်းမကြီးထဲသို့ အဝင် လိုက်တွင် လှေကားပေါ်မှ မိန်းကလေး တစ်ယောက် ပြေးဆင်းလာကာ မီးဖိုဘက်ကိုဝင်သွားသောကြောင့် သူ့ခြေများ တုံ့သွား၏။

သူသည် လှေကားရင်းဆီသို့ ရင်တထိတ်ထိတ်နှင့် တိုးကပ်သွား၏။ အိမ်ပေါ်မှ ပိုးချုန်းသံကဲ့သို့ ဟစ်အော်နေသော အသံများကို သူ မှုတ်ပြတ်သားသော ကြားနေရသည်၊

'ငါ့ကို ပြောစမ်းပါကွယ်၊ ဒီမိန်းမ ဘယ်သူလဲဆိုတာ'

ဦးချမ်းသာအသံသည် ဒေါသဖြင့် ကျယ်လောင်လှ၏၊

'ငါ့ကဖြင့် ထောက်ကြံ့ ကင်းဂါတ်က တယ်လီဖုန်းရကတည်းက စိတ်ပူလိုက်ရတာ၊ငါ့သားတော့ အုန်းခြံမီးလောင်လို့ စိတ်မချမ်းမသာဖြစ်နေတော့မှာပဲဆိုပြီး မနက်အစောကြီး ပြေးလာခဲ့တယ်၊ ညကတည်းက လာချင်နေတာ၊ ဒီကျတော့ မင်းက မိန်းမတောင် အိပ်ခန်းထဲသွင်းပြီး အပျော်ကြူးနေလိုက်တာ'

ဘုရား...ဘုရား၊ မချိုသည် လှေကားရင်းပွတ်တိုင်ကို မြဲမြဲကိုင်ထားရ၏။ သူသည် အပေါ်လှေကားထစ်များကို ဆက်တက်ရကောင်းလား၊ ပြန်ပြေးရကောင်းမလား ဝေခွဲ၍မရနိုင်သော့ပေ။ သူချစ်သူသည် မိန်းမပျက်တို့နှင့် လေချင်တိုင်း လေနေသူတစ်ဦးပါလား။

'ကျွန်တော် မီးငြိမ်းပြီး စိတ်မောလူမောနဲ့ ညက နှစ်ချက်တီးလောက်မှာ စိတ်ရှုပ်လွန်းလို့ အရက်သောက်ချပြီး အိပ်လိုက်တာ အမှန်ပဲ'

ယဥ်မင်းပိုက်အသံ ပေါ်လာ၏၊ မချိုသည် မျက်ရည်များဝိုင်းလာကာ အပေါ်သို့မော့၍ စကားသံများကို နားထောင်နေမိ၏၊

'အဲ့ဒါ ဖေဖေ ခုအော်ပြီး အနီးမှာ နီးလာတာပဲ၊ဒီမိန်းမ ဒီအခန်းထဲ ဘယ်တုန်းက ဝင်နေသလဲ မသိဘူး၊ ဘယ်သူမှန်းလဲ မသိဘူး၊ အခန်းထဲက ဒီမိန်းမ ထွက်ပြေးတာကို သားဖေဖေနဲ့အတူ သားမြင်လိုက်ရတာပဲ'

ယဥ်မင်းပိုက်အသံများသည် တုန်နေ၏၊



'အံ့ပါ့ရဲ့ကွာ....အံ့ပါ့ရဲ့၊ မသိလောက်အောင် အမူးလွန်ရသလားကွ၊ ဘယ်တော့ သစ်ပင်စိုက်ခိုင်းလိုက်တာ အရက်သောက်ပြီး မိန်းမလိုက်နေဖို့ မဟုတ်ဘူးကွ'

'ဖေဖေ'

ယဥ်မင်းပိုက်အသံသည် မာကျောလာ၏၊ မချိုသည် မက်တတ်ရပ် နားမထောင်နိုင်တော့သလို လှေကားထစ်ပေါ် လျှောချထိုင်လိုက်၏။ ထိုစကားလုံး စကားသံများကို နားမထောင်ရက်သော်လည်း အကြောင်းအရာ အမှန်ကိုလည်း သိချင်သေးသည်၊

'သား ဖေဖေ့ကို ဘယ်တော့မှ မလိမ်ဘူးဆိုတာ မှတ်ထားပါ၊ ရန်ကုန်မှာ သားပါတီတွေ သွားနေတုန်းကတောင် အပေါ်စား မိန်းမတွေနဲ့ မရောခဲ့ဘူး၊ မိန်းမပျက်တွေကိုရော အကောင်းကိုရော တိတ်တိတ်ပုန်းခြေတင်တဲ့အကောင် မဟုတ်ဘူး၊ ကျွန်တော် တွဲကချင်ကမယ်၊ နမ်းချင်နမ်းမယ် ဖေဖေ၊ သားအရက်သောက်တာတော့ အမှန်ပဲ၊ ဒီ....ဒီ'

ယဥ်မင်းပိုက်သည် ဒေါသဖြစ်လွန်း၍ စကားထစ်နေပုံရ၏၊

'ဒီအုန်းခြံကို ရောက်ကတည်းက သား အနေအထိုင်ကိုလဲ လုံးဝပြင်ပစ်တယ်၊ အခုကိစ္စ ဘယ်လိုဖြစ်တယ်လို့ သား မသိဘူး၊ တစ်နေ့တော့ဖြင့် ဒီကိစ္စကို သား ရှင်းလင်းနိုင်မှာပဲ၊မရှင်းနိုင်သေးခင်မှာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင် ဖေဖေ သားကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်'

'ဟော့....မိခင်သန်း'

အဘိုးကြီးအသံသည် ခက်ထန်စွာ ပေါ်လာပြန်၏။

'နင်ကလဲ အလိုတူပဲ၊ နင့်ကို ငါ့သား စောင့်ရှောက်ဖို့ထည့်လိုက်တာ ဒီကောင်ကို တုရင့်သား ပူဇော်သလို ပူဇော်နေဖို့ မဟုတ်ဘူး၊ သောက်သုံးကို တစ်ယောက်မှ မကျဘူး၊ တကတဲ အိမ်ကလဲ တောထဲနေတာ နန်းတော်ကျနေတာပဲ'

'ကျွန်တော် အရင် ယဉ်မင်းပိုက် မဟုတ်ဘူး ဖေဖေ၊ တဲ တစ်လုံး ပေါက်တူးတစ်လက်နဲ့ တောထဲမှာ နေနိုင်တယ်'

ယဉ်မင်းပိုက်အသံမှာ ဒေါသဖြင့် ပေါက်ကွဲလာ၏။

'အေး....ဟေ့....နေရစေ မယ်၊ ဘိုးချင်း၊ ဒရိုင်ဘာကို ပြော လိုက် ခုချက်ချင်း ရန်ကုန်ပြန်မယ်၊ မီခင်သန်းရော မင်းရော ပြန်လိုက်ခဲ့၊ ဒီအိမ်က ပစ္စည်းတွေ ဘိုးချင်း ကြည့်သိမ်းထား လိုက်'

အဘိုးကြီး၏ ခြေနင်းသံ ဒုန်းခနဲ ကြားကတည်းက မချို သည် အိမ်ရှေ့တံခါးမကြီးမှ တစ်ချိုးတည်းပင် ပြေးထွက်လာ တော့သည်။ အဘိုးခိုင်းလိုက်သည်ကိုလည်း ဘာမှ လုပ်စရာ မလိုတော့ပေ။ သူ့ အိမ်ရောက်လျှင် လှေကားကို အပြေး အလွှား တက်သွားမိခဲ့၏။

'ဟဲ့....ဟဲ့....မချို ဘာဖြစ်လာလဲ၊ မောင်ချမ်းသာ တွေ့ခဲ့ လား'

မချိုသည် ရှိုက်ရင်းမှ မောနေသည်။

'မချို မပြောရဲဘူး အဘိုး၊ အန်ကယ်...အန်ကယ် စိတ် ဆိုးနေတယ်၊ မချို ကြောက်တယ်၊ သူတို့ ရန်ကုန် ပြန်တော့ မယ်'



မချိုသည် အဆက်အစပ်မရှိ စကားများကို ပြောရင်း ကွာ့ခြူပင် မဆောင်နိုင်၊ သူ့ အခန်းထဲသို့ ဝင်သွားကာ အိပ်ရာ ပေါ်လှဲချလိုက်၏၊ ခေါင်းအုံးကို မျက်နှာအပ်ကာ ငိုနေမိ သည်။

အဘိုးနှင့် ဒေါ်အေးရှင်သည် သူ့ အိပ်ခန်းထဲသို့ လိုက်လာ ကြသည်။

'ငါ့မြေး....မိန်းကလေးရယ် အဘိုးကို ရှင်းအောင် ပြောပြ ပါဦး၊ သူ ဘယ်လိုဖြစ်တာလဲ'

'သူတို့ပြန်ကြတော့မယ် အဘိုးရဲ့'

မချိုသည် ထိုစကားလုံးကိုပင် ထပ်ခါပြောမိ၏၊ အတန် ကြာမှပင် သူလှေကားရင်းမှ ကြားခဲ့သမျှကို ငိုရင်းရှိုက်ရင်းမှ အားလုံးပြောပြလိုက်သည်။ စင်စစ် ယဉ်မင်းပိုက်သာ တခြား လူတစ်ယောက်ဆိုလျှင် သူသည် စိတ်မကောင်းဟန်နှင့်သာ ထို စကားများကို အဘိုးအားပြောပြမိမည်ဖြစ်သည်။ ယခုတော့ ယဉ်မင်းပိုက်ဆိုသူသည် သူ၏ တစ်ဦးတည်းသော ချစ်သူမဟုတ် ပါလား... အဘိုးရိပ်မိလျှင် ရိပ်မိစေတော့ မချိုသည် ကုန်ခြူ ပျက်လောက်အောင်ပင် ရှိုက်ငိုကြွေးနေမိသည်။

တစ်ဖက်ခြံမှ ကားထွက်သွားသံ သဲ့သဲ့ ကြားလိုက်ရသည်။ သူတို့ သွားကြပြီ။

ကားသံသည် ဝေးကြပြီဟူသော အသိကို မချို နှလုံးသား သို့ ပို့လိုက်သောအခါ မချိုသည် ဆတ်ဆတ်တုန်သွားတော့ သည်။

'ဩော်...ဘယ်လိုဖြစ်တာများပါလိမ့်၊ မောင်ချမ်းကလဲ ဒေါသကြီးသကိုးကွယ်၊ ငါနဲ့မှမတွေ့လိုက်ရ၊ ဗီသူ့ယော်ဒီရောက်မှ အနေအထိုင် အလုပ်အကိုင် သိပ်တော်လာတာ၊ ဖြစ်မှ ဖြစ်ရလေ၊ လူငယ် လူရွယ်ဆိုတာတွေကလဲ တယ်....မိန်းမ အလှပ်က ဓာတ်ရှိတယ်သကိုး'

အဘိုးက အဖျင်းတောက်တောက်ပြောကာ အခန်းထဲမှ ထွက်သွား၏။

အဘိုးကြီးကပင် သူ့ချစ်သူအပေါ် မိန်းမပျက်များနှင့် ရှုပ်နေသူဟု ထင်မှတ်နေပါပကော၊ ယခုလိုအထင်ခံရတော့လည်း ချစ်သူဘက်က ခွာတ်ဆတ်ခါ နာလှသည်။ သို့သော်လည်း သူသည် ချစ်သူဘက်က ဘာအထောက်အထားကိုပြ၍ ချစ်သူကို ကာကွယ်ရပါမည်နည်း။ ချစ်သူကိုယ်တိုင်ကရော သန့်မှ သန့်ပါလေစ။

'အို....မချိုလေ'

မချိုသည် ရင်ထဲမှ ချုပ်တည်း၍မရဘိုင်း တစ်ပိုင်းတစ်စ သူ့နှုတ်မှ ထွက်လာ၏။ ယခင်က အဖြစ်အပျက်ကို လုံးဝ မသိရှိပေမင့် ကျွန်မရအောင် မချို ငိုနေသည်ကို မြင်တော့လည်း ဒေါ်အေးရှင်က မသင်္ကာပေ၊ သို့သော် ဓာတ်လမ်းက ဆက်ဖို့ကောင်းချင်မှ ကောင်းတော့မည် ဖြစ်၏။ ထို့ကြောင့် မသိလားနှင့် မသိသလို ဆက်နေလိုက်ဖို့ပင် ဒေါ်အေးရှင်က ဆုံးဖြတ်လိုက်၏။



'တိတ်ပါ မချိုရယ်၊ ရင်းရင်းနှီးနှီး နေလာခဲ့သူတွေဆိုတော့ စိတ်မချမ်းသာစရာပေါ့၊ ညာ ဒေါ်ဒေါ်လဲ အိပ်မပျော်ပါဘူး'

'အစက မတွေ့ခဲ့ကြရင် ကောင်းပါတယ် ဒေါ်ဒေါ်ရယ်၊ မချိုလေ....ဒီကိစ္စကို မသင်္ကာဘူး၊ ကိုကို့မှာ တစ်ခုခု နောက်ကြောင်းရှိတယ် ထင်တယ်၊ သူ့အဖေကြီး စွပ်စွဲသလို မဟုတ်နိုင်ပါဘူးလို့ ရင်ထဲမှာ အလိုလိုထင်နေတယ်၊ အဲဒီ....အဲဒီ အလိုလိုထင်တယ်ဆိုတာကို မချို အခိုင်အလုံလဲ သက်သေမပြနိုင်ဘူး၊ ခက်လိုက်တာနော်....'

မချို စကားလုံးများမှာ ပြည့်သိပ်နေသော ရင်ထဲမှ တစ်ခက် တစ်ပျက် ပွင့်အန်ကျလာခြင်းဖြစ်၏။

'သွားနဲ့အဖေပဲ သူတို့ ဒေါသပြေသွားရင် ဒီခြံကြီးကို ပြန်လာကြမှာပေါ့'

'မချိုတော့ မထင်ဘူး ဒေါ်ဒေါ်၊ ကိုကိုဟာ မွေးစားသားဆို၊ ဒေါ်ခင်သန်းဆိုတဲ့ မိန်းမကြီးကို သံသယ မဖြစ်ဘူးလားဟင်'

မချိုသည် ခေါင်းအုံးမှ မျက်နှာကိုခွာ၍ မေးလိုက်၏။

'အိုး....ဘာသံသယ ဖြစ်စရာလဲကွယ်၊ သူ့တူ သူချစ်လိုက်တာမှ တုန်လို့'

'မချိုတော့ မယုံဘူး၊ ခက်လိုက်တာနော်၊ မယုံတာကိုလဲ မချို ပြစရာ အထောက်အထားလဲ မရှိဘူး'

'အေးကွယ်....သူတို့ အိမ်တွင်းရေး တို့များနဲ့ မဆိုင်ပါဘူး'

'မြေတစ်စပ်တည်း နေပြီး ခြံစည်းရိုးလေး ခြားတာနဲ့ မဆိုင်ဘူးလို့ ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရဲ့၊ ညအမီးဟာ လူနိုင်လို့ လူမနိုင်ရင် မချိုတို့ခြံကိုပါ ကူးမှာမို့လား၊ မဆိုင်ဘူးဆိုတဲ့ စကားကို နောက်မပြောပါနဲ့ ဒေါ်ဒေါ်ရယ်'

ဘိုခလေ....ကိုဘေ....'

မချိုသည် ရှိုက်ရာမှ ငုတ်တုတ်ထိုင်လိုက်ကာ ရဲရင့်စွာ ပြောသည်။

'ဆိုင်သမ သိပ်ဆိုင်တာ ဒေါ်ဒေါ်၊ ကိုကိုခံနေရသမျှ ဒုက္ခဟာလေ မချိုခံစားနေရသလိုပဲ၊ ကိုကို့ ကိုလေ- အခုလို မိန်းမလေး၊ မိန်းမပေါ့တွေနဲ့ အချိန်ဖြုန်းတဲ့အကောင် တကျော့ရှုး အရက်ဘိုး အလုပ်မလုပ်တဲ့ အကောင်လို့ သူ့အဖေတို့ အဘိုးတို့ ဝိုင်းရှုံ့ချနေချိန်မှာမှ မချို ဒေါ်ဒေါ့်ကို ဖွင့်ပြောချင်တယ် သိလား'

ဒေါ်အေးရှင်သည် နတ်ကျသလို တဆတ်ဆတ်တုန်နေသော ဒေါသဖြင့် စကားများကို ပြတ်သားစွာ ဆိုနေသော မချိုကို ကြောင်၍ ကြည့်နေမိ၏။

'မချိုဟာလေ...ကိုကို့ရဲ့ ချစ်သူ၊ မချိုရဲ့ တစ်ဦးတည်းသော ချစ်သူဟာလဲ ကိုကိုပဲ၊ နောက်ကိုလေ မချိုနဲ့မဆိုင်ဘူးလို့ မပြောပါနဲ့ ဒေါ်ဒေါ်ရယ်၊ မချို အသည်းတွေ နာလွန်းလို့ ဆိုစသမှ သိပ်ဆိုင်'

ဒေါ်အေးရှင်သည် ငယ်စဉ်ကတည်းက ချစ်ခင် ယုယခဲ့ရသော မိဘမဲ့ ဤမိန်းကလေး ဤမျှ ငိုကြွေးနေသည်ကို မြင်ရသောအခါ သူပင် ရင်ထဲမှ ဆို့လာ၏။



မချို၏ပခုံးများကို ယုယစွာ ကိုင်လိုက်၏'

'ဒေါ်ဒေါ် စကားမှားရင် ခွင့်လွှတ်ပါ မချို၊ မချို စိတ်ပြေသာအောင်လို့ ဒေါ်ဒေါ် ပြောတာပါကွယ်'

မချိုသည် ရင်မှဖွင့်လိုက်ရတော့လည်း ဒေါ်အေးရှင် ပခုံးကို မျက်နှာအပ်ကာ သွန်ချ၍ ငိုလိုက်ပြန်သည်။

'ကိုကို့ကို ဝိုင်းပစ်ကြတဲ့ မြားမှန်သမျှ မချို အသည်းကို ...င်းလုပ်ပြီး မချို ကာကွယ်မယ် ဒေါ်ဒေါ်၊ တကယ်လို့သာ ...်းမတွေနဲ့ အမြဲ အလေလိုက်သတ်တဲ့ တကျော့ရှုးဆိုရင် ခြံချင်း ...ပြီး လူချင်းလဲ ချစ်နေတဲ့ မချိုကို သူ ခြယ်လှယ်ချင်တိုင်း ...ယ်လှယ်နိုင်တယ်၊ အခွင့်အလမ်းတွေပြည့်လို့ မချိုတို့ခုလောက် ...ခဲ့ပေမင့် သူ မချိုကို လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး ...ါ်ဒေါ်'

'အေးလေ....ဒါက - မချို တစ်ယောက်တည်း သိတာ၊ ...ါ်ဒေါ်တောင်မှ ခုမှ သဘောပေါက်တယ်၊ စောစောပိုင်းက ... အရက်လေး တမြမြနဲ့ မိန်းကလေးတွေနဲ့ ပျော်နေတဲ့လူပေါ့ ...ာလေးလို့ ဒေါ်ဒေါ်လဲ ထင်တာပဲ၊ တစ်နေ့တော့ပြဿနာ ...သွားမှာပေါ့၊ အဘိုးသိသွားရင် မကောင်းဘူး" မချို၊ ...ာ အိပ်ရေးပျက်တယ်ဆိုတဲ့ အရှိန်နဲ့ အေး အေး အိပ် နေ ...င့်'

ကောတုပ်ငှက်ကြီး ဖျောက်ခဲ
လျှင် ဧကာတုပ်တခုတိုး
လျှော်ရမည်။

## (၈)

ချစ်သူ့ကို အကြောင်းပြန်ချင်စိတ်ဖြင့် တစ်ရက် ထုတ်ကာ ပန်လိုက်ရသောကြောင့် အနည်းငယ် နွမ်း၍နေသော စကားဝါပန်းကို မချိုသည် စူးစိုက်ကြည့်မိသည်။ ကျောက်ချဉ်ရေပုလင်းထဲတွင် ပန်းလေးသည် မင်ကို လတ်ဆတ်သော အသွေးအရောင်များ မရှိတော့ပေ။ တချို့ ပွင့်ဖတ်များမှာ ရွှေရည်ရွှေသွေးများလျော့ပါးကာ ညိုရောင်သမ်းနေပေပြီ၊

အိုးလေးကိုကိုင်ကာ ဤပန်းလေး လန်းဆန်းစဉ်က မွေး၍မြဲခဲ့သော ဓာတ်ပုံကလည်း ကျောက်ချဉ်ရေ ပုလင်းအနားတွင် ထောင်လျက်ရှိသည်။ ဓာတ်ပုံထဲတွင် ပန်းပွင့်လေးသည် ပွင့်ဖတ်



များ အနည်းငယ် ပျော့နေသည်ကလွဲ၍ ပင်ကို အသွေးအမွေး ရှိသေးသည်၊ ဖန်ပုလင်းထဲကမူ ညိုရောင်သမ်း၍ နေပေသည်။

ပန်း၏ သခင်မှ အဝေးတွင် ဘယ်လိုများ နေရှာပါ မည်နည်း။ နားတစွင့်စွင့် သတင်းတမျှော်မျှော် နေသော်လည်း ဘာကိုမှ မချို မသိရ၊ ရန်ကုန်သို့သာ မချို ပြေးသွားချင်သည်၊

စကားဝါပန်း ဆိုသည်မှာ လေမသာလပ်စေဘဲ ကျောက်ချဉ်ရေတွင် စိမ်ထားပါမှ အသွေးအရောင်မပျက် နေသည်၊ လေသလပ်မိလျှင် ပြန်၍ ပင်ကိုအရောင် ဖြစ်နိုင်တော့မည် မဟုတ်ပေ။

အတိုး အနားတွင် နေသော မချိုသည် မမြဲဆိုသောတရားကို သိပါ၏၊ ဤပုလင်းထဲရှိ စကားဝါ ပန်းပွင့်လေးကို မနွမ်းစေချင်၊ အရောင် အသွေး ကိုလည်း မလျော့ပါး စေချင်၊ သို့သော် မချိုသည် မမြဲသော၊ ပိုင်သော တရားကို သူ ဘယ်လိုလုပ်၍ တားနိုင်ပါမည်နည်း၊

မချိုသည် ပန်းလေးကို စကားဆိုသည်။

'ဘုရားသော်မှ မတားနိုင်တဲ့ ဖြတ်တဲ့ တရားကို ကိုယ်မတားနိုင်ပါဘူး၊ ဒါပေမင့် ကိုယ့်နှလုံးသားမှာ ပွင့်ခဲ့တဲ့ မင်းသခင်ရဲ့ အချစ်ပန်းကတော့ အစဉ်လန်းနေမှာပါကွယ်'

သို့သော် ပန်းလေးကမူ သူ့အား စကားပြန်၍ မဆိုပါပေ၊

'မချို...ဒီမှာ ဖတ်ကြည့်စမ်း'

ဒေါ်အေးရှင်သည် ပန်းနှင့် စကားပြောနေသော သူ့ထံသို့ သတင်းစာ တစ်စောင် ဆွဲယူလာသည်။

'ခုပဲ....အတိုးကို ဖတ်ပြလို့ အတိုးက သတင်းမေးချင်တယ် ဆိုပြီး ကိုဘိုးချင်း ခေါ်ခိုင်းလိုက်တယ်'

မချိုသည် ဒေါ်အေးရှင် ထောက်ပြသော သတင်းကို ဖတ်လိုက်သည်။

'ဒို....ကိုကို့ကို သားအဖြစ်က ဖြုတ်စဲလိုက်တယ်'

'အေး....အမွေစား အမွေခံ သားအဖြစ်ကပါ ဖြုတ်စဲလိုက်တယ်တဲ့'

မချိုသည် သက်ပြင်းကြီး ချမိသည်။ ငိုတော့ မငိုနိုင်တော့ပေ၊

'မချို အစက ပြောတယ်မို့လား မွေးစားသားဆိုတော့ သူ့ အဖေကြီး အနေနဲ့ သားရင်းလို ဘယ်ခင်တွယ်မလဲ၊ ဟိုတစ်နေ့ ကတည်းက ကိုကိုက ပြောတယ်၊ ကျွန်တော်ဟာ အရင် ယဉ်မင်းပိုက် မဟုတ်ဘူးတဲ့၊ တောထဲမှာ တဲတစ်လုံး ပေါက်တူးတစ်လက်နဲ့ နေနိုင်တဲ့ အကောင်တဲ့၊ ကိုကို ဘယ်များ သွားနေမလဲ မသိဘူးနော်'

'ယောကျ်ားပဲ သူ့မှာ ပညာလဲတတ်၊ သူ့ခြေထောက်လဲ သူ အားကိုးနိုင်ပြီပဲ၊ စိုးရိမ်စရာ မရှိပါဘူး'

ဒေါ်အေးရှင်က ပြောလိုက်သည်။

'မချိုလေ... ကိုကိုနဲ့ တွေ့ချင်တယ် ဒေါ်ဒေါ်၊ ကိုကို့ကို အားလုံးမေးချင်တယ်၊ မချို ကြောက်နေတာ တစ်ခုပဲရှိတယ်၊ အတိုး သူ့အပေါ် ထင်နေတဲ့ သံသယကို သူ ရှင်းပြနိုင်ရစ်



ဦးချမ်းသာ သားမဟုတ်တော့တဲ့ ကိုကို့ကို မချို လက်ထပ်နိုင်ပါတယ်'

'ဖြည်းဖြည်းပေါ့....မိန်းကလေးရယ်၊ အချိန် ရှိပါတယ်၊ မိန်းကလေးတောင် လိုက်စရာ မလိုဘူး၊ သူလာမယ် ထင်ပါတယ်'

'မချိုရေ့...မအေးရှင်'

အတိုး အသံကို ဧည့်ခန်းမှ ကြားရ၍ သူတို့ နှစ်ယောက် အတိုးရှိရာသို့ ထွက်လာကြသည်။

'ပေးစမ်း....ခုန သတင်းစာ'

ဦးဘိုးချင်းမှာ အတိုးရှေ့တွင် ထိုင်လျက်ရှိသည်။

အတိုးသည် သတင်းစာကိုဖြန့်၍ ဦးဘိုးချင်းရှေ့ ချပြလိုက်သည်။

'မောင်ဘိုးချင်းရဲ့ ဘယ်လိုဖြစ်ကြသလဲကွယ်၊ မောင်ချမ်းသာနဲ့လဲ ငါမတွေ့ရ၊ အိမ်ရှေ့ပူ....အိမ်နောက် မချမ်းသာ ဆိုသလိုပဲ'

ဦးဘိုးချင်းသည် အတိုး ထောက်ပြသော သတင်းပိုဒ်ကို ဖတ်လိုက်သည်။

'မနေ့ညက ကျွန်တော့် မိန်းမ မတွေး ရန်ကုန်အိမ်ကြီးဆီ ပြန်လာတယ်....အတိုးရဲ့၊ ဒီက ကိစ္စတွေ ဖြစ်ပျက်ပြီး ဟိုမှာပြန် နေကြတုန်း....ဦးချမ်းသာကလဲ သားကို စိတ်ဆိုးမပြေ၊ ယဉ်မင်း ပိုက်ကလဲ အရက်သောက်ပြီး အိမ်ထဲက မထွက်ဘူးတဲ့၊ စက်ထဲ လဲ မသွားဘူးတဲ့၊ တစ်နေ့က ဦးချမ်းသာ စက်ထဲရှိတုန်း ခေါင်

သန်း ကိစ္စရှိတာနဲ့ လိုက်သွားတာ၊ မနက်လဲကျရော ယဉ်မင်းပိုက်က ခင်မေအောင်ကို ခိုးပြေးသွားရောတဲ့'

'ဟယ်....'

ထို (ဟယ်) ဟူသော အသံမှာ မချို နှုတ်မှရော၊ အတိုး ပါးစပ်မှရော၊ ဒေါ်အေးရှင်ကရော သံပြိုင် ထွက်သွားကြခြင်း ဖြစ်သည်။ မချိုသည် အတိုးရှေ့တွင် မနည်းအားတင်းကာ နားထောင်နေရ၏၊ အံကိုကြိတ်ထားမိ၏၊ အသက်က အလိုလို ရှူ၍မဝ။

'အတိုးကြီးက ယမ်းပုံမီးကျ ဖြစ်တာပေါ့၊ တစ်နေ့ကတည်းက အမေ့ပြတ်ကိစ္စ ဝတ်လုံ ခေါ်လုပ်တာတဲ့၊ သတင်းစာထဲ ဒီနေ့မှ ပါလာတာ၊ မထွေး....ဒီအလာ မခင်သန်းလဲ ဖျားကျန် ရစ်တယ်တဲ့'

'ဘယ်လိုဖြစ်တာလဲ၊ ဒီသူငယ် တယ်သရမ်းပါလား၊ နှမ ဝမ်းကွဲကိုတောင် ခိုးပြေးတော့လဲ ဦးချမ်းသာအဖို့ ဒေါသ ဖြစ်တော့မှာပေါ့'

'အတိုးကလဲ....ယဉ်မင်းပိုက်က မေ့ စားတာသို့'

မချိုသည် တုန်တုန်ယင်ယင်နှင့် ပြန်ပြောရာမှ ကူမြွေလည်း ဆက်မပြောနိုင်ချင်၊ သူ့ချစ်သူကို ဝိုင်းဝန်းမှတ်ချက်ချကြမည့် စကားလုံးများကို မကြားလိုတော့၍ မသိမသာ အသာထကာ နောက်ဖေးလှေကားမှ ခြံထဲသို့ ဆင်းသွားတော့သည်။

မချိုသည် ပုန်းညက်ပင်ရှိရာသို့ လျှောက်ခဲ့၏၊ ဆောင်းရာသီတွင် ပုန်းညက်တို့ မပွင့်ကြ၊ ဝါဆိုဦးကပင် တုံး၍သွားကြပြီဖြစ်သော ပုန်းညက်ပွင့်တို့ကို တွေ့နိုး တွေ့နိုးနှင့်ရှာမိ၏။ ခြော်....



သူ့ဦးခေါင်းတွင် အသိတရားဆိုသည်မှာ ဘာမှမရှိတော့သလို ဟာနေသည်။ ဤရာသီတွင် ပုန်းညက်ပွင့်မ ငံ့တော့ပြီကိုသိလျက် နှင့်လည်း ရှာမိ၏၊ ပုန်းညက်ပင်အောက်မှ သူရှူးလို ခွာခဲ့ကာ စကားဝါပင်များဆီသို့ လျှောက်လာခဲ့ပြန်သည်။

နယုန်လကတည်းက ပွင့်လာသော စကားဝါတို့သည် မိုးနှင့် အတူ ပျောက်ကွယ်သွားကြပြီ၊ တစ်ပင်အောက်တွင် ငုံ့လျှိုး၍ တစ်ပင်အောက်သို့ တိုးခဲ့ပေသော်လည်း သူတွေ့လိုသောပန်းပွင့် လေးများကို မတွေ့ရတော့ပြီ။

ခြော်....မိရှေချို ချစ်သူ ဂုဏ်ပုဒ်ကို ထိခိုက်မှာ စိုးလွန်း၍ ပစ်လွှတ်သမျှသော မြှားတို့ကို အသည်းနှလုံးအား ဒိုင်းလုပ်၍ ကာကွယ်မည်ဟု သူကပြင်ဆင်ခဲ့ရသည်။ သူ့ချစ်သူကမူ သူ့ကို ကျောခိုင်း၍ သွားခဲ့ပြီ။

မည်းမှောင်နေသော ရေနံသုတ် အိမ်ကြီးဆီသို့ မျက်လုံးက ရောက်သွားရပြန်သည်။ ကြာရှည်ရပ်နေဖို့ အားမရှိတော့သလို စကားဝါပင်ကြီးကို မှီထား၏၊

'ရွှေလက်ကယ်....ကိုင်ကာသာ....'

သူ့မျက်နှာပေါ်ဝဲကာ အောင်မြေသာစံ' သီချင်းကို သီဆို ခဲ့သော ယဉ်မင်းပိုက်၊ ယခုတော့ ရွှေပြည်တော်သည် သူ့ အတွက် မျှော်တိုင်းဝေးခဲ့ရပြီတကား....။

ပုဂံခေတ်ဦး ယဉ်မင်းပိုက်ဆိုသော ဘုရင်မှာ ကောင်း တစ်ပါးပေမို့ အချစ်ကလည်း မင်းဆန်ပေမည်၊

ယခု သူချစ်သော ယဉ်မင်းပိုက်သည်လည်း ဘာကြောင့်ဆို ဆန်ဆန် နှမဝမ်းကွဲကိုပင် မဟောသိမြှောက်ခဲ့ပေပြီတကား။

တောလည်ဘွက်သော ပိဋ္ဌိယကျွမ်းလိုလည်း လူသားစစ်စစ်၏ အသည်းနှလုံးကို မြားနှင့်ပစ်ခွင်းရက်တတ်၏။

ဦးကြီးဖြေ့တို့ ပြောနေတာကြားတယ်အေ ၊ဟိုဘက်အိမ်က ယဉ်မင်းပိုက်လေ... သူ့အဖေက အမွေပြတ်လိုက်ပြီတဲ့'

အုန်းလက်ခြောက်များ ကောက်ရန် လာကြသော ရွာသူမိန်းကလေးတို့သည် သူ့ချစ်သူ၏ မကောင်းသတင်းကို ပြောသွားကြပြန်သည်။

'နာမည်ကိုက....ယဉ်မင်းပိုက်တဲ့၊ မှည့်လဲမှည့်တတ်တယ်'

'ဒါပေမင့် လူက သိပ်ချောတာနော်'

'ချောလို့ ကောင်မတွေနဲ့ သိပ်ပွေတာပေါ့၊ ဒီအိမ်ပေါ်မှာ သူ့အဖေမိတဲ့ ကောင်မဆို ဟိုဘက်တောကပေါ့၊ ဟို ပေါ် တော့တော့ နွားနို့လိုက်ပို့တဲ့ ကောင်မလေ'

မချိုသည် သူ့နားနှစ်ဖက်ကို ပိတ်ထားလိုက်၏၊

တောင်လေတို့သည်လည်း မတိုက်ပါနှင့်၊မြောက်ပြန်လေတို့သည်သည်း မပြန်လာပါနှင့်တော့၊

အကာယ်၍ တောင်လေသွေး၍ မြောက်ပြန်လေများလာခဲ့ဦးမည်ဆိုပြန်လျှင်လည်း ချစ်သူ၏ ကောင်းသတင်းကိုသာ ယူလာခဲ့ကြစေချင်သည်၊

(၉)

မြောက်ပြန်လေသည် ဝင်ရောက်လာရာမှ ငြိမ်သက်စပြုလာပေပြီ။

အသစ်ဝင်ရောက်လာသောနှေဦးလေရူးတို့သည် အုန်းလက်ခြောက်များကို တဖြုတ်ဖြုတ် ခြွေချနေကြသော်လည်း မချိုချစ်သူ၏ သတင်းကိုမူ သဲ့သဲ့မျှ စကားမဆိုကြပေ။

ကောင်းသည်ကိုလည်း မကြားရ၊ မကောင်းသည်ကိုလည်း မကြားရ၊ ဤအိမ်အိုမည်း ညိုညိုကြီးကိုသာ မချိုမှာ ကြည့်၍နေရသည်၊ တိတ်ဆိတ်ငြိမ်သက်လွန်းသော အိမ်ကြီးထသည်စကားမဆိုသော အတိုးအိုနှင့်တူလှ၏၊

ကိုကိုသည် နေပဲနေရက်နိုင်လွန်းသည်။ တကယ်ဆို ဖြစ်ကြောင်းကုန်စင်ကို သူ့ထံသို့ စာကလေးပင်ဖြစ်စေ၊ လူကြုံပင်ဖြစ်စေ အကြောင်းကြားသင့်ပါ၏။

လသာနေသောညများတွင် ပုန်းညက်ပင်ကြီးအောက်သို့အမှတ်မထင်လျှောက်သွားမိ၏။ သစ်ရွက်များကြားမှလျှောကျ၍ မြေပြင်တွင် ပြန့်ကြဲနေသော လရောင်စက်များကို အမှတ်မထင် ရေနေမိ၏၊ သူ့ရွှေးနှင့် တူလှချေသည်တကား၊

နွေအချိန်ချည်းပဲ လာကတွင် ဖြစ်နေလျှင် ကောင်းပေသား။ အဘိုးဝေယျာဝစ္စများ၊ ခြံအလုပ်သမားများနှင့် အလုပ်ရှုပ်နေရသော နွေအချိန်ကမှ စိတ်ကို သက်သက်သာသာ နေ၍ရပေသေးသည်၊

ညသို့ရောက်လျှင် ကျွဲပြတင်းအပေါ်တွင် ရပ်မိ၏၊ ရပ်မိပြန်တော့လည်း တစ်ဖက်ရှိ နန်းတော်အိုကြီးကို လည်းကောင်း၊ တစ်ခါက စိုးစံခဲ့သော ယဉ်မင်းပိုက်ဆိုသော မင်းတစ်ပါးအကြောင်းကိုလည်းကောင်း ထပ်ခါတလဲလဲသာတွေးနေမိ၏၊

နော်ရထာခေတ် မတိုင်မီ ပုဂံခေတ်အစောပိုင်းကို ဒဏ္ဍာရီဆန်သောပုံပြင်သဖွယ် နှောင်းလူတို့က လက်ခံကြသည်၊

သူ တွေ့ခဲ့ရသည်က ဒဏ္ဍာရီမဟုတ်၊ သူ့ခေါင်းရင်းဘက်စားပွဲပေါ်ရှိ ပုလင်းထဲတွင် 'ယဉ်မင်းပိုက်ဆိုသူ' အမည်ကိုကမ်းဆန်လှသူထံမှ ပေးရစ်သော ပန်းပွင့်သည်လည်း ရှိနေပေသေး၏၊

ဩော်....မိုးဦးသို့တိုင်၍ စကားဝါပွင့်များ ပွင့်လာကြလျှင် မိချွေချိုအတွက် အဟောင်းကအသစ် ဖြစ်ရဦးမည်၊



တောင်းပန်၍သာရကောင်းလျှင် နွေရက်များကို မကုန်စေချင်၊ မိုးကိုလည်းမရွာစေချင်၊ အသစ်ပွင့်သော စကားဝါပန်းပွင့်တို့ကိုလည်း မတွေ့ချင်တော့ပေ။

သို့သော် ဒေါ်အေးချင်သည် ဇာတ်လမ်း အသစ်တစ်ခုကို ယူလာခဲ့ပြန်သည်။

'မချို၊ မင်းရဲ့ဒေါ်ဒေါ် ဒေါ်တင်ကြည်တို့ သန်ဘက်ခါ လာဦးမတဲ့'

'ဘာလုပ်မလို့လဲ၊ မချိုအိမ်ကို ဘယ်ဧည့်သည်မှ မလာစေချင်ဘူး၊ မချိုလဲ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး'

မချို စိတ်ဝေဒနာကို သိနေသော ဒေါ်အေးရှင်သည် သက်ပြင်းချမိ၏။

'ဒီလိုပေါ့ မချိုရယ်၊ လူ့ပြည်မှာနေတော့လဲ လူ့အလိုက်အထိုက်ပေါ့၊ အဘိုးကို လူကြုံနဲ့ စာပေးလိုက်တယ်'

'လူဆိုရင် ဘယ်လူ့သားနဲ့မှ မတွေ့ချင်ဘူး၊ အဘိုးနဲ့ ဒေါ်ဒေါ်ခတောင် မလွဲသာလို့ သိလား၊ အစကတည်းက ဇယားမရှုပ်ချင်လို့ ပန်းရယ်၊ သစ်ပင်ရယ်နဲ့ပဲ နေပါတယ်၊ တကတဲ.... ဝဋ်ပဲထင်ပါရဲ့ ဒေါ်ဒေါ်ရယ်'

'အေးပေါ့၊ မချို ခဏခဏပြောနေတဲ့ သုဝဏ္ဏသာမ ကြည့်ပါလား၊ သက်နှီးဝတ်ပြီး သမင်တွေနဲ့ အေးအေး ရေခပ်နေတာတောင် ဝဋ်ဆိုက်လာပြီဆိုတော့ ပီဠိယက္ခမင်းဟာ မျက်ဒီလည်ပြီး ရောက်လာရသေးတာပဲ မချိုရယ်၊ ဘုရားအလောင်းလို ပါရမီရင့်သူတွေတောင် ဝဋ်နဲ့ မကင်းသေးတာပဲ'

'မချိုကို ဘာရှားမပြပါနဲ့တော့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ကြည် တို့လာရင်သာ ဟိုအစ်ကိုလေး သန်းခိုန်က ပါလာဦးမှာလား'

'ပါမယ်ထင်တယ် သိထားရမယ်ကိစ္စကို မချို စောစောက သိထားစေချင်တယ်၊ မတင်ကြည် ဒီသိပ်လာချင်တာ သူ့သား မောင်သန်းခိုန်နဲ့ မချိုကိစ္စပေါ့၊ သူက အရင်ကတည်းက ဒေါ် ဒေါ် ကို စကားစနေတာ၊ မချို သဘောလဲ သိချင်နေကြတာ'

'ဟား....ဟား' မချိုသည် ပါးစပ်ဖြဲကာ အသံကြောင်နှင့် ခပ်ခသောသော ရယ်လိုက်၏။ ဒေါ်အေးရှင်မှာ လန့်သွား၏။

'သူ့တွေနဲ့ မတွေ့ချင်ပါဘူးဆိုပါမှ လာလာချည်းသေး ဒုတိယငိုငွေယက္ခလာဦးမယ်ပေါ့၊ ဒီတစ်ခါ သတ္တိရှိရင် လာကြ ပေါ့၊ မချိုလေ သုဝဏ္ဏသာမ မလုပ်တော့ဘူး၊ မချိုက လက်ဦးအောင် ပစ်ထည့်လိုက်မယ်၊ ခုနေခါ လက်ဦးအောင် ပစ်နိုင်တဲ့လူက အနိုင်ယူစတမ်းကိုး ဒေါ်ဒေါ်ရဲ့'

မချိုသည် ခပ်ငေါ်ငေါ် ခပ်သောသောပင် ပြောကာ ဒေါ်အေးရှင် အပါးမှ ထသွားတော့သည်။

\+ \+ \+



ဒေါ်တင်ကြည်တို့ လာသောနေ့တွင်မူ ကိုသန်းခိုန်ပါမလာ တခြားလူစီမ်းတစ်ယောက်ပါပ လာသည်၊ ကိုသန်းခိုန်လောက် အရပ်မမြင့်သော်လည်း ခပ်တောင့်တောင့်နှင့် ပခုံးကျယ်လွန်း၍ ပုတိုတို ဖြစ်နေပုံရသည်၊ မချိုနှင့်တော့ အသက်တူလောက် ရှိပုံ ရသည်၊ သူ့ဆံပင်ရှေ့ပိုင်းမှာ ကြုကြုရှရှနှင့် အမောက်မပီ့တပီ လုပ်၍ထားသည်၊ မီးခိုးရောင် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်မှာ တစ်ရောင်တည်းလိုဖြစ်သည်၊ မျက်မှန်ထူထူတပ်ထား၍ မျက်ခုံး အလှ မပေါ်သော်လည်း နှာတံမြင့်မြင့်မှာ မျက်မှန်အလည် သွယ်ကျနေပေသည်၊

နှုတ်ခမ်းပါး၍ စကားသွက်သွက် ပြောတတ်၏၊ မချိုသည် ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံပေဦးမည်၊ သူတို့လူစုသည် အဘိုး၏ ဧည့်ခန်းတွင် ဖျာချောပေါ်တွင်ထိုင်လျက် ရှိကြသည်၊

မချိုအဖို့ အဘိုးရှေ့ရှိ ဖျာချောပေါ်တွင် ဧည့်သည် စုစုကို မြင်ရတိုင်း ယဉ်မင်းပိုက်တို့ သားအဖတစ်တွေ ပထမဆုံး သူတို့ အိမ်သို့ လာရောက်လည်ပတ်သောနေ့ကို မြင်ယောင်မိရပြန် သည်။

ယခုလည်း သူသည် အဘိုးကျေးနေကျ အုန်းယို၊ လက်ဖက် သုတ်၊ ရေနွေးကြမ်းများကို လာချသည်နှင့် တစ်ပြိုင်နက် ဒေါ်တင်ကြည်သည် နာမည်အဆန်းတစ်ခုကို ဖော်ပြောနေပြန် သည်၊

'အဘိုးရဲ့...သူက မောင်သန်းဒန်နဲ့ ငယ်တော့ပဲ၊ စာရေးဆရာ ရှင်အဂ္ဂဆိုတာ'

အဘိုးသည် ထူးဆန်းသော သတ္တဝါကိုကြည့်သလို ကြည့်လိုက်၏။ အဘိုးမျက်လုံးတွင် ရှင်အဂ္ဂခေါင်းဝယ် အမောင်ကလေး ရှုတတာဖြစ်နေခြင်းမှာ အထူးအဆန်းပင်တည်း။

'ဩော်....ဩော်.... ငယ်ငယ်ရှိသေးသကိုး၊ မောင်သန်းဒန်က ငယ်မယ်ထင်တယ်၊ 'ရှင်' ဆိုတော့ ပဉ္စင်းဆန်ဆန် မှည့်ထားတာပေ၊'

'ရှင်မဟာရဋ္ဌသာရကို သဘောကျလွန်းလို့ အဘိုးရဲ့၊ ကျွန်တော့်နာမည် ရှေ့က 'ရှင်' တပ်ထားတာ၊ ကျွန်တော့်နာမည်ရင်းက မောင်အဂ္ဂပါ'

စာရေးဆရာသည် သွက်လက်စွာ ဖြေ၏။

'ရှင်မဟာရဋ္ဌသာရဆိုတဲ့ ရဟန်းတော်ကတော့ အံ့ဩစရာ ဘဲပေါ့၊ လောကီနဲ့ပတ်သက်လို့ ကဗျာဖွဲ့တော့လဲ တယ်လူသားဆန်ဆန် တွေးတတ်ခေါ်တတ်တယ်၊ လောကုတ္တရာကြောင်း ခြေလှည့်တော့လဲ ဓမ္မသန့်ရှာပေတယ်၊ အဘိုးက သူ့မှာ လောကီသံယောဇဉ်ကို ငယ်ငယ်ရွယ်ရွယ် မနိုင့်တနိုင်အသ ဖြတ်ပြီး လောကုတ္တရာဘက်အကူး သူ့ခံစားရပုံကို ကဗျာဖွဲ့တဲ့ အဖွဲ့လေးတွေကို အဘိုး လူပျိုတုန်းက တယ်ကြိုက်သကွယ်'

'မောင်အဂ္ဂကလဲ ခုခေတ် စာရေးဆရာထဲမှာဆို နာမည်ကျော်ပဲ အဘိုးရဲ့'

ဒေါ်တင်ကြည်က ဆို၏။

'သူ့ဝတ္ထုတွေဆို စာအုပ်နဲ့ ထုတ်ဝေ ရရှိတင် မက ဘူး ရုပ်ရှင်ကုမ္ပဏီတွေကဝယ်လွန်းလို့ ရောင်းမလောက်ဘူး'

'ဩော်....ဩော်'



အဘိုးက ခေါင်းညိတ်ပြ၏။

'ဒါဒါ ခုတလော အပန်းလဲဖြေရင်း ဇိမ်မော်ဘီဘက်မှာ လာရေးချင်သတဲ့၊ ဒေါ်ဒေါ်ကြည် အိမ်တစ်ခုရှာပေးပါ ဆိုလို့ ကျွန်မ ခေါ်လာတာ'

'ချိုချိုတော့ အသိတိုးဦးမယ်'

ကိုသန်းဒန်သည် မချိုဘက် စကားလှည့်လာ၏။

'ကျွန်တော်တို့ ဦးချမ်းသာနဲ့ တွေ့ခဲ့ပြီ၊ သူလဲ သူ့သား ယဉ်မင်းပိုက်အတွက် အတော် စိတ်မကောင်းဖြစ်နေပုံရတယ်'

မချိုသည် ရင်ထဲတွင် နင့်ခနဲ ဖြစ်သွား၏။ သူ့ချစ်သူအကြောင်းကို မည်သူမှ စကားမပြောစေချင်ပေ။

'အဲဒါ သူတို့အိမ်ကို အမြဲတော့ မငှားဘူးတဲ့၊ တစ်လလောက်တော့ အလကားနေချင်နေလို့ ဆိုတယ်၊ အဘိုး...ဒါကြောင့် ကျွန်တော်တို့ ပြရအောင်လာတာ'

ကိုသန်းဒန်က စကားနိဂုံး ချုပ်လိုက်၏။ မချိုသည်စကားဝိုင်းမှ မသိမသာ အသာထသွားသည်။ သူသည် အိမ်ကြီးနှင့်ဝေးနိုင်သမျှ ဝေးအောင် အုန်းပင်တန်းများအဆုံးတွင်ရှိသော ငှယ်ခင်းအထိ လျှောက်သွား၏။

သူ့နောက်မှ ခြေသံတစ်ခုကို ကြားလိုက်ရသည်၊ နောက်ကို လှည့်ကြည့်သောအခါတွင် ကိုသန်းဒန်ကို တွေ့လိုက်ရသည်။

မချိုသည် အားယူ၍ ပြုံးရင်း စကားပြောရပေဦးမည်။

'အစ်ကိုလေး....ဟိုဘက်အိမ်ကြီး နဲ့သွားမကြည့်ဘူးလား'

'မကြည့်ဘူး မချို၊ ဦးမြေဇာကြီးလိုက်ပြလို့ ဒေါ်ဒေါ်ကြည်နဲ့ ကိုဇဂ္ဂသွားကြတယ်'

မချိုသည် ရှေ့ဆက်မသွားဘဲ သစ်ပင်ရိပ်တစ်ခုတွင် ဝင်ထိုင်လိုက်၏။ သူ့အပါးတွင် ကိုသန်းဇန်ပါ ဝင်ထိုင်လိုက်သည်။

'ကြွေကြွေတို့တောင် လိုက်လာမလို့၊ မအားကြတာနဲ့ နောက်တစ်ပတ် တနင်္ဂနွေဆို ဟို မော်ဘီရဲ့ ကျောက်ကလေးလမ်းမကြီးနဲ့ဝေးဝေး ရေသိုးရွာဘက် ပျော်ပွဲစား ထွက်ဖို့ လာကြဦးမယ်။ ကိုအဂ္ဂနုမ မကြည့်မြနဲ့လဲ သူတို့ခင်တာကိုး၊ စံပယ်ဖွဲ့က မေးလိုက်ဘာနော်'

ကိုသန်းဇန်သည် ပန်းရနံ့ကိုရှူလိုက်ရင်း ပြော၏။

'ဒီဘိမ်ကြီး မြင်ရတော့လဲ ကိုယဉ်မင်းပိုက်ကို သတိရနေတယ်။ သူ့အဖြစ်ကလဲ စိတ်မချမ်းသာစရာ'

မချိုသည် ဘာမှပြန်မပြော၊ မြေကြီးကိုသာ တုတ်ချောင်းနှင့် ခြစ်နေလေသည်။

'ဦးချမ်းသာကြီးကတော့ စကားစပ်မပြောပါဘူး၊ အစ်ကိုလေး သိရသလောက် စက်က ကိစ္စတွေကလဲ ပေါ်လာသတဲ့'

'ဘာစက်ကလဲ'

'သူ အရင်လုပ်ခဲ့တဲ့ တိုးကြောင်လေးစက်ကလေ၊ အလုပ်သမားတွေထဲမှာ ဆန်ခိုးဂိုဏ်းရှိသတဲ့၊ ကြိတ်ပြီးသား ဆန်တစ်အိတ်ထဲက တူးဝက်လောက် ခိုးခိုးပြီးမှ အပြင်ထုတ်တာကိုး၊ ရဘာကို သူရယ် ပန်နေရျာရယ် အလုပ်သမားတွေရယ်



ခွဲယူသတဲ့၊ ဆန်အိတ်ပေါင်းက သူတို့စက်မှာ တစ်လ တစ်လ ထောင်သောင်းချီ ကြိတ်နေရတာလား'

မချိုသည် မကြားလိုသော စကားကို လာလာပြောနေသည်ကို ဒေါပွလာ၏။

'အဘိုးကြီးက သူ့ကို လခနဲ့ သုံးစေရတာ၊ သူသုံးတာတွေက တရားလွန်ဆိုတော့ အဘိုးကြီးက မသက်သာတာနဲ့ စစ်ရာက ပေါ်လာတာဆိုပဲ'

'အစ်ကိုလေးကို ဘယ်သူပြောသလဲ'

'စက်ထဲမှာ စာရေးလုပ်တဲ့လူက အစ်ကိုလေး လူနာကိုး'

'မချို သိရသလောက်တော့ ကိုယဉ်မင်းပိုက် အသုံးကြီးတာတော့ အမှန်ပဲ၊ သူလိုတဲ့ငွေကို သူ့အဒေါ် ဒေါ်ခင်သန်းက ထုတ်ပေးတာတဲ့၊ အိုလေ....မှားမှား မှန်မှန် မချိုနဲ့ သူတို့ စီးပွားရေးနဲ့ မဆိုင်ပါဘူး၊ ဒါပေမင့် ကိုယဉ်မင်းပိုက်ကို သူ့အဒေ ဒီလိုလုပ်လိုက်တယ်ဆိုတော့လဲ အဆင်းတွန်းတဲ့ လူတွေ ပြည့်လို့ပေါ့၊ အထူးသဖြင့် ကိုယဉ်မင်းပိုက် စက်မှာ အုပ်ချုပ်စဉ်က သူ ထမင်းကျွေးလို့ စ,တားတဲ့သူတွေက သူ ကျသွားတဲ့ အချိန်ကြရင် ပိုပြီး မကောင်းသတင်း ပြောကြသေးတယ်၊ လူ့ဓမ္မတာပေါ့ အစ်ကိုလေး၊ မချိုတော့ ယဉ်မင်းပိုက် ဆန် တစ်စေ့လဲ မစားခဲ့ဖူးဘူး၊ ယဉ်မင်းပိုက် ခုလို ကစဉ့်ကရဲ ဖြစ်သွားရတဲ့ အခါမှာလဲ သူ့ မကောင်းသတင်းကို ပြောလဲမပြောချင်ဘူး၊ ကြားလဲမကြားချင်ဘူး'

ကိုသန်းဒန် မချိုမကြားလိုသော ယဉ်မင်းပိုက်အကြောင်း ဆက်၍ ပြောမည်စိုးသောကြောင့် မချိုသည် လှည့်ပိတ်လိုက်ခြင်း ဖြစ်၏။

'အေးပေါ့လေ....ချိုချိုအတွက် ရင်းနှီးခဲ့တဲ့ မိတ်ဆွေကိုး ဒါနဲ့ မချိုရဲ့ဓာတ်ပုံကိုတောင် အစ်ကိုလေး အကြီးချဲ့ထားသေးတယ်'

'ဘယ်ဓာတ်ပုံလဲ'

'ဟိုလေ....ရေအိုးလေး ခေါင်းပေါ်တင်ပြီး စကားဝါပန်းလေး နမ်းနေတဲ့ပုံ'

'ဪ... ဪ'

'အဲဒီပုံကို ဧည့်ခန်းမှာ ချိတ်ထားတော့ မြင်သမျှ လူတိုင်းလိုလို သဘောကျတယ်၊ အဲဒီတုန်းက အစ်ကိုလေး ခြံထဲက လတ်လတ်ဆတ်ဆတ် ပန်းတွေ ခူးပေးတာ ချိုချိုကတစ်ပွင့်မှ မယူဘူး၊ ဒီစကားဝါပန်းမှ ခေါင်းကဖြုတ်နမ်းတယ်၊ အစ်ကိုလေး နှင်းဆီတွေဆို ဓာတ်ပုံထဲ သိပ်လှမှာ'

ကိုသန်းဒန်သည် သူ့ကိုစေ့စေ့စိုက်ကြည့်ကာ ပြောပြနေသည်။

မချို နားလည်ပေပြီ။ မချိုသည် ပန်းများ သစ်ပင်များနှင့် အေးချမ်းစွာ တစ်ကိုယ်တည်းနေသူ ဆိုသော်လည်း ယခုတော့ မချို လလားမြောက်လာပေပြီ၊ရေစီးလာသည်ကို မြင်ကတည်းက ခေါင်းကြောင်း ဘယ်ကိုပြောင်းမည်ကို ကြိုတင်သိနေပြီဖြစ်သော မချိုပါပင်တည်း။



ဒေါ်အေးရှင်ကြီးအား သူ ကြေညာခဲ့သလိုပင် သူက အဝံ ဘက်က သူ့ဘဏ္ဍာ မလှုပ်လိုတော့၊ ထို့ကြောင့် သူသည် အလွန် မသိသားဆိုးရွားသော ပိဋ္ဌကျမ်းအဆန် ဓာတ်ခင်းရန် ခြေပြင်လိုက်၏။

'အစ်ကိုလေး ပန်းတွေ ဘယ်လိုပဲလှလှ မချိုက ကိုယ့်ခေါင်းကပန်းမှ ကိုယ်ကြိုက်တာ'

သူသည် မဒို့တရို့ပြုံးကာ ကိုသန်းဒန်ကို တစ်ချက်ကြည့်ကာ ပြောလိုက်၏။

'မချိုခေါင်းက စကားဝါပန်း မလန်းတလန်း တစ်ပတ်နွမ်း သိုပါစေဘာလေး၊ အဲဒါကို ဘာလို့ မချိုကြိုက်လဲ အစ်ကိုလေး သိလား'

'ဘယ်သိမလဲ...မချို'

ကိုသန်းဒန်က သူ့အပြုံးကို သဘောကျ နှစ်ခြိုက်သလို ငေးမောမောလေးလုပ်ရင်း မေး၏။

'မချိုချစ်သူကပေးတဲ့ ပန်းမို့လို့'

ကိုသန်းဒန်မျက်နှာမှာ ရှက်တရက် ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ မချိုသည် သိလိုက်ပါသော်လည်း မသိသလို ဆက်ပြောနေ၏။

'အစ်ကိုလေးရဲ့ မချိုဆိုတာ မောင်နှမမမ်းကွဲတွေ ရှိလား၊ ခုခေတ်ခေတ္တ မောင်နှမချင်း အချစ်ကိစ္စမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့ပဲ နေ့ဘယ်တစ်နေ့ကျမှ ယိုရမှာမဟုတ်လား၊ အဲဒါကြောင့် ဓာတ်ပုံရိုက်တဲ့နေ့ကလေ နှင်းဆီမကြိုက်လို့ နစ်နာမှု လိုက်ဂုဏ မညှာဘာကနတ်ပန်းကြီးပဲ အစ်ကိုလေး ခူးပေးဦး

တော့ မချိုမပန်ကြီးထဲက မနန်းကြီးထဲက၊ မချိုရဲ့ စကားဝါ ပန်းပဲ မချိုနမ်းမှာ’

မချိုသည် ဘာတစ်ခုမှ လှူရေးလှူရာ မသိသော တောသူ ဟန် ဆန်ဆန်ဖြင့် အဝေးကို မျက်စိပြေးဝင်းကာ သူပြောချင် တာတွေကို ပြောချနေ၏၊ ကိုသန်းဒန်အဖို့ နားထောင်ရင်း နား ထောင်ရင်း အသက်ရှူမဝသလို စိတ်ကျဉ်းကျပ်လာသည်၊ ဘာဆက်ပြောရမည်ကိုလည်း သူ ရုတ်တရက်မတွေးတတ်သလို ဖြစ်နေလေသည်၊

‘ရှင်အဂ္ဂတို့ ဟိုဘက်အိမ်က ပြန်လာရင် အဘိုးက ထမင်း များကျွေးချင်ဦးမလားမသိ အစ်ကိုလေးလာ၊ မချိုတို့အိမ်ဘက် သွားရအောင်’

မချိုသည် ဖုတ်ဖက်ခါထကာ ရှေ့က သွားနှင့်တော့သည်၊

ရှင်အဂ္ဂတို့ပြန်လာချိန်တွင် နံနက်စာ မစားကြတော့ဘဲ ရန်ကုန်ကို ပြန်သွားကြ၏၊ ကိုသန်းဒန် အားလပ်ခွင့်ရသော နောက်တစ်ပတ်တွင် ကြေးကြူတို့နှင့် ရေသိုးရွာဘက် ပျော်ပွဲ စားသွားမည်အကြောင်းသာ ဒေါ်တင်ကြည်ရှာ စကားစ သွားခဲ့လေသည်။

‘မချိုရယ်... ဒေါ်တင်ကြည်ကတော့ ရွှေလမ်း ငွေလမ်း အောင်းနေ...ထင်တယ်၊ ဟိုနေ့ကလဲ လာကြည့်းမတဲ့၊ နေ်ကန်း ထောက်ကြ တော့ ချောင်းပေါက်တော့မယ်’

ဒေါ်အေးရှင်သည် ချေ့သည်များ ပြန်ပို့ပြီး အိပ်ထဲရောက် ပြောလိုက်သည်၊



‘အမယ်လေး.... ချောင်းမကလို့ မြစ်ကြီးပဲစီးစီး မချိုက ဒီရေစီးကြောင်းအတိုင်း လိုက်ဦးမှာကိုး ဒေါ်ဒေါ်ရဲ့’

ဒေါ်အေးရှင်သည် မချိုအမူအရာများ သွက်လက် ရဲရင့် ဟန်ကို တအံ့တဩကြည့်နေမိသည်၊

‘အေး....ဒေါ်ကြာ အဘိုးကို သူကိုယ်တိုင် နားဖောက်မှ မချို ဒုက္ခရောက်နေမယ်နော်’

မချို စိတ်မချမ်းသာ ဖြစ်ရမှာကိုလည်း ဒေါ်အေးရှင်က စိုးရိမ်ပေသည်၊

‘ဒေါ်ဒေါ်ကို မချို ပြောခဲ့ပါပကော၊ ထပ်ခါထပ်ခါ ပြောရလွန်းလို့ ပြောရတဲ့လူတောင် ဒီစကားလုံး ပြန်မရွတ် ချင်တော့ဘူး’

‘ဘာလဲ’

‘မချို နောက်ဇာတ်ထုပ်တွေမှာ သုဝဏ္ဏသာမ လုပ်တော့ ဘယ်နှယ် သူများပစ်သမျှမြားတွေ မချိုရင်မှာ စိုက်စိုက်ပြီး ဘုန်းဘုန်းလဲမပြနိုင်တော့ဘူး ဒေါ်ဒေါ်၊ ဟိုရှင်အဂ္ဂကလဲ ကြည့်ကြာရင် တောမှာပွင့်တဲ့ပန်းလေး ဘာလေးနဲ့ မချိုကို ...ပြီးမှာ၊ သူတို့လား မြေကြီးကိုချစ်လှချည်ရဲ့လေး မြေကြီး ...နဲ့ မချိုကို တန်ဖိုးထားပါသလေးနဲ့ တော်ကြာ သူတို့က ...း စဖောက်တာပဲ၊ ခုန အစ်ကိုလေးသန်းဒန်နဲ့ နှစ်ယောက် ...း စံ့ယ်ခင်းအက်ကာပြန်လာတာ ဒေါ်ဒေါ်တွေ့လား’

‘အေး....အဲဒီမှာ မင်းကို သူချစ်တာတွေ ဘာတွေ ပြောမြ ...လား’

‘သူ မပြောခင်က ဒီက မချောစကာ ပြောလိုက်တာ’

'ဘာ'

'ဘာမနေနဲ့၊ မချိုလဲ ရှုတ်တတ် ဖတ်တတ်ပါတယ်၊ မချိုရဲ့ ဟိုစာအုပ်ကို ဒေါ်ဒေါ်မြင်တယ်မို့လား၊ ကောဇာပန်း နမ်း နေတာလေ၊ အဲဒီစာအုပ်ပိုင်ထဲက ကဗျာတွေ နှင်းဆီပန်းတွေ သူ့ခြံက ခူးပေးတယ်၊ မချိုရဲ့ ကောဇာပန်းက နွမ်းနေ လို့တဲ့'

'ဪ...ကြော်'

'မချိုက ပြောတယ်၊ ခေါင်းကပန်းဟာ နွမ်းရုံမကလို့ ဘာဖြစ်နေနေ မချိုခေါင်းကပန်းကိုပဲ မြတ်နိုးမယ်လို့ အခက်ကိုလေးပေးတဲ့ နှင်းဆီပန်းမကလို့ နန္ဒမူလိုက်ဂူထက မချို သက် နွတ်ပန်းပဲ ခူးပေးဦးတော့ မချို မနမ်းဘူးလို့၊ ဘာဖြစ် လို့လဲဆိုတော့ အဲဒီမချိုခေါင်းက ပန်ထားတဲ့ ကောဇာက မချိုရည်းစားကပေးတာမို့လို့လို့ ပြောလိုက်တယ်၊ ကဲ...ပြီး ရော'

မချိုသည် တန်နှင့်ပန်နှင့်ပြောကာ လှေကားသို့ တက် သွားတော့သည်။

ဘုရား...ဘုရား... မိန်းကလေးနှယ် ဗိုးဗိုးဒေါက်ဒေါက် ဘာရင်ကနှင့်မတူ အားလုံး ပြောင်းလဲ၍ သွားပါပကော။ ဒေါ်အေးရှင်သည် ပင့်သက်လေတရှူရှူနှင့် မချိုသွားရာကို လှမ်းကြည့်နေမိသည်။

( ၁၈ )

ရေသိုးရွာသို့ သွားမည့်နေ့တွင်မူ ကိုသန်းဇန်ကားသည် အစောကြီးရောက်လာ၏၊ ကိုသန်းဇန်နှမများပါလာ၍ မချို သည် ဝမ်းသာအားရ ဆီးကြိုမိ၏၊

'မချိုရေ...မိတ်ဆွေသစ်တစ်ယောက် ပါလာပြန်ပြီဟေ့'

ကိုသန်းဇန်သည် ကားရှေ့ပိုင်းမှ သူနှင့်အတူ လိုက်လာ သော သူကို မချိုနှင့် မိတ်ဆက်ပေးသည်၊

'ကိုသိုက်ထွန်း၊ ဒါက ကျွန်တော့်နှမဝမ်းကွဲ ချိုချို၊ ကိုသိုက်ထွန်းကတော့ 'ရောဝတီ' သတင်းစာတိုက်က အယ်ဒီတာ ပေါ့'

မချိုသည် ခေါင်းကိုညိတ်ကာ ချွေသည်သစ်ကို ပြုံးရွှင်စွာ နှုတ်ဆက်လိုက်၏၊ရှင်အဂ္ဂနှင့် မကြည်မြတို့လည်း ပစ္စည်းအစုံနှင့် ရောက်လာကြသည်။ ဒေါ်တင်ကြည် မချိုတို့အိမ်တွင် နေရစ် မည်ဖြစ်၍ ဒေါ်အေးချင်မါ နေရစ်သည်။ ဒေါ်တင်ကြည်က သူ့အကျွက်သူဆင်ကာ နေရစ်ခဲ့ခြင်းဖြစ်ပေသည်။ မချိုတို့ ရေ သိုးရွာသွားနေစဉ်မှာမှ အဘိုးကို ဒေါ်အေးရှင်နှင့်အတူ သား အကြောင်းသမီးအကြောင်း စကားစ ရန်ဖြစ်လေသည်၊

မချိုမှာ ဒေါ်အေးရှင်မပါဘဲ တစ်ယောက်တည်း လိုက်ပါ သွားရမည် ဖြစ်၏။

မချိုသည် ကားပေါ်မတက်ခင် အဘိုးကို အိမ်ပေါ်တွင် နှစ်ယောက်ချင်း ကမ်ပြောသွား၏၊

'အဘိုးတည့်လို့ မချိုလိုက်သာသွားရမှာ အမျိုးတော်ပေမင့် သူတို့ ခဏခဏလာတာ မချိုတော့မကြိုက်ဘူး အဘိုး'

'ငါ့မြေးကလဲကွယ်၊ သူတို့ဒေါ်တာ မထည့်ပြန်လဲ တို့များ ကို ထည့်ဝါတယ်လို့ ထင်ဦးမှာ၊ အမျိုးတွေမို့လား၊ ခုတစ်ခါ လိုက်သွားပေါ့'

စင်စစ် မချိုသည် ဒေါ်တင်ကြည်တို့ လာခြင်းကို မကြိုက် ကြောင်း အဘိုးကိုသွယ်ဝိုက်၍စကားထည့်ခဲ့ခြင်း ဖြစ်ပေသည်။

ကားမှာ ဗတ်ဆန်းကားဖြစ်၍ နောက်ပိုင်းဘေးတိုင်ခုံတွင် မိန်းကလေးများထိုင်ကာ အလည်တွင် စားစရာများထည့်လာ၏၊ ရှေ့ပိုင်းတွင် ကိုသန်းဒန်က ကားမောင်း၍ ဘေးမှရှင်အဂ္ဂ နှင့် ကိုသိုက်ထွန်းတို့ထိုင်ကာ လိုက်ပါလာကြသည်၊



သပြေပင်ရွာ ကိုးလုံးကွင်းရွာနှင့်ဆက်သွားသော ကျေးရွာ များကို ဖြတ်သန်းလာပြီးနောက် တပ်မတော် ဗိုလ်သင်တန်း ကျောင်းရှေ့က လမ်းမကြီးကို ဖြတ်မောင်း၍ လာကြသည်။ လမ်းဘေး စစ်ချီ သီချင်းများကို သီဆိုကာ နံနက် နေခြည်နုနု အောက်တွင် စစ်ရေးလေ့ကျင့်ရန် ချီတက်သွားကြသော ဗိုလ် သင်တန်းကျောင်းသားများကို တွေ့ရသည်။

မော်ဘီလေတပ်အဝင်ဖြစ်သောတာဝလမ်းဆုံသို့ရောက်လျှင် မော်ဘီဘက်ကို ဆက်မမောင်းဘဲ ကားသည် ညာဘက် မြေနီ လမ်းအတိုင်း ကွေ့မောင်းသွားသည်။ ရေဆိုးရွာမှာ ထိုမြေနီ လမ်းမှဆက်ပြီး တောလမ်းအတိုင်းသုံးမိုင်လောက်မောင်းသွား ရ၏။ သခွား၊ ပဲသီး၊ ဘူးဖရုံ၊ ခရမ်း၊ ကြက်ဟင်းခါး အစရှိသော သစ်သီးဝလံစိုက်ပျိုးသည့် ယာသမား ခြံသမားများ နေရာ ဖြစ်သည်။

မချိုအဖို့ နီးလျက်နှင့်ဝေးကာ ထိုနေရာသို့ တစ်ခါမှ မရောက်ဘူးပေ၊

သူတို့ကားလေးသည် မာရပ် အိမ်ငယ်တစ်ခုရှေ့သို့ ထိုးရပ် လိုက်သည့်တစ်ပြိုင်နက် အိမ်အောက်ရှိကြက်များလန့်ပြေးသွားကြ ၏၊ ခြံတွင် ခွေးအနက်အကျားတစ်ကောင် လာဟောင်၍ အိမ်ရှင်နှင့်တူသောအဘွားကြီး ထွက်လာ၏၊

အဘွားကြီးသည် ဘွက်ဘွက်လက်လက် ပြုံးပြုံးရွှင်ရွှင် ဆီး ကြို၏။

'ကိုဘိုးထင်ရေ…မောင်သန်းဒန်တို့ လာပြီထင်တယ်'

'ဟုတ်ကဲ့…ကြီးကြီးဒေါ်စာဉ်'

ကိုသန်းဓန်သော် ပြန်နှုတ်ဆက်ကာ မချိုတို့သင်းရန် ကား နောက်ပိုင်းတံခါးကို လာဖွင့်ပေး၏၊ ချို. မျက်နှာသည် သိပ်ရွှင်ပျပုံ မပေါ်သော်လည်း မချိုကို အထူး အရေးပေးကာ ဆက်ဆံသည်၊

'ော...ချိုချို ပြည်းပြည်းလဲဆင်း'

နောက်မှရပ်နေသော အဒေါ်ကြီးဘက်လှည့်လိုက်ကာမိတ်ဆက်ပေး၏၊ကြီးကြီးက ကျွန်တော်တို့ ကြွေကြွေတို့ကိုသာ မြင်ဖူးနေတာ ချိုချိုကို မမြင်ဖူးသေးဘူး၊ ဒါ ဘိုးရွှေရဲ့မြေးဦးလေးထွန်းမြင့်က မွေးတာလေ၊ ချိုချိုတဲ့'

'ဪ....ဪ....သမီးလေးတစ်ယောက် ကျန်ရစ်တယ်လို့သာ သိတာလား၊ကြီးလှပါပကော၊ လာကြ လာကြ ကြွေကြွေတို့လဲ လာပေ့'

ကိုသန်းဓန်သည် စကားပြောရင်း ချိုချိုနှင့်အတူ လျှောက်လာ၏၊

'သူတို့က ဗီရွာမှာ သူကြီးရဲ့ကိုယ်စားလှယ် ရွာလူကြီးပေါ့ သာလဲလာပါတာပေါ့၊ရန်ကုန်တော့ အကူးအသန်း နည်းသား၊ ချိုချိုဘာလဲ ခြံတွင်းအောင်းနေတော့လူချင်းမဆက်မိနိုင်ဘူး'

မချိုသည် ဘူးဝင်လေးများ၊ပဲခင်းလေးများနှင့် သူတို့အနီးဆင်ခြံထိုင် အေးအေးချမ်းချမ်း မြက်ခင်းလေးများကို မြင်ရ၍ စိတ်သက်သာသလိုရှိသော်လည်း သစ်ပင်ကို တွယ်တာလာခဲ့သည် ဆီကာမှ ခွဲခွာသွားရသော ချစ်သူကို သွမ်းဆွတ်သလို ခံစားသည်၊



အိမ်ပေါ်ရောက်လျှင် ဦးဘိုးထင်က ဆီးကြိုရ၊ သူတို့သည် ထမင်းချောမျှားပေါ်တွင် ခြေဆန့်လက်ဆန့် ထိုင်ကြသည်၊

'ဘာမှ မိန်းကလေးတို့ချက်ဖို့မလိုဘူး၊ ကြီးကြီး အားလုံးလုပ်သွားတယ်၊ မနက်ကတည်းက ဟိုဘက်အိမ်က မမြှိုင်ကလဲ ရန်ကုန်ကဧည့်သည်တွေ လာမယ်ဆိုတာနဲ့ လာကူချက်ထားတယ်'

'အို....ကြီးကြီးကလဲ၊ ပျော်ပွဲစားထွက်တယ်ဆိုတာ ကိုယ့်ဘာကိုယ် ချက်စားချင်လို့လာတာ ကြီးကြီးရဲ'

ကြွေကြွေက ပြုံးရယ်ကာ ပြောလိုက်သည်၊

'ခင်ဗျားတို့ချက်တာက ရန်ကုန်ကျတော့ပေါ့၊ တို့များတော့ ကြီးကြီးလက်ရာပဲစားမယ်၊ ကဲ....ကြီးကြီး၊ သူတို့ချက်ချင်တာ ချက်ရအောင် နေရာသာပေးလိုက်ပ'

ကိုသန်းဓန်ဝင်ပြောလိုက်မှသူကြီးကတော်ကြီးသည်ရယ်မောကာသူတို့ခြံထောင့်တစ်နေရာတွင် နေရာချပေးလိုက်သည်၊

သူတို့အစီအစဉ်က များများစားစားမဟုတ်၊ ထမင်းသုတ်ဟင်းခါးပူပူပင်တည်း။သို့သော် ထမင်းသုတ်မှာဇီဇာကျယ်၏၊ကြက်သွန်ဆီသတ်သုတ် အာလူးပြုတ်သုပြုတ်၊ ထမင်းသုတ်သုချက်နေကြ၏၊ မကြည်မြမှာ ရှင်အဂ္ဂထက်အကြီးဖြစ်ပေသည်။မကြည်မြနှင့်မချိုမှာသတော်သီးပေါ်ထည့်သုတ်ရမည်ဖြစ်၍ အောင်သို့သွားကာ သတော်သီးခူးနေကြသည်၊

သူတို့အနားတွင် ဘူးစင်ကြီးရှိသည်၊ ဘူးစင်အောက်တွင် ပြုတ်နေသူကို မချိုလှမ်းကြည့်နေမိ၏၊ ထိုသူကို မချိုမြင်ဖူးသည်။ အသားညိုညို ခေါင်းတုံးပြောင်ပြောင်နှင့်ကွမ်းအထုပ်

စားလှန်းရှိသွားများနီညိုညိုဖြစ်နေ၏။နွားခေါင်းပိပိနှင့်ပါး
ကလည်းပြဲသေးသည်။အရုပ်ကတော့ခပ်မြင့်မြင့်ပင်တည်း။မ
သည် ဘယ်မှာ မြင်ဖူးပါလိမ့်ဟူ၍ အဖော်များကို မေးရ
ကလည်း ဒေါ်အေးရှင်က မပါလာခဲ့၊ ပါလာသော ချင်း
တို့ မောင်နှမနှင့် ကြေကြေ လူစုကလည်း လူသစ်များဖြ
သူ့အသိုက်အဝန်းကို ကျွမ်းကျင်သူများ မဟုတ်၊

သူတို့သည် သစ်တော်သီးများခူးကာ ပြန်လာကြသည်။
ပုံ နေရာနားတွင် ကွင်ပျစ်ရှိ၍ ကွပ်ပျစ်ပေါ်သို့ သစ်တော်
များ ဖိုလိုက်သည်။ ရှင်အငွမှာ မလိုးတတ် လိုးတတ်နှင့် ကြ
သွန်များ ကူပြီးသင်ပေးနေ၏၊ ကိုသိုက်ထွန်းနှင့် ကိုသန်းဒ
ကြက်သွန်ဖြူ ဥတစ်လုံးများကို ရွေးကာ အခွံ ခွာနေသည်။

ဒေါ်စောဥသည် ရေသယ်ပေးလိုက် ထင်းခြောက်
ရှပေးလိုက် အနားတွင် ပြုံးပြုံး ပြုံးပြုံးနှင့် အဆင်သင့် နေ
နေသည်။

'လူ့လေးတို့ကလဲကွယ်....ကြက်သွန် သင်တာ မိန်းမအ
ပါ၊ ပေးပေး ကြီးကြီးလုပ်မယ်'

'မလုပ်နဲ့....ကြီးကြီး နေပါစေ၊ အိမ်မှာဆို သူတို့ ပေ
ကြော နေတတ်တာ'

မကြည်မြက ဝင်ပြောလိုက်သည်။

'ဟော....မမြိုင်ရေ လာလာ၊ ရန်ကုန်က လူတွေ လာမယ်
လို့ တစ်မနက်လုံး ကြီးကြီးကို လာကူနေတာ'

ဒေါ်စောဥ ညွှန်ပြသော မမြိုင် ဆိုသူမှာ သူတို့ကို ငေး
မောမောင် စိုက်ကြည့်နေသည်။ သူတို့ အားလုံးကလည်း



ဒေါ်မြိုင်ကို တစ်ပြိုင်နက်လိုလို ကြည့်ကြသည်၊ မချို စိတ်ထဲ
မှာမူ ဒေါ်မြိုင်ကို မြင်မြင်ချင်း သူ့ ငိုဇအတိုင်း တစ်ခုခု ထူး
ခြားသလို ရင်ထဲမှ ထင့်ခနဲ ဖြစ်သွားသည်၊ ဒေါ်ဒေါ်မြိုင်သည်
အသက် ငါးဆယ်လောက် ရှိဟန်တူသည်၊ ဆံပင်များ ဖြူဖွေး
၍ နေလောင် ခံနေရသည်ကြားကပင် ဖြူသော အသားမှာ
ထင်းနေသည်၊ အစဉ် နွမ်းနေပုံ ရသော်လည်း အလုပ်ကြမ်း
လုပ်သော လက်ကြီးများမှာ အကြောပြိုင်းပြိုင်း ထနေသည်၊
သူတို့ကို ကြည့်စဉ် ခဏ ပြုံးလိုက်သည်ကို မြင်ရသော်လည်း
သူ့ အပြုံးသည် အတော် အားယူနေရပုံ ရသည်၊

ပိတ်အင်္ကျီ ထူထူ ဖြူဖြူစင်စင်ကိုပင် သပ်သပ်ရပ်ရပ် ဝတ်
ထားသည်၊ သူ့ လုံချည်မှာလည်း တရုတ် တိုဘက်ရှော်ထိုး နှစ်
ကျပ်ခွဲတန် နက်ပြာခံပေါ်၌ အဖြူပွင့်များ ဖြစ်သည်၊ သူသည်
ကွပ်ပျစ် အစွန်းတွင် ထိုင်ကာ ကြက်သွန်ဖြူများကို သင်ရန်
ကိုင်လိုက်သော်လည်း သူ့ မျက်လုံးများကမူ ယောကျ်ားလေး
တစ်သိုက် အပေါ်တွင် အထူး စူးစိုက်ကြည့်၏၊

'ကြက်သားက ကာလသားချက်ဖို့ မောင်ရင်တို့ ကြိုက်မ
မလား'

ဒေါ်မြိုင် အသံသည် ခပ်တိုးတိုး ပေါ်လာသည်။ မချို
ကလည်း ယခင်း သူတို့ အသံနှင့် မတူသော ဒေါ်မြိုင်အသံ
တိုးတိုးညင်းညင်းကို ထူးဆန်းသလို နားထောင်သည်၊

'ကျွန်တော်က တောချက်ကို သိပ်ကြိုက်တာ ဒေါ်ဒေါ်'

ကိုသန်းဇန် အပြေကြောင့် အဒေါ်ကြီး နှစ်ယောက်သည်
ပြုံးလိုက်ပြန်သည်၊

'လူကလေးက အသက် သုံးဆယ်ကျော်ပြီလား'

ကိုသန်းဒန်ကို ကြည့်ကာ ဒေါ်မြိုင်က မေးလိုက်သည်၊

'ဆိုပါတော့ သုံးဆယ်ကျော်ပြီပေါ့ လေး ဆယ်နားတောင် နီးနေပြီ၊ ဆေးကျောင်းတက်နေ အခုလဲ တပ်မတော်မှာ အမှုထမ်းနေနဲ့ ဆိုတော့ စိတ်ပျိုပြီး အရွယ်တင်နေတာပါ'

ဝေဝေက ဝင်ပြောလိုက်သည်၊ ဒေါ်မြိုင်သည် ဖြည်းညင်းစွာ ပင့်သက်ချရင်း အသံတိတ်သွားသည်၊ မချို ခေါင်းထဲမှာတော့ ဘူးစင်အောက်က လူကြီးဆီ စိတ်ရောက်နေသည်၊

'ဒါနဲ့နေဦး... ဗိုလ်သင်တန်းကျောင်း ဒီပြောင်းလာတော့ ဒီနေရာ ပိုပြီး စိုပြည်လာတယ်၊ ကျွန်တော်တို့ လာတုန်းက စစ်သားတွေ သီချင်းဆိုပြီး လျှောက်သွားကြတယ်'

ရှင်အဂ္ဂက ပြောပြနေသည်။

'မောင်ရင်က ရန်ကုန်ကပဲလား'

သူကြီးကတော် ဒေါ်စာဥက ရှင်အဂ္ဂကို ကြည့်ကာ မေးသည်။

'ချိုချိုတို့အိမ်နားမှာနေတယ်....ကြီးကြီးရဲ့၊ စာရေးဆရာ ရှင်အဂ္ဂဆိုတာသူပဲ၊ စာရေးဖို့လာတာ၊ဒီလူကတော့ အယ်ဒီတာကိုသိုက်ထွန်းတဲ့၊ ကျွန်တော် ဒီနေ့လာတာ၊ အယ်ဒီတာတို့ စာရေးဆရာတို့နဲ့ လာတာ၊ ရှင်အဂ္ဂကတော့ ဦးချမ်းသာ အိမ်ကို ငှားနေတယ်'

ကိုသန်းဒန်က ဖြေသည်၊ ဒေါ်မြိုင် ဆိုသူက သူတို့စကားကို စိတ်ဝင်စားလာပုံ ရသည်၊

'ဦးချမ်းသာတို့ ရှိကြသေးလား'



သူ့ အသံ တိုးတိုးနှင့် မေးပြန်သည်၊

'ရန်ကုန်မှာ ရှိပါသေးတယ် ဒေါ်ဒေါ်မြိုင်'

မချိုက ဖြေ၏။

'ဒါနဲ့...မောင်ရင်က ဘာစာတွေရေးလဲ'

သူကြီး ကတော်ကြီး အမေးကြောင့် မိန်းကလေးတသိုက်မှာ သဘောကျသလို ဝါးခနဲ ရယ်လိုက်သည်၊ အမှန်တော့ တောရွာများ ရောက်တိုင်း များသောအားဖြင့် သက်လွန် အမျိုးသမီးကြီး အမျိုးသားကြီးများမှာ ထိုမေးခွန်းကို စာရေး ဆရာ ဆိုသူအား မေးလေ့ မေးထရှိ၏၊ သူတို့အဖို့လည်း ခေတ်ပေါ် ဝတ္ထုများကို ငွေကြေးပေး၍ ဝယ်လေ့ ဖတ်လေ့ မရှိသော ကြောင့် စာရေးခြင်းမှာ အသက်မွေးဝမ်းကျောင်း ပညာ တစ်ခုဟူ၍ မှတ်ယူခြင်း မရှိသည်ကို အံ့ဩစရာ မဟုတ်ပေ၊

'ကိုအဂ္ဂရှင်ကသိပ်အထင်မကြီးနဲ့၊ ရန်ကုန်နားက ဒီလိုကျေးရွာတွေမှာတောင် ရှင်တို့ ဝတ္ထုတွေဟာ ဗန္ဒုလတိုက်က ထုတ်တဲ့ ပင်္ဂါဒီလောက် မစွံ့ဘူး သိလား'

ဝေဝေ က ရယ်မှင်း ပြောနေပြန်သည်၊

'မသိလို့ မေးတာပါ မောင်ရင်ရယ်၊ ငယ်တုန်းကတော့ စာ အနည်းအကျဉ်း ဖတ်ပါတယ်၊ ခုတော့ ယာအလုပ်တစ်ဖက် အိမ်အလုပ်တစ်ဖက်နဲ့ မဖတ်အားဘူး'

'ဟုတ်ပါတယ်... ကြီးကြီးရဲ့၊အမှန်တော့ ဒီလိုကျေးရွာတိုင်းမှာ စာကြည့်တိုက်တစ်ခုနဲ့ စာအုပ်မျိုး စုံရှိသင့်တာပေါ့၊ လူငယ် ရွာသားလေးတွေ အတွက်ပေါ့ခင်ဗျား၊ ခက်တာက နိုင်ငံရေး

သမားတွေဟာ တစ်ယောက်လုပ်တစ်ယောက်ဖျက်နဲ့ဒါလောက် လွယ်လွယ်ကိစ္စမတောင် ကျေးရွာတွေမှာ မဖြစ်နိုင်ခဲ့ကြဘူး'

ဒေါ်မြိုင်သည် မျက်လုံးကြီး ဖျတ်ခနဲပြူးကာ ရှင်အဂ္ဂကို လှမ်းကြည့်လိုက်၏၊ မချိုသည်လည်း ဒေါ်မြိုင်ကို စူးစိုက်ကြည့်နေမိသည်၊

'စာတောင် ကျေးရွာသားတွေဟာ မဖတ်တတ်ဘူး၊ နိုင်ငံရေးသမားတွေတော့ စီဘ်ဖျက်ပါတယ်၊ ဗိလွှတ်လပ်ရေးတောင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး တော်လှန်ခဲ့လို့'

'ဒေါ်ဒေါ် တောင်းပန်ပါရစေ မောင်ရှင်'

အမှတ်မထင် ပေါ်ထွက်လာသော ဒေါ်မြိုင် အသံကြောင့် အားလုံး ဒေါ်မြိုင်ကို စူးစိုက်ကြည့်မိကြ၏။

'ဗိုလ်ချုပ်အောင်ဆန်းဆိုတာကတော့ ဘာမှ ပြောစရာမလိုပါဘူးကွယ်၊ ဒါ....ဗိုလ်ချုပ်ကို ရှေ့ကပြပြီး နောက်အဆက်ကလေးနဲ့ ပတ်သက်လို့ ပြန်ပြောချင်သေးတယ်၊ မောင်ရှင့်အသက်က အတော်ငယ်ပုံရတယ်၊ မောင်ရှင့်အသက်ပတ်ဝန်းကျင် လက်လှမ်းမီရာမှရှိတဲ့ နိုင်ငံရေးဇာန်းပြပြီး လုပ်စားသူ၊ အမှုသည်စားသူတချို့ရဲ့ အကျင့်ပျက်တာနဲ့ နိုင်ငံရေးသမားအားလုံးကို သိမ်းကျုံးမပြောပါနဲ့ မောင်ရှင်'

ကျင်တုန်သင်ယင်နှင့် ဝမ်းနည်းကြေကွဲစွာ ပြောနေသော အသံကြောင့် အားလုံးငြိမ်သက်စွာ နားထောင်နေ၏၊

'မောင်ရှင် အင်္ဂလိပ်နယ်ချဲ့သမားကို တိုက်ရတဲ့ စစ်မဖြစ်ခင်က နိုင်ငံရေး တိုက်ပွဲတွေကို ပါခဲ့ဖူးလား'



ရှင်အဂ္ဂသည် ပါးစပ်အဟောင်းသားနှင့် ကြောင်နေ၏၊ ရှင်အဂ္ဂ အသက်မှာ ထိုစဉ်က လူလားမမြောက်သေးသည်ကို သိ၍ တမင် မေးခြင်း ဖြစ်၏၊

'လွတ်လပ်ရေးနဲ့ တပ်မတော် မြစ်ကြောင်းမကြီးမှာ တစ်ခါက ရှုပ်အနီတွေဝတ်ပြီး စစ်ရေးပြခဲ့ရတဲ့ တို့ဗမာအစည်းအရုံးရဲ့ ဆက်ရုံးတပ် မြစ်လက်တက်ကြီးတစ်ခုက စီးဆင်းလာခဲ့ရတဲ့ အပိုင်းကိုတော့ မောင်ရှင် သိမလားမသိ၊ ဒီတပ်မတော်ရဲ့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းဟာ တစ်ခါက တို့ဗမာ အစည်းအရုံးဝင် သခင်အောင်ဆန်းပဲ၊ နိုင်ငံရေးသမားမှ နိုင်ငံရေးသမား စစ်ပေါ့၊

'အို....ဒေါ်ဒေါ် ဝင်ပြောမိတာ ဝမ်းနည်းပါတယ်၊ နယ်ချဲ့သမားကို လက်နက်မပါဘဲ တိုက်ခိုက်ရစဉ်က အသည်းနာစရာအဖြစ် တွေ့ကြုံခဲ့ရတဲ့သူတွေအဖို့ မောင်ရှင်တို့က ဗိုလ်ချုပ်ကိုရှေ့ကပြတဲ့ပြီး နိုင်ငံရေးသမား ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ အခ်ဖက်သတ်လုံးလုံးကြီး အမြစ်ဖို့ပြောတာကြားတိုင်း ဒေါ်ဒေါ် မချိလှန်းလို့ပါ၊ မဆိုင်တဲ့ ဝင်ပြောမိတာကို ခွင့်လွှတ်ပါ၊ ဒေါ်ဒေါ် သွားမယ်'

မျက်ရည်များလည်ကာ ဒေါ်မြိုင်မှာ ထသွားတော့သည်၊ အားလုံး ကြက်သေသေကာ ကျန်ရစ်ကြ၏၊

'ကြည့်စမ်း....မချိတို့က သူ့ကို တောသူအဖြစ်၊ နလပိန်းတုံးအနေနဲ့ စိတ်မဝင်စားဘဲ နေလိုက်ကြတာ၊ သူ့စကားလုံးတွေက တောသူစကားလုံး မဟုတ်ဘူး အစ်ကိုဆေး'

မချိုသည် ပြူးတူးပြဲတဲနှင့် ငြိမ်သက်ခြင်းကို ဖောက်ဖျက်လိုက်၏၊

'ဟုတ်တယ်၊ ပြောသွားလိုက်တာ ရွှေခေတ်က နိုင်ငံရေးသမားများလားမသိ၊ မောင်အဂ္ဂအဲလဲ ပြောရင် အရမ်းကြီးပဲဟဲ့'

မခြည်ခြုက မောင်လုပ်သူကို မာန်လိုက်၏၊

'ခေတ်လွန်ရေးတစ်ခေတ်တော ဖြုန်း ခနဲ သခွေ့ဟည်ပြီးဖြုန်းခနဲ မွေးလိုက်သလား၊ ဟိုဘုန်းကြ နိုင်ငံရေးလုပ်ရတာတလွှတ်လှန်ရေး ဦးဆောင်ပြီး အငတ်ငတ်အပြတ်ပြတ် လုပ်လာခဲ့ရတာ၊ မင်း မေး မသိတာလဲ မဟုတ်ဘဲနဲ့၊ တစ်ဖက်သတ်စော်ကားသလို စကားမျိုး နောင်ကို မပြောပါနဲ့ မောင်အဂ္ဂ [illegible]'

'[illegible]တော်ကလဲ ဆိုလိုတာကတစ်မျိုး ပြောတာက တစ်မျိုး ဖြစ်သွားတယ် မမြို'

ရှင်အဂ္ဂကလည်း စိတ်မကောင်းဟန်နှင့် ပြောလိုက်လေသည်၊

'ကြီးကြီး၊ အဲဒီဒေါ်မြိုင်ဆိုတာ ဘယ်သူလဲဟ....ဘယ်မှာနေလဲ'

ကိုသန်းဒန်က ဒေါ်စာဥအား မေးလိုက်၏၊

'ဟိုးအက်ခြံကပဲ၊ ကြာလှပြီ ကြီးကြီးတို့နဲ့ နေလာတာ၊ [illegible]က [illegible] အပြောနည်းတယ်၊ တစ်နေ့ တစ်နေ့ ခြံထဲလုပ်ကိုင်လုပ်နေတာပဲ၊ ကြီးကြီးကိုတော့ အင်မတန် ခင်တယ်၊ သူ့[illegible] [illegible]တာဖော့ဘာမှမေးလို့မရဘူး၊ နေ့ဆိုင်မဒေါ်ကောင်း



လဲ ကြီးကြီးတို့ပဲ ပြုစုရတယ်၊ အင်မတန် အေးတဲ့ မိန်းမ၊ ဒီတစ်ခါပဲ စကားရှည်ရှည်နဲ့ ခပ်ခက်ခက်စကားကို ပြောတာကြားဖူးတယ်'

သူကြီးကတော့်ကိုယ်တိုင် တအံ့တသြ ဖြစ်နေပုံရ၏၊

'အေး....နောက်တစ်ခု ထူးဆန်းတာ ရှိသေးသကွယ့်၊ ခါတိုင်းဆို တို့ချား ခြံသမားတွေ နွားလှည်းကိုယ်စီနဲ့ ဟင်းသီးဟင်းရွက် ထွက်သမျှတင်ပြီး ဟိုမင်းတို့ပြောတဲ့ ပိုလ်သင်တန်းနဲ့ လေတပ်လမ်းဆုံ တာဂဆိုတဲ့ နေရာ ခထိ မောင်းသွားပြီး ဟိုကနေ ကုန်စိမ်းကားနဲ့ ရန်ကုန် တင်ပို့ပေးနေကျပဲကွယ့်၊ ခုတလော အဲဒီရောက်ရင် စစ်သားကလေးတွေ စစ်ချီသီချင်းဆိုဆိုပြီး တပ်ထဲ ပြန်ဝင်သွားတာကို နှစ်ခါ သုံးခါလောက်သေသေချာချာ ကြည့်ကြည့်နေသတဲ့၊ နောက် သက်ပြင်းချချပြီး မျက်ရည်တွေ သုတ်သတဲ့၊ အခုတော့ သူ့လှည်းနဲ့နွားကို ဖြုတ်လိုက်ရော၊ အဲဒီကို လုံးဝ မသွားတော့ဘူး၊ သူ့ခြံ ထွက်တာကို စိန်ဗမတို့ အေးရိတို့ လှည်းနဲ့ပဲ ထည့် ပေး နေ တော့တယ်'

'နိုင်ငံရေးတို့ တပ်မတော်တို့ အဆက်ရှိခဲ့ဖူးလိမ့်မယ်'

ကိုသန်းဒန်က ထင်မြင်ချက်ပေးလိုက်၏၊ အားလုံးသည် အသက်ပြင်းပြင်း ရှူလိုက်ကြ၏၊

'ကိုယ်တော့ ဒီလိုဆို မနေတတ်ဘူးဆရာ၊ မချို လိုက်ခဲ့မလား၊ ဒေါ်မြိုင်ကြီးနောက် လိုက်ရအောင်၊ ပြီးတော့မှ မောင်အဂ္ဂ မင်းကိုယ်တိုင် သွားတောင်းပန်'

မကြည်မြသည် ဆိုးဆိုးဆတ်ဆတ်နှင့်ပြောကာ ထလိုက်၏။ မချိုပါ နောက်မှလိုက်သွားတော့သည်။

ဒေါ်မြိုင်သည် သူ့အိမ်ဝေါ်းရင်းဘက် ဘုရားစင်လေး အနားတွင် တရှုပ်ရှုပ် ငိုနေတော့သည်။

'စိတ်မကောင်းလိုက်တာ ဒေါ်ဒေါ်မြိုင်ရယ်၊ ကျွန်မ မောင်ကလေး ငယ်ကငယ် နာမည်ကလဲ တက်တုန်းဆိုတော့ တစ်ချိုတစ်ချို ဆဲဒီလို နွားစွတ် ပြောတတ်တယ်'

မကြည်မြသည် တကယ်ပင် စိတ်ထိခိုက်သွားသည်။ ပါးစပ်မှ တတွတ်တွတ်ပြောရင်း ဒေါ်မြိုင် အနားသို့ ကပ်၍ ထိုင်ချလိုက်သည်။ မချိုကလည်း လူတစ်ယောက်ကိုမြင်လျှင် အကြောင်းမပြတတ်ဘဲ ထူးဆန်းသည်ဟု ရင်ထဲတွင် ထင်တတ်သည်၊ ထို ထင်တတ်သလို ထူးထူးခြားခြား တစ်ခုခုတော့ ထိုသူတွင် ရှိတတ်စမြဲပင်တည်း။ ယခုလည်း ဒေါ်မြိုင်ကို ကြည့်လေသည်မှာ တစ်ခုခုပင်တည်း။

'အို....ဘယ်လိုမှ စိတ်မရှိပါဘူး မိန်းကလေးတို့ရယ်.... ဒေါ်ဒေါ်ဟာ စိတ်ဝေဒနာသမားဆိုတော့ ဒေါ်ဒေါ့် စိတ်ကို ထိခိုက်သွားတတ်တဲ့ အကြောင်းအရာ တစ်ခုခုနဲ့တွေ့ရင် ဒေါ်ဒေါ် ဒီလိုပဲ ဖြစ်သွားတတ်တယ်၊ မဆိုင်ဘဲ ဒေါ်ဒေါ် ဝင်ပြောမိတာကိုပဲ ခွင့်လွှတ်ပါ'

'အို....ကျွန်မတို့က တောင်းပန်ရမှာပါ ဒေါ်ဒေါ်၊ မောင်အငွေလေ သူကိုယ်တိုင် လာတောင်းပန်ဦးမှာ'

မကြည်မြသည် ဒေါ်မြိုင်၏ ဒူးကိုကိုင်ကာ ပြောသည်။



'တောင်းပန်ဖို့ မလိုပါဘူး၊ ဒေါ်ဒေါ့် ဘဝက အားလုံးကို ခွင့်လွှတ်ရမယ်၊ အားလုံးကို မေ့ပစ်ရမယ့် ဘဝပါကွယ်'

အလွမ်းဓာတ်ခံ ရှိသော မချိုသည် မျက်ရည်များ ဝဲလာသည်။

'မချိုကို စပ်စုတယ်လို့ မထင်ပါနဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ကို တွေ့စကတည်းက မချို စိတ်ထဲ ထူးဆန်းနေတယ်၊ ပြီးတော့ ဒေါ်ဒေါ်မြိုင် ပြောတဲ့ စကားလုံးတွေဟာ စာမတတ် ပေမတတ် ယာခင်းထဲမှာ ကြီးလာတဲ့ လေသံမဟုတ်ဘူး၊ မြို့ကြီးသူ အသံ သိပ်ပါတာပဲ၊ ဒေါ်ဒေါ်မြိုင်ရဲ့ ဝေဒနာကို မချိုတို့ မသိရဘူးလား'

မချိုသည် သူကိုယ်တိုင်ကလည်း ကြီးကျယ်သော နိုင်ငံရေးနှင့် မပတ်သက်စေကာမူ သူ့ဘဝတွင် အထိ နာထားသူမို့ ဒေါ်ဒေါ်မြိုင် ဝေဒနာကို စိတ်ကူးနှင့် ကိုယ်ချင်းစာမိသည်။

'ဘာဖြစ်လို့ မေးချင် သိချင်ရတာလဲ မိန်းကလေးရယ်၊ ဒေါ်ဒေါ့်ကို ဒီခနရာမှာ မိန်းကလေးတို့ လာတိုင်း တွေ့ချင်ရင် ဒေါ်ဒေါ့် အကြောင်းကို မမေးပါနဲ့၊ မင်းပြောသလို ငယ်ငယ်တုန်းကတော့ မင်းတို့လို မြို့ကြီးသူ စာတတ်ပေတတ် တစ်ယောက် ဆိုတာပဲ ပြောပါရစေ'

မချိုတို့ နှစ်ယောက်မှာ သက်ပြင်းချ လိုက်သည်။

'ဝါနဲ့....ဟိုစစ်သားလေးတွေ စစ်ချီသီချင်းတွေ ဆိုဆိုသွားနေတာကိုကြည့်ပြီး ဒေါ်ဒေါ် အဲဒီဘက် မသွားဘူးဆို'

မချိုသည် ကြားခဲ့ရသမျှ ပြန်မေးသည်။

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲဟင်....'

ဒေါ်ဒေါ်မြိုင်သည် စပ်စုလွန်းသော မိန်းကလေးကို ကြည့်ကာ သက်ပြင်း ချလိုက်သည်။

'စစ်သားတွေကို မကြည့်ချင်လို့လား'

မချိုသည် တမင် စိတ်ကိုဆွလိုက်သည်။

'အမယ်လေး....မဟုတ်ပါဘူး မိန်းကလေးရယ်၊ ဒီတိုင်းပြည်မတော်နဲ့ ဒီလွတ်လပ်ရေးကို မြင်ချင်လွန်းလို့ ဟိုတုန်းက စွန့်လႊတ်ခဲ့ကြတဲ့ သူတွေပါ၊ ဒါပေမင့် ဒေါ်ဒေါ် ညနေတိုင်း ရောက်လို့ လှည်းမောင်းသွားရင် သူတို့ကလဲ တစ်နေရာရာကနေ စစ်ရေးလေ့ ကျင့်ပြီး ပြန်လာကြရော၊ သူတို့က သီချင်း ဆိုလာကြတယ်၊ သူတို့ သီချင်းကလေ....'

ရဲရဲတောက် တို့မြန်မာပြည်....သတ္တိခဲတွေ၊ ရာဇဝင် ထိုးလောက်အောင် ကျင့်ပေ....တို့တိုင်း တို့ပြည်၊ လွတ်လပ်ရေးကို....' လို့ ဆိုကြတယ်၊ အမှန်တော့ မိန်းကလေးတို့ငယ်သေးလို့ ဒီသီချင်းက အခုမှပေါ်တာ မဟုတ်ဘူးကွယ့်၊ တို့ဗမာ အစည်းအရုံးက ပေါ်ပေါက်လာတဲ့ လက်ရုံးတပ်ဆိုတာ ရှိတယ်၊ အဲဒီ လက်ရုံးတပ်တုန်းက ဆိုတဲ့ စစ်သီချင်းက စကားလုံးကို 'တို့တိုင်းတို့ပြည်၊ လွတ်လပ်ရေး' ဆိုတဲ့နေရာမှာ 'ဗမာ့လက်ရုံး တပ်မတော်သားတွေ....' လို့ ဆိုတယ်'

'ဪ....ဪ....ဒေါ်ဒေါ်မြိုင်က ဒီခေတ်ကို မီတာပေါ့



'အင်း....ညနေတိုင်းဆို ဟိုလေယာဉ်ကွင်းဘက်မှာ တောတန် ကစိမ်းစိမ်း၊ နေကာဝင်၊ ဦးသီချင်းဆိုပြီး စစ်ဖိုလ်လောင်းလေးတွေ ဆိုလာကြသံ၊ အဲဒီ စစ်သားလေးတွေ ပြန်လာကြရင် ဒေါ်ဒေါ် စိတ်ထဲက ဝေဒနာအဟောင်းတွေ အသစ်ဖြစ်လွန်းလို့ ညကျလဲ အိပ်မရဘူးကွယ့်၊ ညအိပ်မရရင် မနက် ယာခင်းထဲ မအောင်းနိုင်ဘူးကွယ့်၊ ဒါကြောင့် အဲဒီဘက်ကို မသွားတော့ဘူး'

မချိုမှာ ဒါ့ထက်ပို၍ စိတ်ဝေဒနာအကြောင်းကို မေးလျှင် ရှိုင်းရာကျမည်စိုး၍ ဆက်မမေးတော့ပေ။

'မကြီးမြိုင် ရေတစ်ခွက်လောက်'

ဘုံးစင်အောက်မှာ မချို တွေ့ခဲ့သော လူကြီးသည် ဖိနပ်ချွတ် အစွန်းတွင်ရပ်ကာ ရေတောင်းနေသည်၊ ဒေါ်မြိုင်သည် မျက်ရည်စများကို အင်္ကျီလက်ဖျားနှင့် အသာတို့၍ ခေါင်းရင်းဘက် ဘုရားစင်တွင် တင်ထားသော သောက်ရေအိုးမှ ရေခပ်ပေးလိုက်လေသည်၊ ထိုလူကြီး ရေသောက်နေစဉ်မှ မချိုသည် မျက်နှာကို စေ့စေ့စပ်စပ် ကြည့်မိသည်၊ ပါးရိုးပေါ်တွင် တစ်ပိုင်းဖြူကာ ရှုံ့တွနေသော ဒဏ်ရာကြီး တစ်ခုကိုလည်း တွေ့ရသည်။

'စိတ်မရှိပါနဲ့ ဦးကြီးရဲ့၊ ဦးကြီးကို မချို တွေ့ဖူးသလိုပဲ'

ထိုလူကြီးမှာ ခွက်ကို ဒေါ်မြိုင်အား လှမ်းပေးကာ မချိုကို ပြန်ကြည့်နေသည်၊

'သူငယ်မတို့က ဘယ်ကလဲ'

'ထောက်ကြံ့က ဆိုပါတော့၊ မချိုတို့ခြံက မော်ဘီဘက်မှာ တဲ့ လမ်းဘေးက ခြံမှာလေ၊ မချိုက အဘိုးရွှေရဲ့မြေး'

မချိုက သွက်လက်စွာ ပြောပြသည်၊

'ဪ....ဪ....မင်းက သိ ထွားတာကိုး၊ ကျုပ်ကို မြင်ဖူးမှာပေါ့၊ ကျုပ်က လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ဦးချမ်းသာ ခြံမှာ အလုပ် လုပ်တဲ့ မောင်စံပယ်'

'အဲ....ဒါကြောင့် မချို ရင်ထဲမှာ ဦးစံနဲ့ တူပါတယ် အောက်မေ့နေတာ၊ အရင်က ဦးစံမျက်နှာမှာ ဒီအမာရွတ်ကြီး မရှိပါဘူး'

ဦးစံဆိုသူသည် မျက်နှာ အနည်းငယ်ပျက်သွားပြီးမှ ဤသို့ ဆည်လိုက်၏၊

'ဟလော့က နွားခြံမှာ ခြင်မီးတည့်ရင်း မီးလောင်သွားလို့ မီးအား ကြီးပြီး ငြိမ်းရာကရတဲ့ ဒဏ်ရာပဲ၊ သွားလိုက်ဦးမယ်၊ အဘိုးတို့ နေကောင်းရဲ့နော်'

'ဟုတ်ကဲ့'

မချိုသည် ထွက်သွားသော ဦးစံကို ငေးကြည့်နေမိ၏၊

'မိန်းကလေးမေးမှ ဦးချမ်းသာခြံမှာ သူ အရင်လုပ်ခဲ့တာ ဒေါ်ဒေါ်မြိုင် သိရတယ်၊ သူ သူကြီးကကော်တို့ဆီမှာ ရောက်လာတာ ခုနစ်နှစ်လောက်ရှိပြီ၊ ဘယ်ကလာတယ်လို့ တစ်ခါမှ မပြောဘူး၊ ဒီမှာတော့ နွားလှည်းမောင်းပြီး ဒေါ်စာဥတို့ ကုန်ပစ္စည်းတွေ တာဝလမ်းဆုံးအထိ ပို့ပို့ပေးတယ်'

သူမ အင်းခင်းပျက်သွားတာနဲ့ အနီကယ် ဦးချမ်းသာက သူ့ကို အသုံးတည့်တာ၊ ဒီအုန်းခြံက ကြိုက်မှုပါတယ်လေ၊



နောက် ဦးချမ်းသားသား ယဉ်မင်းပိုက် ဆက်စိုက်တော့လဲ တလောက မီးလောင်လို့'

မချိုသည် ညည်းညည်းတွားတွား ပြောလိုက်၏၊

'မမြမြကို ခြံစောင့် ဦးဘိုးခင်ကြီးပြောပြတော့ ယဉ်မင်းပိုက်ဟာ အုန်းခြံမီးလောင်လို့ သေးအမြစ်က အမှေ့ပြတ် အစွန့်ခံရတာ မဟုတ်ဘူးတဲ့၊ သူ့နှမဝမ်းကွဲ ခိုးပြေးလို့တဲ့'

မကြည်မြက ဝင်ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါ်မြိုင်ကြီး မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်၊

'ဦးချမ်းသာသားက ယဉ်မင်းပိုက်တဲ့လား၊ သူ့သားကို အမွေပြတ်လိုက်ပြီလား'

မချိုသည် ဤသတင်းမှ ဝေးရာရှောင်ရာသို့ ပြေးသွားပါသော်လည်း ဤသတင်းမှာ သူ့နောက်က ထက်ကြပ်လိုက်နေသလို ဖြစ်နေသည်၊ ယခုလိုဆိုတော့ ကမ္ဘာမြေကြီးကို ကျဉ်းမြောင်းသလို မချိုစိတ်က ထင်လာ၏။

'ဟုတ်ကဲ့...ဒေါ်ဒေါ်မြိုင်၊ မချိုတို့ သွားဦးမယ်'

မချိုသည် ဤဒြွမဆည်နိုင်ဘဲ ထလာခဲ့ပြန်သည်၊ မကြည်မြကတော့ သူ့မောင်အတွက် ဆက်လက်တောင်းပန်ရင်း ကျန်ရစ်ခဲ့တော့သည်။

မကြည်မြသည် ပြန်လာလျှင် ကျန်အုပ်စုအား ဒေါ်မြိုင်အကြောင်း ပြန်ပြောပြ၏။ ထမင်းစားချိန်တွင် ဒေါ်မြိုင်ကို ဒေါ်၍ မရ။ ရှင်အဂ္ဂက ကိုယ်တိုင် ထမင်းဆုပ်နှင့် ဟင်းခါးကို ဒေါ်မြိုင်ထံ သွားပို့ရင်း ကန်တော့ခဲ့သည်ဟု ပြန်ပြောပြ၏၊

မကြည်မြကမူ မောင်လုပ်သူကိုသာ အလုပ်လုပ်ရင်း ဗျစ်တောက်ဗျစ်တောက်နှင့် ဆူနေ၏။ လူငြိမ်ကြီးလုပ်နေသော ကိုသိုက်ထွန်းပင် စိတ်မကောင်းဖြစ်လာပုံပေါ်၏။

'မကြည်မြရယ် စိတ်မကောင်းမဖြစ်နေပါနဲ့တော့၊ ဒီအမှားက ရှင်အဂ္ဂါတစ်ယောက်တည်း မှားတာ မဟုတ်ပါဘူး၊ ခုလဲ ပေါ်မြှင်ကို သူ့ခမျာ သွားတောင်းပန်ခဲ့ပါပြီ'

ရှင်အဂ္ဂမှာ ရွှေနေလိုက်သူပေါ်လာ၍ မျက်နှာပေါ်ပေါ်ရလာတော့သည်။

'အပျိုကြီးတွေ ဒီလိုပဲဗျ'

ကိုသန်းဒန်က ရယ်စရာပေါက်ပြောလိုက်ရ၏၊ မိန်းကလေးအုပ်စုက လက်ဖက်ရည်ကြမ်းနှင့် ရန်ကုန်မှ ဖုတ်ယူလာခဲ့သော ပူတင်းကော်ဖီများကို ယူချလာကြ၏။ သူကြီးနှင့် သူကြီးကတော်လည်း ဝင်စားကြသည်၊

ကိုသိုက်ထွန်းသည် လက်ဖက်ရည်ကြမ်း မော့သောက်ပြီး စကားဆက်ပြော၏၊

'ကျွန်တော်လဲ အယ်ဒီတာလုပ်နေရတော့ ခုလို အပြောင်းအလဲခေတ်မှာ သတိသိပ်ထားပြီး ရေးရတယ် ကိုအဂ္ဂ'

ရှင်အဂ္ဂမှာ စကား သိပ်ဟဟ မပြောဝံ့သလို ဖြစ်နေ၏၊

'ဒီနိုင်ငံရေးသမား ကိစ္စပေါ့'

'ခက်တာကဗျ....'

ကိုသန်းဒန်က ဝင်ဆွေးနွေး၏၊

'ကျွန်တော်က စစ်အင်္ဂလိပ်တာနဲ့ စစ်အက်ကနေ ရှေ့နေလိုက်တယ်လဲ မထင်နဲ့၊ တော်လှန်ရေးကောင်စီတက်စတုန်းက

တော်လှန်ရေးကောင်စီက နိုင်ငံရေးသမားတွေကို အပြစ်ပြောခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်း ပုဂ္ဂိုလ်စွဲ မချုပ်ဖို့ ပြောပြီး ဒီအသံတွေ တိတ်လာပါတယ်၊ ဦးလှချုပ်ကြီးကတောင် နိုင်ငံရေးသမားဟောင်းတွေ ပြန်သုံးသာတာပဲ'

'အဲဒါပြောမလို့ဗျို့၊ နောက်ဆုံးတော့ ကျွန်တော်တို့ ကလောင်သမားတွေပဲဗျ၊ သူတို့က ပိုပြီး နိုင်ငံရေးသမားကို ချလာကြတာပဲ၊ ကျွန်တော့်အနေနဲ့တော့ဗျာ ကောင်းတာရော မကောင်းတာရော ရှိကြတာပဲ၊ ဒီတော့ သူတို့ဟာ တစ်ဖက်စွန်းကို ရောက်မသွားချေဘူး၊ တစ်ခါတစ်ခါ ကျွန်တော်တို့ ကလောင်သမားတွေဟာ တစ်ဖက်စွန်း ရောက်သွားတယ်'

ကိုသိုက်ထွန်းစကားစ ခေတ္တရပ်လျှင် ရှင်အဂ္ဂသည် မကြည်မြကို ဟစ်ချက်ကြည့်ပြီး နည်းနည်းတော့ ပြော၏။

'ကျွန်တော်တို့ခေတ်မှာ တွေ့တဲ့ နိုင်ငံရေးသမားတွေကတော့ ကိုယ်ကျိုးရှာသူတွေများတာကိုး၊ ဒါကြောင့် ကျွန်တော်လဲ လှုတ်ခနဲပြောမိတာပါ'

'အင်းပေါ့၊ ဒါပေမင့် တစ်ခေတ်က အနစ်နာခံလာရတဲ့ သူတွေအဖို့ မကောင်းစကားကြားရတော့ အသည်းနာတာပေါ့၊ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်၊ ငါကကော ဒီလွတ်လပ်ရေးမှာ ဘယ်အပိုင်းက ဘယ်အနေနဲ့ ဘယ်လောက်အနစ်နာခံပါခဲ့သလဲ လို့....'

မကြည်မြသည် ဆန်ရင်းနားနား ဖွပ်နေဟန်တူသည်။

'ဒီလိုရှိတာကိုးဗျ'

ကိုသိုက်ထွန်းက ဆက်ပြောပြ၏။

'ကျွန်တော်တို့တိုင်းပြည်မှာက လက်နက်နဲ့ တော်လှန်တဲ့ အပိုင်းကိုသာ များသောအားဖြင့် သမိုင်းတင်ချင်ကြတာကိုး၊ ရှင်အဂ္ဂကိုလဲ အပြစ်မဆိုပါဘူး၊ ရှင်အဂ္ဂက ကိုယ်တို့ထက်ဆို နှစ်ခေတ်လောက် ငယ်နေတယ် ထင်တယ်ခနော်၊ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ မိန့်ခွန်းမှာကိုက နယ်ချဲ့သမားကို တော်လှန်တဲ့နေရာမှာနိုင်ငံရေးနည်းနဲ့တော်လှန်တဲ့အခါ တော်လှန်ကြတယ်။ နိုင်ငံရေးနည်းနဲ့ရှင်းမရတဲ့အခါ အကြမ်းဆုံးအဆင့်ဖြစ်တဲ့လက်နက်ကိုင်တော်လှန်ပွဲကို တိုက်လာကြတယ်လို့' အပိုင်းနှစ်ပိုင်းခွဲပြောပါတယ်၊ သူကိုယ်တိုင်က လက်နက်ကိုင် တိုက်ပွဲကိုချည်း အသားပေး မပြောခဲ့ပါဘူး'

ရေသီးရွာ ပျော်ပွဲစားမှာ နိုင်ငံရေးဆွေးနွေးပွဲသို့ အဆင့်မြှောင်းလာ၏၊ မချိုသည်ကိုသိုက်ထွန်းစကားကို ပို၍သဘောကျလာပုံရ၏၊ ကြောကြောင့်ကလည်း စိတ်ဝင်စားလာသည်။

နိုင်ငံရေးရဲ့အဓိပ္ပာယ်ကိုက(Science or art of Government) နိုင်ငံအုပ်ချုပ်ရေးသိပ္ပံပညာရပ်လို့ ဆိုလိုတာကို ဒီအုပ်ချုပ်ခံလူတန်းစားက အုပ်ချုပ်သူအပေါ် တော်လှန်တာပဲဖြစ်ဖြစ် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပြဿနာ ရှင်းလင်းတာပဲဖြစ်ဖြစ် လက်နက်မကိုင်ဘဲ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရတာ အင်မတန်ကိုမတတ်နိုင်ပါမှ 'စစ်ရေးအရ' ဆိုတာက အဆင့်ပြောင်းယူရတာကိုး၊ နိုင်ငံရေးသမားဆိုတာက နိုင်ငံရေးပညာရပ်အရ လုပ်ယူရတဲ့သူတွေလား'

ကိုသိုက်ထွန်းက စကားစသတ်ခါ ကော်ဖီသောက်လိုက်၏။



'ဘာမှမဟုတ်ဘူးဗျို့၊ ဒီတိုင်းပြည်မှာက သက္ကာယဒိဋ္ဌိမကွာနိုင်ကြဘူး'

ကိုသန်းဒန်၏ လောကုတ္တရာ ဆန်ဆန် စကားသံကြောင့် သူကြီးမင်းပေ ပါးစပ်ဟလာသည်။

'ရှင်းရှင်းပြောရရင် ကျွန်တော်တို့ ဘီအိုင်အေ ဘီဒီအေ ခေတ်ကပေါ်လာတဲ့လူတွေကလဲ ကျွန်တော်တို့သာ ဂျပန်ပါးချခဲ့ပြီး ဒီဘဲပမတော်ကို မျိုးဗေဒချ ပြီးတော်လှန်ရေးဖန်တီးခဲ့တယ်လို့ ဂုဏ်ယူချင်တာပဲ၊ဟိုနိုင်ငံရေးသမားဟောင်းကြီးတွေကလဲ ဒီနယ်ချဲ့သမားကို သူတို့ကလက်နက်မပါဘဲ အလူးအလဲခံပြီး တော်လှန်ခဲ့ရတာကိုး၊ သူတို့အနေနဲ့လဲ ဂုဏ်ယူချင်တာပေါ့၊ တစ်ခါ ခုခေတ်ပိုင်း ပေါ်ပင်နိုင်ငံရေးသမားတွေကလဲ 'ငါပြစ်တာ' လုပ်ချင်တာပေါ့၊ အမှန်တော့ ကျွန်တော်တို့ထက်တောင် ခေတ်ဟောင်းက သူတို့တွေ သတ္တိရှိသေးတယ်လို့ ဆိုရမှာပေါ့၊ဘာလို့လဲဆို သူတို့က လက်နက်နဲ့လူကို ဗလာသက်သက် အောက်ကနေ ဆော်ရတာလား၊ တစ်ပိုင်းတစ်ပိုင်းစီသာခွဲထုတ်ပြီး ပြောနေကြရင်တော့ အမျိုးသားစည်းလုံးရေးပျက်သွားမှာစိုးရတယ်'

ကိုသန်းဒန်သည် စစ်သားပီပီဆော်တာတွေအုပ်တာတွေနှင့် စကားပြောလာ၍ ဝိုင်းရယ်ကြ၏။

'ယောနိသော မနသိကာယဆိုတဲ့ အသင့်အတင့် နှလုံးသွင်းခြင်းဆိုတဲ့ လမ်းစဉ်တော့ အယ်ဒီတာတစ်ယောက်အနေနဲ့ ကျွန်တော် သဘောအကျဆုံးပဲ'

ကိုသိက်ထွန်းသည် စကားပြောရာမှာ အေးအေးဆေးဆေး အသံနိမ့်တာပီသဘဲ၊ အယ်ဒီတာဆိုသည်မှာ စာရေးဆရာထက် ပညာရပ်ပိုကြွယ်ရပေသည်၊ ဘာသာရပ် မျိုးစုံကိုလည်း တစ်ယောက်တည်းနှင့် အစုံကိုင်ရပေသည်၊

'ကိုအဂ္ဂရေ (Men may come and men may go, but U Kan Thein will go on for ever) ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်း ရွတ်ပြတဲ့ အင်္ဂလိပ်ကဗျာကို သွားသတိရတယ်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှာလေ ဥက္ကဋ္ဌတွေ အတွင်းရေးမှူးတွေသာပြောင်းသွားတာကိုး၊ ဦးကံသိန်းဆိုတဲ့ လူကြီးက ရှင်အဂ္ဂတို့လက်ထက်အထိ ရှိနေတယ်မို့လား၊ အဲဒါ ဗိုလ်ချုပ်အသက်ရှင်စဉ်က တစ်ခါ သမဂ္ဂမှာ မိန့်ခွန်းပြောရင်း အဲဒီကဗျာကို ဦးကံသိန်းနာမည်ထည့်ရွတ်ပြသွားတယ်၊ အခုလဲ အစိုးရဆိုတဲ့လူတွေ အစိုးရနောက်က ပ တီနိုင်ငံရေးသမားတွေ ဆိုတာကတော့ တစ်ယောက်ဆင်းတစ်ယောက်တက်ပဲဗျ၊ ကျတဲ့လူကကျ တက်တဲ့လူကတက်ပဲ၊ ကျွန်တော်တို့စာသမားတွေက သာ တစ်သမတ်တည်း ကျန်ရစ်နေကြရမှာဆိုတော့ ဘယ်နေရာမဆို ယထာဘူတကျကျ သုံးသပ်နိုင်ရင် အကောင်းဆုံးပဲလေ၊ ဒါကြောင့် ကျွန်တော်လဲ ကြိုးလွတ်အောင် နေတယ်၊ဟောဒီ ကိုသန်းဒန်ဆိုတဲ့လူကြီးကသာ မလွတ်နိုင်တာ၊တပ်ရင်း (၆)က ကြိုးနေသေးပါဗျာ'

သူတို့အားလုံး ဝိုင်းရယ်လိုက်ကြ၏။ ညနေစောင်းမှပင် ရေသိုးသွား ပြန်လာခဲ့ကြသည်။မြေနီလမ်းဆုံးသောအခါ သူတို့လူစုသည် ဒေါ်မြိုင်ပြောသလိုပင်တွေ့ရ၏။ ကာဝကားဝိတ်တွင်



ရေသိုးမှလာသောလှည်းများရပ်ကာကုန်ခိစ်းများကိုကားပေါ် သို့ပြောင်း၍ တင်နေကြသည်ကို တွေ့ရသည်။

စိမ်းမြသောမြက်ခင်းပြင်ကြီးသည်အဝေးသို့ပြန့်ကျယ်သွား၏။မိုးကုတ်စက်ဝိုင်းအနားတွင် တောတန်းနှင့် သွား၍ဆုံလေသည်၊ မှုန်ရီသောမြူများမှာ တောအုပ်ခြေတွင် ဖွေးဖွေးရေးရေး မြင်နေရ၏၊ နေလုံးကြီးပင်နီရဲ့ကာ ဝါးရုံစွန်းတွင် နားနေလေပြီ၊

သစ်ကိုင်းများ ခေါင်းမှာထိုးကာ မြက်ခင်းစိမ်းကို ဖြတ်၍ စစ်သားလေးများ သီချင်းဆိုကာ ပြန်လာကြသည်၊

ဒေါ်ဒေါ်မြိုင်ပြောသည်မှာ ထိုမြက်ခင်းပင် ဖြစ်မှန်တွေ၏။ ဝေဒနာရှင် ကာယကံရှင်မပြောနှင့် ကားပေါ်တွင် ပါလာသော မိန်းကလေးတစ်သိုက်ပင် ထိုသဘာဝ၏ ဆည်းဆာပန်းချီကားကိုကြည့်ရင်း ကြည်နူးစရာလော၊ကြေကွဲစရာလော၊ ပြောမပြနိုင်သော ခံစားရချက်သည် သူတို့နှလုံးသားတွင် ပေါ်လာကြသည်။

'မချိုသာ ရှင်အဂ္ဂလို စာရေးဆရာ ဖြစ်ရင်တော့ ဒေါ်ဒေါ်မြိုင်ရဲ့အဖြစ်ကို အသေအချာစုံစမ်းပြီး ဝတ္ထုဖြစ်အောင် ရေးမှာပဲ၊ တော်တော်စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်ထင်တယ်၊ သာမန်စိတ်ဝင်စားစရာထက် သူ့အတွေ့အကြုံက နောင်လာ နောက်သားတို့အတွက် မှတ်လောက်သားလောက်ကလေးများတောင် ပါချင်ပါနေမှာ'

မချိုက စိတ်ဝင်စားစွာပြောပြလာသည်၊

'မိုးခေတ္တကလဲ၊ မစဲဘဲရွာသွန်းဘယ်၊ မြစ်ချောင်းအင်းအိုင်ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်'၊

စစ်သားများ၏စစ်ချီသီချင်းသံသည် အဝေးတွင်ကျန်ရစ်ခဲ့ပေပြီ။

# (၁၁)

ကိုသန်းဒန်တို့ လှေသိုက်သည် မချိုတို့ကို ကြောက်ကြံ့တွင်ထားရစ်ကာ ရန်ကုန်သို့ ဆက်လက် ကားမောင်းသွားကြသည်။

ညတွင် မချိုသည် အဘိုးကိုနှိပ်ရင်းပျော်ပွဲစားထွက်ရာတောင်ကြုံခဲ့ရသည့် ခေါ်မြိုင်အကြောင်းဒရာ ဦးစံကို တွေ့ခဲ့ရပုံကိုပါ အဘိုးအား ပြောပြနေ၏။

'မောင်စံကို ငါတွေ့ချင်ပါသေးသကွယ်၊ ငါမြေးနှယ် ခေါ်ခဲ့ရောပေါ့'

'မချိုလဲ စိတ်ညစ်သွားတာနဲ့ မခေါ်ခဲ့မိဘူး အဘိုး ဒေါ်ဒေါ်မြိုင် အဖြစ်ကလေ မချိုရင်ထဲမှာ မချိုခံစားနေရ သလိုပဲ'

'အေးအေး...မင်းအဖေစိတ်က မင်းမှာ တယ်ပါသကိုး ငါ့မြေးရဲ့အဖေဟာလေ သီလပ်ပြန် ဝတ်လုံတော်ရကြီးသာဆို တယ်၊ ဝတ်လုံလိုက်လို့ ပိုက်ဆံ ဟက်တက်ပက်ပက် သိပ်မရဘူး ခု မချိုမှာ ကျန်ကျစ်ခဲ့တဲ့ ပစ္စည်းတွေက မင်းအမေ့ပစ္စည်း အဘိုးတို့က မိဘများလက်ထက်က ရခဲ့တာတွေကြောင့်ပေါ့ မင်းအဖေက အမှုမရလို့ ပိုက်ဆံမရတာ မဟုတ်ဘူးကွယ့် တစ်ခါမှလဲ နားမနေရဘူး၊ သူ့အမှုသည်တွေ မတရားခံနေ ပြီထင်ရင် သူ့ကခံရသလို စိတ်မချမ်းသာဘူးဆိုပြီး အမှုလိုက် တာပဲ၊ သူ့အမှုသည်တွေက အမွဲအတေတွေ၊ မင်းအဖေက သာယာဝတီက ကွယ်လွန်သွားတဲ့ ဝတ်လုံ သခင်မြတို့လိုပေါ့ အဲဒီတုန်းက သခင်တွေ၊ ကျောင်းသားတွေဆိုတာ အဖမ်းခံ အနှိပ်စက်ခံရ သခင့်မယားတွေဆိုတာ အမှုက ကြာနေရင် ငွေ နေခ၊ ဝတ်လုံခ ဘယ်ပေးနိုင်မလဲ၊ အဲ...မင်းအဖေတို့ သခင်မြတို့က အဲဒီ အမှုတွေလဲ လိုက်ရတာ မနည်းဘူး'

'ဒေါ်မြိုင်အဖို့လဲ ဒီဇာတ်ထုပ်မှာ တစ်ခန်းခန်းက ပါ မှာပဲ အဘိုးရယ်၊ ဒါကြောင့် ရှင်အဂ္ဂစကားကြားတော့ [illegible] [illegible]သွားတယ်ထင်တယ်'

'[illegible]ကလဲ ပြောလွယ် ဆိုလွယ် တယ်ရှိသ ကွယ်၊ [illegible]တို့[illegible]ပွဲဆိုတာ မြစ်ကြောင်းတစ်ခု စီးသလိုပဲ [illegible]နဲ့ သူ့အဆင့်နဲ့သူ စီးလာတာကွယ်၊ တစ်နေ့မှာ



တည်း ကွက်ပြောလို့ ဘာရမလဲ၊ အစကသာချိုရရင်တော့ အင်္ဂလိပ်—မြန်မာ ပထမစစ်ပွဲက စရမှာပဲ၊ ပြီးတော့ တစ်ခါ အဘိုးတို့ငယ်ငယ်က မီလိုက်တဲ့ သီပေါမင်း ပါတော်မူပြီးတဲ့ နောက်ကနေ လွတ်လပ်ရေးရတဲ့အထိပဲ၊ အေး...တစ်ခုတည်း တော်လှန်တဲ့အနေသာ မဟုတ်တယ်၊ ကိုယ့်မျိုးချစ်စိတ် ကိုယ့် ယုံကြည်ချက်နဲ့ အင်္ဂလိပ်ကို ရင်ဆိုင်တော်လှန်ခဲ့ကြတာ သမိုင်း စဉ် တစ်လျှောက်တော့ ပြတ်စဲတယ် မရှိပါဘူး'

'ဓက်ပါတယ် အဘိုးရယ်၊ အဘိုးက ဖေဖေဟာ အင်္ဂလိပ် နယ်ချဲ့သမားနဲ့ သခင်တွေ ရင်ဆိုင်ရတုန်းက သခင်တွေဘက် က ဖေဖေ ရှေ့နေလိုက်ခဲ့တယ်တဲ့၊ မချိုကြတော့ ဝတ်လုံ အတတ်လဲ မတတ်ဘူး၊ မတရားခံနေရတဲ့ လူတွေဘက်က မချို ဘယ်လိုလုပ်ပြီးများ ရှေ့နေ လိုက်ရမလဲကို မသိပါ ဘူး'

သူသည် ညည်းညည်းတွားတွား ပြောလိုက်၏။

'ကဲ....ငါ့မြေး တစ်နေ့လုံး မောလာတာ အိပ်ချင်ရော့မယ် သွားတော့'

မချိုသည် အဘိုးအပါးမှ ထလာခဲ့၏၊ ဒေါ်အေးရှင် အခန်းသို့ ဝင်လာခဲ့သည်။

ဒေါ်အေးရှင်သည် မှန်အိမ်အနားတွင် အံပျဉ်ကြီးချကာ ဆေးလိပ် လိပ်နေသည်။

'အိပ်လဲ အိပ်ချင်ပြီ သိလဲသိချင်လို့ လာမေးရတာ'

ဒေါ်အေးရှင်အားရှိ သပေါ့ဖျာပေါ် လှဲချရင်း မချိုက ပြော၏။

'ဘာမေးမလို့လဲ'

'ဒေါ်ဒေါ် ဒေါ်တင်ကြည်ကြီးရယ် အဘိုးကိုနားဖောက်သွားဖြစ်သေးလား'

လေသံနှိမ့်၍ မချိုက မေးလိုက်၏။

'ထမင်းစားရင်း စကားရိပ် စကားငွေ့တော့ ပြောသွားတယ်ဟဲ့၊ ငါလဲ အဘိုးကို အရိုးနှင့်ရင်း နားထောင်နေတယ်၊ အဘိုးလဲ အိုပြီပေါ့လေ....အဘိုးသာ တိမ်း ပါး သွား ရင် မချိုမှာ ပဒုည်းတွေနဲ့ တစ်ယောက်တည်း ကျန်ရစ်မှာပေါ့၊ သူ့အနေနဲ့က သေးလဲစပ် သူ့မောင်ဝမ်းကွဲ ဦးထွန်းမြင့်က မေးတာ မချိုတစ်ယောက်တည်း ကျန်ရစ်ခဲ့လို့ စိတ်မချတဲ့ အကြောင်းပေါ့'

'ခုလိုဆိုတော့ အဘွားကြီးက အလာကြီးပဲ၊ ဒါနဲ့အဘိုးက ဘာပြန်ပြောလဲ ဟင်'

'အဘိုးက ရယ်စရာဖောက်ပြောတယ်၊ မတင်ကြည်ရယ်.... ငါ့အသက်က ရှစ်ဆယ်ပေမင့် ငါ့ကိုယ်ငါ သယ်ချောက်နှစ်ထင်နေတာပဲ့....တဲ့'

'မချို အကြောင်းကိုမေးတာပါ'

'အေးပါဟဲ့....အဘိုးစကားက သူမသေနိုင် သေဘူးလို့ ပြောတာပေါ့ဟ၊ ပြီးတော့လဲ မချိုဟာ သူ့စိတ်ချမ်းသာအောင် အစဉ်ပြုစုခဲ့တာမို့ မချို စိတ်ချမ်းသာတာကိုလဲ သူ [illegible]ချင်ဘူးတဲ့၊ အနိစ္စတရားကို မလွန်ဆန်နိုင်လို့ သူသေသွားလဲ [illegible]ကိုပေါ့တဲ့၊ မချိုရဲ့အိမ်ထောင်ရေးဟာ မချိုဆန္ဒအတိုင်း [illegible]မှသဲ သူ စိစဉ်ပေးချင်တယ်တဲ့'



'အမယ်လေး....ကျေးဇူးတင်လိုက်တာ အဘိုးရယ်၊ အဘိုးကသာ မချို မောင်သန်းဒန်ကို ယူရမယ်ဆိုရင် မချို ငြင်းနိုင်မလား ဒေါ်ဒေါ်'

'အေးပေါ့....ဒါနဲ့ မချို၊ ဒေါ်ဒေါ် သေသေချာချာ မေးမယ်၊ မင်းတကယ် အိမ်ထောင်မပြုတော့ဘူးလား'

'စကားအဆုံးတော့ မပြောပါရစေနဲ့ဦး ဒေါ်ဒေါ်'

'ဒေါ်ဒေါ် တစ်ခုတော့ပြောမယ်၊ တို့မိန်းကလေးဆိုတာ ဘာတန်းတူ အခွင့်အရေးပေးလို့ ခေတ်ပြောင်းတယ် ပြောပြော၊ များသောအားဖြင့် ချစ်ရေး ကိစ္စမှာ ခံရတဲ့ဘက်ကချည်းပဲ၊ ဒေါ်ဒေါ်ဟာ မချိုရဲ့ အဒေလဲ ဟုတ်တယ်၊ အုပ်ထိန်းသူလဲ ဟုတ်တာပဲ၊ တစ်နေ့က မချို ပြောသလို ဒီတစ်ခါ သူများက မြားနဲ့ပစ်တာတော့ မချိုမခံဘူး၊ မချိုက လက်ဦးအောင် ပစ်ထည့်လိုက်မယ်ဆိုတဲ့ စကားမျိုး မပြောပါနဲ့ မချိုရယ်'

'ဩော်....ဒေါ်ဒေါ်ကလဲ မချို စကားကိုအယူအဆ လွဲပြန်ပြီ ထင်တယ်'

မချိုသည် ဒေါ်အေးရှင်၏ ဖျာပေါ်ကျနေကျသော ဒူးတစ်ဖက်ပေါ်ကို သူ့မေးစေ့တင်လိုက်၏။

'ဒေါ်ဒေါ့်စကားဆုံးအောင် နားထောင်ပါဦး၊ ရည်းစားတစ်ခါပျက်သွားရင်တချို့မိန်းကလေးတွေဟာ ကိုယ့်ရည်းစားကိုမှ စိတ်နာပြီး နောက်ယောကျ်ားလေးတွေကိုတွေ့ရင် သူတို့က ဦးအောင် ကစားချင်ကြတယ်၊ အချစ်ရေးမှာ ကစားတာဟာမီးနဲ့ကစားသလိုပဲ၊ကိုယ့်ကိုယ်ကို ပြန်လောင်တတ်တယ်'

မှုန်မှိုင်းအိမ်ဖြင့် ဒေါ်အေးရှင်ပေါင်ပေါ်မှာ မေးတင်ထားသော မချိုမျက်နှာကို ဒေါ်အေးရှင်က ကြည့်လိုက်၏။ မချိုမျက်လုံးတွင် မျက်ရည်များ စေ့လာသည်ကို မီးရောင်ဖြင့် မြင်နေရသည်။

'မချိုပြောတာက အဓိပ္ပာယ်တစ်မျိုးပါ... ဒေါ်ဒေါ်၊ မချိုလေ ရည်းစားပျက်တာ မဟုတ်ပါဘူး'

မချိုမျက်လုံးမှ မျက်ရည်စများ စီးလာသည်ကို သနစ်ဖက်ထဲသို့ ဆေးရိုးထည့်ရင်း ဒေါ်အေးရှင်က မြင်လိုက်သောအခါ စိတ်မကောင်းဖြစ်သွားမြန်သည်။

'ရည်းစားလဲ မပျက်ဘူး၊ မချိုအချစ်ဟာ မချိုရင်ထဲမှာ မပျက်မစီး တည်နေသေးတယ်၊ မချိုမှာ ဖွင့်ပြောစရာ ဒေါ်ဒေါ် ငဲ ရှိတယ် ယုံပါ၊ တစ်ယောက်ပျက်သွားတာနဲ့ ကျန်တာရှောလိုက်ဆောတယ်ဆိုတာ 'ဆော့'တဲ့ မိန်းမစားတွေရဲ့ သဘောပါ၊ မလွဲမရှောင်သာလို့ တခြားလူတစ်ယောက်ကို လက်ထပ်ရတဲ့ အခရောက်တောင် မချိုအချစ်ဟာ နှစ်လုံးသား တစ်နေရာရာမှာ အမြတ်တနိုး သိမ်းထားမှာပဲ၊ ကိုကို့အပေါ်မှာ မချိုချစ်ခဲ့တာဟာ သူတို့စာဆိုတွေဖွဲ့သလို ယမုံနာတွေ သမုဒ္ဒရာတွေနဲ့ မနိုင်းနိုင်ပါဘူး'

မချိုသည် လက်ဖဝါးဖြင့် မျက်ရည်ကို သုတ်ပြန်သည်။

'မချိုက ဦးအောင်ပစ်ထည့်မယ်ဆိုတာ လက်စားချေတဲ့ အနေနဲ့ တစ်ဖက်လူ မြေမှာ စင်းစင်းလဲသေအောင် ပစ်မယ်ပြောတာမဟုတ်ပါဘူး ဒေါ်ဒေါ်၊ သူတို့ဆီက မြားမလာခင် မချိုတတ်နိုင်သလောက်ကွယ် ထားမယ်လို့ ပြောတာပါ၊ လက်စားချေတာကို မချိုဝါသနာမပါဘူး၊ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ ကတော့လူသားတိုင်း လုပ်ရမယ်၊ လောကမှာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ မလုပ်မိခဲ့လို့၊ လူသားမဆန်ခဲ့မိလို့ သူများတွေပစ်တဲ့ မြားနဲ့မြေပေါ်မှာ တဘုံးဘုံးလဲပြီးသေသွားတဲ့ ဗဏ္ဍာရှိတွေ တစ်ပုံကြီးပဲ၊ လက်စားတော့ မချေဘူးဆိုတာ ဒေါ်ဒေါ်ယုံပါ'

'အေး...လက်စားချေတာဟာ သံသရာကို လည်စေတာပဲ၊ ဓေဝဒတ်ကြည့်ပါလား'

'ဓေဝဒတ်က အမုန်းပွားလို့ သံသရာလည်တာ ဒေါ်ဒေါ်ရေ့...၊ မချိုမှာတော့ အချစ်တွေများလွန်းလို့ သံသရာလည်ရမှာ ထင်ပါရဲ့... ဒေါ်ဒေါ်ရယ်'

'တော်...တော်...မချို မငိုနဲ့တော့၊ ငါမျက်ရည် ကျကျနေတာဒေါ်ဒေါ်မကြည့်ချင်ဘူး၊ သွားအိပ်ချေ'

မချိုသည် ထိုနေရာမှ ထ၍ မသွားပါချေ၊ ဒေါ်အေးရှင်ပေါင်ကို ခေါင်းအုံးထား၍ ခွေလျက် ဆက်လှဲမြဲလှဲနေတော့သည်။

## (၁၂)

'မချိုရေ....မချို....'

ရေခပ်နေသော မချိုသည် မီးဖိုဝမှ အော်ကြီးဟစ်ကျယ် [illegible]ခေါ်နေသော ဒေါ်အေးရှင် အသံကြောင့် အထိတ်[illegible]လန့် ဖြစ်သွားသည်၊ ရေအိုးကိုပင် မသယ်တော့ဘဲ မီးဖိုဆီ[illegible] ပြေးသွားတော့သည်။

ဒေါ်အေးရှင်သည် ဈေးခြင်းတောင်းကြီး အနားချကာ [illegible]ပန်းကြီး ဖြစ်နေသည်။

'[illegible]လို့လဲ....ဒေါ်ဒေါ်'



'ဟဲ့....ဈေးထဲမှာ ဒေါ်ဒေါ် ကြားခဲ့တယ်၊ ရာတန်နဲ့ ငါးဆယ်တန် စက္ကူတွေ မသုံးရတော့ဘူးတဲ့'

မချိုသည် ရုတ်တရက် ကြောင်သွားသည်။

'နင့်အိမ်မှာ ထားတာ ဘယ်လောက် ရှိလဲ၊ အဘိုး လမ်းလျှောက်က ပြန်လာပြီလား၊ အဘိုးကို ပြောပြဦးမှ၊ ရာတန် ငါးဆယ်တန်တွေရှိရင် အစိုးရကို အပ်ရမယ်၊ တခြားငွေအကြွေနဲ့ ပြန်လဲပေးမယ်တဲ့'

အမှန်စင်စစ် မချိုတို့လို နေရာတွင် နေသော ချမ်းသာသူများမှာ လက်ဝတ် လက်စားနှင့် ငွေများကို အိမ်မှာထားကြသည် မဟုတ်၊ ဘဏ် တိုက် များ တွင် သာ အ ထား များကြလေသည်။ ဒေါ်အေးရှင်သည် အဘိုးကိုရှာရန် အုန်းခြံထဲသို့ ထွက်သွားတော့သည်။ မချိုကလည်း ရာတန် ဘယ်နှစ်ရွက် ရှိသည်ကို ကြည့်ရန် အိမ်ပေါ်သို့ တက်လာခဲ့သည်၊ သူ့သေတ္တာထဲတွင် ရာတန်ဆယ့်တစ်ရွက်နှင့် အကြွေ နှစ်ဆယ်ဖိုး လောက် ရှိပေသည်။

မကြာခင် အဘိုးနှင့် ဒေါ်အေးရှင် အိမ်ပေါ်သို့ ရောက်လာကြသည်။

'မိန်းကလေးရေ တို့များ ရာတန် ဘယ်နှစ် ရွက် ရှိ လဲ၊ သတင်းစာကော ရောက်ပလား'

မချိုသည် ရာတန်များကိုင်လျက် အဘိုးဆီသို့ ထွက်လာသည်။

'ဘဏ်က ငွေတော့ ဘယ်လို သဘောထားလဲမသိ'

အဘိုးက မေးလိုက်သည်။

'သတင်းစာအားမှ သတင်း အပြည့်အစုံ သိရမယ် အဘိုးရဲ့၊ ကဲ...ခုရှိသလောက်တော့ သွားလဲရမှာ၊ မချို ဘယ်နှစ်ရွက်လဲ လေး'

'ဆယ့်တစ်ရွက် ဒေါ်ဒေါ်'

'နေဦး...နေဦး၊ အုန်းလက်နဲ့ ပန်းဖိုးတွေ ငါစုစုပြီး ရာတန်နဲ့ လဲထားတာတွေ ရှိသေးတယ်လေ၊ ဝါဆိုသင်္ကန်းကပ်ဖို့'

ဒေါ်အေးရှင်သည် သူ့အိပ်ခန်းထဲသို့ ဝင်သွား၏။

'ဘာဖြစ်ကြတာလဲ မသိဘူး၊ မချိုတို့ ရာတန်တွေ အပ်လိုက်ပြီးတော့ လောလောဆယ်သုံးဖို့ ဘဏ်မှာရှိတဲ့ငွေကို သွားထုတ်သုံးရင် ရမှာထင်တယ်'

'သတင်းစာစောင့်ဖတ်ရမှာပဲ၊ အေးရှင်ကို သေသေချာချာ မှာလိုက်၊ ဌာနာရောက်ရင် ဌာနာအုပ် မောင်ကျွန်းဇော်ကို ဒီနေ့ အားတဲ့အခါ ဒီကို လှည့်လာခဲ့ပါဦးလို့'

ဒေါ်အေးရှင်သည် မျာယီးမျာယာ ထွက်လာ၏။

'အမယ်လေး ....တော်သေးတော်၊ ငါးဆယ်တန် သုံးရွက် တည်းရှိတယ်၊ ကျန်တာက အကြွေတွေမို့လို့ ကဲ....ကဲ....မချို ရေ၊ အဘိုး ကျန်မသွားမယ်နော်၊ သတင်းလဲ စုံအောင် နားထောင်ခဲ့မယ်'

'အေးဟဲ့၊ မောင်ကျွန်းဇော်လဲ အားရင် ဒီဘက်လာခဲ့ပါ ဦး...'

ဒေါ်အေးရှင်သည် ထီးလေး ချိုင်းကြားညှပ်ကာ အိမ် [illegible]ထွက်သွားတော့သည်၊



မကြာခင်ပင် ကားတစ်စီး ထိုးဆိုက်လာ၏၊ ကားမှာ ယခင်က ယဉ်မင်းပိုက်စီးနေသော အိုပယ်ကားလေးဖြစ်၏။ မောင်းသူမှာ ဒရိုင်ဘာ မောင်ခင်ပင် ဖြစ်သော်လည်း ယဉ်မင်းပိုက် ပါမလာချေ။

မချိုသည် ကားအနားသို့ ကပ်သွားလိုက်၏၊

'ကိုမောင်ခင် ဘာ့ကိစ္စလဲ'

'အန်တီ ဒေါ်ခင်သန်းက စာပေးခိုင်းလိုက်လို့ အဘိုးကော ရှိလား'

'ရှိပါတယ်၊ ဒါနဲ့ အန်တီသန်း ဘယ့်နှယ်နေသေးလဲ၊ ဦးဘိုးချင်း ပြောတော့ အိပ်ရာထဲ လဲနေဆို'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒီစာ အဘိုးကို ပေးလိုက်ပါတဲ့၊ ပြီးတော့ အဘိုးကို ဒီကားနဲ့ ခေါ်လာခဲ့ရမတဲ့'

'အဘိုးကို ဒီကားနဲ့ ခေါ်လာခဲ့ရမယ်'

မချိုမှာ နားမလည်သလို ပြန်မေးရင်း စာလေးကိုယူကာ အိမ်ပေါ်သို့ ပြန်တက်လာခဲ့၏၊

'အဘိုး....ဒီစာကို ဖတ်ကြည့်ပါဦး၊ အန်တီ ဒေါ်ခင်သန်းက ပေးလိုက်သတဲ့၊ ကားလဲ လွှတ်လိုက်တယ်၊ အဘိုးကို ခေါ်လာခဲ့ရမတဲ့'

'ဟော....ဘာများ ဖြစ်ကြပြန်သတုံး၊ အေးကွယ့်...သူမမာ နေတာ ကိုမျှားကလဲ "မသွားမိ သူတို့ ပြောင်းသွားကြတာ လေးငါးလတောင် ရှိသွားပြီပေါ့နော်၊ မှန်းစမ်း...မျက်မှန် ယူခဲ့ပါဦး'

အဘိုးသည် စာကိုဆွဲယူကာ ဖတ်လိုက်၏၊

အဘိုး....

မှီသေစွာအကြောင်းကြားပါသည်၊ ကျွန်မ အိပ်... ထဲမှ ယခုစာကိုရေးလိုက်ပါသည်။ ဒီစာရလျှင် အိမ်... လွှတ်လိုက်သောကားနှင့် အဘိုး ရန်ကုန်သို့ လိုက်ခဲ့... လိုပါသည်။

သားသမီးလို သဘောထားကာ ကျွန်မအား ကူ... စေလိုပါသည်၊ ကိစ္စအရေးကြီး၍ ဖြစ်ပါသည်၊

ကျွန်းမာ ချမ်းသာပါစေ....

မခင်သ...

'ဘာကိစ္စရှိလို့လဲ မသိဘူးနော် အဘိုး'

စာဆုံးလျှင် မချိုက မေးလိုက်၏၊

'ဘေးဟဲ့....ထူး ထူး ဆန်း ဆန်း တစ် ယောက် နဲ့ တစ်... ယောက် မကောင်းရာ မကောင်းကြောင်းတွေဆိုတော့ သွားရဦး... မှာပေါ့'

'အဘိုးတစ်ယောက်တည်း လိုက်သွားလို့ ဖြစ်ပါ့မလား၊ မချို လိုက်ရအောင်လဲ ဒေါ်ဒေါ်လဲ အိမ်မှာမရှိဘူး'

'ကိစ္စမရှိပါဘူး မိန်းကလေးရယ်၊ မိုးမချုပ်ခင် ပြန်ပို့ခိုင်း... မယ်'

'ဘ...ဒေါ် အဘိုး မူးပြူးနေဦးမယ်'

မချိုမှာ အဘိုးကို တစ်ယောက်တည်း လွှတ်လိုက်ရမှာ... ...ဖြစ်နေသည်၊

...အတွက် ခေါင်းမော်ခင်နှင့် အပေါ်အင်္ကျီ ပုဆိုးများ ...



'စိတ်ချပါကွယ် တစ်ခါတည်း မောင်ချမ်းသာကို ငွေစက္ကူ... ...ကိစ္စလဲ စုံစမ်းခဲ့မယ်၊ သူ...ရန်ကုန်ဆိုတော့ သတင်းအစုံ... ...သိမယ်၊ အဘိုးအပြန် အဖော်ကိုလဲ သူတို့အိမ်က တစ်ယောက် ...ယောက် ထည့်ခိုင်းမယ်၊ ဒါမှမဟုတ် မတင်ကြည် တယ်လီ... ...ဖုန်း ဆက်ခေါ်လိုက်မယ်၊ ကဲ....သွားမယ်'

အဘိုးသည် အဝတ်အစားလဲပြီး သူ့တုတ်ကောက်ကြီးနှင့် ...ရှေ့မှဆင်းသွားနှင့်၏၊ မချိုသည် အဘိုးကို ကားထဲအထိ လိုက်၍ပို့လိုက်လေသည်၊

မချိုသည် မီးဖိုထဲဝင်သွား၏ ဒေါ်ဒေါ်အေးရှင် ထားခဲ့သော ...စျေးခြင်းတောင်းထဲရှိ ဟင်းချက်စရာများကို ဟင်းဖြစ်အောင် ...ချမ်ရဦးမည်ဖြစ်သည်၊

ထစ်ယောက်တည်း ငါးကိုင်နေစဉ်တွင်ပင် တစ်ဖက်ခြံမှ ...ဆူညံဆူညံ' အသံများနှင့်အတူ ဦးဘိုးချင်းအသံ ထွက်လာ ...ပြန်သည်။

'မချိုရေ....မချို'

'ရှင်....ဒီတစ်မနက်လုံး ဘာများဖြစ်နေပါလိမ့်'

မချိုသည် မီးဖိုမှထွက်ကာ ပုန်းညက်ပင်အောက်သို့ကြည့် လိုက်၏၊ ဦးဘိုးချင်းနှင့် မိန်းကလေး နှစ်ယောက်၊ ခေါင်း ပေါင်း တစ်ပတ်နွမ်းနှင့် လူကြီးတစ်ယောက်လည်း ပါလာ သည်၊

မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်မှာ မချိုထက် နည်းနည်းငယ်မည်ဖြစ်၍ ညိုညိုတုတ်တုတ်နှင့် ဖြင့်ဖွားသလိုရှိ၏၊ ကျန် မိန်းကလေးတစ်ယောက်မှာ အသက်လေးဆယ်လောက်

နှဲ့ အရပ်မြင့်မြင့် ပိန်ပိန် မည်းခြောက်ခြောက် ရှိလှသ... အထက်အစားမှာ နှစ်ယောက်စလုံး စုတ်စုတ် နုပ် နုပ် ... တည်း။

'ဦးဘိုးချင်း၊ ဘာဖြစ်လာပြန်သလဲ၊ ဟိုကွပ်ပျစ်မှာထိုင်... လေ'

မချိုသည် အိမ်ရှေ့ဘက် လှေကားနားရှိ ကွပ်ပျစ်ဆီ... ခေါ်သွား၏။

'မပြော မပြောချင်ပါဘူး မိချိုရယ်၊ ခုန ဒရိုင်ဘာ ... ခင် လာတာ အဘိုးခေါ်သွားပြီလား'

'ခေါ်သွားပြီ'

'အင်း....ဖြစ်ရမယ်၊ ကောင်မလေးတွေထိုင်ကြစမ်း၊ သူ... ထိုင်လေ၊ ဇာတ်ထုပ်က ခပ်ရှုပ်ရှုပ် မြချိုရေ၊ ဟော... ဆတ်သွားတော့က သူကြီး ဦးကံဘော်တဲ့'

'ဩော်....ဩော်'

'ဟောဒီ သူငယ်မ နှစ်ယောက်က အငယ်က မချစ်ပု... အကြီးမက ဘယ်သူ'

'ကျွန်မနာမည် အေးစိန်'

ပိန်ခြောက်ခြောက်မိန်းမက ခပ်သွက်သွက် ဖြေလိုက်... မချိုမှာ စိတ်ထဲမှ ရယ်ချင်သွား၏။ သူ့ရှေ့တွင် ဘာ... လာဖြစ်မှန်း မသိပေ။

'ကဲ....သူကြီးရာ ပြောပြလိုက်ပါဦး'

ဦးဘိုးချင်းသည် သူကြီးကို တာစနော်လှဲလိုက်ပြန်၏။ ... ... ဘိုးရွှေရကို အသားလုံး ချစ်ကြည်ညိုမှု မ...



ကို တိုးရှေ့၊ မြေးအနေနှင့် သူကြီးကလည်း တရိုတသေပြော ပြန်၏။

'အဖြစ်က ဒီလို မိန်းကလေးရဲ့၊ ဟောဟိုသူငယ်မ ချစ်ပုက ဒီနေ့ ငွေတွေ မသုံးရဘူးဆိုတော့ သူ့မှာ စုထားတဲ့ငွေ လေး ငါးရာ ရှိသကွယ့်၊ ရာတန်ချည်းပဲ၊ အဲဒါကို သတင်းကြား တော့ လိုချင်တယ်၊ ဘယ်သွားလဲရမယ် မသိဘူး၊ အဲဒါ ကျုပ်လာတိုင်ပင်မလို့ လုပ်တုန်း မြန်းချင်းကို ပြောပြသတဲ့၊ ဟိုဘက်က အေးစိန်ကလဲ လွန်ခဲ့တဲ့ညက ငွေပျောက်သွားလို့တဲ့၊ အဲဒါ သူက ချစ်ပုကိုမသင်္ကာဘူး၊ သူ့ငွေပျောက်တာလဲ ကျုပ် ကို တိုင်တယ်'

'သူ့လို နွားနို့ပို့တဲ့ကောင်မက ငွေငါးရာ ရှိမတဲ့လား အစ်မလေးရဲ့'

မအေးစိန်က ခပ်စွာစွာ ဝင်ပြောလိုက်၏။

'ကျုပ်အစွမ်းအစနဲ့ ရှိချင်သလောက် ရှိမှာပေါ့၊ တော်က ရော ဘာလုပ်စားလို့ ငွေငါးရာရှိရမလဲ'

'ဟဲ့....တော်ကြစမ်းပါဦး'

သူကြီးက မိန်းမနှစ်ယောက်ကို ငေါက်လိုက်၏။

'ကျုပ်အနေနဲ့က ဒါ သူကြီး အရေးမပိုင်ဘူး ဌာနာ သွားဆို ကိစ္စပြီးတယ်၊ ဌာနာရောက်ရင် အမှုရှည်ပြီး နှစ် ယောက် စလုံး ဒုက္ခရောက်မှာ၊ ဒါကြောင့် ချစ်ပုရော အေးစိန် ရော ခေါ်မေးရတာ၊ ချစ်ပုကို ဒီငွေ ဘယ်ကရလဲလို့ စစ် တယ်'

မချိုသည် ချစ်ပုဆိုသူ သူငယ်မလေးမျက်နှာကို စူးစိုက်ကြည့်မိ၏၊

'အစ်မလေးရဲ့၊ အစ်မလေးကသာ ကျွန်မကို မသိတာ ဟိုဘက်ခြံမှာ အဒေါ် ဒေါ်ခင်သန်းတို့ရှိတုန်းက ကျွန်မ နွားနို့ လာလာပို့နေတာ၊ ကျွန်မကို ငွေငါးရာ ဒေါ်ခင်သန်း ပေးခဲ့တာ'

'ဟဲ့....ဟဲ့....နင်က ဘာလုပ်လို့ ဒီငွေငါးရာတောင် ဟိုက ပေးရသတဲ့လဲ၊ ယုတ္တိ မရှိလိုက်တာနော်၊ နွားနို့ ငါးရာဖိုး ယောက်မထဲ လား'

မအေးစိန်က ဆိုပြန်၏။

'နေစမ်းပါဦးလေ အေးစိန်၊ နင် တယ်စွာတယ်'

သူကြီးက ပေါက်လျှင် မအေးစိန်သည် ငြိမ်သွားပြန်၏၊

'အဲဒါနဲ့ ကျုပ်က ဒေါ်ခင်သန်းတို့ ပြောင်းသွားတာ သတိမထားမိဘူး၊ ဒေါ်ခင်သန်းက ချစ်ပုကို ငွေငါးရာ ပေးရှိ မှန်ရင် ချစ်ပုပြောတာ ယုတ္တိရှိတာပေါ့၊ အေးစိန်ကလဲ ဒေါ်ခင်သန်းကသာဟုတ်တယ်လို့ဝန်ခံရင် သူ ဂါတ်ကိုမသွားဘူးတဲ့'

'ဘုရားစူးရပါစေရှဲတော်၊ ကျုပ်က ရုံးတွေ ဂါတ်တွေ ကြောက်ပါတယ်၊ သူ့လိုပေါ့ရှပ်ရှပ် အရပ်ပျက်မ မဟုတ်ဘူး တော်'

'ကြည့်စမ်း....ကြည့်စမ်း၊ ကျုပ်ကို တော်က အရပ်ပျက်မ ဆိုရအောင်....'

'ကဲ....ကဲ....မချို တောင်းပန်ပါတယ်၊ ဒေါသ မဖြစ်ကြပါနဲ့၊ ရှုဆူးနေ့ချင်တာလဲ'



'ဒီလိုပါ မိန်းကလေးရဲ့၊ ဦးကြီးက သူတို့နှစ်ယောက် ဒေါ်လာပြီး ဒေါ်ခင်သန်းတွေ့ရအောင် လာတာ၊ ဒီကျ ဒေါ် ခင်သန်းကလဲ ပြောင်းသွားပြီတဲ့၊ ကိုဘိုးချင်းက ပြောတယ်၊ နေ မော်တော်ကားနဲ့ ဒေါ်ခင်သန်းအိမ်က လူရှုတ်လိုက်တယ် ဆိုလား၊ အဲဒါနဲ့ ရှိလိုရှိငြား ဒီဘက်ကူးလာတာ'

မချိုမှာ ပထမသော် မဆီမဆိုင်အမှုရှုပ်လာသည်ဟု တွေး လိုက်မိ၏၊ နောက်မှ ရုတ်တရက် သူ့ခေါင်းထဲတွင် ဖျတ်ခနဲ သတိရလာ၏၊ ယဉ်မင်းပိုက်အတွက် စိတ်ညစ်ညစ်နှင့် အုန်းခြံထဲ သမ်းလျှောက်နေစဉ်အုန်းလက်ကြွေကောက်သော မိန်းကလေး များ စကားပြောသည်ကို ပြန်သတိရလာ၏၊ 'သူ့ အမေကြီးက သူ့အခန်းထဲမှာ မိတယ်ဆိုတဲ့ ကောင်မကလဲ ဟိုဘက်တောက နွားနို့ပို့တဲ့ ဟိုရှပ်ပေါ့ပေါ့ ကောင်မမေ့' မချိုသည် တစ်စုံ တစ်ရာ မသင်္ကာဖြစ်လာသည်၊ သူသည် အတိုးနိမိတ်ဖတ်သလို ပင် သူ့အဖေလိုပင် ရှေ့နေလိုက်ရပေဦးမည်၊

'ဒီမှာ အန်တီဒေါ်ခင်သန်းနဲ့ တွေ့ရအောင် ကျွန်မ စီစဉ် ပေးမယ်၊ ဂါတ်ကိုတော့ မတိုင်ပါနဲ့ဦး၊ မအေးစိန် ကျွန်မ ကြားထဲက တောင်းပန်ပါတယ်၊ ရှင်တို့မှာ အမှုတစ်ခု ဖြစ်ရ တယ်ဆိုတာ မသင်္ကာဘူးနော်၊ -ငွေလေးငါးရာအတွက်နဲ့ သံသရာရှည်တယ်ဆိုပြီး တစ်ထောင်လောက်ကုန်မှာ'

'ကျုပ်တို့လဲ အကုန်မခံနိုင်ပါဘူးတော်၊ သူငယ်မပဲ စီစဉ် ပေးပါ၊ ကျုပ်ငွေက ရာဘာခြံဘက် သွားသွားပြီး ရာဘာစေး ခံရတဲ့အခါကို ခြစ်ခြစ်ချုတ်ချုတ် စုထားတဲ့ငွေ ဘယ်လိုလုပ် ပျောက်ရတယ် မသိဘူး'

'ဟော…ခြံဝကဝင်လာတဲ့ကား ဘယ်သူ့ကားလဲ'

ဦးဘိုးချင်းက အော်လိုက်၏။

ဂျစ်ကားပေါ်မှ ဌာနအုပ် ဦးကွန်းဇော်နှင့် ဒေါ်အေးမှူ ဆင်းလာ၏၊

'ငွေတွေကို နက်ဖြန်မှာမှ လဲပေးမယ်တဲ့၊ ဦးကွန်းဇော်လဲ ရန်ကုန်ထဲသွားမလို့၊ အဘိုးမှာတယ်ဆိုလို့ ဒေါ်ဒေါ်ကို လိုက်ပို့ရင်း ဝင်လာတာ'

'အဘိုးမှာ ကိစ္စအထူးရှိလို့လား မချို'

'ငွေစက္ကူကိစ္စမေးချင်လို့ ထင်တာပဲ၊ အဘိုးကိစ္စ အသာ ထားပြီး ဦးကွန်းဇော်ကို အကူအညီတစ်ခု တောင်းပါရစေ'

မချိုသည် မချစ်ပုနှင့် မအေးစိန်ကိစ္စကို ပြောပြလိုက်၏၊

'အဲဒါ ရန်ကုန်သွားရင် မချိုတို့ လိုက်ခဲ့ပါရစေ၊ မချို မပါရင် သူတို့နှစ်ယောက် အန်တီအန်းတို့ခြံထဲ ဝင်ရမှာ မဟုတ်ဘူး၊ ပြီးတော့ အလကား ရုံးရောက်ဂါတ်ရောက် ဒုက္ခကရှည်မှာ စိုးလို့'

'အေးပေါ့၊ နင်တို့ကလဲ တယ်အမှုဖြစ်ချင်သကိုး'

မချိုသည် ဦးကွန်းဇော် အနားသို့ ကပ်သွားရင်း လေသံနှင့် ပြော၏၊

'မချိုစိတ်ထဲမှာ မချစ်ပုကိစ္စဟာ မချို သိချင်နေတဲ့ ကိစ္စ တစ်ခုနဲ့ ဆက်သွယ်နေတယ်လို့လဲ ထင်တယ် ဦးလေးရယ်၊ လူတစ်ယောက်ရဲ့ ဒုက္ခကလွတ်ရမယ့်ကိစ္စမို့ ဦးလေး ကူညီပါ'

'အဲဒါလေ၊ ကဲ….ကဲ…. ဂျစ်ကားနောက်ကို တက်ကြစမ်း'



မချိုသည် ရန်ကုန်မှ ဒေါ်ခင်သန်း အဘိုးကို လာခေါ် ကြောင်း ဒေါ်အေးရှင် ပြောပြလိုက်၏။

'မချိုလဲ သူတို့အုပ်စုနဲ့ အန်တီသန်းတို့ဆီ လိုက်သွားဦးမယ်၊ ဈေးခြင်းတောင်းကြီး ဒီအတိုင်းမဲ့ ဒေါ်ဒေါ်ရေ၊ ဒီမနက် ဘာမှကို မလုပ်ဖြစ်ဘူး'

မချိုသည် ပါးစပ်ကပြောရင်း အဝတ်အစားလဲကာ ဦးကွန်း ဇော်ကားနှင့် ရန်ကုန်ထဲသို့ ထွက်လာခဲ့ကြသည်၊

ဦးချမ်းသာအိမ်ထဲ ကားဝင်လိုက်လျှင် ဦးချမ်းသာကလည်း ဘယ်ကပြန်လာသည်မသိ ကားထိုးအဆိုက်နှင့် ဆင်ဝင်အောက် တွင် ဆုံကြသည်။

'ဟဲ့… ဘယ့်နှယ် မောင်ကွန်းဇော်ပါလား၊ ချိုချိုလဲ ပါသ ကိုး'

မချိုသည် ကားပေါ်မှ ကမန်းကတန်းခုန်ဆင်းကာ ဦးချမ်း သာ ရှေ့တွင် သွားရပ်လိုက်၏။

'ကားပေါ်မှာက ဘယ်သူတွေလဲ'

'ဆက်သွားတော့က သူကြီးပါ၊ ကဲ….မအေးစိန်တို့ အောက် ဆင်းကြလေ၊ အန်ကယ်ဘယ်ကပြန်လာလဲ၊ မချို တော့ တီအယ်လ် မအောင်ဘဲနဲ့ ရှေ့နေလိုက်မလို့'

မချိုနောက်တွင် သူကြီး မအေးစိန်နှင့် မချစ်ပုတို့ ရပ်လျက် ရှိ၏။

ဦးချမ်းသာသည် ပင်ကိုကပင် မချိုအားလည်း ချစ်ခင်သူ ဖြစ်၏၊ ပြုံးလိုက်ရင်းမှ….

'ကဲ…ဒမောင်ကျွန်းဇော်လဲ လာလေကွယ်၊ ညှော်ခန်းမှာထိုင်ပြောကြစမ်း၊ အန်ကယ်က ငွေစက္ကူကိစ္စကြောင့် ဇက်ထဲက နေပဲပြန်လာတာ၊ ထိုင်ကြဦး'

မအေးစိန်တို့ ချစ်ပုတို့မှာ ဤလိုအိမ်ကြီးမျိုး၏ ကြမ်းပြင်ကိုနင်းဖူးကြသည် မဟုတ်၍ ခပ်ယို့ယို့ ခပ်ကြောက်ကြောက်နှင့် လိုက်လာကြ၏။ မချိုကိုင်ခဲ့သော ဆိုဖာခုံတွင် မဝံ့တဝံ့ ထိုင်လိုက်ကြ၏။

'မချိုကိုလဲ မသိုင်တဲဝင်ပါတယ် မထင်ပါနဲ့၊ ဘာဖြစ်ကာတော့ အန်ကယ်…'

မချိုသည် သူ့ သိသမျှ မချစ်ပုတို့အကြောင်းကို ပြောပြလိုက်၏၊ ဦးချမ်းသာသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

'အေး…အေး…အန်ကယ် နားလည်ပါပြီ၊ ငါသားကိုဘုရင်အမည် ယဉ်မင်းပိုက်လို မှည့်မိတော့ ငါ့နှမဘာလဲ ဘုရင့်အခေါ်လို သူ့ကိုသူ ခေတာပေါက်နေမှာ၊ ကဲ…စိတ်ရှင်းကြတော့ဟ်၊ ခိုန်မေခရ… စိန်ဒမ၊ မခင်သန်း အခန်းထဲ ဒီလူတွေခေါ်သွားစမ်း'

ဦးချမ်းသာသည် ခိုန်မအဖော်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်၊

'မောင်ကျွန်းဇော်ပါ လိုက်သွားပေါ့၊ တစ်ခုတော့ ရှိကယ်၊ မခင်သန်းဟာ အတော်အားနည်းနေတယ်နော်… မထင်ဘူး၊ ညောင်းညာ ခေါ်ဝေးတော့ မမေးနဲ့'

'ဟုတ်ကဲ့ခင်ဗျာ'



ဦးကျွန်းဇော်နှင့် အားလုံးသည် မငြိန်ဝေ နောက်သို့ လိုက်သွားကြသည်၊ မချို တစ်ယောက်သာ ဦးချမ်းသာ အနားတွင် ထိုင်လျက်ကျန်ရစ်သည်၊ ဦးချမ်းသာသည် စိတ်မောမန်းဒနုပျော့နှင့် အသက်ပြင်းပြင်းရှူကာ ဆိုဖာကို ပစ်မှီလိုက်သည်။

'ဒါနဲ့ အဘိုးကော အန်ကယ်'

'ဟော…'

ဦးချမ်းသာသည် နားမလည်သလို မေးလိုက်၏၊

'အဘိုး ဘယ်တုန်းက ဒီအိမ်ရောက်ခဲ့နသလဲ'

'ဪ…အန်ကယ်က ဇက်ထဲက ခုမှ ပြန်ရောက်တော့ ဘယ်သိမလဲ၊ မနက် အစောကြီး ကဘည်းက အန်တီသန်းခေါ်ခိုင်းလို့ ကုန်ခ်မောင်ကာနဲ့ လာခေါ်သွားတယ်'

ဦးချမ်းသာသည် မျက်မှောင်ကြီးကြုတ်ကာ စဉ်းစားရင်း ခေါင်းရှုပ်သွားပုံရ၏။

'မခင်သန်း ဘာတွေ ရှုပ်ပြန်လဲ မသိဘူး…အန်ကယ်ဖြင့် ချိုချိုရယ် ဒီနှစ် စိတ်သိပ်မချမ်းသာတာဘဲ၊ သားတစ်ယောက်ဆိုမှ ချစ်သွန်းလို့ ဖိုဖိုဖီးဖီး ခိုင်းပြန်တော့ အလိုလိုက်မယ့် မခင်သန်းက ပေါ်လာရသေး၊ သိပ်မိုက်တဲ့ အကောင်'

မချိုသည် ခေါင်းငုံ့ နားထောင်နေ၏၊

'အန်ကယ် စိတ်ထဲမှာလေ တောက်ကြဲငြဲကိုလဲ မလာချင်တော့ဘူး၊ စိတ်ကုန်တယ်ကွယ်'

အိမ်ပေါက လှသိုက် ဆင်းလာကြသည်။ ဦးကျွန်းဇော်သည် မထိုင်တော့ဘဲ ဦးချမ်းသာ အပေါ်တွင် ခပ်ယို့ယို့ မတ်တတ်ရပ်လိုက်၏။

'အားလုံး စိတ်ရှင်းသွားကြပါပြီ အန်ကယ်၊ မချစ်ပုကို အလယ်တစ်ခုခိုင်းလို့ ဒေါ်ခင်သန်းက ငွေပေးထားတာ ကြာပါပြီတဲ့'

'ဩော်....ဩော်....၊ ကဲ ဟိုသူငယ်မကရော ကျေနပ်သတဲ့လား'

'ကျေနပ်ပါတယ်'

မအေးစိန် ဖြေ၏။

'အေး....တော်၏ တန်ရုံနဲ့များ ဂါတ်မရောက်ချင်ကြပါနဲ့ကွယ်၊ မောင်ကျွန်းဇော်ရှေ့ ပြောရတာ အားနာရဲ့'

'အို...ကိစ္စ မရှိပါဘူး အန်ကယ်၊ ကျွန်တော်တို့က စေတနာနဲ့ ရုံးဂါတ်မရောက်စေချင်လို့ တချို့ကိစ္စတွေ ဝင်ဖျန်ဖြေရင် ကာယကံရှင်တွေကိုက မကျေနိုင် မချမ်းနိုင် ဖြစ်တတ်ကြတာ၊ ကဲ....ကျွန်တော် ကိစ္စရှိလို့ သွားခွင့်ပြုပါ'

'ကေး အေး'

'ဩော်....သူကြီးတို့ လိုက်ခဲ့၊ မော်တော်ကားဆိပ် ကျွန်တော်ခေါ်ခဲ့မယ်'

ဦးကျွန်းဇော်က သူကြီးကို ပြောလိုက်၏။

'သူကြီးမင်းနဲ့ မအေးစိန်တို့အတွက် ကားခ ယူသွားပါဦး'



မချိုသည် လက်ကိုင်အိတ်ထဲမှ ငွေငါးကျပ် ထုတ်ကာ သူကြီး လက်ထဲ ထည့်လိုက်၏။

'မအေးစိန်....အိမ်မှာလဲ သေသေချာချာ ရှာဦးနော်၊ အထားမှားချင်လဲ မှားမယ်'

ဦးချမ်းသာသည် မအေးစိန်ကို ထပ်ခါ၍ အမှာစကားတွင် 'မချစ်ပုဆိုတဲ့ သူငယ်မ နေရစ်ခဲ့ဦးပေါ့၊ တို့ လိုက်ပို့ခိုင်းပေးမယ်' ဟု ပြောလိုက်၏။

မချစ်ပုသည် ခပ်ယို့ယို့ပင် ဧည့်ခန်းထဲပြန်ဝင်လာခဲ့သည်။ ဦးကျွန်းဇော်တို့ ကားမှာ ထွက်သွားတော့သည်။

'ကဲ....ထိုင်စမ်း သူငယ်မ၊ ငါ့ရင်ထဲမရှင်းဘူး ချိုချိုလဲ ရှိနေတယ်၊ ငါ့ကို အမှန်အတိုင်း ပြောစမ်း၊ ဒါလောက် ငွေငါးရာ တစ်လုံးတစ်ခဲတည်း ဘာအလုပ်များ မင်းက လုပ်ပေးရလို့ ငါ့နှမက မင်းကို ပေးရတာလဲ'

မချိုသည် သူသိချင်သော မေးခွန်းကို ဦးချမ်းသာက မေးလိုက်၍ စိတ်ကျေနပ်သွားသည်။ ဦးချမ်းသာ မမေးလျှင်လည်း သူက တစ်နေ့နေ့တွင် မချစ်ပုကိုမေးဖို့ စိတ်ထဲမှ စဉ်းစားထားသည်။

မချစ်ပုသည် မျက်ရည်လည်လျက် ရှိသည်။ စကားမပြောခံ့သလို ဖြစ်နေသည်။

'ပြောစမ်းပါကွယ်၊ မှန်တာပြောရင် မင်း ဒုက္ခ မဖြစ်စေရဘူး'

'ကျွန်မကို....ကျွန်မကို....အခေါ် ခေါ်ခင်သန်းက ဘယ်သူ့မှ မပြောရဘူးတဲ့'

'ပြောမှာ ပြောစမ်းပါ၊ နင့် ခေါ်ခင်သန်း တွေ့ခဲ့ရသလား၊ မဟုတ်လို့ သေခါနီးပြီ၊ နင့်ကို ဘာမှ မလုပ်နိုင်ဘူး'

အဘိုးကြီးသည် လူဖြောင့် စိတ်တိုကြီး ပီပီ ရင့်ရင့်သီးသီး ပြောကာ ဇောက်လိုက်သည်။

'ပြောပြပါ မချစ်ပု၊ တစ်ခုခု ဒုက္ခဖြစ်တယ်ဆိုရင်ကို လာပြောပါ မချို ကူညီမယ်'

မချိုသည် သူ့ သိချင်လှန်းသော အကြောင်း ဖြစ်နေ၍ ဝင်မေးလိုက်၏။

'ဟို....ဆောင်းဦးပေါက် အုန်းခြံမီးလောင်တဲ့ ညက'

'အင်း' အဘိုးကြီးသည် မျက်လုံးကြီး ပြူးလာသည်။

'ကျွန်မက ခေါ်ထွေးတို့အိမ်အလာနဲ့ ဆုံတော့ မီးတောက် ကူသတ်သေးတယ်၊ ကျွန်မ ခေါ်ထွေးအိမ်ထဲ ဝင်တိုင်ပြီး ဆေးလိပ် သောက်နေတုန်း ခေါ်ခင်သန်းက ဝင်လာရင်း ကျွန်မကို တွေ့တယ်၊ ဒီတော့ မီးငြိမ်းပြီ၊ သူက ကျွန်မကို အိမ်ကြီးထဲ ခေါ်သွားတယ်၊ အိမ်ထဲရောက်တော့ နင့်ကို ငွေတစ်ခု ပေးမယ်တဲ့၊ ဘယ်သူ့မှ မပြောရဘူးတဲ့၊ ခိုင်းခအတွက် ငွေ ပေးမယ်တဲ့'

'ဪ....'



ဦးချမ်းသာသည် ဗိုလ်စိတ်ဝင်စားလာသည်။ မချိုကတော့ ငြိမ်မိပေပြီ။

'ကျွန်မအဖို့ တစ်သက်လုံးနွားနို့ပို့တာ ငွေငါးရာ မရမီ တော့ လိုချင်တာပေါ့၊ လုပ်ရတာကလဲ ဘာမှမကြာဘူး အဲဒီည မိုးလင်းခါနီး သူက သူ့တူအခန်းထဲ ကျွန်မကိုခေါ်သွားပြီး ထည့်ထားတယ်၊ သူနဲ့ အခု ဦးကြီးချမ်းသာ....'

မချစ်ပုသည် ဦးချမ်းသာကို လက်ညှိုးထိုးပြသည်။

'တို့မိုးလင်းလို့ တံခါးဖွင့်ဝင်လာလာချင်း အဲဒီတံခါးကနေ ကျွန်မ တစ်ခါတည်း ကောက်ထပ်ကို ဆင်းပြေးပြီး အိမ်ပြန်တော့တဲ့'

'ရှင်းပြီဟော....ရှင်းပြီ'

ဦးချမ်းသာသည် အော်လိုက်သည်။

'အလုပ်က လွယ်လွယ်လေးဆိုတော့ ကျွန်မ လုပ်တာပေါ့၊ တစ်သုလုံးတော့ အခေါ် ခေါ်ခင်သန်းအခန်းထဲမှာ နေရတယ်၊ သူ့တူကလဲ ကျွန်မဝင်သွားတော့ မိုးလင်းခါနီးခါနီးပြီ အိပ်လိုက်သော သိုးလို့'

'တော်တော့....တော်တော့၊ စိန်မေ.. ဟော....စိန်ခမ'

ဦးချမ်းသာအသံသည် တိုနေ့နံနက် မချိုကြားခဲ့ရစဉ်ကလိုပင် ကျယ်လှန်း၊ ခက်ထန်လှန်း၍ ချိုပင် တုန်သွားသည်။ စိန်ခမသည် အခန်းထဲသို့ ပြေးဝင်လာသည်၊

'သွား....သွား၊ ဒီသူငယ်မကို မင်းတို့ တန်းလျား ထား လိုက်၊ မချိုတို့ ညနေပြန်တော့ ထည့်ပေးလိုက်'

'ကျွန်မဘာသာပြန်ပါ့မယ် ဆူဧွှေကြီးရယ်'

ချစ်ပုသည် အပြစ်တစ်ခုခု ဆက်ဖြစ်မည်စိုး၍ ဤအိမ်ကြီး တွင် မနေရဲသလိုဖြစ်နေသည်။

'ကဲ....ခရီးစရိတ် ငါးကျပ်ပေးလိုက်၊ စိန်ဒမ ငါ့သောက်ဖို့ လဲ အအေး တစ်ခုခု ယူခဲ့စမ်း၊ ချိုချို့အတွက်ပါ ယူခဲ့ဟေ့'

ချစ်ပုနှင့်စိန်မေထွက်သွားလျှင် အဘိုးကြီးသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အတန်ကြာ ဆိုဖာကိုပစ်မှီနေသည်။

'မထင်တာတွေ.... မထင်တာတွေ၊ ပက်စက်လွန်းလှချည့် မခင်သန်းရယ်' ဟု တစ်ယောက်တည်း ညည်းတွားသလိုပြော နေပြန်သည်။

'ချိုချို လောကမှာ ဒီလိုဖြစ်တယ်လို့ ယုံစရာ ရှိလား ကွယ်'

ဦးချမ်းသာသည် လက်ကိုင်ပဝါနှင့် မျက်နှာထုတ်သုတ်ရင်း မေးလိုက်သည်။

ချိုသည် အတန်ကြာ တွေ့ရှိစဉ်းစားနေသည်၊

'အန်တီသန်းမှာ ဒီလိုလုပ်ရအောင် တစ်ခုခုအကြောင်းရှိ နေတယ်ထင်တယ်'

'အင်း....တိတိလင်းလင်း မေးကြရဦးမယ်၊ စိတ်ရှုပ်ပါဘိ တော့ ဟော....လှေကားပေါ်က အဘိုး ဆင်းလာပါပကော'



ဦးချမ်းသာသည် ဧည့်ခန်းဆောင်ကြားမှ လှေကားပေါ်သို့ လှမ်းကြည့်ရင်းပြော၏။ အဘိုးနှင့် ဒေါ်ခင်သန်း၏လူယုံတော် ကိုသက်မွှား အောက်သို့ ဆင်းလာကြလေသည်။ အဘိုးသည် ဧည့်ခန်းဝင်လိုက်ကာ....

'မောင်သက်မွှား....အပေါ်ပြန်သွားတော့ဟေ့'

လူစိမ်းမရှိစေလိုဟန်နှင့် အမြင်ထွက်ခိုင်းလိုက်လေသည်။

'ခုန မောင်ကွန်းဇော်ပြောသွားလို့ ငါ့မြေးပါလာတယ်လို့ အဘိုး သိတယ်'

အဘိုးသည် မချိုကိုကြည့်ကာ ပြောလိုက်လေသည်၊

'လာပါ အဘိုး၊ ဒီဆိုဖာမှာ ထိုင်ပါဦး၊ ကျွန်တော်ဖြင့် အဘိုးရောက်နေမှန်းလဲ မသိဘူး၊ ဒီတစ်မနက်လုံးအဖြစ်တွေက ထူးထူးဆန်းဆန်းချည်းပဲ'

အဘိုးသည် ခပ်အေးအေးပြုံးကာ ဦးချမ်းသာ ဘေးရှိ ဆိုဖာတွင် ထိုင်လိုက်သည်၊

'ဒီလိုပေါ့ မောင်ချမ်းသာ၊ အသက်တစ်ရာ မနေရသော်လဲ အမှုတစ်ရာတွေ့ဆိုတာ၊ အေး....တစ်ရာလောက်တွေ့ရရင် တော် သေး မောင်ရေ့၊ တစ်ရာကျော်ရင် မခက်ပါလား'

အဘိုးက အရွှန်းလေးဖောက်လိုက်သည်၊

'ဒါနဲ့ အဘိုး မောင်ချမ်းသာကို စကားတွေ ပြောစရာရှိ တယ်ကွယ်၊ မချိုကို ဒီမှာရှိစေချင်ရဲ့လား'

'အို…မချိုခရုမှာပဲ ပြောပါလေ၊ ခုနပဲ ဇာတ်ရှုပ်တယ်
ချိချို့ရှေ့မှာ ရှင်းသွားသေးတယ်'

'အား…အင်း' အဘိုးသည် သက်ပြင်းချလိုက်သည်၊

'အဘိုးပြောတာတွေကို ဖေါ်သန္ဓေတော့ နားမထောင်ရလေး မောင်ချမ်းသာ၊ တစ်အိမ်ထောင်မှာ တစ်ဇာတ်ထုပ်တော့ ရှိကြစမြဲပဲ၊ မခင်သန်းလဲ အတော်အားယုတ်နေပြီ'

မချိုသည် ပိုမို၍ အဘိုးစကားကို စိတ်ဝင်စားလာသည်၊

'သူမဒေါ်ခင် စိတ်ချမ်းသာသွားချင်တယ် ထင်မါရဲ့၊ သူ နောင်ရေးကိုလဲ ဖွင့်ပြောချင်တယ်၊မင်းကိုလဲ သူအလွန်ကြောက်တယ်'

ဦးချမ်းသာသည် မချိုပြုံးပြုံးလိုက်သည်။

'သူ့ရဲ့အပြစ်ကလဲ မနည်းဘူးကွယ်၊ သူ့စိတ်ထဲက သူဆင်းရဲသားသလိုဇာတ်လမ်းဖြစ်မယ်ထင်တာ သူထင်သလိုမဖြစ်သွားဘူး'

'ဆိုပါဦး အဘိုး'

'ခုတော့ အဘိုး သူ့ကိုပဲ သနားပါတော့၊ စ,ရမှာက တကောင်းအဘိုးရဇာက စရမလို ဖြစ်နေတယ်'

အဘိုးသည် စကားခဏရပ်ပြီးမှ ဆက်ပြောသည်၊

'ဒီလို…ဒီလို ယဉ်မင်းပိုက်ကိုမွေးစားဖို့မင်းကြံစည်တာတည်း [illegible]မကြိုက်ဘူး၊သူ့သမီးခင်မေအောင်ကိုသာမင်းနဲ့ ခင်ခင် [illegible] အမွေအားအမွေခံအဖြစ်မွေးစားစေချင်တယ်၊ဖြစ်ခြင်း



ဖြစ် သူ့သမီးသာဒီအမွေအားလုံးရစေချင်တယ်၊ဒေါ်း ယဉ်မင်းပိုက်ကိုမင်းမွေးစားပြီးမင်းဇနီးခင်ခင်ကြီးကလဲဆုံးသွားတော့ သူပဲကြည့်ရတာပေါ့၊ ဒါပေမင့် သူ့စိတ်ထဲမှာ ယဉ်မင်းပိုက်သစ်မြဲက ဒီအိမ်ကြီးမှာကြီးစိုးသူဖြစ်လာမှာကို မကြည့်နိုင်ဘူးတဲ့၊သူကမင်းရဲ့စိတ်ကိုလဲသိတယ်၊ယဉ်မင်းပိုက်ဟိမ်လိမ်မာမာနဲ့ အလုပ်ကြိုးစားလုပ်နေသရွေ့ မင်းက ကျေနပ်မယ်၊ ချစ်မယ်၊ ယဉ်မင်းပိုက် ပေါ်သွမ်းပြီး အလုပ်မလုပ် ဆိုးပေတနေရင် မင်းနဲ့ တစ်နေ့ ကလန်ကဆန်ဖြစ်လာမယ်၊ ဒီတော့ မင်းက စိတ်ဆုတ်တော့မယ်၊ သားအရင်းလဲ မဟုတ်လေတော့ တစ်နေ့နေ့ ကွဲပြဲသွားရင် ခုလို အမွေပုတ်ဖြစ်ရင် သူ့သမီးပဲ ဒီပစ္စည်းတွေ အားလုံးရမယ်ဆိုပြီ ယဉ်မင်းပိုက်ကို အနှောင့်အယှက်ပေးနေတာမဲဟေ့'

မချိုသည် ခေ့လာသောမျက်ရည်ကြောင့် သူ့မျက်လုံးကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၏၊

'ယဉ်မင်းပိုက်ကို မင်း အမွေပြတ် လုပ်လိုက်တော့ သူ့ အကွက်ဝင်ပြီပြီး သိပ်ကျေနပ်နေတုန်း သယ်နှယ် ယဉ်မင်းပိုက်က သူ့သမီး ခိုးပြေးလဲမသိဘူး၊ အင်း…ဇာတ်ထုပ်က သူထင်သလို အကွက်က မပြေတော့ တစ်ခါတည်း အိပ်ရာထဲ လဲတာပဲ၊ သမီးလဲဆုံးပစ္စည်းလဲမရတဲ့အပြင် သူ တစ်သက်လုံး အဖျက်ကြီးဖျက်လာခဲ့တဲ့ အပျက်ပေါင်း စုံနေတဲ့ သူငယ်နဲ့မှ

သူ့သမီး ရသွားတာကိုး၊ ဒါက သူ့အတွက် အသည်းအနာဆုံး ဖြစ်သွားတယ် မောင်ချမ်းသာရေ'

မချိုသည် အတိုးကြီးနှစ်ယောက်ဘက်မှ မျက်နှာလွှဲကာ မျက်လုံးကို အဝေးသို့ စိုက်ကြည့်နေရ၏၊ ညောင်ဦးကမ်းပါးက သူ့ဇာတ်ထုပ်နှင့်သူ ပြုကျသည်တွင် စမ္ပာနဂိုရ်က မိန်းမချိုတစ်ယောက်ဝင်၍ ပေါင်ကျိုးလိုက်ရသည့် အဖြစ်ကို အတိုးကြီးက မသိပေဘဲကိုး။

'ဗီတော့....'

အတိုးက ဆက်ပြော၏၊ ဦးချမ်းသာမျက်နှာသည် အံကြိတ်နေပုံရ၏၊

'သူ မသေခင် ယဥ်မင်းပိုက်ကို အိမ်ပေါ်ပြန်တင်ပါ၊ အမွေပြတ်ကိစ္စကိုလဲ ပြန်ရုပ်သိမ်းပေးဖို့ မင်းကို တောင်းပန်ပေးပါတဲ့၊ အတိုးကို ဒီမနက် ခေါ်ပြောတာပဲကွယ်'

အတိုးက စကားကို အဆုံးသတ်လိုက်၏၊

'ကျွန်တော် လူတောင်သတ်ချင်လာပြီအတိုး'

'မသတ်နဲ့ မောင်ချမ်းသာ မသတ်နဲ့၊ တို့ဗုဒ္ဓဘာသာတရားတော်နဲ့တွေးရင် ဒါတွေဟာ မဆန်းဘူး၊ မကောင်းမှုကောင်းမှု ကိုယ်ပြုသမျှတွေဟာ ကိုယ့်နောက်ပါးမှာ အရိပ်လို လိုက်လာကြတာ'



မချိုသည် ခေါင်းမဖော်ချင်တော့၊ 'ဖြစ်မှဖြစ်ရလေခြင်း' ဆိုသောယူကျုံးမရသည့်စိတ်မှာ အဖေဖြစ်သူ ဦးချမ်းသာထက် ယဥ်မင်းပိုက်၏ချစ်သူ သူ့မှာပို၍ခံစားနေရသည်။

ဤမေလ ၁၇ ရက်နေ့သည် ဘယ်သို့သောနေ့ဖြစ်ပါသနည်း၊ တော်ပါသေး၏၊ ဤယနေ့တွင် ဒေါ်ခင်သန်းသည် တစ်သက်လုံး မချို၏ချစ်သူအပေါ် ယုတ်မာလာခဲ့လေသမျှ ကတ္တူပါ မျက်နှာဖုံး ကွာကျရသောနေ့တည်း။

သူ့ချစ်သူ၏ ညှိုးနွမ်းခဲ့ရသော ဂုဏ်သိက္ခာဟူသမျှ ပြန်လည်၍ ဆန်းသစ်ရမည့်နေ့ မချို ငိုချင်ငိုရပါစေ၊ သူ့ချစ်သူအပေါ် ဖခင်ကြီး အထင်လွဲခဲ့လေသမျှ အားလုံး ပြေလည်လျှင် မချိုသည် ခန္ဓာထဲရှိ သွေးဟူသမျှကိုပင် မျက်ရည်အဖြစ် သွန်ချလိုက်ပါမည်။ မချိုသည် ဤအပါးတွင် ဆက်လက်မနေချင်ပေ၊ သို့သော်လည်း စကားများကို နားထောင်နေရ၏၊

'ဒါတောင် သူ့သမီးအကျိုးပါလို့ အတိုးကို ခေါ်တောင်းပန်တာ အတိုးရေ၊ ယုတ်မာလှချည်လား မိခင်သန်းရယ်'

ဦးချမ်းသာသည် နာကြည်းစွာဆို၏။

'ခွင့်လွှတ်ပါ မောင်ချမ်းသာ၊ ငွေများ တယ်ကြောက်ဖို့ကောင်းတယ်၊ မောင်နှမ အရင်းခေါက်ခေါက်တွေ အမွေမှုပေါ်လာရင် အဆိပ်ခတ်တောင် သတ်ကြသေးတာ၊ ခုကိစ္စ လူမသေတာ ကျေးဇူးတင်ရဦးမယ်'

'အင်းပေါ့...သောနတ္တိုမှာ၊ မုဆိုးမ သူက သူလည်းမကြီး၊ ကျွန်တော် ဒေါ်သကို သူသိတာယ်၊ အတိုးကို သက်နိုးလုပ်ပြီး သူက ကာကွယ်တာ၊ ဟင်း....နို့မို့ ဒါစ်ချိတည်း သူ ဇာတ္တ ရောက်တယ်'

'ခုလဲ မခင်သန်းဟာ မဟန်လှဘူး မောင်ချမ်းသာ၊ လပိုင်း တောင် မခံပါမလား'

'ဘဘကြီးရင့် ဘဘကြီးကိုတွေ့ချင်လို့တဲ့၊ မြဲဝမှာ ဒေါ်မြိုင် ဆိုတာ ရေသိုးရွာက ရောက်နေတယ်'

စိန်ဒမသည် အခန်းဆီးနားမှရပ်၍ ရှိုရှိုသေသေ ပြောလိုက်လျှင် ဦးချမ်းသာသည် ကျဉ်ကော်မိသွားသလို တုန်သွား၏။

'ဟင်'

မျက်လုံးကြီးကလည်း ပြူးသွားသည်။
'ရေသိုးက ဒေါ်မြိုင်'

မချိုကိုယ်တိုင်ကလည်း အသံထွက်ကာ ပြောလိုက်မိ၏။ ဦးချမ်းသာသည် ဆိုဖာနောက်သို့ လဲကျသွားမတတ် မှီလဲလိုက်ပြီး သူ့ ဖူးကိုလက်ဝါးနှင့်တစ်ချက်နှစ်ချက်ပုတ်လိုက်၏။

'သွတ်လိုက်...သွတ်လိုက်၊ ဗိုနေ့မှ အားလုံး ဆုံဖြစ်ရတယ်လို့ ဘေး ထိုင်းပြီး ထင်ပါ့'

အဲဒီတော့ မချိုပါ သူ့စကားကို နားမလည်လိုက်ပေ။



ဒေါ်မြိုင် ဧည့်ခန်းထဲဝင်လာလျှင် နောက်မှ ဦးစံလည်း လိုက်ပါလာသည်။

'ဟင်...အတိုး၊ ဦးစံကြီးလဲ ပါလာတယ်'

မချိုသည် အလန့်တကြား အော်လိုက်မိ၏။ ဒေါ်မြိုင်သည် ဘည်းဘည်းငြိမ်ငြိမ်ပင် မချိုအပေါ်းဖွင့်တိုင်လိုက်၏။ သူ့အဝတ်အစားမှာ ရေသိုးရွာတွင် မချိုတွေ့ခဲ့ရသလို မနွမ်းပေ။ ပဒုမ္မာ ထုတ္ထူ ဖြူဖြူစင်စင်အင်္ကျီကို ဝတ်၍ လုံချည်ကလည်း ဇင်းမယ် တစ်ပတ်နွမ်းကို ဝတ်ထား၏။ မဝါဝါး မဟုတ်သော်လည်း ရွှေစောင် မြန်မာရက်တစ်ခုကို လက်တွင် လွယ်အိတ်တစ်လုံးနှင့်အတူ ကိုင်ထား၏။ ခေါင်းကိုလည်း သပ်ရပ်စွာ ဖြီးကာ ဘီးနှင့် အပေါ်မြင့်မြင့်ပတ်ထား၏။

ဒေါ်မြိုင်ကို ယခုနေ့ ကြည့်ရသည်မှာ ရေသိုးရွာက ယာခင်းကုမကြီးနှင့် မတူတော့ဘဲ သားသားနားနား ညြိညြိမ့်မှန်မှန် အထည်ကြီးဖျက် မိန်းမကြီး တစ်ယောက်နှင့် တူနေသည်။ သို့သော် ဖြူလှသော ဆံစများကမူ သူ၏ စိတ်ဝေဒနာကို ဟင်းလင်းပေါ်နေ၏။

'ဪစမ်း...မမြိုင်၊ မင်းဘာကိစ္စလာသလဲ'

ဦးချမ်းသာအသံသည် ဖြစ်ချင်တာတွေဖြစ်ကြတယ်ဟူသော အသံပေါက်နေ၏။

'ကိုချမ်းကို ဒီလူတွေရှေ့မှာ ကျွန်မစကားပြောလို့ ဖြစ်ပါ့မလား'

သိမ်မွေ့သော သူ့အသံနှင့် တိုးတိုးပင် ပြော၏။

'ဖြစ်တယ်ဟေ့....ဖြစ်တယ်၊ ငါ့မှာလေ ဘာမှလျှို့ဝှက်တာမရှိတော့ဘူး၊ အဘိုးရှေ့မှာလဲ ငါဟာ ဘာမှလျှို့ဝှက်ထားဖို့မလိုတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ မမြိုင်'

ဒေါ်မြိုင်သည် မျက်ရည်များဝဲသွား၏။

'လာရတဲ့ကိစ္စက သား....သားရဲ့ကိစ္စပါ၊ သားလေးကို ကိုချမ်း ကိုချမ်းက သားအဖြစ်က အမွေပြတ် စွန့်လိုက်ပြီဆို....'

ယဉ်မင်းပိုက်၏ မိခင်ရင်းကို မျက်ဝါးထင်ထင် တွေ့ရသောအခါ မချိုသည် တုန်လှုပ်သွား၏။ ဦးချမ်းသာသည် ထိုင်မနေနိုင်တော့သလို ထသွားကာ ဆိုဖာနောက်ရှိ ပြတင်းတွင် မတ်တတ်ရပ်ရင်း အားလုံးကို ကျောခိုင်းနေလိုက်သည်။

'ကျွန်မ တောင်းပန်ပါတယ် ကိုချမ်းရယ်၊ ပေးထားတဲ့ ကတိအတိုင်း ရန်ကုန်အနားကို ကျွန်မ မသီခဲ့ပါဘူး၊ ကျွန်မ ဘယ်ဘဝမှာပဲ နေရ နေရ သားတစ်ယောက် ချမ်းသာရင် အောင်ပြီဆိုတဲ့ စိတ်နဲ့ပါ၊ တစ်နေ့က ဗီမိန်းကလေး ရေသိုးရွာ ပွဲသာစားရင်းက ပြောသွားတော့မှ သတင်းစုံ ကြားရပြီး



စိတ်မချမ်းမသာ ဖြစ်ရတာ၊ မနေနိုင်လွန်းလို့ လာတောင်းမန် တာပါ'

မချိုသည် သူတို့သွားစဉ်က ဒေါ်မြိုင်၏ အမူအရာကို သူ သတိမကောင်းခဲ့ရပုံကို ယခုမှ အဖြေသိရတော့သည်။

'ဟုတ်ပါတယ် သူဌေးမင်းရယ်၊ ကလေးမ မချိုပြန်သွား ကတည်းက မမြိုင်ဟာ အစာလဲမဝင် အလုပ်လဲမလုပ်နဲ့ ဖြစ်နေတယ်၊ ကျွန်တော်လဲ သူဌေးကြီးက အလုပ်ထုတ်ကတည်းက သူကြီးကတော် ဒေါ်စာဥဆီ အလုပ်သွားလုပ်ရင်း မမြိုင်နဲ့ သိနေတာ ခုနှစ်နှစ်လောက်ရှိပါပြီ၊ မမြိုင်ပုံလဲတာ ဒီတစ်ခါ မြင်ရတော့ စိတ်မချမ်းသာလွန်းလို့ နောက်တော့ မမြိုင်က သူ့ဇာတ်ထုပ်ပြောပြပြီး သူဌေးကြီးဆီ သွားချင်တာ လိုက်ပို့ပါဆိုလို့ လာတာပါ၊ ပြီးတော့....ပြီးတော့'

ဦးစံ စကားထစ်၍ ဦးချမ်းသာသည် ဦးစံဘက်လှည့်ကြည့် လိုက်၏။

'အုန်းခြံမီးလောင်ရတာ မခင်သန်း....မခင်သန်း ရှို့ခိုင်းလို့ ကျွန်တော် ငွေလိုချင်တာနဲ့ လုပ်မိခဲ့တာပါ'

'ဟော....'

ဦးချမ်းသာသည် ဆွေ့ဆွေ့ခုန်ကာ လူငယ်လေး တစ်ယောက် ကဲ့သို့ ဆိုဖာရှေ့ပြေးထွက်လာ၏၊ အဘိုးသည် ပြန်းခနဲ လှမ်းဆွဲလိုက်ရသည်။

'ထိုင်ပါဦး မောင်ချမ်းသာ၊ ကိစ္စတွေဟာ ဖြစ်ပြီးခဲ့ပြီ'

အဘိုးအောင်ကြား၌ ဦးချမ်းသာသည် ဆိုဖာပေါ် အရှပ်ကြီးပြတ်သလို ထိုင်ကျသွား၏၊

'မချို မောင်ချမ်းသာ သောက်ဖို့ တစ်ခုခု သွားတောင်းစမ်း'

မချိုက ဧည့်ခန်းပြင်သို့ ထွက်သွား၏၊

'ပထမ အုန်းခြံဖျက်ပစ်ရတာလဲ ကျွန်တော်ပါပဲ၊ ဒေါ်ခင်သန်းက ဖျက်ခိုင်းလို့၊ မီးလောင်တဲ့ညက ရှို့ပြီး ကျွန်တော် ထွက်ပြေးပေမယ့် လမ်းပေါက်မှာပြီး သံဆူးကြိုးတွေ ကာထားတဲ့နေရာ ဝင်တိုးမိနေတုန်း မီးလောက်လျက် အုန်းလက်တစ်ခုက မျက်နှာပေါ် လာကျလို့ ဒီမှာ အနာရွတ်ဖြစ်ကျန်ရစ်တယ်၊ ကျွန်တော့် မိုက်မိုက်အတွက် သူဌေးမင်း ခွင့်လွှတ်ပါ'

'တော်ပါတော့ကွယ်....တော်ပါတော့၊ ငါ့ကိုပါ ပြောမချကြတာက ကောင်းသလား'

မချိုသည် ရေခဲရေဘူးခွက် ယူလာ၍ ဦးချမ်းသာအား ပေးလိုက်၏၊

'ပြီးတော့'

ဒေါ်မြိုင်က စကားစ,လာ၍ ဦးချမ်းသာသည် ရေသောက်ရင်း နားထောင်နေ၏၊ ဖန်ခွက်ကို ပြန်ချထားလိုက်သည်။

'မြိုင်မ အတူက်နဲ့တော့ သားကို အပြစ်မယူပါနဲ့ ကိုချမ်းရယ်....သားအကြောင်းကို ကိုချမ်းအသိဆုံးပါ၊ သူလူဖြစ်လာရတာဟာ လူချမ်းသာ လူရည်မွန် တစ်ယောက်နဲ့ ဇနီးအဖြစ်



တရားမဝင်တဲ့ မိန်းကလေးတစ်ယောက် ရပြီး မွေးလာတဲ့ သားပါ၊ အဲဒီ လူချမ်းသာကြီးဟာ ကိုယ်ချင်းသာ စာခဲ့ရင်ဖြင့် ကျွန်မသားကို ခွင့်လွှတ်ဖို့ ကောင်းပါတယ်၊ ဒီဇာတ်လမ်းမျိုး ကျွန်မသား တစ်ယောက်တည်း ဖောက်ဖြစ်ရတာ မဟုတ်ဘူး'

'တော်တော့ မမြိုင်ရေ...တော်တော့၊ ငါ့ကို သနားရင် ငါ နားပါမစေတော့၊ မင်းတို့အားလုံး စိတ်ချမ်းသာရမယ်၊ ငါ ဒီနေ့ ဘာမှမလုပ်နိုင်တော့ဘူး၊ စိန်မေ ...စိန်မေ'

စိတ် အလွန်ပြင်းပြသော ဦးချမ်းသာမှာ မတ်တတ် ရပ်လိုက်သောအခါ ဒယီးဒယိုင်ဖြစ်နေ၍ မချိုကလက်ကိုပေးလိုက်ရ၏။

'စိန်မေ ငါ့ကို အိပ်ခန်းထဲ ခေါ်သွားစမ်း'

မချိုနှင့် စိန်မေသည် ဦးချမ်းသာကို အိပ်ခန်းသို့ခေါ်သွားကြ၏။ ဦးချမ်းသာသည် အိပ်ရာပေါ် လှဲရင်း အသက်ကိုရှိုက်၍ ရှိုက်၍ ရှူနေ၏၊

'ချိုချို....အန်ကယ်ကို တစ်ခုလုပ်ပေးပါကွယ်'

'လုပ်ပေးပါမယ် အန်ကယ်'

'ဧည့်ခန်းကိုပြန်သွားပြီးတော့ ပြောပြလိုက်ပါ၊ မောင်စံတော့ ပြန်ချင် ပြန်ပေတော့လို့၊ မမြိုင်ကိုတော့ သူ့သားနဲ့ တွေ့ရအောင် နေရစ်ပါလို့ ပြောပေးပါ'

မချိုရင်ထဲတွင် လှုပ်ရှားလွင်းသွား၍ လက်နှင့် သူ့ရင်ဘတ်ကို ဖိထားမိ၏၊ သူသည် ဣန္ဒြေမဆောင်နိုင်တော့သလို ဖွင့်မေးလိုက်၏၊

'ဒီလိုဆိုတော့ အန်ကယ် ကိုကိုတို့ကို ဒီပြန်ခေါ်မယ်လို့ ဆိုလိုတာပေ ?'

ဦးချမ်းသာသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်၍ပြလိုက်လေသည်။

( ၁၃ )

မုတ်သုန်ရာသီလေသည် ပင်လယ်ကိုဖြတ်ကာ ရိုးမကိုကျော်၍ လာခဲ့သည်။

ရေငွေ့များပါသော ရာသီလေကို ပန်းစကားဝါတို့သည် စောင့်မျှော် နေကြဆဲပင်တည်း။ ဆောင်လေနှင့်အတူ ပါလာသော မိုးပုသဲစက်တို့သည် ချစ်သူတို့ထံပါးကို ပြေးလွှားလာခဲ့ကြလေသည်။

ဪ်...ပန်းနှင်းမိုးတို့တွေ့ကြပြန်လေပြီ၊ သာစွ သာစွ၊ပျို မျှစ်ခြင်း၊ နုနယ်ခြင်းတို့ဖြင့် တင့်တယ်ပေစွ၊ ပဒီးစံကားပွင့်ကလည်း ဝတ်လွှာကိုဖွင့်၍ ချစ်သူကိုကြိုရှာပေပြီ။ ပုလဲရည်မိုးစက်

တို့ကလည်း ပွင့်ဖတ်အလည်ရှိ ဝတ်မှုန်ကို ညင်သာစွာ စုပ်နမ်းလိုက်ကြသည်။ စကားပင်မဆိုသော်လည်း မွှေးပျံ့သောရနံ့သည် ပန်းပွင့်၏အချစ်ကို လေတွင်ဖြန့်ကာ ဖွင့်၍ပြလိုက်ပေသည်။

စကားမဆိုတတ်သော ပန်းသော်မှ ရင်ဝယ်ရှိသော အချစ်ကို ဖြန့်နိုင်ခွင့်ရှိပါလျက်နှင့် မချိုအဖို့တွင် သူ့အချစ်ကို နှလုံးသားတွင် သိုသိပ်စွာ ဝှက်၍ထားခဲ့ရသည်။

ပန်းနှင့်မိုးတို့မှာတော့ ပျော်နိုင်ရွှင်နိုင်ကြလေခြင်း၊ မချိုရင်ထဲတွင် အဖူးအငုံဖြစ်နေသော ရွှေဝါဖူးသည် မိုးကိုတော့တိတ်တဆိတ် မျှော်မိသည်။

သို့သော် မုတ်သုန်လေနှင့်အတူပါမြဲပါလေ့ရှိသောပုလဲရည် မိုးပေါက်တို့သည် ပန်းတိုင်းကို ပွင့်စေမည်ဖြစ်သော်လည်း မချို နှလုံးသားအတွင်းရှိ တစ်ပွင့်တည်းသော ပန်းအတွက်မူပြန်လည် လန်းဆန်းဖို့ ကြိုးပမ်းနိုင်ကြမည် မဟုတ်ပေ။

သို့ကလေ....
ပုပ္ပားနတ်တောင်
အခေါင်မြင့်ဖျား
စုံတောကြားဝယ်
နံ့ရှားကြိုင်လွှင့်
ပန်းနယ်ပွင့်သည်
ရွှေနှင့်ရိုးမှား
ပန်းစကား....။

ဘိုက်ပင် တိုက်ဘိုင်လွန်း၊ ကြံ့ပင်ကြံ့ကြိုက်လွန်းလှ၏။ ပုဂံ ခေတ်ဦး၏ ကဗျာများတွင် ပန်းစကား၏ အလှကို တွေ့ခဲ့ရ၏။



ပုဂံခေတ်ဦး၏မင်းဆက်တွင်လည်း 'ယဥ်မင်းပိုက်' ဆိုသော အမည်ကို ကြားခဲ့ရ၏။ မည်သို့ပင် ရာဇဝင်ဆရာတို့က ဒဏ္ဍာရီဆန် အညီပင်ဆိုဆို မချိုအဖို့မှာတော့ ဤစကားပန်းနှင့် ယဥ်မင်းပိုက်သည် သူ့အတွက် မမေ့နိုင်စရာ အမိုး၏ မှတ်တိုင် အထောက်အထားပါပင်တည်း။

နယုန်မိုးနှင့်ပျော်နိုင်အားသော စကားပွင့်တို့အားပင်ခြေမှ ကြည့်မျှော်ရင်း မချိုသည် စိတ်ပြေရသည်။

အဝေးတွင်ရှိသော ချစ်သူသည်လည်း သူ့မိ သူ့ဖ သူ့ဇနီး တို့နှင့် ရန်ကုန်အိမ်ကြီးတွင် စည်းစည်းလုံးလုံး ပြန်လည်ရှိကြပြီ ဆိုသောသတင်းကိုသာ မချိုက အဝေးမှနားစွင့်ရင်းသူ့စိတ်ကို သူဖြေသည်။

အချစ်စစ်အချစ်မှန်ဆိုသည်မှာ ကိုယ်ဘယ်ဘဝမှာပင် နေရ နေရ ချစ်သူ၏ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံခြင်းအတွက် ဝမ်းမြောက်နိုင်ရမည် မဟုတ်ပါလော။

'မချို...မင်းအတွက် စာတစ်စောင် ယဥ်မင်းပိုက်က ပေးလိုက်တယ်'

ရှင်အဂ္ဂတို့မောင်နှမ ရန်ကုန်သို့ပြန်သွားကြတော့မည်ဖြစ်၍ မချိုက ဤသူ့ချစ်သူစံမြန်းခဲ့သော နန်းတော်ဟောင်းနေရာကို ခြေလာ၍ချရ၏၊ ဝတ္ထုများအတိုင်း မကြည်မြတို့ကို နှုတ်ဆက်ရလေသည်။ သူတို့မောင်နှမ ကားထွက်သွားသောအခါ ဦးအိုးချင်းမှာ မချိုအပါးတွင် ရပ်လျက်ရှိပါသည်။

မချိုသည် ဦးအိုးချင်းပေးသော စာကို လမ်းအလယ်တွင် သူ့လက်များသည် တုန်ရီနေလေသည်။ စာကို လမ်းတစ်လျှောက်

ုံး ရင်ဝယ်ပိုက်ကာ လျှောက်လာခဲ့၏။ အိမ်ပေါ်ရောက်မှ
တင်ခပ်ကြာင် သေသေချာချာလှဲကာ လမေါင်းများစွာကျေ
ကွင်းခဲ့ဖသော ချစ်သူမျက်နှာကိုယ်စား စာလုံးလေးများကို
သေချာစွာ ကြည့်ရသည်။

ချစ်ခဲ့၊ ကြင်ခဲ့၊ မြတ်နိုးခဲ့ရပါသော

ချီချီ

သည်စာရဲ့အစမှာ (ခဲ့) ခဲ့) ဆိုတဲ့စကားလုံးကို သုံးရက်လေခြင်းရယ်လို့မချို အပြစ်တင်ရင်လည်း ခံရမှာပါပဲ။

'ခဲ့' ဆိုတဲ့စကားလုံးဟာ အတိတ်က ဖြစ်ခဲ့ခြင်းကို ကိုယ်စားပြုတဲ့ စာလုံးမို့ 'ခဲ့' လို့ သုံးရတာပါ။ဒါဖြင့်ရင် လက်ရှိ ကိုကိုရဲ့နှလုံးသားထဲမှာ 'မချိုဆိုတဲ့ မိန်းကလေးတယ်ယောက် မရှိတော့ဘူးလား'လို့ မချိုစာဖတ်ရင်း စိတ်ထဲကမေးနေတော့မှာပဲ၊ ဒီအဖြေကို စာအစမှာ မဖြေပါရစေနဲ့ဦး အချစ်ရယ်၊

အုန်းခြံကိုမီးလောင်သွားပြီးတဲ့နောက်ယဉ်မင်းပိုက်ဆိုသူဟာ မချို အပေါ်က ပျောက်သွားလိုက်တာ စာကလေးတစ်လုံးတောင်မှ ချစ်သူကိုယ်စား မရေးဘူးရယ်လို့ မချို အပြစ်တင်နေမယ်ဆိုတာလည်း ကိုကိုသိတယ်၊

ကိုကိုရဲ့ သတင်းမျိုးစုံကိုလည်း ချီချီသိပြီးမို့ အထူးမရေးချင်တော့ဘူး၊ မေမေကတော့ ဒေ့စဉ်နဲ့ အမျှပဲ၊ တို့များမိသားစု ပြန်ပေါင်းထုပ်မိအောင် 'ရွှေနေ'



အလိုက်ကောင်းတဲ့ မချိုဆိုတဲ့ သူငယ်မလေးဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေလို့ ကိုကို့ရှေမှာပဲ အစဉ်ဆုတောင်းနေတယ် မချို၊

တကယ်တော့ ကိုကို့ချစ်သူဟာ ဒီစာကိုတောင် မျက်ရည်စက်လက်နဲ့ ဖတ်နေရှာမှာပါလားလို့ တွေးမိလေတော့ မေးမှဆုတောင်းဖြင့် မပြည့်နိုင်ဘူးလို့ သိရတဲ့ကိုကိုမှာ စာကိုတောင် ဆက်လို့မရေးချင်ဘူး။

သနပ်ခါးစတွေနဲ့ မချိုပါးပေါ်မှာ စီးလာတဲ့ မျက်ရည်ကို ကိုကိုသုတ်ပေးဖို့ ကိုကို့လက်တံ တိုနေပါပေါ့လား အချစ်ရယ်....။

မချိုသည် ထိုနေရာ၌ စာကိုဆက်၍မဖတ်နိုင်ပေ။စာလုံးများသည် တစ်လုံးနှင့်တစ်လုံးဆက်ကာဆက်ကာ ပြား၍ပြား၍ မှုန်မွှားသွားကြသည်၊

ဒါပေမင့် ဒီမိုးဦးကိုရောက်လာလို့ ဒီတောင်လေ သွေးလာရင် ဒီစကားဝါပန်းပွင့်လေးတွေက ချီချီဆီကို စာရေးဖို့ စကားဆိုကြမြန်ရော၊

ကိုကို မချိုကို ရှင်းလင်းပြောပြစရာတွေ အများကြီးပဲ၊ ဒါကြောင့် ပန်းပွင့်လေးတွေ စကားကိုပဲ နားထောင်ပြီး ဒီစာကို ရေးရတာပါ၊ ကိုကိုတို့ အချစ်ကလည်း ဒီစကားပွင့်က စခဲ့ပေတာကိုး။

ကိုကိုရဲ့ ဇာတ်လမ်းကို ချီချီ အားလုံးသိပြီးပြီ ဆိုခဲ့ပေမင့် ခင်မေအောင်ကို ခိုးပြေးတာကိုတော့ ချီချီသဘောပေါက်မှာ မဟုတ်ဘူး။

ေလာကကြီးမှာချိုချို ပန်းလေးတွေ၊ ငှက်လေးတွေနဲ့ မင်းတို့ခြံကွက်ကွက်လေးဟာလေ တကယ် အေးချမ်းပါတယ်၊ အပြင်လောကကြီးကဖြင့် ချိုချိုတို့ နေရာလို အေးမြချမ်းငြိမ်းခြင်းမရှိပေဘူး ငှက်တွေဟာ တကယ်တော့ တေးမဆိုဘူး၊ ကျီးမည်းကြီးက အသံပြကြီးနဲ့ အော်၊ ကြွက်ပုပ်ရဲ့ရုပ် ချွဲပြီး အူတွေ နုတ်စားတာ စွန်ရဲတွေက ကြက်မ အရှင်လတ်လတ် ကုတ်ချီ သွားတာ၊ တေးဆိုတယ်ဆိုတဲ့ ငှက်လေးတွေတောင် အသိုက် လုရလွန်းလို့ ကျွက်ကျွက်ညံနေတာပဲ အော်ကြတာ၊ လူတွေဆိုတာကတော့ သိပ်ပြီးတော့ ကြမ်းတမ်းတယ်၊ သိပ်ပြီးတော့ ယုတ်မာကြတယ်။ ချိုချို...မင်းလို မိန်းကလေးနဲ့ ဆိုရင် တန်တောင် မတန်ပါဘူးကွယ်၊

တိုတို ရေးရင်တော့ ကိုကိုရဲ့ အဒေါ် ဒေါ်ခင်သန်းနဲ့ ကိုကိုနဲ့ ခြေပြိုင်ကြတာပဲ၊ အယုတ်မာ ပြိုင်ပွဲကြီး ကျင်းပကြတယ်၊ ဆိုရမှာပေါ့။

လူတွေက ထင်ကာက ခင်မေအောင်ကို ခိုးပြေးလို့ ဖေဖေက အမွေဖြတ်လိုက်တယ်လို့ထင်တာ၊ အမှန်ကေ စက်ကိစ္စ၊ ခြံကိစ္စ၊ အရက်ကိစ္စ၊ မိန်းမကိစ္စတွေနဲ့ တစ်သက်လုံး သုံးမရတဲ့ ယဉ်မင်းပိုက် ဖြစ်အောင်လို့ အန်တီသန်းက လုပ်လိုက်လေတော့ ဖေဖေကစိတ်နာပြီး အမွေဖြတ်ကိစ္စကို အရင်စီစဉ်တယ်။

ခင်မေအောင်က ကိုကို့ အပေါ် တကယ် စေတနာထားသူပါပဲ၊ သူက သူ့အဖေကို ဒီလိုမဖြစ်အောင်



ကာကွယ်ပေးဖို့ ပြောတဲ့ညမှာ သူတို့သားအမိ ပြောစကားကို ကိုကို ကြားတယ်။ 'မွေးစားသား မို့ သံယောဇဉ် မထားနဲ့ ဒီလိုဖြုတ်သွားမှ ဒီပစ္စည်း အားလုံးကို ခင်မေအောင် ပိုင်မယ်' ဆိုတဲ့ သူ့ရဲ့ တစ်သက်လုံး အယုတ်တမာအစီအစဉ်ကြီးကို ပွင့်လာတာပဲ၊ သူကလည်း ကိုကိုဟာ ဖေဖေနဲ့ ဒေါ်မြိုင်နဲ့တိတ်တိတ်ပုန်းရထားတဲ့ သားရယ်လို့ မသိဘူး၊

ကိုကိုလေ ရင်ထဲမှာ ဆတ်ဆတ်ခါနာမိတယ်၊လူယုတ်မာစိတ်တွေ ဝင်လာတာပဲ။ သူလည်းဖေဖေရှိရာ တိုးကြောင်လေးသွားရော အရက် ကျွမ်းပြန့်အောင် သောက်ပြီး ခင်မေအောင်ကို အခန်းထဲ ဆွဲခေါ်လိုက်တာပဲ၊ ကျန်တာတော့ ချိုချို တွေးကြည့်တော့၊

နောက်နေ့ မနက်မှာ ခင်မေအောင်ကို လက်ဆွဲပြီး ကိုကို အိမ်ကြီးပေါ်က ဆင်းခဲ့တယ်၊

လူကို အသွန့်တိုးအောင်လည်းလုပ်သေး၊ ခြေမဲ လက်မဲနဲ့ ငါ့ကို ကန်ချမယ့်တူတူတော့ သူ့ကြီးနဲ့သူ့ကို ပြန်ချည်ခဲ့ချင်တာနဲ့ သူ့သမီးကို ဆွဲလာခဲ့တာပဲ။

အစတုန်းကတော့ အားရမိတယ်၊ သူများအသည်းကို ကွဲအောင်ခွဲတဲ့ မိန်းမကြီး အိပ်ရာပေါ်မှာ သူ

အသည်းကျွမ်း ရောဂါနဲ့ ကျွမ်းနေပြန်ပြီလို့ သိရတော့ ကျေနပ်တယ်။ ကိုကိုဟာသူတော်ကောင်းကြီးမဟုတ်ဘူး ချိုချိုရေ၊

ခုဘော့လည်း ကိုကိုနဲ့ အန်တီသန်း အယုတ်မာ စစ်ကစားကြရာမှာ ကြားလူ ငါ့ချစ်သူ ချိုချို တစ်ယောက် အလူးအလှိမ့် ခံရရှာပါလားလို့ တွေးမိတိုင်း စိတ်မပျော်တော့ဘူး၊ လက်စားချေခြင်းဟာ နောင်တနဲ့ပဲ အဆုံးသတ်ရမှာချည်းပဲ။

ဒီလောကမှာ ထုံးတမ်းစဉ်လာများ ဖြစ်နေလေသလား။ အားကြီးသူတို့ အားချင်းပြိုင်ရာမှာ အပြစ်ကင်းသူမျာတို့ မြေလူးဇာတ်ခင်းရတဲ့ အဖြစ်ဟာ အတော် မတရားတာပဲ။

ဒါပေမင့် ချိုချို၊ ကိုကိုလေ အခုတော့ ကဗျာဆရာကြီး ရှင်မဟာရဋ္ဌသာရ ဖြစ်ရတော့မယ်။

'ဤဘဝတွင်
နှမလက်လျှော့
နေလေတော့ဟု
ချစ်ပေါ်မကြွ
ညှိုးငယ်ပုံမျှ



ရှက်ဟုံကျေးကြုပ်
ချမင်းတုပ်သို့
စိတ်ချုပ်မပွင့်
ပျံလွင့်မတွာ
ကုရုဏာနှင့်
တံကျာလေဘာ
ဒေါ်သမြေးထူ
ရမှက်မြူကို
ဘယ်သူနှိုးရှာမေတော့မည်'

ကျောင်းမှာ ကဗျာတွေသင်ရတုန်းက ဒီကဗျာကို ဖတ်တိုင်း ရှင်မဟာရဋ္ဌသာရကို အပြစ်တင်မိတယ်။ အစကတော့ သန်းခေါင်သန်းလွဲ ညဥ့်နက်ကြီးမှာ လူကြီး မိဘတွေစကားတောင် နားမထောင်နိုင်ဘူး။ ချစ်တဲ့သူနဲ့ တွေ့ရမယ်ဆိုရင် သစ်ကျားတွေပေါ်တဲ့ တောကိုဖြတ်ပြီးတောင် ချစ်သူရှိရာကို လာခဲ့တယ်။ သူ့မှာ စာပေကျွမ်းဂန်တွေ တတ်လာလို့ တရားတွေ သိလာတော့မှ 'နှမလက်လျှော့ နေလေတော့လို့' သူပ် ပြောရက်လေခြင်း၊ သူ့လို ပါရမီမရှိရှာတဲ့ အဝိဇ္ဇာနယ်းမြက ချစ်သူမှာ ဒီကဗျာဖတ်ပြီး ဘယ်လောက်များ အသည်းနာလိုက်လေမလဲရယ်လို့ သံသရာကျွန်ဘဝက လွတ်မြောက်သွားရှာပြီဖြစ်တဲ့ ရှင်မဟာရဋ္ဌသာရကိုတောင် အပြစ်တင်မိတယ်။

ခုတော့ ကိုကိုဟာ သူလို သံသရာကျွန်ဘဝက မလွတ်ဆေးသော်လည်း...

'နှမလက်လျှော့
နေလေတော့ဟု
ချစ်ပေါ့မကြုံ'
ဆိုတဲ့ ကဗျာကို ချီချီ့ဆီ ရေးနေရပြီ ချီချီ။
ဒီအချစ်ကို....

မချီသည် ဒုတိယအကြိမ် စာကိုဆက်၍ မဖတ်နိုင် ဖြစ်ရပြန်သည်။ ကိုကိုသည် ရေးပဲရေးတတ်လေခြင်း။ သူ့စာလုံးများသည် မချီ အသည်းနှလုံးကို ကိုင်၍လှုပ်မည်ကို သိလျက်နှင့်ပင် ရေးလေသလား။ စာလုံးများသည် မျက်လုံးအောက်တွင် ပြန်၍ကြည်လင်လာကြပြန်သည်။

ဒီအချစ်ကို ကိုကိုက စခဲ့သူပါ။ ခုတော့ ကိုကိုကပဲ မချီရဲ့ မေ့လိုက်ပါတော့လို့ ပြောရတာ မပြောရက်ပါဘူး။ ဒါပေမင့် အပျက်ပေါင်းစုံနေတဲ့ ယဉ်မင်းပိုက်ဆိုသူ တစ်ယောက်နဲ့ ချီချီ့လို သဘာဝကိုက ဖြူဖြူစင်စင် ကြည်ကြည်လင်လင် ကြီးပြင်းလာသူ မိန်းကလေး တစ်ယောက်နဲ့ဟာ မတန်တော့ပါဘူး။

ခုအချိန်မှာ ယဉ်မင်းပိုက်ဆိုသူဟာ ယဉ်ယဉ်ကျေးကျေး လူတစ်ယောက်ဖြစ်အောင် ပြုပြင်ပြီး နေလာခဲ့



ပြန်ပေတာ့ ခင်မေအောင်ရဲ့ သနွေ့သားကိုင်တဲ့ လူ့ယဉ်ကျေးစိတ်ဟာ ကိုကို့ရင်ထဲ ဝင်လာခဲ့ပြီ မချီ။

ညဥ့်တိုင်း မိုးချုပ်လို့ ကြယ်တွေပိုးပြက်ပြီးနေတဲ့ အချိန်၊
လမင်းရောင်ခြည် ရွှန်းရွှန်းမြမြသာတဲ့အချိန်။
မုတ်သုန်လေထဲမှာ စံကားဝါပန်းရနံ့ မွှေးတဲ့အချိန်
ရောက်ပြီဆိုရင်ဖြင့်...

မချီဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ တိတ်ဆိတ်ငြိမ်သက်ပြီး သက်ကြီးခေါင်းချချိန် ရောက်တော့မှ မျက်လုံးလေး ကြောင်တောင်ဖွင့်ပြီး တစ်နေ့သော် သူ့ချစ်သူကို ပြန်လည်တွေ့လိမ့်နိုးနဲ့မျှော်လင့်နေရှာပေလိမ့်မယ်လို့ အစဉ်တွေးမိပါရဲ့။

တွေးမိတိုင်းလည်း ကိုကို ရွံချင်ပါတယ်မိန်းကလေးရယ်။

ဒါလောက်ဆိုရင်ဖြင့် စာအစမှာ 'ခဲ့' ဆိုတဲ့ အတိတ်စကားလုံး သုံးခဲ့ပေမင့် ချီချီဟာ ကိုကို့အတွက် ထာဝရ မြတ်နိုးအပ်သူ တစ်ယောက်ပါပဲ။

'ထာဝရ' ဆိုတဲ့ သဘောဟာ လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း မပျောက်ပြန်တဲ့ ပရမတ္ထသစ္စာသဘောမျိုးပါပဲ။ ကိုကို ဘောင်းပန်ခင်ဘာ တစ်ခုကတော့ စံကားဝါပန်းအနွမ်းကို ချီချီ့ရဲ့ နှလုံးသားမှာ မြှုပ်နှံပြီး လူတစ်ယောက် အသည်းနှလုံးကို သုသာန်မြေလို တန်ဖိုးမရှိ မလုပ်လိုက်ပါနဲ့ မချီ။

အသည်းနှလုံးဆိုတာဟာ တန်ဖိုး အများကြီးရှိပါတယ်၊ ဖောက်ပြန်တဲ့ နွေးဦးလေရူးဟာ မရှိတော့ရင် တောင်လေလာလိမ့်မယ်၊တောင်လေသွေးရင်ဖြင့် ချိုချို ရဲ့ ဥယျာဉ်မှာပန်းပွင့်တွေပြန်လည်ပွင့်နိုင်ပါသေးတယ်၊

ယဉ်မင်းပိုက်ဆိုသူဟာ ဖွေဖွေရှုပ်ရှုပ် မိန်းမတွေနဲ့ တွေ့တဲ့အခါ ဖွခဲ့တယ်၊

ချိုချိုလို ဖြူစင်ရိုးသားသူနဲ့တွေ့တဲ့ အခါကျတော့ ဘယ်လောက်ယဉ်ကျေးသိမ်မွေ့တယ်ဆိုတာ ချိုချို.... မင်းအသိဆုံးပါပဲ၊

ဒါကြောင့် အပြစ်ကင်းစင်ပြီးသန့်ရှင်းနေတဲ့ချိုချို လိုမိန်းကလေးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ရော၊ အသည်း နှလုံးဟာ ချစ်သူသာ‌န် မဖြစ်သင့်ဘူးဆိုတာ ကိုကိုထပ် လောင်းပြီး ပြောမြပါရစေ၊

ချမ်းမြေ့ရွှင်လန်းပါစေ

တစ်ခါက

ယဉ်မင်းပိုက်

စာအစကို စိုစွတ်သောမျက်လုံးနှင့် ဖတ်ခဲ့ပါ၏၊ စာအလယ် တွင် မျက်ရည်တို့သည်မိုးသို့သွန်းသွန်းဖြိုးခဲ့၏၊စာဆုံးလေသော် မချို၏ မျက်လုံးတွင် မျက်ရည်တို့ ခြောက်ခဲ့လေပြီ၊ ခဏခဏတော့ ရှိုက်၍ရှိုက်၍ နေမိသည်၊



အဖြစ်က ဒီလိုပဲ ဖြစ်ရလေမည်၊

'မမလေးချစ်ပါတဲ့ အရက် ရွှေမြင်းမိုရ် တစ်တောင်လုံးကို ကွယ်တိုးမှုတ်လို့ခုန်' ဟူသောသီချင်းကိုသူတို့ယောကျ်ားတွေက သီဆိုခဲ့၏။တကယ်တမ်း နင်လားငါလား ရွှေမြင်းမိုရ်ကိုခုန်ကူး ကြစတမ်းဆိုတော့ မမလေးမှာ တစ်ယောက်တည်းပါတကား။ မမလေးကသာ ပြေးခုန်ရန် အဆင်သင့် ရှိသည်၊သူတို့ တောင် ပူစာကိုပင်မခုန်ရဲမခုန်ဝံ့ကြ 'နှမလက်လျှော့ နေလေတော့' ဟူ သော ရေးစာဆိုတို့၏ စကားလုံးလုံးလှလှလေးတွေနှင့် အကာ အကွယ် ယူကာ သူတို့က ဦးအောင် လက်လျှော့ သွားတတ်ကြ သည် တကား။

## ( ၁၄ )

နောက်တစ်ပတ်တွင် ကိုသန်းဒန် ကားစေးနှင့် ရောက်လာသည်၊ မချိုကို အိမ်အောက်ကွပ်ပျစ်ပေါ်တွင်ပင်တွေ့ရ၏၊

'အစ်ကိုလေး....ဒီမှာပဲထိုင်ပါလား၊ အဘိုးအပေါ်မှာ အိပ်နေတယ်'

မချိုသည် ထိုးလက်စ သိုးမွှေးစောင်လေးကို ပေါင်ပေါ်တင် ပြောလိုက်၏။

'အဘိုးနိုးတဲ့အထိ စောင့်နေဦးမယ်.... ချိုချို'

ဒေါက်တာသန်းဒန်သည် ကွပ်ပျစ်စွန်းတွင် ဝင်ထိုင်၏၊

'အစ်ကိုလေး မော်ဘီ ဆေးတပ်ကို ပြောင်းရတယ်၊ လောလောဆယ် အိမ်ကတော့ လေယာဉ်ကွင်းနားမှာ ရမယ်၊ ရှေ့အမတ်လောက် သွားရမယ်၊ အဲဒါအိမ်ကိုသွားကြည့်ရင်းက အပြန်လှည့်လာတာ၊ နောက်ဆို ချိုချိုတို့နဲ့ နီးသွားပြီ၊ အဲဒီအကြောင်း အဘိုးကိုလဲ ပြောပြချင်လို့'

'ကောင်းတာပေါ့....ရှင်အဂ္ဂတို့လဲပြောင်းသွားတော့ မချိုလဲ ပျင်းနေရစ်တယ်၊ အစ်ကိုလေး မော်ဘီမှာရှိတယ်ဆို မချို ခဏခဏ လာလည်မယ်နော်'

ကိုသန်းဒန်သည် ပြုံး၍ မချိုမျက်နှာကို စေ့စေ့ကြည့်လိုက်သည်၊

'ခဏခဏတော့ လာမလည်စေချင်ဘူး၊ မချိုအမြဲနေစေချင်တယ်'

'ဘယ်လို....'

မချိုသည် တစ်ခါတုန်းကလိုပင် မသိကျိုးကျွန်ပြု၍ သူက ဦးအောင် ကာကွယ်မည်ဟန် ပြင်နေစဉ်မှာပင်....

'ဘယ်လိုဆိုတဲ့မေးခွန်း မမေးနဲ့တော့ ချိုချို၊ အစ်ကိုလေးဟာ မချိုရဲ့ သုံးလေးဝမ်းကွဲအစ်ကို ဆိုပါတော့၊ မချိုထက်လဲ အသက်အများကြီးကြီးတယ်၊မိချို ဆိုတဲ့ကောင်မလေးကိုအရင်က အစ်ကိုလေးက ကလေးလို့ထင်ခဲ့တယ်၊ဒါပေမယ့် ချိုချိုဟာ အစ်ကိုလေးထင်သလို မဟုတ်ဘူး၊ အင်မတန် လိမ္မာပါးနပ်တဲ့ မိန်းမကြီးတစ်ယောက်လို အသိဉာဏ်အတွေ့အကြုံက ရင့်နေပြီ'

ချိုချိုသည် မျက်လွှာချလိုက်သည်။

'လမ်းမှာ ကားမောင်းလာကတည်းက ချိုချို့ကို တစ်ယောက်တည်း တွေ့ရပါစေလို့ ဆုတောင်းလာခဲ့တယ်၊ အစ်ကိုလေး ဆုတောင်းပြည့်ပြီ'

ကိုသန်းဇန်သည် ဆက်တိုက် ဆက်ပြောသည်။

'အရင်တစ်ခါ စံမယ်ခင်းနားမှာတွေ့တုန်းက ချိုချိုကလေ အစ်ကိုလေး ဂန္ဓမာနတောင်က မဥ္ဇူသကနတ်ပန်းပဲခူးပေးဦး မချိုမပန်ဘူး၊ မနမ်းဘူး၊ မချိုခေါင်းက စံကားဝါပန်းပဲ နမ်းမယ်လို့ ချိုချို၊ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်တောက်တောက် ပြောခဲ့တာတွေ အစ်ကိုလေးခုထိကြားနေဆဲပဲ၊ ယုံပါတယ်မချို ဒီအတွက် အစ်ကိုလေး ဘာမှစိတ်ကွက်စရာမရှိဘူး၊ အဲဒီတုန်းကတည်းက အစ်ကိုလေးစိတ်ထဲ ဘာရှိတယ်ဆိုတာသိတဲ့ မချိုကိုလဲအစ်ကိုလေး ချီးကျူးပါတယ်၊ အစ်ကိုလေးကိုအကာအကွယ်တစ်ပုံကြီးနဲ့ ပြန်ပြောတတ်တဲ့ စကားတတ်မကြီးရဲ့စကားကိုလဲ အစ်ကိုလေးနားလည်ပါတယ်၊ ခုထိကြားယောင်နေတယ်'

'ဒီတော့...'

မချိုသည် အားယူပြီး၍ မော့ကြည့်ကာ စကားပြန်ပြောမည် လုပ်လိုက်သည်။

'နေဦး ချိုချို မင်းက စကားတတ်လွန်းလို့ လိမ္မာလွန်းလို့ အစ်ကိုလေး ပြီးအောင် သုတ်ခြေတင်ပြောပါရစေ'

မချိုသည် ပါးစပ်စေ့သွား၏။ လက်ကိုပေါင်ပေါ်ထောက်ကာ မေးတင်၍ နားထောင်နေသည်။

'ပန်းရာဇဝင်မှာမဥ္ဇူသကနတ်ပန်းဟာအစောဆုံးပွင့်သော ပန်းလို့ ဘယ်စွယ်စုံကျမ်းကမှ မဖွင့်ဆိုခဲ့ပါဘူးမချို၊ ဒီတော့



မဥ္ဇူသကနတ်ပန်းတဲ့ စောပြီးပွင့်တဲ့ပန်းတွေဒီလောကမှာ ရှိနိုင်မှာပဲ...ဒီအတွက် အစ်ကိုလေးက ဘာမှ သဝန်ကြောင်စရာ အပြစ်ပြောစရာမရှိဘူး၊ ပြောစရာတစ်ခုပဲရှိတယ်၊ ချိုချို့ကို အစ်ကိုလေး ချစ်တယ်၊ လက်ထပ်ရအောင် ကြိုးစားရမှာပဲ'

ကိုသန်းဇန်သည် ပါးနပ်သွားလေပြီ၊ မချိုလိုမိန်းကလေးကို စကားပြောရာတွင် စစ်သားစကားနှင့်ဆိုသော် ကျည်ဆန်ဖြုန်းသည်ပင်ဆိုဆို စက်သေနတ်ကို တရစပ် ကိုယ်ကဦးအောင် ပစ်ပြီး ဝင်နိုင်ပါမှ တော်ရုံကြသည်။ သို့မဟုတ်ပါက ဤမိန်းကလေးသည် တိုးမဝင်နိုင်အောင် အင်မတန် ကြံ့ကြံ့ခံတတ်ကာကွယ်တတ်လွန်းလှသည်၊

'ခေါင်းပေါ်က စံကားဝါပန်းကို အမြဲတသသ ကြည့်နေချင်တဲ့'သစ္စာ'တရားအတွက်လဲ အစ်ကိုလေး ချိုချို့ကိုချီးကျူးပါတယ်၊ ဒီစံကားဝါပန်းကို ကျောက်ချဉ်ရေစိမ်တာထက် ပိုပြီး ကြာရှည်ခံမယ့်နည်းလမ်း ရှာပေးပါဦး အစ်ကိုလေးရဲ့ ဘိုလဲ ဒီကအကောင်က ဆရာဝန်ပါ ချိုချို၊ ရှာဖွေစမ်းသပ်ပေးဖို့ အဆင်သင့်ပဲ၊ ဒါပေမင့် ဒါပေမင့် ဒီပန်းကို တာရှည်ခံအောင် နည်းလမ်းကြံဆရတဲ့ တန်ဖိုးအတွက် အဖိုးအခတော့ အစ်ကိုလေး လိုချင်တယ်၊ အဲဒီအဖိုးအခဟာ ချိုချိုရဲ့အသည်းနှလုံးပဲ'

ကိုသန်းဇန်သည် ဖင်ကြွလိုက်၏။ သူ့မျက်နှာသည် တက်ကြွနေသည်။

'ကဲ...အိမ်ပေါ်တက်တော့မယ်...စကားတတ်မကြီး'

'နေပါဦးလေ အစ်ကိုလေး၊ ဘယ့်နှယ့် လူတစ်ယောက်ကို ကိုယ်ပြောချင်တာတွေ ပြောပစ်ခဲ့ပြီး ထသွားရော၊ တစ်ဖက်

လူကို ဘာမှ ပြန်လည်ပြောဆိုဖို့ ချေပဖို့ အခွင့်မပေးဘူး... တာကတော့ နည်းနည်း မလွန်လွန်းဘူးလား’

မချိုသည် မရယ်မပြုံး ခပ်တည်တည်ပင်ပြောလိုက်တော့ ဒေါက်တာသန်းဒန်သည် ပြန်ထိုင်လိုက်သည်။

‘ဒီလိုရှိတယ် မချို၊ ချေပဖို့အခွင့်အရေးကို ပိတ်ပင်ချင်လို့ အစ်ကိုလေး ထပြေးတာမဟုတ်ပါဘူး၊ချိုချို့ကို... ကြောက်လို့’

‘ဟား....ဟား....’

မချိုသည် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။မချိုနှင့် တွေ့ဆုံသွားလာ ဆက်ဆံနေကြသည့် ဒီ ခေတ္တအတွင်း ဤမျှပွင့်ပွင့်လင်းလင်း ဟက်ဟက်ပက်ပက် ရယ်မောသည်ကို ဒေါက်တာသန်းဒန် မတွေ့ဖူး၍ရုတ်တရက် ကြောင်တက်တက်ဖြစ်သွား၏။

‘ဘယ့်နှယ်....ရယ်လှချည်လား’

‘ရယ်ရမယ်လေ အစ်ကိုလေးရဲ့၊ မချိုအဖို့ ငိုတဲ့အခန်းဘက်ကချည်း အစဉ်မနေနိုင်ဘူး၊ မချိုရယ်ချင်တာက အစ်ကိုလေးကပဲ မချိုကိုကြောက်ရတယ်ရယ်လို့၊ တကယ်ကြောက်မှာက မချိုပါ’

မချိုသည် မျက်နှာထားကို ပြန်၍ပြင်လိုက်ကာ တည်တည်ငြိမ်ငြိမ် ဆက်ပြောလိုက်သည်၊

‘မချိုဟာလူတစ်ယောက်ဒုက္ခရောက်သွားစေနိုင်ဖို့လက်နက်လဲမရှိဘူး၊အင်အားလဲမရှိဘူး၊ဒါနဲ့များမချိုကို ကြောက်တယ်လို့ အစ်ကိုလေးပြောတာ သက်သက်စော်ကားတာပဲ’

ဒေါက်တာသန်းဒန်သည် ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်သည်၊



‘လက်နက်နဲ့ အင်အားမရှိလဲ ချိုချို့ကို အစ်ကိုလေး ကြောက်တယ်၊ ချိုချိုပြောမယ့် စကားလုံးတွေကို အစ်ကိုလေး ကျည့်ဆန်ထက်ကြောက်တယ်’

‘အဲဒီလိုကြောက်ရင်လဲ ဒီမိန်းကလေးနဲ့ လက်ထပ်ကြဖို့ အစ်ကိုလေး မစဉ်းစားသင့်ဘူး’

‘ဒီလိုပဲ ဘယ်ဟုတ်ဦးမလဲ၊ ကြောက်တယ်ဆိုတဲ့ အထဲမှာ မချစ်နိုင်ပါဘူးရယ်လို့ ဖြင်းပယ်လိုက်မှာကိုလဲ ပိုပြီး ကြောက်နေတာပါ ချိုချို၊ ပြီးတော့လဲ ချိုချိုက ဟိုစံပယ်ရဲ့ အနားမှာ တွေ့တုန်းက ပွင့်ပွင့်လင်းလင်းကြီး ပြောထားလိုက်တော့ မိန်းကလေး တစ်ယောက်က ဒါလောက် ပြောထားပါလျက်နဲ့ ရှေ့တိုးလာရင် ချိုချိုတို့ မိန်းကလေးတွေက အထင်လွဲတတ်ပြန်ရော၊ မျက်နှာရှူး မျက်နှာပြောင် တိုက်လွန်းတယ်လို့ ထင်မှာလဲ စိုးရသေးတယ်၊ စင်စစ်တော့ အစ်ကိုလေး အနေနဲ့ မချို မြတ်နိုးလှပါတယ်ဆိုတဲ့ စကားဝါပန်းဟာ ချိုချိုရဲ့ ခေါင်းပေါ်မှာ ရှိနေဆဲပဲလား၊ မရှိတော့ဘူးလား၊ ဒါကိုပဲ ကြည့်ရမယ်၊ ပန်ထားတာ မတွေ့ရတော့ရင်တော့ အစ်ကိုလေး မှာ ပြောပိုင်ခွင့် ရှိတယ်လို့ အစ်ကိုလေး ယူဆတယ်’

‘ကြော်.... အစ်ကိုလေး၊ အစ်ကိုလေး၊ စကားမတတ်ပေလို့ပဲနော်၊ ဒါနဲ့များ မချိုကို ကြောက်ရတယ်ရယ်လို့’

မချိုသည် ညည်းညည်းတွားတွားနှင့် လေးလေးပင်ပင် ပြောလိုက်သည်။ ကိုသန်းဒန် မျက်နှာကိုတော့ မော်မကြည့်ပါပေ။ မြေကြီးကိုသာ စူးစိုက်ကြည့်ရင်း ပြောလိုက်သည်၊

'တောမှာ ကြီးပြင်းတဲ့ မိန်းကလေး တစ်ယောက်ရယ်လို့ အစ်ကိုလေး အထင်သေးလို့ ဘာရမလဲ မချို၊ မချိုရဲ့အဘိုး ထိန်းသိမ်းပြုပြင် ပေးထားတဲ့ အလေ့အကျင့် စည်းကမ်းတွေ ရော ဗဟုသုတ တွေရော အစ်ကိုလေး လေးစားရမယ်၊ ချိုချို ရဲ့ဖေဖေ အသိုက်အဝန်းကရော နည်းတဲ့ အသိုက်အဝန်းမှ မဟုတ်ဘဲ'

မချိုသည် ငြိမ်သက်စွာ နားထောင်နေရာမှ ခေါင်းမော် လိုက်သည်။ မချို မျက်နှာတွင် တစ်စုံတစ်ရာ စိတ်မချမ်းမြေ့ သော အသွင်ကို ဖော်ပြနေပြန်သဖြင့် ကိုသန်းဓုန်သည် စိတ် မကောင်း ဖြစ်လာပြန်သည်။

'မချိုကို လေးစားတယ် ဆိုရင်ပဲ မချို ကျေးဇူးတင်ပါ တယ်၊ မချိုဟာ ပြောလွယ်ဆိုလွယ် ရန်စွယ်နဲ့ ငေါငေါဆိုတဲ့ မိန်းမစားမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမင့် အစ်ကိုလေး အိမ်ထောင်ရေး ဆိုတာမှာ နောင်အခါကျတော့မှ နောင်တ ရကြရရင် မကောင်းပေဘူး၊ မချိုဟာ ဘယ်သူ့ကိုမှလဲ မလိမ် ချင်ဘူး၊ မချို ပိုင်တဲ့အပိုင်း ရောက်နေပါရောရယ်လို့လဲ နိုင်တဲ့ အပိုင်း ကိုင်ပြီး ဇမြွတ် မထုတ်ချင်ပါဘူး၊ ဒါကြောင့် တစ်ခါ ကဖြင့် မချိုမှာ ပန်ခဲ့ဖူးတဲ့....'

မချိုသည် မျက်ရည်များ ဝေ့လာရာမှ တွေဝေစွာ စီးကျ လာသည်။ စကားကို ရှေ့ဆက် မပြောနိုင်ဘဲ ခေတ္တ ရပ်နား လိုက်ရသည်။ လက်ကိုင်ပဝါဖြူနှင့် မျက်ရည်ကို သုတ်ပြီးမှ ဆက်ပြောသည်။



'ပန်းရှိခဲ့ဖူးတယ်ဆိုတာ အစ်ကိုလေးကို ဟိုနေ့က ဖွင့်ပြော ခဲ့တာပါ၊ ကျွဲနားလို မည်းမည်းမြင်တာနဲ့ ပြေးခဲချင်တဲ့စိတ် မရှိပေမင့် မချို စကားလုံးတွေက အစ်ကိုလေးအဖို့ ကျည်ဆန် လို ပြင်းထန် မာကျော နေမယ်ဆိုရင်လဲ မချိုကို ခွင့်လွှတ်ပါ၊ မချို အသည်းနာနေလေတော့ ဒီနာနေတဲ့ အသည်းက ထွက်ရ တဲ့ စကားလုံးက မာကျောကျော ဖြစ်နေမှာပါပဲ၊ မချိုဟာ အဘိုး အဆုံးအမ အောက်မှာ မြန်မာ ကျေးတောသူပီပီ ကြီး ပြင်းလာသူပါ၊ အစ်ကိုလေးကို မရိုသေလို့ ရိုင်းရိုင်းပျပျပြော တာ မဟုတ်ပါဘူး'

'ဒါကို အစ်ကိုလေး နားလည်ပါတယ် ချိုချို'

'မချို စိတ်ဆန္ဒကတော့ ပွင့်ပွင့်လင်းလင်း ရှိချင်တဲ့ သဘော ပါပဲ၊ အစ်ကိုလေးကို မချို ပြောပြမယ်'

'ပြောပြပါ ချိုချို၊ အစ်ကိုလေးလဲ အင်မတန် အေးအေး ဆေးဆေး ဆွေးဆွေးနွေးနွေး ပြောချင်တဲ့သူပါ၊ ချိုချို ငိုနေတာလဲ အစ်ကိုလေး မကြည့်ရက်ပါဘူး'

မချိုသည် ပင့်သက်ရှူလိုက်၏။

'မချိုကို အစ်ကိုလေး ကြောက်နေသလိုပဲ အစ်ကိုလေးကို လဲ မချိုက ကြောက်တယ်၊ ပြောလေ့ ပြောထ စကားတွေမို့ တုံးထမ်းစဉ်လာအတိုင်း ပြောနေတယ် မအောက်မေ့နဲ့ အစ်ကို လေး၊ အစ်ကိုလေးတို့ဟာလေ မတွေ့စ မြင်စတော့ တောမှာ ပွင့်တဲ့ပန်း အရိုးခံမို့ မြတ်နိုးပါတယ်၊ ကြင်နာပါတယ်၊ ရွှံ့ကို မှ ချစ်သလေး မြေကိုမှ ချစ်သလေးနဲ့ ပြောတတ်ကြတာပဲ၊ အလုပ်ကြမ်း လုပ်လို့ လက်ဆစ်တွေ ကြီးနေလဲ မချိုတို့က

ဝှက်မထားပါဘူး၊ ကိုယ့်လက်ချောင်းလေးတွေ ကိုယ်ထုတ်ပြပြီး လက်ဆစ်ကြီးရတဲ့ အကြောင်းကို မညာမကောက် ပွင့်ပွင့် လင်းလင်း ပြောခဲ့ကြတယ်၊ စိတ်လိုနေတုန်းတော့ ကိုယ့်လုပ်အားကိုယ်အားထားတဲ့သူမို့ ဒီလက်ဆစ်တွေကြီးပြီး လက်ဖဝါးတွေ ကြမ်းနေလဲ ချစ်နိုင်ပါတယ်လို့ စကားဆိုကြတာပဲ၊ တကယ်တမ်း ယူကြစို့ ဆိုတဲ့ အခြေလဲကျရော....ဖေ့လို နူးညံ့ပြီး ဖယောင်းလို လက်ချောင်းသွယ်သွယ်နဲ့ လက်သည်းခွံ ချွန်ချွန်လေးတွေနဲ့မိန်းမ နုနုနယ်နယ်တွေကိုသာ အစ်ကိုလေးတို့က ဘောင်ညာထားကြတာပါ၊ တွေ့ဖူး ကြုံဖူးတော့လဲ ကြောက်တယ် အစ်ကိုလေး'

'ဟုတ်တယ်၊ ဒါ ချိုချို့ ဘက်ကတွေးစရာပဲ၊ ကြောက်မယ်ဆိုလဲ ကြောက်စရာပဲကိုး၊ ဒါပေမယ့် တခြား သူစိမ်းတစ်ရံဆံယောကျ်ားတစ်ယောက်အတွက် ချိုချို ဒီလိုအကြောင်းပြလိုက်ရင် နောက်ဆုတ်ဖို့ပြဿနာ ပေါ်ကောင်း ပေါ်မယ်၊ အစ်ကိုလေးအဖို့က ချိုချိုဟာ ဆွေရိပ်မကင်း မျိုးရိပ်မကင်း၊ ချိုချို့ဗိုဇဟာလဲ ဘာလဲဆိုတာ သိနေလေတော့ လက်ချောင်းဖယောင်းတိုင်လို မိန်းကလေးကိုတွေ့တာနဲ့ ဒီလက်ဆစ်ကြီးတဲ့တောင်သူမကို ပစ်သွားဖို့အကြောင်းမရှိပါဘူး၊အခါခပ်သိမ်းရုပ်ဆိုတဲ့ သဘောတရားတွေဟာလေ အဆုံးအဖြတ် အမှန်ကို မပေးနိုင်ကြပါဘူး'

ကိုသန်းဒန်သည် မချိုမျက်နှာကို ရဲရဲကြည့်ကာ စိတ်ရှည်လက်ရှည် ပြောပြ၏၊



'မင်းထဉ်နရသိဒ်ဟာ ဝေဠုဝတီကို မြင်မြင်ချင်း 'သလုံးထွား နားဘက်ကျယ်' တဲ့ မိန်းမရယ်လို့ အပေါ်ယံ ရုပ်ကိုအသားပေး ဆုံးဖြတ်ပြီးတော့ မိဖုရားအဖြစ်က ပယ်ခဲ့တယ်၊ ညီတော်ကို ပေးလိုက်တယ်၊ နောက်မှ ဝေဠုဝတီရဲ့ တကယ့်အရည်အသွေးကို မြင်တော့လဲ ညီတော်ကိုတောင် အခဝေးနှင်ပြီး ဝယ်ကို သိမ်းပိုက်ခဲ့တယ်၊ ဒီမိန်းမကြောင့် လုပ်ကြံတောင် ခံခဲ့ရတယ်၊ အဲဒီတော့ ရာဇဝင်ပါ အမှားကြီးကိုမြင်ပါလျက်နဲ့ ထပ်ပြီးတော့ အစ်ကိုလေး လိုက်မမှားဘူးမချို'

မချိုသည် မချိပြုံးလေး ပြုံးလိုက်ပြန်သည်။
'အင်းပေါ့လေ...စဉ်းစားစရာတွေကို စဉ်းစားတာကတော့ နောင်ကို မမှားနိုင်ဘူးပေါ့၊ တစ်ခုပြောစရာ ကျန်သေးတာကတော့ မချိုခေါင်းမှာ စံကားဝါပန်းဟာ မရှိပေမယ့်လို့ အသည်းနှလုံးမှာ ဒီပန်းက ရှိနေမှာဆိုတာလဲ အစ်ကိုလေး စဉ်းစားနော်'

'ဟော....မောင်သန်းဒန် ရောက်နေလား'

ကိုသန်းဒန်သည် စကားဆက်မည်လုပ်နေစဉ် ဒေါ်အေးရှင်သည် အိမ်ပေါ်မှ ဆင်းလာ၏။
- 'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အတိုး ဆိပ်ရောက နိုးပြီလား'

'အေးကွယ်၊ ကိုယ်တွေ လက်တွေလဲ နာသလိုပဲ တဲ့၊ တက်ကြည့်ပါဦးလား မောင်သန်းဒန်'

'ကျွန်တော်လဲ အဘိုး လာတွေ့တာပဲ၊ ချိုချိုနဲ့ စကားကောင်းနေတာနဲ့ အပေါ်မရောက်သေးတာ၊ အဘိုး အအေးမျှား မိသွားသလား'

'မနက်က ရေချိုးပေးတာတော် မချို ရေနွေးနဲ့ စပ်ချိုးပေးတာပါ'

မချိုက ဖြေလိုက်၏။

'အဘိုးဆီ သွားဦးမယ်'

ကိုသန်းဒန် ထလိုက်၍ သုံးယောက်စလုံး အပေါ်ကိုတက်လာကြလေသည်၊

အဘိုးမှာ ဖျားတွေးဝင်နေလေသည်၊ လွယ်လွယ်ကူကူ အိမ်ရှိ ဆေးကိုပင် တိုက်လိုက်၏။

'ကျွန်တော် နက်ဖြန်မှ မေမေ့ခေါ်ပြီး လာခဲ့ဦးမယ်အဘိုး၊ လိုလိုမည်မည် ဆေးအိတ်ပါယူခဲ့မယ်၊ ဒီနေ့ အဖျားအတိုင်းဆိုရင်တော့ ဆေးထိုးဖို့ မလိုပါဘူး၊ နက်ဖြန်မှ ဆေးထိုးသင့်ထိုးမယ်'

ကိုသန်းဒန်သည် သူ အလုပ်ပြောင်းရမည့်အကြောင်း၊ နေရမည့်အိမ်သို့ သွားကြည့်ကြောင်း၊ ယခုတလော အပြောင်းအရွှေ့ အတွက် ပြင်ရင်းဆင်ရင်း အချိန်တစ်ပတ်လောက် ရမည့်အကြောင်းတွေကို အဘိုးနှင့် အချိန်အတော်ကြာ စကားပြောနေလေသည်၊

( ၁၅ )

နေ့စက်နေ့တွင် ကိုသန်းဒန် ပြောခဲ့သည့်အတိုင်းပင် ဒေါ်တင်ကြည်ပါ လိုက်လာခဲ့သည်။

အဘိုးမှာ အဖျားရှိနေဆဲပင် ဖြစ်၍ ကိုသန်းဒန်က ဆေးတစ်လုံး ထိုးပေး၏၊

'မောင်သန်းဒန်အနေနဲ့ မဂ်လာဒုံစစ်ဆေးရုံကို တင်လို့ရပါတယ်၊ အဘိုး ဆေးရုံမှာ ခဏနားပါလား'

ဒေါ်တင်ကြည်က အကြံညာဏ်ပေး၏။ အခုအချိန်မှာ ဒေါ်တင်ကြည် အနေနဲ့ စေတနာ မေတ္တာတွေ ဗရပွကို ရွှန်းရွှန်းဝေအောင် ပြရမည့်အချိန် ဖြစ်ပေသည်၊

စင်စစ် ဘယ်ဘက်က ကြည့်ကြည့်၊ သူတို့အဖို့ မချိုလိုမိန်းကလေးမျိုးကို လက်လွှတ်ခံလိုမည် မဟုတ်ပေ။ မချိုတွင် ရန်ကုန်ကြိုက် စိန်ရွှေ မိဘအမွေတွင် ရှိသည်မဟုတ်၊ မချိုသည် ကျိုးနွံသောဝင်သော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကိုက ဒေါ်တင်ကြည်အဖို့ ချွေးမအနေနှင့် မျက်စိကျစရာပင်ဖြစ်ခဲ့လေသည်၊

များသောအားဖြင့် တစ်ဦးတည်းသောသမီးတို့မှာ ဝိုင်းဝန်းမြှောက်စားသောအချိန်ဖြင့် ထမင်းကိုသော်မှ ဘယ်ကဖြစ်လာမှန်းမသိသည့် မိန်းကလေးမျိုးကို ဒေါ်တင်ကြည်သည် တွေ့ကြုံခဲ့ဖူးပေပြီ၊

ထဘီတစ်ထည်ကို ခါးချိုး၍ မဖွပ်လိုသော သူဌေးသမီးများကိုလည်း ဒေါ်တင်ကြည် တွေ့ခဲ့ရ၏၊ အဘိုး ချီးရေကအစ ကိုယ်တိုင်သယ်ကာ ကိုယ့်အားကိုယ်ကိုး ဘဝနှင့် နေလာသော မိန်းကလေးမျိုးကို အောက်ခြေမလွတ်သည့်အတွက် ဒေါ်တင်ကြည်က ပို၍ ကျေနပ်၏၊ အထူးသဖြင့် သူ့မောင် ဝမ်းကွဲတော်သူ ဦးထွန်းမြင့်မှ ကျန်ရစ်သော သွေးဆိုသော အနှောင်အဖွဲ့က မချိုအပေါ် ပို၍ သံယောဇဉ်ငြိစရာဖြစ်၍ နေလေသည်။

'အဘိုး ဆေးရုံတက်ချင်တယ်ဆိုလဲကျွန်တော် စီစဉ်ပေးမယ်လေ'

ကိုသန်းဒန်ကပါ ဝင်၍ပြော၏။

'မလိုပါဘူး မောင်သန်းဒန်ရယ်၊ ဒီအဖျား အိမ်မှာနေပြီးကုမယ်၊ အာဂန္တုဖျားပဲ ဖြစ်မယ်ထင်တာပဲ၊ မပျောက်တောင်မှ အဘိုး အသက်ရှစ်ဆယ်ထဲ ရောက်နေပြီပဲ၊ သေပျော်ပါပြီ၊ အဘိုး အိမ်မှာပဲ အဘိုး ခေါင်းချပါရစေကွယ်၊ မင်းတို့ စစ်ဆေးရုံကြီးထဲက ရေခဲတိုက်ကြီးက အေးစက်စက်ကြီး'

အဘိုးသည် ဖျားရာမှပင် ရယ်စရာလေး ဖောက်ပြောလိုက်သည်။

'အဘိုးကလဲ ကြုံကြုံဖန်ဖန်တွေနဲ့ မပြောပါနဲ့'



မချိုသည် အဘိုးထံမှ ထိုစကားကို ကြားရပြန်တော့သည်။ ရယ်စရာဟူ၍ မထင်။ စိတ်ထဲမှာ ဟာတာတာကြီးဖြစ်သွားသည်။

'အို...မိန်းကလေးနယ်၊ အဘိုးမိုလို့ သီလကောင်းလွန်းလို့ ဒီအသက်အထိ အသက်ရှည်နေတာပဲ ကျေးဇူးတင်ရဦးမယ်၊ မိန်းကလေး မိဘတွေဆို ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားကြတာကွယ်၊ မင်းကလဲ အားငယ်တတ်ရန်ကော'

မချိုသည် အဘိုးအနားတွင်ထိုင်ကာ ခြေသလုံးသားများကို ဆုပ်နယ်ရင်းမှ မျက်ရည်လေးများ ဝိုင်းလာ၏၊ အဘိုးဆိုသည်မှာ အဘိုးကြီးအိုတစ်ယောက်ဟူသော အယူအဆနှင့် နေလာခဲ့ကြသည်၊ အဘိုးအိုကြီးတွင် အိုမင်းချိန်ဝယ် စွမ်းအားများ ဘာမျှမရှိတော့၊ မိမိတို့ အပေါ်မှာသာ အဘိုးက မှီခိုနေရ၏။ မြေးတို့၏ အပြုအစုခံ၊ အယုအယခံ သဘောမျိုးဖြစ်နေပေ၏၊

သို့သော် မိဘများစွန့်ပစ်သွားသောသက်တမ်းတစ်လျှောက် အဘိုးသည်သာလျှင် သူ့အား မိဘနှစ်ပါးနေရာမှနေ၍ မြူစောင့်ရှောက်ခဲ့သူ ဖြစ်သည်၊

'ကဲ...မချို အနားရှိတုန်း မောင်သန်းဒန်ရော မတင်ကြည်ရော ထမင်းစားကြဦးလေ'

'ဟုတ်ကဲ့၊ ကျွန်တော်လဲ ထမင်းစားပြီး မေမေ့ကို မော်ဘီအိမ် သွားပြဦးမယ်'

'အေး...အေး'

အဘိုးက ခေါင်းညိတ်ပြလိုက်၏၊ သူတို့ သုံးယောက်သည် ထမင်းစားရန် ထွက်သွားကြ၏။ မချိုသည် တစ်ယောက်တည်း

ကျန်ရစ်ရင်းမှ အဘိုးမျက်နှာကို စေ့စေ့ကြည့်မိ၏။ ချိုင့်ကျနေသော မျက်လုံးအိမ်အပေါ်တွင်ချည်လျှားသောမျက်ခုံးတို့သည် တချို့ ဖြူဆွတ်ကာ ထောင်၍ နေလေသည်၊ ခွက်ဝင်နေသော ပါးရှုံ့ရှုံ့မှာ အသားဖြူနေသော်လည်း အရေများ လျော့ပါး တွန့်ခေါက်နေ၍ အသက်ရှုတိုင်း ပိန်ချည်ဖောင်းချည်လိုဖြစ် နေလေသည်။

ဤမျက်နှာသည် တစ်ခါက စိုပြည် ပြည့်ဖြိုးသော ကျက်သရေကို ဆောင်ခဲ့သည်၊ ဤမျက်နှာဖြင့် မချိုရှေ့မှ မားမား ရပ်ကာ လဝန်းလို အလင်းရောင် ပေးခဲ့သည်။

စွပ်ကျယ်အင်္ကျီပေါ်မှ ညဝတ် ဖလန်နယ်ကို ဝတ်ထား သော်လည်း နံရိုးပြိုင်းပြိုင်းကျဲနေသော အဘိုး၏ ရင်အုပ်ကြီး မှာ ပြားချပ်နေလေသည်၊ ဤရင်အုပ်ကြီးသည်လည်း မချို အား မချို၏မိဘများကွယ်လွန်ကတည်းက ဘေးရန်အပေါင်း မှ တံတိုင်းကြီးသဖွယ် ကာဆီးခဲ့သည်။

တီများ သွားနေသလို ညိုပြာသော အခကြောများသည် အဘိုး၏ အရိုးသာရှိသော လက်တွင် ယှက်ဖြာ နေကြသည်၊ ဤလက်များနှင့် တစ်ဖက်သော လက်က မချို၏ ခံတွင်းသို့ အစာကျွေးခဲ့သည်၊ တစ်ဖက်သောလက်ဖြင့် မချို၏ မျက်လုံးမှ ပူပင်သောကကြောင့် စီးလာသော မျက်ရည်ကို ကျဆင်း၍ မလာအောင် ဆီးကာပေးခဲ့သည်၊ ကျလာသော မျက်ရည်ကို လည်း ညင်သာစွာ သုတ်ပေးခဲ့သည်၊

အရိုးပြိုင်းပြိုင်း ကျနေသော်လည်း အင်အား ကြီးမားလှ သော ဤလက်ဝါးပြင် နှစ်ခုသည် သေမင်းကို တွေ့ဆုံပြီ ဆိုပါ



စို့၊ ကာကွယ်နိုင်သော အစွမ်းမှ ရှိပါလေစ၊ အတွေးမှာ ထို နေရာသို့ ရောက်လာလျှင် မချို ရင်ထဲတွင် ဆို့သွားသည်၊ မချို သည် မျက်ရည်ဝိုင်းရာမှပင် ရှိုက်မိပြန်သည်။

ယခု သူ့အလှည့် ရောက်လာ၍ နုနယ် ပြည့်ဖြိုးသော လက် ဖြင့် သူသည် အဘိုးကို ပြန်၍ ခြေဆုပ်လက်နယ် ပြုပေးသည်၊ အဘိုးကို သူ့လက်ဖြင့် ထမင်းပွဲရှေ့ရောက် ပြုစုခဲ့သည်။ သူ့ လက်ဝါးသည် နုနယ်သေးသည် ဆိုသော်လည်း သေမင်းကို အဘိုး ရင်ဆိုင်ရာ၌ သူ့လက်ဖဝါးများသည် ကူညီနိုင်စွမ်း ရှိပါ မည်လော....။

မချိုသည် ရှိုက်မိပြန်သည်၊

'ဟဲ့...မိန်းကလေးရဲ့၊ ဘာပြုလို့ ရှိုက်ရှိုက် နေရတာတုံး'

အဘိုးသည် မေးလိုက်၏၊

'မချို....စိတ်မကောင်းဘူး အဘိုး၊ သူတို့ပြောသလို ဆေးရုံ တက်ဖြစ်ရင် တက်ပါလား အဘိုးရယ်၊ အသက်ကြီးပေမင့်လဲ ဆေးဝါးကောင်းတော့ ပိုအသက်ရှည်တာပေါ့'

'ငါ့မြေးက အဘိုး သေမှာ စိုးနေတယ်ထင်တယ်၊ လောက မှာ ငါ့မြေး နေတတ် စားတတ်ပါတယ်၊ အားမငယ်စမ်း ပါနဲ့'

'မချို....နေရေး စားရေးအတွက် ပြောနေတာ မဟုတ်ပါ ဘူး အဘိုးရယ်၊ မချို အဘိုးနဲ့ ဘယ်ခွဲချင်မလဲ'

'မဟုတ်တာ မိန်းကလေးနယ်...သေမင်းက မခွဲတောင် တစ်နေ့ မချိုတို့ မေတ္တာကြိုက်တဲ့လူ ပေါ်လာရင် မိန်းကလေး တို့က ခွဲသွားကြမှာပါ'

'အဘိုးကလဲ....မမွေတာကြောင့် မချို အိမ်ထောင်ပြုတော့ အဘိုးကိုတော့ ဘယ်ခွဲသွားမလဲ၊ ပြီးတော့လဲ အဘိုးရယ် အဘိုး နေကောင်းနေတော့ မချိုမှာ ဘယ်လိုပြောပြော ပြော အား ဆိုအား ရှိတာပေါ့၊ ခုတော့ သူတို့ကလဲ....'

မချိုသည်ဤနေရာတွင်ရပ်နေမိ၏၊စကားစရပ်ထားရျှလည်း မဖြစ်ပါပေ။အဘိုးသည်သူ၏အမေလည်းဟုတ်၏။အဖေလည်း ဟုတ်၏။ ထို့ကြောင့်မင် စကားဆက်ပြောလိုက်သည်၊

'အဘိုးသာတိမ်းပါးသွားရင် မချိုတစ်ယောက်တည်းနေလို့ မတင့်တယ်ဘူးပါဘူး၊ အန်တီဒေါ်တင်ကြည်တို့က ဝိုင်းနားချ ကြဦးမှာ'

'အေး....အေး....'

အဘိုးက လေးလေးကြီး စကားဆိုသည်၊

'အဘိုးလဲ မိန်းကလေးကို ဒီအကြောင်းပြောချင်တာ ကြာ ပါပြီကွယ်၊ အဘိုးစိတ်ထဲမလဲ မပြောရက်ဘူး၊ သူတို့ကတော့ ကြာလှပြီ စကားစနေတာ၊ အဘိုးကလဲရယ်စရာ မောစရာ ဖောက်ဖောက်ပြီး သူတို့စကား လမ်းလွှဲခဲ့တယ်၊ ဒါပေမယ့် ဟိုတုန်းက မစဉ်းစားခဲ့ပေမယ့် ခု သူတို့ကမ်းလှမ်းလာတာကို စဉ်းစားသင့်ရင်စဉ်းစားရမယ် မိန်းကလေးရေ....'

မချိုသည် နှိပ်ရင်းမှ သက်ပြင်းကြီးချလိုက်သည်။

'မချိုလေ အဘိုးကိုဖတ်ပြရလွန်းလို့ဝေသာန္တရာထဲက အဓိုး မဒ္ဒီ...သမီးတို့၊ အလိမ္မာရှိသောရထားတို့၊ ရေမရှိတဲ့မြစ်တို့ မချို ဆိုဆပ်ဘလဲလဲဖြစ်နေပါပြီ အဘိုးရယ်၊ ဒါပေမယ့်ဆဲဒီစကား



လုံးတွေ အဘိုးရွတ်ပြတာသာကြားချင်တယ်၊သူတို့က ဒီစကား လုံးတွေ ရွတ်ပြီး မချိုကိုနားချတာ မကြားချင်တော့ဘူး'

'သေသေချာချာစဉ်းစားပါဦးမြေး၊အဘိုးတစ်ခုပြောမယ်၊တို့ မြေးအဘိုးနှစ်ယောက်တည်းပဲရှိတာ၊ ပြောစရာရှိ ပြောရမှာပဲ၊ တကယ်လို့သာ မိန်းကလေးမှာ ရည်းစားသနာသာရှိခဲ့ရင်ဖြင့် ဒီစကားလုံးတွေကို အဘိုးကို လက်ဦးအောင် မိန်းကလေးက ပြောမှာပါ'

မချိုသည် ပါးစပ်လေး ဟနေမိသည်။

'ဟုတ်စ, အဘိုးရယ်၊ အဘိုးသာမရှိရင်မချိုအဖို့ မတင့်တယ် ဘူး၊ သောင်ပြင်လွတ်တဲ့ ငှေးလို နေမှာပါနော်၊ ခုတော့ မိန်းကလေးလဲ မောင်သန်းဒန်ကို မေတ္တာမှမရှိသေးဘဲကိုး'

မချိုသည် သူ့စိတ်ကိုသူမြင်အောင် အဘိုးက ရင်အတွင်းကို မှန်သား ထိုးပြလိုက်၏။ အဘိုး ပြောသည်မှာ မှန်ပေသည်၊ အကယ်၍သာ သူ၏ချစ်သူယဉ်မင်းပိုက်က လာရောက်တောင်း ယူပါလျှင် ဤနေရာ၌ မချိုသည် စကားလုံးပြောင်း၍ပြောရ ပေတော့မည်။အဘိုးစကားမှန်နေ၍ မချိုစကားမလွန်သာပေ။

'အဘိုးပြောတာ မှန်ပါတယ် အဘိုး၊ ဒါပေမယ့် အဘိုး ကိုလဲ မချို ဒါ့ထက် အဘက်ရှည်စေချင်သေးတာပေါ့'

'ဒါတွေက ကိုယ့်ကိုယ်ကို ဖန်တီးလို့ရတဲ့ အကြောင်းတွေ မဟုတ်ပါဘူး မိန်းကလေးရယ်....ကဲ....နည်းနည်းပေးဦး၊

'ဪ....အဘိုးအိပ်နေပြီလားလို့၊ကျွန်မတို့မောင်သန်းဒန် ရတဲ့ မော်တီကာအိမ် နေရာတကျရှိပြီ သွားလုပ်ပေးလိုက်ဦး မယ် အဘိုး'

ဒေါ်တင်ကြည်သည် နှုတ်ဆက်ရင်း ဝင်လာသည်။
'အေး....အေး....'
ဒေါ်တင်ကြည် ထွက်သွားလျှင်....
'သွား....မချို၊ မင်း အဒေါ်များ လိုက်ပို့လိုက်ဦး၊ အတိုး လဲ့ မေးလိုက်ဦးမယ်'
မချိုသည် ကိုသန်းဇန်တို့ သားအမိ ကားပေါ်တက်သည့် အထိ လိုက်၍ပို့လိုက်လေသည်။
အိမ်ပေါ်ရောက်လျှင် သူ့အိပ်ခန်းထဲဝင်ကာ စိတ်လွတ် လက်လွတ် လှဲနေမိ၏။ ဒေါ်အေးရှင်သည် စားသောက် သိမ်းဆည်းပြီး၍ ဆေးပေါ့လိပ်ကြီးဖွာကာ သူ့အပါး လာထိုင် သည်။
'မချို....ထမင်းမစားသေးဘူးလား'
'မဆာသေးဘူး ဒေါ်ဒေါ်ရာ၊ အတိုးရောဂါက စိုးရိမ်စရာ မရှိပါဘူးနော်'
'မောင်သန်းဇန် အပြောတော့ ခုချိန်ထိတော့ ရှိုးရှိုးဖျားတာ ပါပဲတဲ့၊ အအေးသာ မမိစေနဲ့တဲ့'
'အတိုးများ ဆုံးသွားရင်လေ မချိုတော့ ဒုက္ခပဲ ဒေါ်ဒေါ် ရယ်၊ အဲဒါ ခုန အတိုးကို မချို ပြောနေသေးတယ်'
'အို... ရုတ်တရက်တော့ မဖြစ်နိုင်ပါဘူး၊ အေး....မတင် ကြည်ကတောင် အတိုး....'
'တော်ပါတော့....တော်ပါတော့'
မချိုက လက်ဝါးကာလိုက်၍ ဒေါ်အေးရှင်ကြီးမှာ စကား [illegible]တကြီး ဖြစ်သွား၏။



'မိန်းကလေးဆိုတာ တစ်ယောက်တည်းနေလို့ မတင့်တယ် ဘူး၊ အလံမရှိသော ရထား၊ ရေမရှိသော မြစ်၊ လင်မရှိသော မိန်းမတို့ဟာ မတင့်တယ်ဘူး၊ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးတည်းတဲ့ ဘာတဲ့ ရွတ်ဖတ် ပြမသွားဘူးလားဟင်'
မချိုက ဒေါက်ဒေါက်နှင့် စာရွတ်သလိုရွတ်၍ မေးလိုက် သည်။
'ကဲ....ကဲ မချောစာ ညည်းကြီးပဲ ပြောကျုပ် မပြောတော့ ဘူး၊ တကတဲ အဲဒီစာတတ် ပေတတ်မကိုပြောရတဲ့ဒုက္ခလောက် ကြီးတာ မရှိဘူး'
မချိုသည် ဒေါ်အေးရှင်၏ကိုယ်ကို လှုပ်လိုက်ရင်း ရယ် လိုက်၏။
'စိတ်မရှိပါနဲ့ ဒေါ်ဒေါ်ရာ၊ မချိုလဲ စိတ်ရှုပ်လွန်းလို့ တမင်နောက်တာပါ၊ ကဲ....ကဲ.... ဆက်ပြောပါဦး၊ အန်တီ ဒေါ်တင်ကြည်ကြီးက ဘာပြောသေးလဲ'
ဒေါ်အေးရှင်သည် မျက်စောင်းထိုးလိုက်၏။
'ဘာပြောရမလဲ၊ ဖြစ်ရမယ့်အတူတူ အတိုး မျက်လုံးမမှိတ် ခင် ဖြစ်စေချင်တယ်ပေါ့၊ သူ့မြေး တင့်တောင့်တင့်တယ် အခြေ တကျ မြင်သွားရတော့လဲ သေတာမှာ စိတ်ဖြောင့်တာပေါ့'
'အဲဒါကလဲ မြန်မာမှာ ထုံးစံကြီး ဖြစ်နေပြီ၊ သေတာကို အကာအကွယ်ယူပြီး သားသမီးတွေကို အိမ်ထောင်ချတာ'
'ဩော်....မိန်းကလေးနှယ်၊ မြန်မာ့ထုံးစံရယ်လို့ ဘယ်ဟုတ် မလဲ၊ မင်းတို့ လူကြီးမဖြစ်သေးတော့ အေး....သံယောဇဉ်ဆိုတဲ့

သဘောကို ရေရေလည်လည် သဘောမပေါက်ဘူးပေါ့လေ၊ တစ်နေ့ ဝင့်လည်မယ်၊ အတိုး မပြောနဲ့ မချို၊ ဒေါ်ဒေါ့်မှာ တောင် မင်းအတွက် စိတ်မပြောင်နိုင်ဘူး'

မချိုသည် သက်ပြင်းချလိုက်၏။

'ဒေါ်ဒေါ်လဲ ငယ်ရာကကြီးလာတာပဲ၊မင်းတို့မိန်းကလေး ဆိုတာ ချစ်တဲ့သူနဲ့ မတွေ့သေးတဲ့အခါ ဣန္ဒြေကို တံတိုင်း ကြီးလို ကာထားတတ်တာ ချစ်တဲ့သူနဲ့တွေ့ရင် ပေ့ကာတာ ကျိုးတာထက် ဆိုးသေး'

ဒေါ်အေးရှင် စကားလုံးမှာ ပြောင်လွန်း၍ မချိုက ပြုံးလိုက်၏။

'မနေ့ကလဲ ကိုသေးသန်းခန်က မချိုကို ဗီတစ်ခါ စကား အရှည်ကြီးပဲ ပြောနေတယ်'

'အေး...ငါကလဲ ရိပ်မိတာနဲ့ ထမင်းအောက်မဆင်းဘူး၊ နောက်မှ ဆင်းလာတာ'

'ဟင်...'

မချိုက မျက်လုံးလေး ပြူးလိုက်၏။

'ဒေါ်ဒေါ်တို့ အုပ်ထိန်းသူတွေကလဲ သဘောတူတဲ့ လူနဲ့ ကျတော့ စကား အရှည်ကြီးပြောရအောင် ရှောင်ပေးတယ် ပေါ့၊ သဘောမတူတဲ့သူနဲ့သာဆိုရင်လား ဟင်း....ချောင်းဆိုး ရတာနဲ့ ဆေးလိပ်တိုပျောက်လို့ အနားလာရှာရနဲ့ လုပ်နေမှာ အဒေါ်ကြီးတွေလဲ မကောင်းဘူး'

မချိုစကားလုံးမှာ ချက်ကျလှ၍ ဒေါ်အေးရှင်ကြီးသည် ဣန္ဒြေ မဆည်နိုင်တော့ဘဲ တစ်ကိုယ်လုံး လှုပ်၍ ရယ်သော



ကြောင့် ဆေးလိပ် မီးဖွားများပင် ပေါင်ပေါ်သို့ ကျကုန် သည်။

'ဆိုစမ်းပါဦး၊ မောင်သန်းခန် ဘာပြောလဲ'

'ထုံးစံအတိုင်းပေါ့၊ အစ်ကိုလေးက စကားမတတ်သလို ဘာလိုလိုနဲ့ ချွန်းလို့လွန်းလို့ ရည်းစားစကား ပြောတတ်လိုက် တာ၊မချို့ရဲ့ အသည်းနှလုံးကို သူလိုချင်သတဲ့လေ၊ ဒေါ်ဒေါ် ရယ် သူတို့ယောကျ်ားတွေဟာလေ အချစ်ကိုလိုချင်တော့လဲ ပုဏ္ဏာ တိုက်သလိုပဲ'

'အေးပေါ့...ပုဏ္ဏာက ကာယမြင်းမြီး ချဲ့ပြီး တောင် စဉ့် ခုနစ်ထောင်စိုင်းတော့လဲ ဝိဓုရ ဘာတတ် နိုင်သေးလဲ၊ ဒေါ်ဒေါ်ကတော့ မြန်မာစကား မြန်မာလိုပဲ ပြောတတ် တယ်'

'အို...ဒေါ်ဒေါ်ကလဲ မြန်မာစကား မြန်မာလို မပြောလို့ အင်္ဂလိပ်လို ပြောရမလား'

'အမယ်လေး...မင်းတို့ခေတ် မြန်မာစကားကို အင်္ဂလိပ်လို ပြောတာတွေမြည်လို့'

'ဒုက္ခပါပဲ'

'ကျုပ်တော့ နားမလည်ဘူး၊ ဇာတ်ကြီးဆယ်ဘွဲ့နဲ့ကြီးလာ တော့ ဇာတ်ကြီးဆယ်ဘွဲ့နဲ့ ကင်းပြီးလဲ ဒေါ်ဒေါ်တို့ စကား မပြောတတ်ဘူး၊ မချိုကို ပြောပြချင်တာ အဲဒါပါ၊ သူတို့ ယောကျ်ား ပုဏ္ဏာတိုက်တိုက်လာတော့ တို့မိန်းမသား ဘာ တတ်နိုင်မှာလိုက်လို့ မချို၊ ဒါကိုပြောတာပါ'

ဒေါ်အေးရှင်သည် လေအေးအေးနှင့် ပြောပြနေပြန်သည်။

မချိုသည် နားထောင်ရာမှ....

'ဒါပေမယ့် ပုဏ္ဏက က တောင်စဉ့်ခုနှစ်ထပ်သာ စိုင်းတယ်၊ ဝိဓူရ အသည်းနှလုံးကို အကြမ်းနည်းနဲ့ယူတာ မရပါဘူး ဒေါ်ဒေါ်ရာ' ဟု ပြန်ပြောလိုက်၏။

'အေးလေ....ဒါက ဇာတ်ကြီးဆယ်ဘွဲ့အကြောင်းစကားစပ်ရင်း ဒေါ်ဒေါ်က ပြောရတာ၊ တကယ်တော့ မောင်သန်းဒန်ကလဲ ပုဏ္ဏက မဟုတ်ပါဘူး၊ မချိုကလဲ ဝိဓူရ မဟုတ်ပါဘူးကွယ်၊ စိတ်ကူးတွေ သိပ်မယဉ်နဲ့ မချို၊ ဒေါ်ဒေါ် ဒါပဲပြောပါရစေကွယ်'

\+ \+ \+

အတိုးခင်များ၊

ရှိသေစွာ အကြောင်းကြားပါသည်၊ တစ်နေ့ကပဲ မခင်သန်း ဆုံးသွားပါတယ်။ အတိုးတို့ထံအကြောင်းကြားမလို့အတိုးနေမကောင်းကြောင်း မတင်ကြည်ထံမှ သိရ၍ ဒုက္ခမရှာလိုသောကြောင့် အကြောင်းမကြားတော့ပါ။



ဆွမ်းသွတ်ပြီးလျှင် အတိုးတို့ထံ ကျွန်တော် မမြိုင်နဲ့ အတူလာခဲ့ပါဦးမည်။ ကျွန်တော်ကို မောင်နှမကိစ္စတွင် သားသမီးအရင်းကဲ့သို့ အဘော်ထားကာ ဖျန်ဖြေပေးသည့်အတွက် အထူးကျေးဇူးတင်ပါသည်။

မချိုမှ စ၍ အိမ်သားအားလုံး ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါစေ၊

ချမ်းသာ

မချိုသည် ဦးဘိုးချင်း လာပေးသောစာကို အတိုးအား ဖတ်ပြလိုက်၏။ အတိုးသည် အိပ်ရာပေါ် လှဲရင်း နားထောင်နေ၏။

'မခင်သန်း....မခင်သန်း၊ ကိုယ့်စာရင်းကိုယ် ရှုပ်တဲ့သူငယ်မပဲ၊ အေးလေ....ဆွမ်းသွတ်တာကိုတော့ မအေးရှင်ဖြစ်ဖြစ် သွားပေစေ မချို'

မချိုသည် စာရွက်ကို ခေါက်လိုက်၏။

'ခုလိုဆိုတော့ အတိုးရယ်၊ ဒေါ်ဒေါ်မြိုင်ကြီးဟာ တရားဝင် မယားအဖြစ် အိမ်ပေါ် ပြန်ရောက်ဖို့အဖြစ်က ကြုံလာရတာပဲ'

'အေး....ဒါပေါ့၊ မကောင်းမှုကံဖြစ်ဖြစ် ကောင်းမှုကံ ဖြစ်ဖြစ် အချိန်မတိုင်သေးမီ စောင့်နေကြတာပဲ၊ သူ့အချိန်ကျရင် သူ့စေတနာအလျောက် ကောင်းကျိုး မကောင်းကျိုး ပေးတာပဲ၊ အဖြစ်ကလဲ အံ့ဩစရာပဲနော်၊ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မှ သူတစ်ယောက်မှာ ပျက်လင့်ဆသာ ဓမ္မတာတည်းတဲ့'

အဘိုးက လူကြီးတို့ထုံးစံအတိုင်း အနန္တသူရိယ ကဗျာကို ရွတ်လိုက်၏။

နောက်တစ်ပတ်တွင် စာပါအတိုင်း ဦးချမ်းသာနှင့် ဒေါ်မြှိုင်တို့ နှစ်ယောက် အဘိုး နေမကောင်းသည်ကို လာမေး၏။ မချိုသည် လှေကားခြေရင်းတွင် ဆီး၍ကြို၏၊ သူ့မျက်စိကိုပင် သူမယုံနိုင်လောက်အောင် ဖြစ်သွားသည်။

ဦးချမ်းသာနောက်မှ ဆင်း လာသော ဒေါ်မြှိုင်သည် ရေသိုးရွှာသူ ဒေါ်မြှိုင်နှင့် လုံးဝမတူတော့၊ သိုးမွှေးစောင် အ ကျႌလေးကို ယဉ်ကျေးစွာ ခြုံ၍ထား၏၊ နေရောင် ပြင်းစွာ ထိတွေ့ခြင်း မရှိတော့၍ပင် ကိုယ်အသားမှာ ဖြူဖြူဖွေးဖွေးပေါ်လာတော့သည်၊ ထိတ်ဆံစွ ဆံပင်ဖြူနေပြီ ဖြစ်သော်လည်း ချောမွတ်သော ဘီးဆံပတ်မှာ သူ့မျက်နှာနှင့် တင့်တယ်လှသည်၊

ယခုမှပင် မျက်နှာပေါက်မှာ ယဉ်မင်းပိုက်နှင့် ဆင်ဆင်တူလာသည်ကို မချို သတိထားမိ၏။ ယခု ဒေါ်မြှိုင်သည် သူ့ဒွေးကတော်ကြီး ဒေါ်မြှိုင်မ ပင်တည်း။

'အပေါ်တက်ပါ အန်ကယ်၊ ဒေါ်ဒေါ်မြှိုင် မှေကြွပါ....'

မချိုသည် နှုတ်ဝတ်ပြုရ၏။ လင်မယားနှစ်ယောက်မှာ လှေကားပေါ် တက်သွားကြသည်။ မချိုသည် နောက်မှကြည့်ရင်း စိတ်ချမ်းမြေ့လှ၏။

ဤမိန်းမကြီးသည် ငယ်ရွယ်စဉ်အခါက ဦးချမ်းသာ၏ ထား မင်သောအငယ်အဖြစ် သိမ်းပိုက်ခံခဲ့ရလောက်အောင်



ရုပ်ချည် လှပခဲ့သည်ဆိုသည်မှာလည်း သံသယ ဖြစ်စရာမရှိပေ။

အိမ်ပေါ်ရောက်လျှင် ဧည့်သည်များအား ဒေါ်အေးရှင်က အဘိုးအိပ်ခန်းထဲသို့ ခေါ်သွား၏၊

အာလာပသလ္လာပစကားများပြောကြရင်းမှ ဒေါ်ခင်သန်းအကြောင်းရောက်သွားပြန်သည်၊ဦးချမ်းသာသည် အဘိုးအား ဆန်စက်အကြောင်း ပြောပြ၏။

'ကျွန်တော်က ဆန်စက်ကို ကိုယ်တိုင်ဝင်ကိုင်တော့ ဆန်ခိုးဂိုက်း ကိစ္စ ပေါ်လာတာပဲ အဘိုး၊ ဒီတော့ ယဉ်မင်းပိုက် အုန်းမြို့ကို ရောက်လာပြီ ကျွန်တော်က စိတ်ဆိုးဆိုးနဲ့ အမြစ်ကပေါ်အောင်ကို စစ်ဖို့ အလွတ်စုံထောက်ငှားပြီး ကျွန်တော် လိုက်နိုင်းမယ်လို့ စီစဉ်တယ်၊ ခုချင်းတော့လဲ အားလုံး ပြန်စစ်မယ်ပေါ့ ဒီအစီအစဉ်ကိုလဲ မခင်သန်းကို ကျွန်တော်က ဖွင့်ပြောမိတယ်၊ ဖွင့်ပြောတိုင်းမလုပ်ပါနဲ့ အစ်ကိုကြီးရဲ့ ဆိုပြီး တားတယ်၊ ကျွန်တော့်အနေနဲ့က သူ့တူ ခြေရှုပ်တာတွေ ပေါ်မှာစိုးလို့ ကာကွယ်နေတာ အောက်မေ့နေတာ ဘယ်ဟုတ်လိမ့်မလဲ'

မချိုမှာ ထိုစကားရောက်လျှင် မျက်လုံးလေး ပြူးသွားသည်။

'အခု ဆုံရှင်းကြတော့ ဒီမန်နေဂျာနဲ့ အလုပ်သမားတွေကို မခင်သန်းက ကိုင်ထားတာကိုး၊ ယဉ်မင်းပိုက်ကိုတော့ အကြိုက်ပေးပြီး မျှော်သလိုနေနိုင်းထားတာသား၊ ဒီမန်နေဂျာနဲ့ အလုပ်သမားတွေ ပေါင်းပြီး ဒီစက်ကို ရှောရှော

ရှုရှု မလည်နိုင်အောင် နှိုးဆန်ထွက်ညှံ့အောင် လုပ်နေကြတာ ဒါမှ နောက်ဆုံး ယဉ်မင်းပိုက် အသုံးမကျဘူးဆိုတဲ့ အဖြစ်က လက်ညှိုးထိုးပြစရာ ဖြစ်လာမယ်ပေါ့၊ ဆိပ်ပိရိပက်စက်တာပဲ အဘိုးရယ်'

'ဒါကတော့ ကိုချမ်းသာ ကျွန်မတို့ သားကလဲ သူလွှတ်ပေးတဲ့ အပျော်အပါးမှာ သာယာမိတာကိုး၊ သားအပြစ်လဲ မကင်းဘူးပေါ့'

ဒေါ်မြိုင်သည် အေးဆေးစွာ ဝင်၍ပြော၏။

'ကြုံကြုံဖန်ဖန်ဗျာ၊ စက်မလည်စေချင်ရင် စက်ကို ဝက်အူဖြုတ်ထားတာကမှ ပြန်ပြင်ရ လွယ်သေးတယ်၊ အလုပ်သမားကို သူ သင်ခဲ့တဲ့ အယုတ်မာ မျိုးစုံက အလုပ်သမားတွေ ဦးနှောက်ထဲက မထွက်နိုင်လို့ ကျွန်တော် ဒုက္ခရောက်လိုက်တာ အဘိုးရာ'

ဦးချမ်းသည် ညည်းညည်းတွားတွား ပြောလိုက်၏၊

'မချိုရေ၊ မင်းအန်ကယ်နဲ့ အန်တီ မနက်စာ ဒီမှာစားပါစေကွယ်၊ မငှအေးရှင်နဲ့ သွားစီစဉ်လိုက်ပါ'

မချိုသည် အဘိုးတို့အပါးမှ ထလာခဲ့၏၊ မီးဖိုတွင် ဒေါ်အေးရှင်နှင့် ကူညီချက်ပြုတ်ရင်းမှ ဟင်းချိုအိုးခတ်ဖို့ ကင်းပုံညွန့်များ ဖြတ်ရန်အတွက် မချိုသည်ခြင်းလေးနှင့်ကတ်ကြေးကို ကိုင်ကာ ခြံစည်းရိုးဆီသို့ ထွက်လာ၏၊

'သား တစ်ခါကနေသွားတာ ဟိုဘက်ခြံလား ချိုချို'

သူ့နောက်မှ ဒေါ်မြိုင်၏အသံကို ကြားလိုက်၏။

'ဟုတ်ပါတယ် ဒေါ်ဒေါ်မြိုင်'



ဒေါ်မြိုင်သည် ရီဝေသောမျက်လုံးများဖြင့် တစ်ဖက်ခြံကြီးကို ကြည့်နေ၏၊ မချိုထမူ ကင်းပုံညွန့်များကို ကတ်ကြေးနှင့် ထန်မပျက်ညှပ်နေသော်လည်း စိတ်က ဤခြံစည်းရိုးနားကို ရောက်တိုင်း နှောင်းခဲ့သော သစ္စာရှင်ကြီးအား သတိရမိရပြန်သည်။

'သားတဖြင့်ကွယ် နေ့စဉ်လိုပဲ ချိုချို့အကြောင်း ဒေါ်ဒေါ်မြိုင်ကို ပြောပြရတာ အမောပဲ'

'ဪ....သူ မချိုကို သတိရနေသေးတယ်နော်'

မချိုသည် လွှတ်ခနဲ ပြောလိုက်မိပြန်၏၊

'သတိရပါတယ်၊ မချိုဟာ လူသိလရှင်လေးလို နေရတဲ့ အကြောင်း အေးခဘးချမ်းချမ်း ရိုးရိုးသားသား ရှိတဲ့ အကြောင်းလဲ တဖွဖွပြောနေတာပဲ'

'သူဒီကို ဘာလို့မလိုက်လာတာလဲ ဒေါ်ဒေါ်မြိုင်'

'ဒေါ်ဒေါ် ခေါ်ပါသေးတယ်၊ စက်ထဲ သွားဦးမယ် ဆိုပြီး ထွက်သွားတာပဲ၊ ခင်မေအောင်ကလဲ မင်းကို ချစ်တာပဲ'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

မချိုသည် အရင်းမရှိ အဖျားမရှိပြောရင်း ဝေလာသော မျက်ရည်အတွက် မျက်နှာကို တစ်ဖက်လှည့်လိုက်၏၊

'ဒေါ်ဒေါ် အနေနဲ့လဲ ရေသိုးရွာမှာ မင်းကို မြင်ကတည်းက ခင်မိတာပဲ၊ ခုလဲ သားနဲ့ ပြောပြောနေရတယ်၊ ဒီ မိန်းကလေးကြောင့် တို့မိသားစု ပြန်ပေါင်းထုပ်မိတယ်ဆိုပြီး နေ့စဉ် မေတ္တာပို့လျက်ပါကွယ်'

မချိုသည် သက်ပြင်းလေးရှိုက်ကာ မတော်ရ အောင် ယောက္ခမကြီးမျက်နှာကို အသာကြည့်မိ၏၊ မိမိ ချစ်သူ၏ မိခင်ဆိုပြန်တော့လည်း စိတ်က ကြည်ညိုသလို ကြည့်ကောင်း သလို ဖြစ်လာသည်။

'မချိုကြောင့် ဒေါ်ဒေါ်မြိုင်တို့ စိတ်ချမ်းသာရတယ်ဆို မချို ဝမ်းသာပါတယ်၊ မချိုအဝကတော့ လူသိလရှင်လိုပဲ နေသွားရမှာပါလေ'

သူက သူ့အစီအစဉ်နှင့်သူ ပြောလိုက်၏၊

'ဘယ်ဟုတ်မလဲ မိန်းကလေး၊ သူတစ်ပါး စိတ်ချမ်းသာ အောင် လုပ်ပေးတဲ့လူဟာ သူ့မှာလဲ စိတ်ချမ်းသာအတတ်ပါ တယ်၊ အခုလဲ မချိုနေရတာ အေးချမ်းလိုက်တာ၊ ဒါနဲ့လေ မင်း ခုနထသွားတော့ အဘိုးက ပြောပြတယ်'

ဒေါ်မြိုင်သည် ခဏရပ်ပြီး ဆက်ပြော၏၊

'မချိုကို နေရာချပေးတော့မယ်ဆိုပဲ'

တစ်နေ့ကြားရမည့်စကားဟုသိပြီးပေမင့်လည်း ထပ်မံကြား ရခြင်းအတွက် မချိုရင်ထဲ တဒိတ်ဒိတ်ခုန်သွား၏၊

'အဘိုးကလဲ ကိုချမ်းတို့ အပေါ်မှာ ဆွေမျိုးရင်းချာလို ခင်နေတာပဲနော်၊ ချိုချိုနဲ့ ရေသိုးရွာကိုပါလာတဲ့ မောင်သန်း စင်နဲ့ဆို....'

မချိုသည် နှုတ်ခမ်းလေးကို အသာကိုက်ထားကာ မျက် နှာ မပျက်အောင် တင်းထားရသည်။ ခေါင်းကိုသာ ညိတ်၍ ပြလိုက်တော့သည်



'မချိုမှာ မိဘ မရှိလေတော့ ကိုချမ်းသာတို့ လာပြီး လက်ထပ်ပွဲ ကိစ္စ ပြီးတဲ့အထိ၊ အပြီးအစီး ကူညီဖို့ ပြောပြ တယ်'

'ဟုတ်....ဟုတ်ကဲ့၊ ဟင်းချိုအိုး ဆူနေတော့မယ်၊ မချို ဟင်းရွက်တွေ သွားပို့လိုက်ဦးမယ် ဒေါ်ဒေါ်မြိုင်'

'အေး....အေး'

မချိုသည် သုတ်ခြေတင်ကာ မီးဖိုဘက်သို့ ထွက်လာခဲ့ သည်။

\+ \+ \+

မချိုတို့ လက်ထပ်ပွဲမှာ ချောချောမောမော စည်စည် ပင်ပင်နှင့် ပြီးမြောက်သွားလေသည်။ လက်ထပ်ပွဲကို ဦးချမ်း သာတို့ ဇနီးမောင်နှံ နှစ်ယောက်လုံး စိတ်ပါလက်ပါ ဆောင် ရွက်ပေးကြသည်။ အခန်းဆပ်ပြီးမှပင် ပြန်သွား တော့သည်။ ခင်မေအောင်နှင့် ယဉ်မင်းပိုက်တို့ကမူ ခင်မေအောင် ကိုယ်ဝန် ရှိသည်က အကြောင်းပြု၍ လက်ထပ်ပွဲကို မလာပေ။

လက်ဖွဲ့ပစ္စည်းများ စီစစ်ချိန်တွင် မချိုသည် ယဉ်မင်းပိုက် နှင့် ခင်မေအောင်ထံမှ လက်ဆောင်ပစ္စည်းကို တုန်တုန်ယင်ယင် နှင့် ဖွင့်ကြည့်လိုက်သည်၊ ကတ္တီပါခဲ့ထားသော ဘူးအညိုထဲ တွင် ပွန်းပတ်များကို ရွှေသားနှင့် ပြုလုပ်ထားသော စံကားဝါ ပန်း တစ်ပွင့်ပင်တည်း....

မချို မော်ဘီအိမ်သို့ ပြောင်းရသော နေ့တွင် အတိုးက မလိုက်၊ မော်ဘီနှင့် ထောက်ကြံ့ မဝေး၍ မချို ခဏခဏ လာနိုင်ပါသည်ဟု အတိုးက နှစ်သိမ့်စကား ပြောလိုက်သည်၊

မချိုသည် ရှိုက်၍ ငိုပြန်သည်၊ အတိုးကိုလည်း လွမ်းသည်၊ ဤနေရာ ဤအိမ်သည်....

'နရာပစ္စမ
တည်သောစက
ဌာနသည်မြေ
ချက်မြုပ်နေ၍
ဝေးမြေရပ်ထူး
မရောက်ဘူးတည့်....'

ဆိုသော ကဗျာလေးကိုပင် လူဖြစ်စကတည်းက နေထိုင်လာခဲ့ရသော အိမ်နှင့် မြေပင်တည်း၊ တစ်ခုကလည်း ရင်နာလွန်း၍သာ တစ်ဖက် အိမ်ကြီးကို မင်းတစ်ပါး စိုးစံခဲ့သော နန်းတော်ဟောင်းကြီးဟု၍ ထင်မြင်ခဲ့မိသော်လည်း ယခုလို ခွဲရမည်ဆိုတော့ ချစ်သူ နေခဲ့ရာ ဂေဟာကိုပင် မချိုသည် တွယ်တာ လွမ်းဆွတ်မိသေးသည်တကား၊

မချိုနှင့် ကိုသန်းဒန်တို့ နေရသော အိမ်လေးမှာ ရန်ကုန် မော်တီသွား ကတ္တရာစီး လမ်းဘေးတွင် ရှိသည်၊

ကိုသန်းဒန် တပ်နယ် ဆေးခန်းသို့ သွားလျှင် မချိုသည် တစ်ယောက်တည်း အိမ်တွင် ကျန်ရစ်တတ်သည်၊

မိုးများ အုံ့ပျနေစဉ်တွင် ဖြစ်စေ၊ တဖွဲဖွဲ ရွာသွန်းနေသော မိုးများများ အောက်တွင် ဖြစ်စေ၊ ပိုလ်လောင်း စစ်သားများ



သည် နံနက်တွင် ထွက်ခနေကို ကျောခိုင်းကာ မထားနောက်သို့ ချီတက်သွားကြသည်၊

ညနေသို့ တိုင်လျှင် ဝါးမှိုမှောင်တွင် နားစပြွသောအခါ ဝေဟာ့မည့် နေလုံးရဲရဲကြီးကို ကျောခိုင်းကာ စစ်သားတို့သည် ကျောင်းစခန်းရှိရာ အရှေ့သို့ ပြန်လာကြမြန်သည်၊

တာယည့်ကာလေး ကကမှ ဝဲ အစွမ်းပြချင်သည်ပဲ
မြန်မာ့သတ္တိ ကမ္ဘာကသိအောင် ငါတို့ပြရမယ်....။

စစ်ကျောင်းသားများ၏ စစ်ချီ သီချင်းသံသည် မချိုတို့ အပါးတွင် အစဉ်လိုမြဲ လွင့်ခနေသည်။ ဤဧတာတာန်း ဤမိုးစက်နှင့် ဤနေဝန်းကို မြင်ရတိုင်း မချိုသည် ခေါ်မြိုင်ကို သတိရသည်၊

ရဲရဲတောက် တို့မြန်မာပြည် သတ္တိခဲတွေ
ရာဇဝင်ထိုးလောက်အောင် စွန့်ခဲ့
မြန်မာ့လက်ရုံး တပ်မတော်သားတွေ
အာဇာနည်သွေးတော့ အမျိုးကိုကျေ
တို့ပြည် တို့မြေ
ခေတ်ဆိုးကိုပြောင်းပြန်
ခေတ်သစ်ကိုစီမံ တိုးတက်အောင်ပြီတကြ
ဟေး....တို့မြန်မာ။

မချိုသည် ခါတိုင်း ကြားနေကျ မောင်တော်တာ သီချင်းသံ ကြောင့် မီးဖိုတွင် အလုပ် လုပ်နေရင်း မီးပို ပြတင်းမှ လမ်း ပေါ်ကို ကြည့်မိသည်၊ အသံကလည်း အစုအတုပ်နှင့် စစ်သား တို့ ဆိုနေကျ အသံ မဟုတ်၊ တစ်ယောက်တည်း အသံကုန်ဟစ်

နေသည်။ မြင်ရသော မြင်ကွင်းအတွက် မချို ရင်ထဲတွင် နင့်တင့်တင့် မချင့်မရဲ မကြည့်ရက်သလိုလည်း ဖြစ်မိသည်။

ဆိုနေကျ စစ်ချီ သီချင်းကို သီဆိုသွားသော စစ်ကျောင်းသားလေးများသည် ရှေ့တွင် တစ်ဖာလုံလောက် လွန်၍သွားကြပြီ။ သူတို့နောက်တွင်မှ သူရှူးကြီး တစ်ယောက်။ သူသည် စစ်ဘောင်းဘီ စိမ်း အစုတ်အပြတ်ကို ဝတ်ထားသည်။ အင်္ကျီမှာ ရှပ်အင်္ကျီပင် မဟုတ် စစ်ဆွယ်တာစိမ်း လက်ပြတ်ကို ဝတ်ထားလေသည်။ သူ့ခေါင်းတွင် ဝါးခမောက်ကို ဟန်ပါပါ ဆောင်းကာ ကြိုးနှင့် မေးကို နိုင်နိုင်ကြီးသိုင်း၍ ချည်ထားသည်။ ဝါးရင်းတုတ် တစ်ခုကို စစ်သားလေးများ သေနတ်ထမ်းသလို ပခုံးပေါ်မှာ ထမ်းထားသည်။ သူ့ခြေလှမ်းသည် တစ်ခါက ကျွမ်းကျင်စွာ စစ်ရေး လေ့ကျင့်ခဲ့သော စစ်သားကြီး တစ်ယောက်လို မာန်နှင့် ဟန်နှင့် လျှောက်လျက် ရှိလေသည်။

ညီနေစနေ့…တို့ရဲဘော်
ချီတက်ကြစို့ တူပျော်ပျော် ဘယ်ညာ ဘယ်ညာ
မြန်မာပြည် ဝါတို့ပြည်
ခင်ခင်မင်မင် အမျိုးကိုစောင့်ကြ ဘယ်ညာဘယ်ညာ
မြန်မာပြည် ဒီချိန်ခါ ညီညာစေ
မြန်မာဆို ဂိုဏ်းဂဏစိတ်ပျောက်ဖို့ တော်ပြီလေ
သတိ….
ချီတက်….



သူရှူးကြီးသည် အသံကုန်ဖွင့်၍ စစ်ချီသီချင်းဆိုကာ တစ်ယောက်တည်း စိတ်လိုက်မာန်ပါနှင့် ပျော်ပျော်ရွှင်ရွှင်ပင် လမ်းပေါ် လျှောက်သွား၏။

ညနေတိုင်း စစ်သားများ ပြန်လာလျှင်လည်း ထိုစိတ်မနှံ့ သူမှာ မလှမ်းမကမ်းတွင် ပါလာတတ်ပြန်သည်။

ဘာရယ်လို့မဟုတ် နေ့စဉ်လိုလို တွေ့ခနေ မြင်နေကျဖြစ်နေပြန်တော့လည်း မချိသည် ထိုသူရှူးကိုပင် သံယောဇဉ် တွယ်သလို ဖြစ်လာပြန်သည်။ စစ်ပိုလ်လောင်းများ ချီတက်သွားရာတွင် တစ်နေ့ကလေ ထိုသူရှူးကြီးနောက်ပါးမှ ပါမလာသည်ကို တွေ့ရလျှင် ‘ဘာများ ဖြစ်နေပါလိမ့်၊ နေလို့များ မကောင်းလို့လား၊ သူ ဘယ်မှာများ ထမင်း သွားစားပါလိမ့်’ ဟူသော သောကက ဝင်ရောက်လာကာ ပူပန်မိပြန်၏။

‘ရဲရဲဘော်ဘ် တို့မြန်မာပြည်’

ထိုအသံကို ပြန်လည်ကြားရသောနေ့ရောက်မှပင် မချိအဖို့ နေတတ် ထိုင်တတ်တော့သည်။ ဖုန်ကုန်လို့ ကလေးပေါသော လမ်းသာတိုလျှင် ထို စိတ်မနှံ့သူ နောက်တွင် ကလေးများ အုံးအုံးကျွက်ကျွက်နှင့် လိုက်ပါလာကြမည်ဖြစ်၏။ ယခုလမ်းမှာ လူရှင်းလှ၏၊ တစ်ခါတစ်ရံ နွားကျောင်းသားလေးများနှင့် နွားနို့ ရိုးကုလားများသာ တွေ့ရတတ်၏။

တစ်နံနက်တွင်မူ မချိသည် ကိုသန်းဒန် ရုံးတက်သွားမည့် ကားတံခါးကို ဖွင့်ပေးရင်း ပြောမိ၏။

‘အစ်ကိုလေး ဘာသိသွားမိသား မသိဘူး၊ ခုတစ်လော ဗိုလ်လောင်းလေးတွေနောက်မှာလေ စိတ်မနှံ့တဲ့လူကြီး တစ်

ယောက် လိုက်လိုက်လာတာ၊ သူကြည့်ရတာ မချိုခင်ထဲ ဘာတွေရှုပ်နေမှန်း မသိဘူး၊ တစ်ခါက စိတ်သားယောင်းကြီး လာမှ မသိမိဘူး၊ မချိုသိချင်းကို လိုက်လိုက်လာလဲဆိုတာ

'အစ်ကိုလေးနဲ့တော့ မကြုံကြိုက်သေးဘူး မချို၊ တစ်နေ့ လျှောက်ပြစ်မှုန်းပြုဗျာ'

ကိုသန်းခန့်သည် ဆေးခန်းသို့တွားမောင်းရှိထွက်သွား၏။ ထိုနောက်သန်းခန့် ရှိပါသလားခင်ဗျာ'

ဆိုမှသို့ ပြန်ဝင်လာသော မချိုသည် လူတစ်ယောက်အသံ ကြား၍ အိမ်ရှေ့ပြန်ထွက်လာ၏။ ပိန်ချွတ် တစ်ခါးဝတွင် အသက်လေးဆယ်ကျော်ခင်လောက်ရှိ လူတစ်ယောက် ရပ်နေသည်။ ထိုသူသည် ဆံပင်ဖြူလုံချည်ဝတ်ကာ ခင်းနိုအကျိုးအစပေါ်ဖုံးကို သစ်သပ်ရှိရှိဝတ်ထားသည်။

'ခုပဲ ဆေးခန်းသွားပါတယ်၊ ကိစ္စအထူးရှိလို့လား၊ မှာစရာ ရှိရင် ကျွန်မကို မှာခဲ့နိုင်ပါတယ်၊ ကျွန်မက သူ့ရဲ့ ညီမပါ'

'ဟုတ်ကဲ့... ကျွန်တော်က'

ထိုလူ မျက်နှာမှာ ပျော်ရွှင်သွားလျက်

'ကိုသန်းခန့်နီးကို တွေ့ရသူ ကျွန်တော် ပို့စီးသာတာမို့ ကျွန်တော်နဲ့သူနဲ့က မခွဲကာကူယီရေး တပ်တော်တွန်းကို ဆိုရင် တပ်ရင်း(၂)မှာ အတူတူပေါ့၊ ဂျပန်တော်လှန်ရေး တုန်းကလဲ တိုင်း(၆)မှာ အတူတူတာဝန်ကျကြတာပေါ့'

'ဟုတ်ကဲ့ ထိုင်ပါဦးလား'

ထိုသူသည် ခြည်ခန်းသို့ဝင်ထိုင်၏။

မချို



သူနေကို တော်မလှဘူးမသိ၊ ကျွန်ရတာဝိုင် မမြှင့်ကျွန်းဝင် လျှောက်ရှိလို့ သူက ခံစားကိုခံသဲ့အခန်းနဲ့ ဖော်ပြလွှမ်းတယ် လေ၊ ပြီးတော့လဲ ကွမ်းကြွားကြွားကြွားခဲ့ ထွေချင်လို့'

'ဟုတ်ကဲ့... အစ်ကိုလေးတို့ မချိုအညာလုံး ပြောပြပါ့မယ်၊ ညနေဆို...'

'ရှိရဲ့ တော့ကဲ့ ကျိုမြန်မာ့ပြည်'

ထမ်းပေါ်မှ လျှောက်သွားနေကျ သူရွှေကြီး၏ အသံကုန် တစ်သံသည် ပေါ်လာပြန်သည်။ မချိုသည် စကားပြောနေဆဲ တွင်ပင် ဂုဏ်ခြွမ်မာဆိုင်းနိုင်ဘဲ တံစခါးမကြိုး၍ ထမ်းပေါ်သို့ ကြည့်မိ၏။

'ညနေဆိုတော့ ဖအေးခဲအောင်ဆေးဆေး စကားရှိပြောရှားပေါ့'

'ဟုတ်ကဲ့... စစ်ကိုင်းက ကိုခင်ဦးလို့ပြောရင် သူသိပါတယ်၊ ကျွန်တော် ဒီအနားမှာ မိတ်ဆွေတစ်ယောက်နဲ့ တွေ့စရာရှိလို့ သွားဦးမယ်'

'ဟုတ်ကဲ့'

မချိုသည် လှေကားဝအထိ ဧည့်သည်ကို လိုက်ပို့၏။

'မြန်မာ့လက်ရုံး တပ်မတော်သားတွေ၊ အာဇာနည်သေးတွေ'

မချိုသည်မဟုတ်၊ ဧည့်သည်ပေါ် ကတ္တူဘုခေး ထမ်းပေါ်မှ သိတ်မနှုသာအား စိတ်ဝင်စားသွား၏။

'အရိုးကိုကြည့်'

'အမယ်လေး....'

မချိုသည် အသံကုန် ဟစ်လိုက်၏၊ ညွှန့်သည်ရော မချိုပါ ကတ္တရာစေးလမ်းပေါ်သို့ အားသွန်ပြေးသွားမိကြ၏၊

သူရှူး၏အရိုးများကား အပြေးမောင်းလာသော ကုန်တင် ကားအောက်တွင် ကြေမွနေကြပေပြီ၊ ကုန်တင်ကားကြီးသည် အမြန်ဆုံးနှုန်းနှင့် အတင်းမောင်းပြေးသည်ကိုသာ တွေ့လိုက် ရသည်၊ နက်ပြောင်သော ကတ္တရာစေးလမ်းမပေါ်တွင် စစ် သားဟောင်းကြီး၏သွေးများသည် တသွင်သွင် စီးလျက်သာ တည်း။

'အာဇာနည်သွေးတွေ အရိုးကြေကြေ'ဟူသော သီချင်း သံမှာ မချိုနားတွင် ကပ်အော်နေသလိုထင်လာ၏၊ ယခုတော့ သူ့သွေးတို့သည် မြေနက်ပေါ်တွင် စီးကျလျက် သူ့အရိုးတို့ လည်း ကြေလေပြီ၊

ညွှန့်သည့်သည် သူရှူး၏မျက်နှာကိုသေသေချာချာစိုက်ကြည့် နေ၏၊ မချိုသည် မကြည့်ဝံ့ကြည့်ဝံ့နှင့်ကြည့်လိုက်ရင်း မျက်ရည် များက မသိသောသူအတွက် ကျရပြန်လေသည်။

'သူ့ကို ကျွန်တော် သိတယ်၊ သခင်ဖေအောင်...သခင် ဖေအောင်'

စစ်သားဟောင်းကြီး၏ မျက်နှာကို သေသေချာချာကြည့် ရင်း တုန်တုန်ယင်ယင် ပြောနေ၏၊

'သခင်ဖေအောင်... အမယ်လေး ဖြစ်မှဖြစ်ရလေတယ်ဗျာ'

ညွှန့်သည်သည် ညည်းတွားရင်း အနီရှာချုံကို မချို ကြာရှည် မကြည့်ရဲ၍ ထင်သည်၊



'မချိုချို အိမ်ကိုပြန်သွားလေ၊ ကျွန်တော် လိုက်လာခဲ့မယ်၊ သူ့မှာက ထုံးစံအတိုင်း လုပ်ရဦးမှာ'

ကတုန်ကယင်ဖြစ်လာ၍ မချိုသည် အိမ်ဘက်သို့ ပြန်လာခဲ့ သည်၊ ခြေလှမ်းများမှာ တုန်နေသည်၊ အိမ်ရောက်လျှင် အငြိမ် ထိုင်နေ၍ မရ၊ ပြတင်းမှ ကြည့်နေမိ၏၊ ဗိုလ်သင်တန်းကျောင်းမှ ဂိတ်စောင့် အမ်ပီများ ရောက်လာ၏။ တစ်ဝိုင်းတစ်ယောက်က အကြောင်းကြားလိုက်ဟန် တူသည်။ ထောက်ကြံ့ ရဲကင်းမှ ရဲအရာရှိနှင့် ရဲသားများလည်း ရောက်လာ၏၊

ညွှန့်သည်မှာ အလောင်းနားမှ မခွာပေ၊ ကိုသန်းဇန်သည် ခေတ္တ အလုပ်မှ ပြန်လာပုံရသည်။ သူ့ဆေးခန်းဘက်ဆီမှ ကားလေးနှင့် ထိုနေရာသို့ရောက်လာ၏၊ ဒ သည်နှင့်ပြောကြ ဆိုကြ လုပ်နေသည်ကို မချို အဝေးက မြင်ရ၏။ မကြာခင် ရဲကားဖြင့် စိတ်မနှံ့သူ စစ်သားဟောင်းကြီး၏ အလောင်းကို တင်ယူသွားကြသည်၊

ကိုသန်းဇန်နှင့် ညွှန့်သည်သည် ကားလေးနှင့် အိမ်ဘက်သို့ မောင်းလာကြ၏၊ မချိုသည် မနေနိုင်၊ လျှောကားရှင်းသို့ ပြေး ဆင်းသွားသေသည်၊

'သူ့ကို ဘယ်ခေါ်သွားကြမလဲ'

သူသည် သိချင်ဇောနှင့် လှမ်းမေးလိုက်၏၊

'ထုံးစံအတိုင်း အင်းစိန်သားရဲ့ ပို့ဦးမှာပေါ့၊ ပြီးမှ သင်္ဂြိုဟ်မှုမယ်'

'ဟင်... သူသေသွားပြီ'

မချိုစိတ်တွင် ဇာတ်ရာကြီးကျယ်လွန်း၍ မိန်းမောနေသည်။ အမောင်ဆင်းတဲ့ ငါဆိုသည့်အတိုင်းတွေ့ မိရှော့မို့ မျက်ရည်များက စီးကျလာပြန်သည်။

ချိုချိုကလေကယ်။ ဒီမျက်ရည်က တယ်ကျယ်တာကိုး၊ အစ်ကိုလေးက ကိုခင်ဦး ပြောပြမှ သခင်ဖေအောင်ဆိုတာ သိတယ်၊ အစ်ကိုလေးကို အာဇာနည်လေး ဖို့ လိုက်သွားမလို့၊ အခါ ချိုချို ကို လာပြောတာ

အစ်ကိုလေးတို့ သွားမယ်

'အေးပေါ့ သူ့ကို တယ်သိ သတိပြုမလိ ချိုချို တို့များ လိုက်စိစဉ်ပေးရဦးမှာပေါ့'

'မချိုလဲ လိုက်ခဲ့ပါရစေ အစ်ကိုလေးရယ်'

ဒေါ်သည်ကလည်း လိုက်ပါရစေလိုဟန် ရှိသည်။

'သွား....သွား၊ ငွေလေး ဘာလေးလဲ ယူခဲ့၊ ဟိုကျ ငွေလို ဦးမှာ'

မချိုသည် ပိုက်ဆံအိတ်ကို ဖြေးယူကာ ကားပေါ် လိုက်ပါ လာ၏။

သုံးယောက်လုံးသည် စိတ်မကောင်းကြပေ။တိတ်တိတ်ဆိတ် ဆိတ် လိုက်လာကြသည်။

'မနက်ကပဲဗျာ....ချိုချိုက ဒီလူ့အကြောင်း မပြောသေး၊ ကျွန်တော်နဲ့ကလဲ တွေ့ခ မြှမှမဆုံမိဘူး'

ကိုသန်းဒန်က စကားစပြောသည်။

'ကျွန်တော်ထဲ မချိုချိုနဲ့ စကားပြောရင်းက သိချင်းဆိုသံ ကြားလဲ စိတ်နောက်တဲ့လူတစ်ယောက်ဆိုပြီး အမှတ်တမဲ့ပဲ၊



ပြန်မှတ်မှာမှယ်လို့ ထလာတော့ ရှေ့ကားအစောင်းရှောက်တော့ ကားတိုက်တာမြင်ရတာနဲ့ ပြေးသွားမိတာ၊မျက်နှာလဲမြင်ရရော ရင်ထဲဆို့သွားတာပဲ'

ဒေါ်သည်က ပြောလိုက်သည်။

'မချိုနဲ့လေ...ဒီလိုအဖြစ်မျိုးနဲ့တွေ့ရ တွေ့ရ ကြေကွဲတယ်ရှင်၊ မနက်တိုင်းဆိုလဲ လူကလေး စစ်ကျောင်းသားတွေ နောက်က စစ်ချီသီချင်းကိုဆိုပြီး အားရပါးရ လိုက်နေကျ....၊ ညနေတိုင်းကျလို့ စစ်သားလေးတွေပြန်လာလဲ သူ့ကိုနောက်က တွေ့နေကျ၊ ကျွန်မမှာ သူ့ကို သံယောဇဉ်ဖြစ်လို့၊ အိုး ဖြစ်မှ ဖြစ်ရလေတယ်'

မချိုသည် ရှိုက်၍ငိုမိသည်။

'မငိုပါနဲ့ မချိုချို၊ ကျွန်တော်လဲ တိုက်ပွဲဆိုင်ဆိုင်လာခဲ့ရော ရှိလို့ စိတ်မကောင်းလိုက်တာ'

'ကိုခင်ဦး သူ့ကိုသိတယ်လား'

မချိုက မေးလိုက်သည်။

'သိတယ်၊ သိဆို အဖြစ်က ကျွန်တော့် အညာကဆင်းလာပြီး ဟိုဗမာအစည်းအရုံးမှာလုပ်နေရှိန် သခင်ဖေအောင် သူက ရေမှာကျော်၊ ဟိုဗမာအစည်းအရုံးဌာနချုပ်မှာလုပ်နေတုန်း ကျွန်တော်ထက် ဆယ်နှစ်လောက်ကြီးတယ်၊မြန်မာ့လွတ်ရုံးတပ်သား ကြီး ဆိုပါတော့၊သာယာဝတီညီလာခံအတက်ရင်နဲ့ဆိုကြရင်းနိုး ကြတာ၊ သာယာဝတီညီလာခံဆုံးပြတ်ချက်ဖတ်စဉ်မှာ ပတ် သက်ပြီး အဖမ်းခံရလဲအတူတူ အင်းစိန်ထောင်ကျလဲတဲ့လဲ အတူတူ၊ ကိုသန်းဒန်ရဲ့ ဂျပန်ခေတ်ထဲရောက်မှသိရတာ'

'ဟုတ်တယ်လေ၊ ကျွန်တော်က သူ့ကို သခင်အဖြစ်နဲ့မှမသိတာ'

ကိုသန်းဒန်က ပြောသည်၊

'သူ့အဖြစ်က စိတ်ထိခိုက်စရာ၊ သူထောင်ကျနေတုန်း သူ့မိန်းမက လွတ်အောင်ကြိုးစားရ၊ အမှုအတွက် ငွေရှာရလုပ်ရင်းနဲ့ သူဌေးတစ်ဦးနဲ့ ဖြစ်ကြပါရော'

'ဖြစ်မှဖြစ်ရလေ'

'ဒီတုန်းက သခင်တစ်ယောက်ရဲ့ မိန်းမဘဝဟာ အင်မတန်မျက်နှာငယ်ပြီး ကသိပါတယ်၊ သူတို့ဟာ လင့်ဒုက္ခကို ဝေခံကြရတာပဲ၊ သူကတော့ သူ့ဇနီးဟာဖောက်ပြန်တယ်လို့ စိတ်နာနေတယ်၊ စစ်မဖြစ်ခင်ကလေးမှာ အင်းစိန်ထောင်က လွတ်သွားတာပဲ၊ သူ ဇနီးကိုစိတ်နာပြီး အိမ်မပြန်တော့ဘဲထွက်သွားရာက မမှုလွတ်လပ်ရေးတပ်မတော်မှာ သူနဲ့ကျွန်တော် ဆုံကြပြန်ရော၊ နောက်တော့ တပ်ရင်း (၂) ရောက်၊ အဲ....နောက်စက်မှုလက်မှုတပ်ရင်း ရောက်တော့ ကွဲသွားကြပြန်ရော၊ အင်းဖားဘက် ချီတက်ရာမှာ ဂျပ်ဖျားမိပြီး စစ်ပြီးချိန် ရောက်တော့သွက်သွက်ခါ ရူးသွားတယ်လို့သာ သတင်းကြားရတာပဲ၊ ခုပြန်တွေ့တော့....'

ကိုခင်ဦးသည် စကားမဆက်နိုင်ဘဲ ငိုင်ကျသွားသည်၊

'သူ့ဇနီးဆိုတာကရော ဘယ်သူလဲ၊ ဘယ်ရောက် သွားလဲဟင်....'

မချိုက မေးသည်၊



'သူ့ခမျာလဲ လင်ကိုတွေ့နိုးနဲ့ ရှာနေတယ်လို့သာ သတင်းကြားတယ်၊ နာမည်က မမြိုင်တဲ့၊ကျွန်တော်နဲ့ တစ်ခါနှစ်ခါတွေ့ဖူးသေးတယ်၊ ခုလောက်ဆို အတော်ကြီးရောပေါ့'

'မမြိုင်....ဟုတ်လား'

မချိုတို့ လင်မယားနှစ်ယောက်လုံး အလန့်တကြား အော်လိုက်သည်။

'ခင်ဗျားတို့ သိလို့လား'

ကိုသန်းဒန်သည် ခေါင်းကိုသာ ပထမဆုံးညိတ်ပြနိုင်ရှာ၏၊ စကားကို သတိဘားမောင်းရင်းမှ...

'ချိုချိုရေ၊ ခေ့သိုးမှာတွေ့ခဲ့ရတဲ့ ဒေါ်မြိုင်ပဲ ဖြစ်ရမယ်ကွယ်' ဟု ပြောလိုက်သည်၊

ပြီးမှကိုသန်းဒန်သည် သူတို့တွေ့ခဲ့ရသောဒေါ်မြိုင်ဇာတ်ထုပ်ကို အစအဆုံး ပြန်၍ပြောပြသည်။

'အေးဗျာ၊ ကျွန်တော့်အနေနဲ့တော့ ဒီ မမြိုင်ကိုလဲ အပြစ်မတင်ချင်ပါဘူး၊ တွေးကြည့်လေဗျာ၊ ခုထိလဲ သူ့ ရင်ထဲမှာတော့ သူ့လင်ကိုတမျှော်မျှော်နေမှာပဲ၊ ဂျပန်ခေတ်မှာ တစ်ခါစစ်ဝန်ကြီးရုံးမှာ ဒီမိန်းမနဲ့ ဆုံတောကောင် သူဟာ သခင်မောင်အောင်ကို လိုက်ရှာနေတယ်လို့ ပြောရှာတယ်'

ယခုခဲ့ သမားကို လက်နက်မပါဘဲ တိုက်ခိုက်ရတုန်းက အသည်းနာစရာအဖြစ်တွေ ကြုံခဲ့ကြရတဲ့ သူတွေအဖို့ မောင်ရင်တို့က နိုင်ငံရေးသမား ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ သိမ်းကျုံးပြောသံကြားတိုင်း ခေါခေါ မချိလွန်းလို့ပါ'

ဒီလထဲ အချိုးသည်ပြီးမှာပျံမြှင့်နေတဲ့ ကျွန်မကို အကြောင်းသိဖို့ကြောင်း ပြောပြပေမယ့် လွယ်ကူပါမလား၊ ထားဦး...

ကားပေါ်မှာ အခင်းဖြစ်နေသော ရှုကြီးသို့ ချဉ်းဝင်လိုက်သည့် ကိုခင်ဦးမှာ သခင်ဖေအောင်အပေါ်တွင် ကိုသန်းဒန်ထိုက်ပွဲနေသော ငါးရည်ကြီးဖုံပေါ်သွားသည်။ ကားပေါ်မှ အခြေအနေ ကြားသွား၏။

ကိုသန်းဒန်သည် ကားကို သစ်ပင်ရိပ်တစ်ခုတွင်ရပ်ထားလိုက်၏။ ကားပေါ်မှ မဆင်းခင်တွင် မချိုတာ တင်စုံ တစ်ခုကို သတိရဟန်တူသည်။

အဲဒါကို မေ့နေတယ် ဒေါ်ဒေါ်မြင့်ကို အင်းစိန်ဆေးရုံကြီးကနေ တယ်လီဖုန်းဆက်ရ မကောင်းဘူးလား။

မချိုက ပုံချိုစိတ်ကူးကိုပြောလိုက်၏။ မချိုအတွက် ကား တံခါးဖွင့်ပေးရင်း ကိုသန်းဒန်သည် ခေတ္တစဉ်းစားနေသည်။ ဒီလိုဆောလုပ်လဲ ချိုချိုးဖုန်းဆက်လို့ ဒေါ်ဒေါ်မြင့် သိသွားပါပြီတဲ့၊ လာရအခက် မလာရအခက် သူ့ရင်ထဲမှာတော့ ခြေပြီးလာချင်မှာပေါ့။ သူ့အဖြစ်က ခုမှ ဦးချစ်းသာကြီးက တရားခွင် ခံသွားရမယ်လို့ ကြားပြီး ဒီအပေါ်တင်ထားရှိသေး ထားရှိပါစေတော့ကွယ်၊ မျှော်လင့်ချက်နဲ့ အသက်ရှင်နေပေါ့ အစလေး သူ့စိတ်ထဲ တစ်နေ့သို့ ယင်းကို မိတ္တဦးမှာပဲလို့ ထင်နေမှာ၊ ဒီအထင်နဲ့ပဲ သူ အသက်ရှင်နေပါစေကွယ်၊ ခုနေ တွေ့ရ လို့ကြောင့် အနိုင်တွေ့ကောင်း တွေ့ကြရတာမှ မဟုတ်ဘဲ

မချိုသည် ကိုသန်းဒန်ပြောသည့် ကြိမ်သက်စွာ နှာခေါင်း ရှုံ့၍သူ့ကိုမျှော်၏ မိန်းကလေးတစ်တွေးပေါ်ကြီး အခုလာခဲ့ ရေးပဲ ဖက်ဒိုရဒိုရ အချစ်ဟောင်းကို ပြန်၍တွေ့လိုက်ချင်



သေးသည်။ ကိုသန်းဒန် ရှေ့ခြောက်မြောက်ကြသည်။ မြွေစီးယပ်စရာ မထင်ပေ။

နေ့ယောက်သွား ကိုခင်ဦးရှိရာသို့ လျှောက်လာခဲ့၏။

သူတို့သုံးဦး တိုင်ပင်ကာ သခင်ဖေအောင်အား အင်းစိန် သူ့နေ့စွင် မြို့ပိုနိုင်ရန်လိမ်းကို အကျဉ်းချုပ်၍ ပြုလုပ်ရန် စီစဉ် ကြသည်။

မချိုရင်ထဲမှာတော့ ပိုနိုင်ငံလေး တစ်ခုခုရလာကာဖြစ်ဖြစ် ဤအညွှန်းရ၏ အဆုံးအဖြတ်ကို အမှတ်တရ ဘာနဲ့ဆောင်လိုက် ချင်သေးသည်။ သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ သုသာန်မြေ အစွန်းတွင် ကန်စွန်းနွယ်သည် ချုံများကိုရစ်ပတ်၍ တက်နေသည်။ မချိုသည် ခရမ်းရောင်ပန်းများ ပွင့်နေသော ကန်စွန်းနွယ်အား ဖြတ်တောက်ခူးယူလာ၏။

စုံ စုံ ပွဲနေသော မြေပုံပေါ်တွင် ပန်းပွင့်လေးများပါသော ကန်စွန်းနွယ်အား သူသည် အသာအယာသွယ်တန်း၍ တင်လိုက် သည်။

လွတ်လပ်ရေးအတွက် ခေတ်သုံးခေတ်လုံးတွင် မဝင်ခဲ့ သော သခင်ဖေအောင်အတွက် ကန်စွန်းနွယ် သုံးပွင့်သည် ၎င်း နောက်ဆုံး အထိမ်းအမှတ်ပင်ဖြစ်သည်။ နောက်ဆုံး အလေးပြုကြ သူတို့မှာလည်း ကိုခင်ဦး၊ ကိုသန်းဒန်နှင့်မချို သုံးယောက် ပင် ဖြစ်၏။

ယခုမင်းပိုက်ဆိုလျှင် မှကင်းရွာ မှကင်းကြိမ်၊ အဆက် အနွယ်သည်များ၏ ကြောင့်များ မချိုနှင့်သူ၏ ပတ်သက်ကြရာသော ပါသနည်း။

ကားပေါ်သို့ သုံးယောက်လုံး ပြန်တက်ကြမည်ဆဲဆဲတွင် ကိုခင်ဦးသည် သက်ပြင်းချလိုက်၏။ သူ့ခြေထောက်များသည် ကားထိုင်ခုံပေါ် လှမ်းတက်နေသည်ကပင် လေးတွဲ့လှ၏။

'ကျွန်တော် လာတုန်းကတော့ ကိုသန်းဒန်နဲ့ တွေ့ပြီး ရှေးဟောင်း နှောင်းဖြစ်လဲပြောရင်း ခမော်ကွန်းဝင်ကိုစွလဲ တိုင်ပင်ပြီး ကျွန်တော် လျှောက်မလို့၊ ခုတော့ သခင်ဖေအောင် အဖြစ်ကို မြင်လိုက်ရတော့ ကျွန်တော် စိတ်ပြောင်းသွားပြီ'

သူသည် ကူရှင်ပေါ်ထိုင်ကာ ကားတံခါးကို ဆွဲပိတ်လိုက်သည်။

'ဘာဖြစ်လို့'

ကိုသန်းဒန်သည် မော်တော်ကားစက်နှိုးရင်း မေးလိုက်၏။

'တစ်နေ့သော် မော်ကွန်းအတင်ခံ့လိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလှုတ်လပ်ရေးကို ကျွန်တော်တို့ ကြိုးပမ်းခဲ့တာမှ မဟုတ်တဲ့ ကိုသန်းဒန်၊ သခင်ဖေအောင်ရဲ့ နောက်ဆုံး ပျက်နှာက ကျွန်တော့်ကို တရားပြလိုက်သလိုပဲ'

ကားလေးသည် လိမ့်၍ထွက်လာ၏။

'ဒီလိုပဲဗျာ လူတွေဆိုတာက တကယ် ကြိုးပမ်းတဲ့ သူတွေကို ဒုတိယတန်းပြီး သူတို့အသည်းမှာ စွဲစွဲမြဲမြဲ မှတ်တမ်းတင်တာကတော့ တော်ရုံလူတွေကို တင်တတ်ကြတာပဲ၊ ပထမနေရာမှာ ထားတတ်ကြတာလား'



မချိုသည် သူ့ချစ်လင် ကိုသန်းဒန်က သူ့အား ရည်ရွယ်၍ပင် ပြောလသလားဟု အတောင်စိတ်မကောင်းဖြစ်၍ သွားမိပေသည်။

\+ \+ \+

'တူယှဉ်ကာလေ တကယ်ပဲစွမ်းပြချင်သည် မြန်မာ့
သတ္တိ ကမ္ဘာကသိအောင် ငါတို့ပြရမည်'

နံနက်မိုးသောက်ယံနှင့်အတူ ဗိုလ်လောင်းစစ်သားများ၏ သီချင်းသံသည် ဤဗိုလ်သင်တန်းကျောင်းမြေပေါ်တွင် ပျံ့လွင့်လာခဲ့ပြန်သည်။ သူတို့သည် နံနက်သို့တိုင်လျှင် အရှေ့မှ အနောက်သို့ သွားကြ၏။

နေဝန်းသည် အရောင်များလျှော့ပါးကာ အနောက်ဘက်တောတန်းတွင် နားနေချိန် ရောက်ပြန်လျှင်လည်း စစ်ဗိုလ်လောင်းလေးတို့သည် စစ်ချီသီချင်းကို ဆိုလာကြပြန်သည်။

ညနေသို့တိုင်လျှင် သူတို့ အနောက်မှ အရှေ့သို့ ပြန်လာကြပြန်၏။

ကျီမြင်ကွင်းကို မချိုမြင်နေရသည်မှာ နှင်းမှုန်များ စဲစကာသည် မိုးများသည်းသည်း ရွာသွန်းသည်အထိပင်တည်း။

ယခုအချိန်တွင် တိမ်ညိုများ လျော့ပါးကာ သည်းသော မိုးတို့သည်ပင် ဖွဲဖွဲမျှသာ ရွာကြတော့သည်

စစ်ဦးလိပ်ပြာလေးတို့ စစ်ချီသီချင်းဆိုပြီး ပြန်လာနိုင်ဖို့ ရောက်လျှင် သူ့တို့နောက်တွင် ငွေမျိုးဖြူ သုံးလေးကောင်မှ တစ်ပါး မည်သူ့ကိုမှ မတွေ့ရတော့ပေ။

ဒဏ္ဍာရီပုံသာဆိုလျှင် အခင်မေအောင်ဆိုသူသည် မျိုးဖြူ လေးဖြစ်ကာ စစ်သားလေးများနောက်မှ ပျံသန်း၍ လိုက်ပါ လာသည်ဟု ဆိုကောင်း ဆိုသင့်သော်လည်း....

[ယခုတော့ ဤအဖြစ်ကား ဒဏ္ဍာရီ မဟုတ်ပါပေ]

ခင်နှင်းယု